
စိတ်ကူးချိုချိုအနုပညာ
၁၀၄
မောင်သော်က
WHISPER OF WORDS
ဖြည့်စွက်ချက်များဖြင့် စတုတ္ထအကြိမ်

မောင်သော်က

www.mmcybermedia.com

မောင်သော်က

မောင်သော်က ကိုယ်ရေးအကျဉ်း။

၁၉၂၈ ခုနှစ်၊ရွှေဘိုမြို့တွင် အဖ ဦးမှန်ကြီး၊ အမိ ဒေါ်မြိုင်တို့မှ ဖွားမြင်သည်။သားသမီး ၄ ယောက်အနက် အကြီးဆုံးသား ဖြစ်သည်။ ၁၉၄၇ ခုနှစ်တွင်တက္ကသိုလ်ဝင်တန်း အောင်ခဲ့သည်။

၎င်းနှစ်တွင်ပင်ဗမာ့ရေတပ်မတော်သို့ တပ်သားအဖြစ်ဝင်ရောက် အမှုထမ်းခဲ့သည်။ တပ်မတော်(ရေတပ်) တွင် ဗိုင်မှူးရာထူးအထိ ထမ်းဆောင်ခဲ့သည်။

န်ကြားရေးဝန်ကြီးဌာနရှေ့သို့/ဖော်ဝပ် စာစောင်များတွင် ၁၉၆၉ ခုနှစ်မှ ၁၉၇၇ ထိ ပြန်ကြားရေးဝန်ကြီးဌာန ရှေ့သို့/စာတည်းချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ယနေ့ထိအင်္ဂလိပ်စာ/ စကား သင်ကြားပို့ချခြင်း၊
ရေကြောင်းသိပ္ပံအတတ်ပညာများကိုနိုင်ငံခြားသွား သင်္ဘောသားများအား
သင်ကြားပို့ချပေးခြင်း၊ စာပေ ကဗျာရေးသားခြင်း စသည့်လုပ်ငန်းကို
လုပ်ကိုင်လျက်ရှိသည်။

စာရေးသူ၏ အမှာစာ။

ကိုယ်တွေ့ အဖြစ်အပျက် မှတ်တမ်း တရပ်ဖြစ်သည့် တိုက်ရေယာဉ် ၁၀၃ ၏ သင်္ဘောပျက် ကိုယ်တွေ့အဖြစ်အပျက် ဇာတ်လမ်းကို ပေဖူးလွှာမဂ္ဂဇင်းတွင် ၁၉၈၇ ခုနှစ် မတ်လမှ စ၍ ဇူလိုင်လအထိ ငါးလတိတိ အခန်းဆက်ရေးသား တင်ပြခဲ့ပါသည်။ ယခုအခါ စာဖတ် ပရိသတ်များ၏တောင်းဆိုမှု အရ 'မဇ္ဈိမစာပေတိုက်' မှ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားကာ လုံးချင်း ဝတ္ထုအဖြစ် ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ယခင်က ကျွန်တော်သည် ဤဇာတ်လမ်းကို မည်သည့် မဂ္ဂဇင်းတွင်မျှ မရေးသားခဲ့ဖူးပါ။ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလထုတ် မြဝတီ မဂ္ဂဇင်းတွင် တိုက်ရေယာဉ် ၁၀၃ ဟူ၍ စာမျက်နှာ နှစ်မျက်နှာမျှ ဖော်ပြခဲ့သည်မှာ ကျွန်တော့်ရေးသားချက် မဟုတ်ပါ။ မြဝတီ မဂ္ဂဇင်း အယ်ဒီတာအဖွဲ့က ၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့ထုတ် စက်ဘ်ပူ စထရိတ် တိုင်းသတင်းစာမှ သတင်းရေးသားချက်ကို ထုတ်နုတ်၍ ဘာသာပြန် တင်ပြခဲ့ခြင်းသာလျှင် ဖြစ်ပါသည်။

ကျွန်တော်သည် တိုက်ရေယာဉ် ၁၀၃ နစ်မြုပ်ပြီးသည့်နောက် နှစ်ပေါင်း သုံးဆယ်တိုင်အောင် မရေးဘဲ နေခဲ့ရာမှ ယခုအချိန်သည် ကျွန်တော့် ဘဝ၏ ဆည်းဆာချိန်လည်း ရောက်ပြီ မြန်မာစာပေတွင် ရှိသည့်သော ရေကြောင်း စာပေ တရပ်လည်း ကျန်ရစ်စေဟူသော ရည်ရွယ်ချက်နှင့်အတူ ကျွန်တော့်ရဲဘော်များ၏ ပင်လယ်ပြင်ကို အန်တုလျက် တိုင်းပြည်တာဝန် ကျေပွန်ခဲ့မှုကိုလည်း ချီးကျူး မှတ်တမ်းတင်သည့်အနေနှင့် အကျိုးမဲ့ အချည်းနှီး မဖြစ်စေလိုသော ဆန္ဒနှင့် ဖွင့်ဟ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

နှစ်ပေါင်း ၃၀ စောင့်ဆိုင်းနေခဲ့ခြင်းမှာ တိုင်းပြည် တာဝန်ကို ထမ်းဆောင်ရင်း အသက်ပေးသွားခဲ့သည့် ရဲဘော် တစုတို့၏ ကျန်ရစ်သာ မိသားစုများ စိတ်မချမ်းမသာ ဖြစ်ကြမည်ကို စိုးရိမ်သောကြောင့် တတ်နိုင်သမျှ နှုတ်ပိတ် ရေငုံနေခဲ့ခြင်း ဖြစ်ပါသည်။

ယခုသော် သေသောသူလည်း မေ့လောက်ပြီ၊ ဒဏ်များလည်း ကျေလောက်ပြီဟု ယူဆကာ မြန်မာစာပေတွင် ရှားပါးလှသည့် ရေကြောင်း စာပေ တရပ် မှတ်တမ်းတင်အဖြစ် ရင်နာနာဖြင့်ပင် ရေးသားတင်ပြခဲ့ရခြင်း ဖြစ်ပါသည်။

သင်္ဘောပျက် ဒုက္ခသည် ဘဝဆိုသည်မှာ သင်္ဘောသား တဦးဘဝတွင်

မတောင့်တအပ်သော၊ မမျှော်လင့် အပ်သော ဘဝဖြစ်သည်။ ကျွန်တော်နှင့် ရဲဘော်များသည် တိုက်ရေယာဉ် ၁၀၃ ကို လှိုင်းလေကြားတွင် မနစ်မြုပ်စေရန် အစွမ်းကုန် ကြိုးစားလျက်နှင့်ပင် မမျှော်လင့်ဘဲ သင်္ဘောပျက်ဒုက္ခသည်အဖြစ်သို့ ရောက်ခဲ့ရသည်။ သင်္ဘောပျက်သည့်တွင် အသက်ကယ် ဖောင်ကို စီးကာ ပင်လယ်ပြင်တွင် မျှောပါ ခဲ့ရသည်။ ကယ်သူတွေ့နိုး ကျွန်းရောက်နိုးနှင့်ပင် တနေ့ဝင်၊ တမိုးသောက် ဒုက္ခရောက်ခဲ့ကြသည်။ ဒုက္ခဟုဆိုခြင်းထက် လောက၏ ငရဲသို့ အရှင်လတ်လတ် ရောက်ခဲ့ရခြင်း ဆိုပါက ပို၍ မှန်ပါလိမ့်မည်။

ကျွန်တော်၏မျက်စိ ရှေ့မှောက်၌ပင် ရဲဘော်များ အစာငတ် ရေငတ်နှင့် တယောက်ပြီး တယောက် အသက်ပျောက်ခဲ့ကြသည်။ သေရမည်ကို ကြောက်ရွံ့ကြသည်မှာ သက်ရှိသတ္တဝါတိုင်း၏ ဓမ္မတာ။ ကျွန်တော်သည်လည်း သေရမည်ကို ကြောက်ပါသည်။ သို့သော် မိမိသေရမည်ကို သိသော်လည်း နောက်ဆုံးအချိန်အထိ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြလျက် နောက်ဆုံးထွက်သက်အထိ မည်သူ့ကိုမျှ ဒုက္ခမပေးဘဲ သေမင်းကို ရဲရဲ မျက်နှာချင်းဆိုင်သွားခဲ့ခြင်း ဟူသည်မှာ ယောကျ်ားပီသသောသူများ၊ သတ္တိရှိသော သူများသာ တတ်စွမ်းနိုင်ပါသည်။ ရှင်ကျန် နေခဲ့သည့် ရဲဘော် တစုတွင်လည်း ယင်းသို့သော သတ္တိရှင်များ ရှိကြပါသည်။ သူတို့သည် တိုင်းပြည်က ချီးကျူးထိုက်သည့် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။

တိုက်ရေယာဉ် ၁၀၃ နစ်မြုပ်ပြီးသည့်နောက်တွင် ၎င်းသင်္ဘောနှင့် မျိုးတူ (ညီအစ်မသင်္ဘော) ကိုးစီးမျှ ကျန်ခဲ့ပါသည်။ ၁၀၃ နစ်မြုပ်ပြီးသည့်နောက်တွင် ကျန် သင်္ဘောကိုးစီးအား ကျွမ်းကျင်သူ ဆာဗေယာများဖြင့် စစ်ဆေးစေသည်တွင် ပင်လယ်ပြင်တွင် သွားရန်အတွက် လုံးဝမသင့်လျော်သော အခြေအနေတွင် ရှိသည်ဟု တွေ့ရှိရသည့်အတွက် ရေတပ်စာရင်းမှပယ်ကာ ဖျက်သိမ်းစေခဲ့ရသည်။ ဤမျှဆိုလျှင် တိုက်ရေယာဉ် ၁၀၃ နစ်မြုပ် ရခြင်းမှာ အဘယ်ကြောင့်ဆိုသည်ကို သိသင့်ပေပြီ။ သင်္ဘောမှာ သက်တမ်း ကုန်ခဲ့ပြီ ဖြစ်သည်။

ကမ္ဘာ့သတင်းစာကြီးများ၊ အထူးသဖြင့် စင်္ကာပူ စထရိတ်တိုင်း သတင်းစာက 'ဗိုလ်ကြီး ဘသော်တို့လူစုသည် လူတယောက် အသက်ရှင်နိုင်ရေးအတွက် အနည်းဆုံး လိုအပ်သည်ဟု ယူဆသော သောက်ရေအချိုးအစား ထက် လျော့၍ပင် ၁၃ ရက်မျှ နေခဲ့ကြသည်။ ပါရဂူတို့ အလိုအရမှု အသက်ရှင်ရန် မျှော်လင့်ချက် မရှိချေ'ဟု ရေးသားခဲ့သည်။

ကမ္ဘာ့နိုင်ငံ အသီးသီးမှ ကျွန်တော်တို့လူစုကို အံ့ဖွယ်သူရဲ စွမ်းဆောင် နိုင်ကြသများဟု ချီးကျူးခဲ့ကြသည်။ မြန်မာပြည်မှမူ ပုဂ္ဂိုလ်ကြီးတဦးကသာ ကိုယ်ထိလက်ရောက် ချီးမြှောက်ခဲ့ပါသည်။ ယခုအခါ စာဖတ်သူပြည်သူလူထု အတွင်းကျကျ သိရှိကြရန်အတွက် အဖြစ်အပျက်ကို နှစ်ပေါင်း ၃၀ မျှ

သို၀ှက်ထားရာမှ မှတ်မိသမျှ တိကျစွာ တင်ပြလိုက်ပါသည်။

ကျွန်တော်တို့သည် ထိုစဥ်အခါက အက် ၂၀ ကျော် အစိတ်မျှသာ မျမ်းမျှအားဖြင့် ရှိပါသည်။ ရာထူး အကြီးဆုံး ကျွန်တော်ပင်လျှင် ၂၉ နှစ်အရွယ်မျှသာ ရှိပါသေးသည်။ ကျွန်တော့်အရွယ်နှင့် ကျွန်တော့်ဉာဏ်ရည်နှင့် အတတ်စွမ်းနိုင်ဆုံးကို ပြုလုပ်ခဲ့သည့် သာမန်လူသား အရာရှိတဦးသာလျှင် ဖြစ်ပါသည်။

တိုက်ရေယာဥ် ၁၀၃ နှစ်မြုပ်ခဲ့ရခြင်းတွင် ကျွန်တော် တဦးတည်း အပေါ်သာ လုံး၀ တာ၀န်ရှိပါသည်။ သင်္ဘော ပျက်ပြီးနောက်ပိုင်း ပင်လယ်ပြင်ကို ၁၃ ရက်တိုင် ရင်ဆိုင်လျက် သေမင်းကို အန်တုကာ လောကရေမှ ပြန်ထွက်လာနိုင်ခဲ့ခြင်းသည် ကျွန်တော့်ရဲဘော်များ၏ သတ္တိစွမ်းပကားကြောင့်သာလျှင် ဖြစ်ပါသည်။ ဤသည်ကို တိုင်းပြည်က သိစေချင်ပါသည်။ ဤမှတ်တမ်းကို ဖတ်ရှုပြီးသည့်နောက် တစုံတရာ အမှားအယွင်း အချွတ် အချော် ရှိခဲ့သော် နှစ်ပေါင်း ၃၀ ကြာကာမှ ပြန်ရေးသား ရသည်ကြောင့် ကျွန်တော် သတိမေ့လျော့ ချွတ်ချော်မှုကြောင့် ဖြစ်ပါ သည်။

တိုက်ရေယာဥ် ၁၀၃ မှ ကျဆုံးလေသူ ရဲဘော်များ ကောင်းရာသုဂတိ လားပါစေ။

မြန်မာ လူငယ်များ ပင်လယ်ပြင်ကို လွှမ်းမိုးနိုင်စေရမည်။

မောင်သော်က။

ထုတ်ဝေသူ၏အမှာ။

ဆရာ မောင်သော်ကသည် စာရေးဆရာနှင့် ထုတ်ဝေသူ ပုံစံမျိုးမဟုတ်ဘဲ မိဘနှင့် သားသမီးလို ဖေးဖေးမမ တိုက်တိုက်တွန်းတွန်း နှင့် ကျွန်တော် အပါအဝင် တောင်းခံသူ အများအပြား ကြားမှ ကျွန်တော့်အား ရွေးချယ်ပြီး ကိုယ်တိုင်ကိုယ်ကျ အားပေး ခွင့်ပြုခဲ့ပါသည်။ လေးစားကြည်ညိုဖွယ်ရာ ဆရာ့စိတ်ထားကို ကျေးဇူးတင် ဦးညွတ်ပါကြောင်း ရှေးဦးစွာ ပြောကြားလိုပါသည်။

ဆရာ မောင်သော်က၏ တိုက်ရေယာဉ် ၁၀၃ ကိုယ်တွေ့ အဖြစ်မှန် ဇာတ်လမ်းနှင့် ပတ်သက်ပြီး အစစအရာရာ ဝိုင်းဝန်း ကူညီခဲ့ကြသည့် ပေဖူးလွှာ မဂ္ဂဇင်း စာတည်းအဖွဲ့ နှင့် ပန်းချီ မြင့်မောင်ကျော် ကာတွန်း မောင်မောင်အောင်တို့အားလည်း ကျေးဇူး ဥပကာရအထူး တင်ရှိပါကြောင်း လေးစားစွာ မှတ်တမ်းတင် အပ်ပါသည်။

မဇ္ဈိမစာပေ ၏ ထုတ်ဝေရေး လုပ်ဆောင်ချက်များသည် မြန်မာစာပေ အနုပညာလောကအတွက် မြူတမင်နီ သဲတပွင့်မျှ အရာထင်လျှင်ပင် ကျေနပ်ရမည် ဖြစ်ပါသည်။ လေကတွင် ရုပ်ပိုင်းဆိုင်ရာ ပွားစီးလိုသူသည် နာမ်ပိုင်းဆိုင်ရာ အသာစီးကို ရောင့်ရဲနိုင် ရပါမည်။ ထို့အတူ နာမ်ပိုင်းဆိုင်ရာ ဂုဏ်သိန် တက်လိုသူသည် ရုပ်ပိုင်းဆိုင်ရာတွင် လောဘထိန်းနိုင်ရမည်ဟု ယူဆပါသည်။ ထို့ကြောင့် မဇ္ဈိမစာပေကို သတိမူအလေးထား သည်နှင့်အမျှ စီးပွားရေးအမြင်တွင် ကျွန်တော့် အရည်အသွေးသည် ပြောစရာဖြစ်နေပါသည်။ သက်ရှိဖန်တီးသူ ကျွန်တော်၏ ပုဂ္ဂိုလ်ရေး အရာမထင်လျှင် ရှိပါစေ သက်မဲ့ ကျွန်တော့် မဇ္ဈိမစာပေတိုက် ဂုဏ်တက်လျှင်ဖြင့် ပီတိဖြင့် ကျေနပ်ရောင့်ရဲနေမည်သာ ဖြစ်ပါသည်။

မြန်မာစာပေ အနုပညာ လောကသားအားလုံး အခက်အခဲကို နားလည်စွာ ခါးစည်း ကျော်ဖြတ်လျက် ရှိပါသည်။ သိက္ခာလိုချင်သူက သိက္ခာယူ ငွေလိုချင်သူက ငွေယူကာ စာပေ အနုပညာ လောကသည် သမမျှတစွာ ရှင်သန်လျက်ရှိပါသည်။ ဝါသနာကြီးမားခြင်း၊ အနစ်နာခံခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း မေ့လိုက်ခြင်း များစွာတို့ပေါင်းစည်းလျက် စာပေ အနုပညာလမ်းသည် အရှိန်အဟုန်မပျက် ဆက်လက် ချီတက်နေပါ သည်။

မြန်မာစာပေ အနုပညာ လောကထဲသို့ မည်သူ့ကိုမျှ မပြိုင်ဆိုင်ဘဲ တနိုင်တအားနှင့် ဝါသနာ အရင်းခံကာ မဇ္ဈိမစာပေသည် ရိုးသားစွာ ဝင်ရောက်ခဲ့ပြီး ရိုးသားစွာပင် လျှောက်လမ်းလျက် ရှိနေပါသည်။

အားပေးသူ ပြည်သူအပေါင်း ကိုယ်ကျန်းမာပြီး စိတ်ချမ်းသာကြပါစေ။
ကောင်းမြတ်သော ဆန္ဒများ ပြည့်ဝကြပါစေ။

လေးစားနေသော

ရဲမြင့်

မန္တလေး-၁၄၊ ၇၊ ၈ ၇။

ကျေးဇူးတင်လွှာ။

တိုက်ရေယာဉ် ၁၀၃ ကိုအခန်းဆက် ဇာတ်လမ်းအဖြစ် ဖော်ပြပေးခဲ့သော ပေဖူးလွှာမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးမြလှိုင်၊ အစစအရာရာတွင် ကူညီပေးခဲ့ကြသည့် စာတည်းအဖွဲ့ဝင်များ၊ စာအုပ်ထုတ်ဝေသူ မဇ္ဈိမစာပေမှ ကိုရဲမြင့်နှင့် ဇာတ်လမ်းကို ရေးသားဖြစ်စေရန် အတွက် တနည်းအားဖြင့် လှုံ့ဆော်ခဲ့သူ စာရေးဆရာ အောင်သင်း တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း။

မောင်သော်က။

ပဏာမ

ဤသည်မှာ စိတ်ကူးယဉ် ဇာတ်လမ်းတခု မဟုတ်ပါ။ ဘဝတွင် ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်မှန်တခုဖြစ်ပါသည်။ ဤသည်မှာ အချစ်ဇာတ်လမ်းတခု မဟုတ်ပါ။ သင်္ဘောသားတဦး၏ ဘဝတွင် ကြုံတွေ့စေရန် မမျှော်လင့် အပ်သည့်သင်္ဘောပျက်ဇာတ်လမ်း တခုဖြစ်ပါသည်။ ဤသည်မှာ စစ်မက်ရေးရာ မဟုတ်ပါ။ ပင်လယ်တွင် သင်္ဘောပျက်၍ ဒုက္ခရောက်ရသည့် သင်္ဘောသား လူငယ်တစု သေမင်းနှင့် ယှဉ်ပြိုင်အန်တုရသည့် ဇာတ်လမ်းဖြစ်ပါသည်။ စိတ်ဝင်စားဖွယ်ဖြစ်ကောင်း ဖြစ်မည် မှန်သော်လည်း စိတ်မချမ်းသာဖွယ် ဇာတ်လမ်းတခု ဖြစ်သည်ဟု စာရေးသူက ကြိုတင် ပြောဆိုလိုပါသည်။

စိတ်မချမ်းသာဖွယ် ကောင်းလှသည်ကြောင့် မပြောမဆို မရေးမသားခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ်မျှ ကြာညောင်းခဲ့ပါပြီ။ ပြောသင့် ဆိုသင့်သည် ထင်သော အချက်အလက်များကို ပြောသင့်သည့် နေရာအချို့တွင် ပြောခဲ့သည်မှ အပ တတ်နိုင်သမျှ နှုတ်ပိတ်နေရငုံ နေခဲ့ပါသည်။ နှစ်ပေါင်း ၃၀ ကြာအထိ ဤအကြောင်းကို ကျွန်တော် မရေးသားခဲ့ပါ။

ပင်လယ်တွင် သေဆုံးခဲ့ကြရသော ရဲဘော်တို့၏ မိသားစုများနှင့် မသေဘဲ ကျန်ရစ်ကြသော ရဲဘော် တစုကိုလည်း စိတ်မချမ်းမြေ့ဖွယ်များကို ပြန်ပြောင်း သတိမရ စေလိုခြင်းကြောင့် ခပ်မဆိတ်ပင် နေခဲ့ပါသည်။ ယခုသော် နှစ်ပေါင်း ၃၀ မျှသော ကာလသည် ဒဏ်ရာအနာတရများကို ကျက်စေသောကာလဖြစ်ပြီဟု ထင်ခြင်းကြောင့် ဘဝအဖြစ်အပျက် တရပ်အနေနှင့် မှတ်တမ်း တင်ခဲ့ခြင်း ဖြစ်ပါ၏။

ကျွန်တော့်ဘဝ ဇာတ်လမ်းချည်း သက်သက်မဟုတ်ပါ။ ကျွန်တော်နှင့်အတူ ပင်လယ်ပြင်တွင် အသက်ရှင်ရန် ကြိုးပမ်းရင်းကျဆုံးသွားသည့် ရဲဘော်များ၊ သေမင်း၏ ခံတွင်းဝမှ ပြန်ထွက်လာနိုင်ခဲ့ကြသည့် အရာရှိ ရဲဘော်တစု၏ ဘဝဇာတ်လမ်း ဖြစ်ပါသည်။

စာရေးသူ ကျွန်တော် မောင်သော်ကသည် ဤအဖြစ်အပျက်တွင် ပဓာနကျသော အခန်းမှ မလွှဲမရှောင်သာ ပါဝင်ခဲ့ရသည်။ သို့ဖြစ်ခြင်းကြောင့် ပထမနာမ်စား ပုဂ္ဂလကိန်း ကျွန်တော်ဟူ၍ သုံးစွဲရပါသည်။ ကျွန်တော့်ဇာတ်လမ်းဆိုသည်ထက် ရေတပ်မှ ကမ်းခြေလှည့် ကင်းသင်္ဘော တစင်းဖြစ်သည့် တိုက်ရေယာဉ် ၁၀၃ ၏ ဇာတ်လမ်းဆိုလျှင် ပိုမှန်ပါသည်။ တိုက်ရေယာဉ် ၁၀၃ (တရယ ၁၀၃) သည် ပင်လယ်ပြင်တွင် ကင်းလှည့် တာဝန်ထမ်းဆောင်ရင်း ၁၉၅၆ ခု၊ နိုဝင်ဘာ ၂၉ ရက်နေ့၊ နံနက် ဝ၇ဝဝ နာရီခန့်တွင် တနင်္သာရီ ကမ်းရိုးတန်း၊ လောင်းလုံ ကျွန်းစု (

Moscos Island) ၏ အနောက်ဘက် မိုင် ၂၀ ခန့် အကွာ၌ မမျှော်လင့်သော လေပြင်းမုန်တိုင်း တခုတွင် နစ်မြုပ်ခဲ့ ရသည်။

သင်္ဘောပေါ်တွင် လိုက်ပါခဲ့ကြသည့် အရာရှိနှင့် သင်္ဘောသား စုစုပေါင်း ၂၇ ဦးသည် (Rubber Life Raft) ရော်ဘာ အသက်ကယ်ဖောင် နှစ်စီးဖြင့် သင်္ဘောကို စွန့်ခွာခဲ့ကြရသည်။ အသက်ကယ်ဖောင် တစီးမှာ ရဲဘော် ကိုးဦး ပါဝင်လျှက် နောက်တစီးတွင် စာရေးသူ အပါအဝင် အရာရှိနှင့် ရဲဘော် ၁၈ ဦး ပါဝင်ကြသည်။ ရဲဘော် ကိုးဦး ပါဝင်သည့် အသက်ကယ် ဖောင်မှာ ယနေ့ထိရှာမတွေ့တော့ပါ။ ပင်လယ်ပြင်တွင် စုပ်စမြုပ်စ ပျောက်ကွယ်သွားခဲ့ပါသည်။ ကျွန်တော် ပါဝင်သည့် အသက်ကယ်ဖောင်သည် ၁၃ ရက်တိုင်တိုင် ပင်လယ်ပြင်တွင် မျောပါခဲ့ရာမှ ကယ်သူ တွေ့၍ အသက်ရှင်သူ ဆယ်ယောက်မျှ ကျန်ရှိခဲ့ပါသည်။ ၁၃ ရက်တာ ကာလအတွင်း ပင်လယ်ပြင်တွင် အရာရှိ တဦးနှင့် ရဲဘော် ခုနစ်ယောက် စုစုပေါင်း ရှစ်ယောက် အသက် ပျောက်ခဲ့ရပါသည်။ ကျွန်တော်သည် တိုက်ရေယာဉ် ၁၀၃ ၏ စစ်ရေယာဉ်မှူး (ထိုစဉ်က အခေါ်အဝေါ်အားဖြင့် ဦးစီးမှူး) ဖြစ်ပါသည်။ ဤမျှ မှတ်တမ်းအားဖြင့် ကျဆုံးလေခဲ့သော ရဲဘော်များ၊ တာဝန် ကျေပွန်ခဲ့သော ရဲဘော်များကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသတည်း။

ဘသော်

မောင်သော်က (၁၄-၇-၈၆)

တိုက်ရေယာဉ် ၁၀၃ ၏ လူအင်အား စာရင်း။

လူအင်အား စာရင်းကို (အသက်မသေ ကျန်သူများနှင့် ကျဆုံးသော ရဲဘော်များ) ဟူ၍ စာရင်းအလိုက် ခွဲခြားပြသပါသည်။

အသက်မသေ ကျန်ခဲ့သူများ။

၁။ ဗိုလ်ကြီး ဘသော် ရေ/၃၀၅၁

၂။ ဗိုလ်လေး သန်းလွင် ရေ/၁၀ ၇၁ (အာရ်)

၃။ တပ်ကြပ်ကြီး ကိုကိုကြီး ကပအမ ၂၉၇၅

၄။ တပ်ကြပ် မောင်အေး ။ ၂၄၁၃

၅။ တပ်ကြပ်/စက် အောင်မြင့် ။ ၃၀၈၇

၆။ တပ်သား/စက် ဌွမ်ရှိန် ။ ၄၁၈၁

၇။ ။ ကျော်မြင့် ။ ၆၀၈၀

၈။ ။ လှဖေ ။ ၅၀၀၄

၉။ ။ လှမြင့် ။ ၅၆၃၁

၁၀။ တပ်သား/စားခန်း ခင်မောင် ။ ၅၆၅၁

ကျဆုံးသွားသောရဲဘော်များ (ဖောင် - ၁ ပျောက်ဆုံး)

၁။ တပ်သား မောင်အုံး ကပအမ ၃၉ ၇၅

၂။ ။ မြင့်ဆွေ ။ ၆၁ ၇၆

၃။ ။ မောင်စိုး ။ ၄၅၆၈

၄။ ။ ဟန်သိန်း ။ ၅၅၀၈

၅။ ။ မြင့်လွင် ။ ၅၂၈၄

၆။ ။ ရှိဖေးရှီးယိုး ။ ၅၅၆၇

၇။ ။ အေးရှိ ။ ၅၁၈၇

၈။ တပ်သား/ကြိုးမဲ့ ခင်မောင်လတ် ။ ၅၄၂၃

၉။ တပ်သား/စားဖို ထွန်းကြည် ။ ၄၈၉၄

၁၃ ရက်အတွင်း ကျဆုံးသွားသော အရာရှိနှင့် ရဲဘော်များ (ဖောင်-၂)

၁။ ဗိုလ်ကြီး စောဦး ရေ/၃၀၈၃

၂။ တပ်ကြပ်ကြီး ခင်မောင်ဝင်း ကပအမ ၁၁၁၁

၃။ တပ်ကြပ် မောင်အေး ။ ၃၃၅၆

၄။ ။ အောင်မြင့် ။ ၃၁၈၂

၅။ ။ စံခို ။ ၃၃၅၀

၆။ တပ်ကြပ်/စက် ကျော်ညွန့် ။ ၃၂၄၈

၇။ တပ်သား ကျော်ကျော် ။ ၄၉၄၆

၈။ တပ်သား မောင်မြင့် ။ ၄၉၉၈

အရာရှိ၊ အကြပ်၊ တပ်သား ၂၇ ဦး အနက် ကျွန်တော် အပါအဝင် လူ ဆယ်ဦးမှာ အသက်ရှင် ကျန်နေခဲ့ပါသည်။ ကျွန်တော် စီးနင်းသည့် အသက်ကယ် ဖောင်ပေါ် ကျွန်တော့်မျက်စိ ရှေ့မှောက်တွင် ဗိုလ်ကြီး စောဦး နှင့် အခြား အဆင့် ခုနှစ်ဦး စုစုပေါင်း ရှစ်ယောက် အသက်ပျောက်ခဲ့ပါသည်။ ရဲဘော် ကိုးဦးပါဝင်သည့် ဖောင်မှာ လုံးဝ မတွေ့ရတော့သောကြောင့် ပင်လယ်ပြင်တွင် သေဆုံးကြသည်ဟု မှတ်တမ်းတင်ခဲ့ရပါတော့သည်။

ယခု ရေးသား တင်ပြခဲ့သော ကိုယ်တွေ့ အဖြစ်အပျက် ဇာတ်လမ်းကို ဖတ်ရှုပြီးသည့် နောက်တွင် လေးစားအပ်သော စာရှုသူသည် ကျွန်တော့်အပေါ်တွင် သူရဲကောင်း တဦး သို့မဟုတ် လူဆိုး တဦးဟု ထင်မြင်ကောင်း ထင်မြင်ကြပါ လိမ့်မည်။ ကျွန်တော်သည် သူရဲကောင်းလည်း မဟုတ်ပါ။ လူဆိုးတဦးလည်း မဟုတ်ပါ။ ကျရောက်လာသည့် တာဝန်နှင့် ဝတ္တရားကို မိမိဉာဏ်မီသမျှ၊ စွမ်းဆောင်နိုင်သမျှကို တတ်နိုင်သမျှ ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် အရာရှိ တဦးသာ ဖြစ်ပါ ကြောင်း ကြိုတင် အစီရင်ခံလိုပါသည်။

၁။ တိုက်ရေယာဉ် ၁၀၃။

ရေတပ် အရာရှိငယ်တဦး၏ ဘ၀တွင် တိုက်ရေယာဉ်တစင်းကို အုပ်ချုပ်ခွင့်အာဏာ ဦးစီးမှူး (ဝါ) စစ်ရေယာဉ်မှူးအဖြစ် ခန့်အပ်ခံရခြင်း ဟူသည်မှာ အလွန်ဝမ်းသာ ဂုဏ်ယူဖွယ်ရာသော အချက် တချက်ဖြစ်တော့သည်။ သူ့ဘ၀တွင် အထွတ်မြတ်ဆုံးသော ကာလတရပ် ဖြစ်သည်။ ၁၉၅၆ ခု၊ စက်တင်ဘာလတွင် ကျွန်တော့်အား တိုက်ရေယာဉ် ၁၀၃ ၏ ဦးစီးမှူးအဖြစ် ခန့်လိုက်သောအခါ ဝမ်းသာဂုဏ်ယူ၍ မဆုံးတော့ပါ။ ကျွန်တော်တို့ ဗိုလ်သင်တန်း အတူတက်လာကြသည့် ဗိုလ်လောင်း တစုတွင် ကျွန်တော်သည် ပထမဆုံး အနေနှင့် စစ်ရေယာဉ်မှူး ခန့်အပ်ခြင်း ခံရသူ ဖြစ်၏။ (နောင်ခေတ်နှင့် အညီ စစ်ရေယာဉ်မှူး ဟူ၍သာ သုံးစွဲပါမည်။) ကျွန်တော့်အသက်မှာ ၂၉ နှစ်မျှသာ ရှိသေးသည်။

တိုက်ရေယာဉ် ၁၀၃ မှာ 'ရေတပ်" တွင် ၎င်းနှင့် မျိုးတူ (ညီအစ်မ သင်္ဘော) ၁၀ စီးမျှ ရှိသည့်အနက် တစီးသော သင်္ဘောဖြစ်သည်။ သင်္ဘော ၁၀ စီးစလုံးမှာ အမေရိကန်ရေတပ်မှ ကမ်းခြေစောင့် ကင်းလှည့် သင်္ဘောငယ်များ ဖြစ်ကြသည်။ ဒုတိယ ကမ္ဘာစစ်အတွင်းက အမေရိကန် ကမ်းခြေကို ကာကွယ် ကင်းစောင့်ရန် ကမ်းခြေစောင့် တပ်ဖွဲ့အတွက် ဆောက်လုပ်ခဲ့သော ရေယာဉ်များ ဖြစ်သည်။ အဆီထုတ်ထားသည့် ထင်းရှူးသား (Deal Wood) များဖြင့် သင်္ဘောကိုယ်ထည်ကို တည်ဆောက်ထားလျက် အလျားပေ ၈၃ ပေ၊ အနံ့ဖြက် ၁၄ ပေမျှ ရှိကာ ရေစူး ၆ ပေမျှ ရှိသည်။ လက်နက်ကြီးများ အနေနှင့် ၄၀ မီလီမီတာ လေယာဉ်ပစ် စက်အမြောက်ကြီး နှစ်လက်ပါရှိပါ သည်။ ဦးပိုင်းတွင် တလက်နှင့် ပဲ့ပိုင်းတွင် တလက် ဖြစ်ပါသည်။ ဘိုဖာ (Bofor) စက်အမြောက်ဟု ခေါ်ဆိုသည်။

ဒုတိယကမ္ဘာစစ် ပြီးသည့်နောက်တွင် သင်္ဘော အများအပြားမှာ ပိုလျှံနေသော စစ်ကျန်ပစ္စည်းများ ဖြစ်သည့်အလျောက် အမေရိကန် ရေတပ်စခန်းတခုတွင် စုပြုံကြိုးချည်ထားခဲ့သည်။ ယင်းသင်္ဘောများအနက်မှ ၁၀ စီးကို မြန်မာရေတပ်သို့ လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် မြန်မာ့ရေတပ်သည် အမေရိကန်ရေတပ်မှ ကမ်းခြေစောင့် ကင်းရေယာဉ် (Coast Guard Cutter) ၁၀ စီးမျှ လွှဲအပ်ပေးသည်ကို စင်ကာပူတွင် လက်ခံရယူခဲ့၏။ ထို ၁၀ စီးအနက်မှ တစီးသော သင်္ဘောသည် တိုက်ရေယာဉ် ၁၀၃ ဟူ၍ ဖြစ်လာခဲ့သည်။ အမေရိကန် ရေတပ်မှ လွှဲပြောင်းပေးစဉ်က သင်္ဘောများ၏ ပင်လယ် ထွက်ရန် အဆင့်မီ သက်တမ်း ကာလာမှာ သုံးနှစ်မျှသာ ကျန်ရှိနိုင်တော့သည်ဟု သတ်မှတ်ပေးခဲ့ကြောင်း သိရသည်။ သင်္ဘော၏ အပိုပစ္စည်းများကို သုံးနှစ်စာမျှ အပိုဆောင်းပေးခဲ့ပါသည်။ တိုက်ရေယာဉ် ၁၀၃ သည် ကျွန်တော်၏ အုပ်ချုပ်မှု

အောက်တွင် ရှိစဉ် နစ်မြုပ် သွားခဲ့သောအခါ ရေယာဉ်သည် ရေတပ်၌ခြောက် နှစ်တာ တာဝန်ထမ်းဆောင်သွားခဲ့ပြီးဖြစ်တော့သည်။

တိုက်ရေယာဉ် ၁၀၃ နှင့် ကျွန်တော်သည် ထိုစဉ်ကတည်းက ရေစက် ဆုံခဲ့ကြသည်။ ၁၉၅၀ ပြည့်နှစ်တွင် ကျွန်တော်သည် တပ်ကြပ်အဆင့်တွင်သာ ရှိသေးသည် ထိုစဉ်က တိုက်ရေယာဉ် ၁၀၃ ကို အမေရိကန် ရေတပ်မှ လွှဲပြောင်း လက်ခံယူခဲ့သည် စစ်ရေယာဉ်မှူးမှာ ဗိုလ်ကြီး မောင်မောင်ခင် ဖြစ်လျက် ဒုစစ်ရေယာဉ်မှူးမှာ ဗိုလ်ကံညွှန့်ဖြစ်၏။ ကျွန်တော်က ကြိုးမဲ့ ကြေးနန်းဆက်သွယ်ရေးမှ တပ်ကြပ်တဦး ဖြစ်သည်။ ပထမ အသုတ်ဖြစ်သော တိုက်ရေယာဉ် လေးစီးကို စစ်ရေယာဉ် 'မေယု' ဦးဆောင်လျက် စင်ကာပူမှ ရန်ကုန်သို့ တောက်လျှောက် ခုတ်မောင်းယူဆောင်လာခဲ့ကြသည်။ လမ်းခရီးတွင် လှိုင်းလေပြင်းထန်သောကြောင့် အပိုအလျှံ ဒီဇယ်များကို တင်ဆောင်လာသည့် ဒီဇယ်ပီပါများ လွင့်စဉ်ကာ ရေထဲကျသွားခဲ့သည်။ ဒီဇယ်ပီပါ တလုံးက စစ်ရေယာဉ်မှူး ဖြစ်သူ၏ လက်သန်းကို ကြေမွ သွားသည်အထိ ကြိတ်ပြီးမှ လိမ့်ဆင်း သွားသည်။ တိုက်ရေယာဉ် ၁၀၃သည် သူ၏ ပထမဆုံးဖြစ်သည့် စစ်ရေယာဉ်မှူး သွေးစွန်းစေခဲ့ပြီ ဖြစ်သည်။ သူသည် ကျွန်တော့်အားလည်း ချန်လှပ်မထားခဲ့ပါ။ နောင်တနေ့တွင် စစ်ရေယာဉ်မှူးဖြစ်လာမည့် သူကိုပါ သတိပေးသည့်အလား ကျွန်တော့်လက်ဝဲလက်၏ လက်ခလယ်ထိပ်ကို အံဖုံး တံခါးတခုဖြင့် ညပ်စေကာ သွေးစိမ်းရှင်ရှင် ထွက်စေခဲ့သည်။ ယခုတိုင် ကျွန်တော်၏ လက်ဝဲ လက်ချောင်းသည် လက်ယာ လက်ချောင်းနှင့် ပုံပန်း သဏ္ဌာန်အားဖြင့် မတူညီဘဲ သေရွာပါ ဒဏ်ရာကို ပေးခဲ့ပါသည်။ ပထမဆုံး စစ်ရေယာဉ်မှူး လက်သန်းကို ကြေမွစေကာ နောက်ဆုံးဖြစ်မည့် စစ်ရေယာဉ်မှူး၏ လက်ခလယ်ကို ထိပ်တွင်ကွဲအက်စေခြင်း သတိပေးခဲ့သည်ဟု နောင်တွင်မှ ကျွန်တော် ပြန်ပြောင်း သတိရ မှတ်မိပါ တော့သည်။

တိုက်ရေယာဉ် ၁၀၃ ၏ အုပ်ချုပ်မှု အာဏာကို ဗိုလ်ကြီးဝင်းသိမ်းမောင် ထံမှ ကျွန်တော် ဗိုလ်ကြီးဘသော်က လွှဲပြောင်းလက်ခံ ယူခဲ့သည်။ ဒု စစ်ရေယာဉ်မှူးမှာ ဗိုလ်ကြီး စောဦးဖြစ်သည်။ ဗိုလ်ကြီးစောဦး နှင့် ကျွန်တော်တို့မှာ ရေတပ် တွင်းသို့ တပြိုင်တည်းလိုလို ဝင်ခဲ့ကြသည့် ရဲဘော်များ ဖြစ်ကြသည်။ ကျွန်တော်တို့သည် သာမန်ရဲဘော်များအဖြစ် ရေတပ်သို့ ဝင်ခဲ့ကြခြင်း ဖြစ်သည်။ ကျွန်တော်က လွတ်လပ်ရေး မရမီကာလတွင် ဝင်ခဲ့လျက် ဗိုလ်ကြီးစောဦးက လွတ်လပ်ရေးရပြီးခါစတွင် ဝင်ခဲ့ကြသည်။ သို့သော် အရာရှိ ဖြစ်ကြရာ၌ သူက ကျွန်တော့်ထက် နောက်ကျ၍ ဗိုလ်သင်တန်း တက်ခွင့်ရသူဖြစ်ခြင်းကြောင့် ယခုသူက ကျွန်တော်၏ လက်အောက်အရာရှိအဖြစ် ထမ်းဆောင်နေရခြင်းဖြစ်သည်။ တာဝန်ချိန်မှ လွဲလျှင် ကျွန်တော်တို့သည် ရင်းရင်းနှီးနှီးပင် ခေါ်ပြောကြလျက် သူနှင့်ကျွန်တော်တို့ တချိန်က စစ်ရေယာဉ် 'အင်းလျား' တွင် အတူတကွ

ရဲဘော်ဘဝနှင့် အမှုထမ်းခဲ့ကြသလိုသာ ခေါ်ပြောနှုတ်ဆက်လေ့ရှိသည်။

ကျွန်တော်သည် ထိုစဉ်က အထက် မြန်မာပြည် ရေတပ်စခန်းဖြစ်သည့် မန္တလေး၊ မုံရွာ စသည်တို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အပြန်တွင် တိုက်ရေယာဉ် ၁၀၃ ၏ အုပ်ချုပ်မှုအာဏာကို ရခဲ့ခြင်းဖြစ်သည်။ တိုက်ရေယာဉ် ၁၀၃ မှာ သန်လျက်စွန်းရှိ ရတနာပုံ ရေတပ်စခန်းတွင် ရေလယ်ဘောတခု၌ ချည်နှောင်ထားကာ ပင်လယ်ပြင် ခရီးထွက်ရန် ပြင်နေဆဲ ဖြစ်သည်။ အုပ်ချုပ်မှု အမိန့် ထွက်သည့်နေ့တွင် သင်္ဘောကို လွှဲပြောင်း ယူရန်အတွက် ရေလယ်တွင် ချည်နှောင်ထားသော တိုက်ရေယာဉ် ၁၀၃ ပေါ်သို့ သမ္ဗန်တစင်းထက်မှ ကျွန်တော်လှမ်းတက်လိုက်သည်တွင် သင်္ဘောလှေကားထိပ်တွင် ဗိုလ်စောဦးက စစ်ဝတ်စုံအဖြူကို သပ်ရပ်စွာဝတ်လျက် စစ်ရေယာဉ်မှူးအသစ်ကို စောင့်ကြိုလင့်သည်။ သင်္ဘောကုန်းပတ်ထက်သို့ ကျွန်တော် ခြေချသည်တွင် ကင်းစောင့်တာဝန်ကျ ရဲဘော်က 'ရှီ' ဟူသော ခရာငယ် သံ ကို မှုတ်လိုက်သည်နှင့် ဗိုလ်စောဦးက သတိအနေအထားရပ်ကာ အလေးပြု ကြိုဆိုသည်။ ဤအချိန်သည် ရေတပ်အရာရှိငယ် တဦး၏ အပျော်ရွှင်ဆုံးသော အထွတ်အထိပ် အချိန်ဖြစ်သည်။ ခရာ (pipe) မှုတ်၍ ကြိုဆိုခြင်း ခံရသော ဂုဏ်ဟူသည်မှာ သင်္ဘောတစီး၏ စစ်ရေယာဉ်မှူးနှင့် ရေတပ်ဦးစီးချုပ်တို့သာလျှင် ဂုဏ်ပြုခြင်း ခံရသည်။ ခရာမှုတ်သံ ကြားသည်တွင် သင်္ဘောပေါ်ရှိ အရာရှိအကြပ်တပ်သားများသည် ငြိမ်သက်စွာ သတိ အနေအထားဖြင့် နေကြရသည်၊ 'ဆက်လုပ်' အဓိပ္ပာယ်ရသော ခရာသံကို နောက်ထပ်မှုတ်မှာ မိမိတာဝန်ဝတ္တရားများကို ဆက်လုပ်ကြရသည်။ စစ်ရေယာဉ်မှူး တဦးသင်္ဘောပေါ်သို့တက်တိုင်း ဆင်းသွားတိုင်း ဤသို့ အရိုအသေပြုရခြင်းမှာ ရေတပ်၏ ဓလေ့ထုံးစံ တရပ် ဖြစ်တော့သည်။

ကျွန်တော်က အလေးပြုခြင်းကို ခံယူရင်း ဆက်လုပ်' ခရာ မှုတ်သည်တွင် နေကောင်းရဲ့လား ဗိုလ်စောဦး" ဟုမေးကာ သူ့အား လက်ဆွဲနှုတ်ဆက်လိုက်သည်။

"နေကောင်းပါ တယ် စီအို" ဟု သူက ပြန်ပြောရင်း လက်ဆွဲ နှုတ်ဆက်သည်။ သူသည် သွားတက်လေးများ ပေါ်အောင် ပြုံးရယ်နေသည်။ သူက အလုပ်တာဝန် အနေအထားအရ ကျွန်တော့အား စီ- အို ဟုခေါ်လိုက်သည်ကို ကျွန်တော် သတိပြုမိ၏။ စီ- အို ဟူသော အသုံးအနှုန်းမှာ အင်္ဂလိပ် အခေါ် (Commanding Officer) ကို အတိုကောက်အားဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းဖြစ်သည်။ သူ့အား ကျွန်တော်က တာဝန်အရခေါ်ဝေါ်ပါမူ 1st Lieutenant (ဖတ်စ်လု) ဟူ၍ ခေါ်ရသည်။ အဓိပ္ပာယ်မှာ ဒုတိယအရာ (ဝါ) ဒု စစ်ရေယာဉ်မှူး ဟူ၍ ဖြစ်သည်။ သို့သော် ကျွန်တော်က ရင်းရင်းနှီးနှီးပင် 'ဗိုလ်စောဦး' ဟု ခေါ်ပြောလိုက်သည်။

"ကွန်ဂရက် ကျူလေးရှင်း' ကျွန်တော့်အား လက်ဆွဲနှုတ်ဆက်ကာ ချီးကျူးကြိုဆိုသူမှာ လက်ရှိ စစ်ရေယာဉ်မှူး ဗိုလ်ကြီး ဝင်းသိမ်းမောင် ဖြစ်၏။

ဗိုလ်ကြီး ဝင်းသိမ်းမောင်မှာ ပိန်ပိန် သွယ်သွယ် ဖြူဖြူနှင့် လူချော တဦးဖြစ်သည်။ သူသည် အင်္ဂလန်ပြည် ဒတ်(တ)မတ်(သ) ရေတပ်ဗိုလ်သင်တန်း ကျောင်းဆင်းလာခဲ့သူ တဦးဖြစ်သည်။ သူက ကျွန်တော့်အား တိုက်ရေယာဉ် ၁၀၃ ၏ စစ်ရေယာဉ်မှူးတာဝန် ဝတ္တရားများကို လွှဲပြောင်းပေးရမည် ဖြစ်သည်။ စာရွက်စာတမ်းဖိုင်များလည်း စားပွဲပေါ်တွင် အသင့်ရှိနေ၏။ စားပွဲဘေးတွင် ရပ်နေသူ အရာရှိငယ် တဦးမှာ ဒုဗိုလ် သန်းညွန့် ဖြစ်သည်။ သူသည် သင်္ဘောတွင် တွဲဖက် အရာရှိ ဖြစ်သည်။ ကျွန်တော်တို့သင်္ဘောမှာ ပင်လယ်ပြင်တွင် ရက်ရှည်နေရမည်ဖြစ်ခြင်းကြောင့် တွဲဖက်အရာရှိတဦး အပို ပေးထားခြင်း ဖြစ်သည်။ သာမန်အားဖြင့်မူ စစ်ရေယာဉ်မှူးနှင့် ဒု စစ်ရေယာဉ်မှူး နှစ်ဦးသာလျှင် အရာရှိဟူ၍ ရှိပေသည်။

အလုပ် လွှဲပြောင်းခြင်း လက်ခံရယူခြင်း တို့ကိစ္စမှာ ကြာမြင့်သည် မဟုတ်ပါ။ သင်္ဘောက သေးငယ်သည်ကြောင့် ပစ္စည်းအလွှဲအပြောင်းမှာ မများလှပါ။ ထို့ပြင် ဗိုလ်ကြီး စောဦးနှင့် ဗိုလ်သန်းညွန့်တို့ပါ ဆက်နေကြမည် ဖြစ်ခြင်းကြောင့် အရေးကြီးသည့် တပ်ဆောင် ငွေနှင့် ခဲယမ်းမီးကျောက်စာရင်းတို့ကိုသာ ကျွန်တော်က ဂရုတစိုက် စစ်ဆေးကာ လက်မှတ်ထိုးယူသည်။

"ဒီစာရင်းတွေက သေချာပါတယ်နော် .. ဝင်း'

“သေချာပါတယ် မောင်ရင်ရာ၊ လက်မှတ်ထိုးမှာသာ ထိုးပါ၊ အရေးကြီးတာက အခု လက်မှတ်ထိုးပြီး ညနေ မတ်(စ) မှာ ဘီယာ တိုက်ဖို့ပဲ၊ ထိုးသာထိုး ထောင် မကျစေရပါဘူး၊ ဟဲဟဲ

ထုံးစံဖြစ်သည်။ ထုံးစံမှာ စီအိုအသစ်က အရာရှိများကို အရာရှိရိပ်သာတွင် ဘီယာ အဝတိုက်မှ လွှဲပြောင်းခြင်း ကိစ္စ ပြီးမြောက်သည် ဟူ၏။

'ရပါတယ်ဗျာ၊ မနက်ကတည်းက ရိပ်သာမျာ ပီလ်စနာအာကွဲလ် ဘီယာ တဒါဇင် ဖရီဇာထဲမှာ အသင့် ထည့်ထားဖို့ မှာထားခဲ့ပြီးသားပါ ၊ ဗိုလ်စောဦးလဲ လိုက်မယ် မဟုတ်လား”

ကျွန်တော်က ဗိုလ်စောဦးဘက်သို့ လှည့်မေးလိုက်သည်။

“ကျွန်တော် မဖြစ်ဘူး စီအို၊ ဗိုက်က ဂက်(စ်) ထရစ်အာလ်ဆာ (အစာအိမ်ရောဂါ) ပြန်ထနေတယ် ဆရာဝန်က ဆေးရုံတက်ဖို့တောင် ပြောတာ သူနှင့် ကျွန်တော် မတွေ့ကြသည်မှာ ကြာပြီ။ ယခုမှ သတိပြုမိသည်မျာ သူသည် ဝမ်းဗိုက်ကို လက်တဖက်ဖြင့် မသိမသာနှိပ်ထားလျက် မျက်နှာမှာလည်း နွမ်းလျလျ ဖြစ်နေသည်။

'ဒီလိုဆို ဆေးရုံ တက်လိုက်ပေါ့ဗျာ၊ စောစောက ကုလိုက်ရင် ကောင်းမယ်'

“နေပါစေ စီအို၊ ရပါသေးတယ်၊ ဒီတခေါက် မြိတ်က ပြန်မှပဲ ဆေးရုံတက်တန် တက်ရတာပေါ့ ခုတော့ ဗိုက်နာရင် ဆိုဒါဘိုင်ကပ်လောက်နဲ့ ပြီးပါ သေးတယ်'

သူသည် အစာအိမ်ရောဂါ ရှိနေပါလျက် ကျွန်တော်နှင့်အတူ မြိတ်ကျွန်းစုသို့ ခရီးတခေါက် ထွက်လိုသေးသည့်အတွက် သဘော်ာပေါ်တွင် ပေကပ်နေခြင်း ဖြစ်သည်။

“ဗိုလ်သန်းညွှန့် ကောလိုက်မယ် မဟုတ်လား

ဗိုလ်သန်းညွှန့်က ဘာမျှ ပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေသည်။

ပော့ မောင်ရင်၊ ဗိုလ်သန်းညွှန့်ကို မခေါ်နဲ့ကွ၊ သူက မောင်ရင်တို့ ကိုယ်တို့လို မဟုတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ပုတီးစိပ် နေတဲ့သူ' ဗိုလ်ကြီး ဝင်းသိမ်းမောင်က ဝင်ပြောလိုက်သည်။

ထိုညနေတွင် အရာရှိရိပ်သာ၌ လွှဲပြောင်းပေးသာ စစ်ရေယာဉ်မှူးနှင့် အခြား အပေါင်းအသင်း အရာရှိများကို လက်ခံရယူသူ စစ်ရေယာဉ်မှူးက ယမကာဖြင့် အဘိယာစကပြုရာတွင် ဘီယာ တဒါဇင်သာမက ဂျမေကာရမ် နှစ်လုံးပါ စာရင်းပါ သွားသေးသည်။ အများတကာထက် သောက်နိုင်သူမှာ ဗိုလ်ကြီး ကံညွှန့်ပင် ဖြစ်သည်။ သူ မကျေနပ်သေးသမျှ တာဝန်လွှဲပြောင်း လက်ခံရယူခြင်းပွဲများ မပြီးသေးပါ ။ သူမှူး၍လဲရန် ဆိုသည်မှာလည်း ကျွဲရိုင်း တကောင်ကို လှဲချရန် ကြိုးစားသည်က လွယ်ကူလိမ့်ဦးမည် ဖြစ်သည်။

၂။ ပင်လယ်ခရီးအတွက် ပြင်ဆင်ခြင်း။

တိုက်ရေယာဉ် ၁၀၃ ကို ဗိုလ်ကြီး ဝင်းသိမ်းမောင်ထံမှ လွှဲပြောင်း လက်ခံယူပြီးနောက် ကျွန်တော်၏ တာဝန်မှာ ရေယာဉ်ကို ပင်လယ်ခရီးထွက်ရန်အတွက် အသင့်ဖြစ်အောင် ပြင်ဆင်ရမည် ဖြစ်သည်။ ရေတပ်သင်္ဘောကျင်းတွင် ရေယာဉ်အောက်ပိုင်းကို လွှန်းတင်ပြင်ဆင်ရန်အတွက် ရက်ချိန်းလည်း ရထားပြီး ဖြစ်သည့်အလျောက် ရေအဆင်သင့်သော နေ့တနေ့တွင် ကျွန်တော်တို့ သင်္ဘောသည် ပုဇွန်တောင် ချောင်းအတွင်းရှိ ရေတပ် သင်္ဘောကျင်း၌ လွှန်းတင် ခဲ့ကြသည်။ စက်မကြီးများမှာ အထူး ပြင်ဆင်ရန် မရှိ။ စက်များသည် ရေယာဉ်အောက်ပိုင်း ကိုယ်ထည် ကြီးသာလျှင် ကြေးပြားရိုက်ခြင်း၊ ဆေးသုတ်ခြင်း စသည့် မွမ်းမံမှုများ ပြုလုပ်ကြရသည်။ ထိုသို့ လွှန်းတင်စဉ်တွင် တွဲဖက် အရာရှိဖြစ်သူ ဗိုလ်သန်းညွှန့်သည် အခြား အလုပ်တာဝန် တရပ်ဖြင့် ပြောင်းရွှေ့သွားရသည်။ သူ့နေရာတွင် (Midshipman) ဗိုလ်လေးသန်းလွင် ရောက်လာသည်။ ဗိုလ်လေးသန်းလွင် သည်လည်း အင်္ဂလန်ပြည် ရေတပ် ဗိုလ်သင်တန်းကျောင်းမှ ကျောင်းဆင်းလာခါစ အရာရှိငယ် တဦးဖြစ်သည်။ အသက်အရွယ်မှာ နှစ်ဆယ်ကျော်ရုံ မျှသာလျှင် ရှိသေးလျက် လူနေ ကိုယ်ဟန်မှာ သန့်သန့်မာမာနှင့် တောင့်တင်းသော ဂင်တိုလေးတဦး ဖြစ်သည်။ ကံကြမ္မာသည် ဒုဗိုလ်သန်းညွှန့်အား လွှဲဖယ်ထုတ်ယူခဲ့ခြင်းကို ထိုစဉ်က မည်သူမျှ မခန့်မှန်းနိုင်ခဲ့ကြ။ လောကတွင် မသေဘဲလျက် ငရဲသို့ အရှင်လတ်လတ် ရောက်ရှိစေရန်အတွက် ကံကြမ္မာက ဗိုလ်လေး သန်းလွင်အား ရွေးချယ်လိုက်ပြီး ဖြစ်တော့သည်။

ရေတပ်သင်္ဘောကျင်းတွင် ရှိနေစဉ် ကာလအတွင်း၌ ကျွန်တော်နှင့် ဗိုလ်စောဦးတို့သည် တခါတရံ အတူတကွလို အပြင်ထွက်၍ ရုပ်ရှင်ကြည့်ကြသည်။ ဗိုလ်စောဦးသည် ရုပ်ရှင်သွားတိုင်း ဆိုဒါဘိုင်ကပ် အမှုန့်ကို အထုပ်ငယ်ကလေးဖြင့် အိတ်တွင်းဝယ် ဆောင်ယူခဲ့လေ့ ရှိသည်။ တခါတရံ မမျှော်လင့်ဘဲ ဗိုက်အောင့်ဗိုက်နာ ဖြစ်လာခဲ့လျှင် ရုပ်ရှင်ရုံပြင်ပ၌ ရောင်းချသည့် ရေခဲရေ တခွက်ခြင့် ဆိုဒါမှုန့်ကို သောက်လေ့ ရှိသည်။ သူ့ ဝမ်းဗိုက်ကို သူလုံးလုံး စိတ်မချနိုင်သော အခြေအနေတွင် ရှိသည်။ သူသည် မြိတ်ကျွန်းစု ခရီးသို့ တခေါက် လိုက်လိုသေးသဖြင့် ဆေးရုံတက်ရန်ကို လုံးဝစိတ်မကူးခဲ့ချေ။ သူနှင့်ကျွန်တော် ရင်းနှီးကြသည် မှန်သော်လည်း သူ၏ ကိုယ်ရေးကိုယ်တာ ကိစ္စများကို အတွင်းကျကျ မသိရချေ။ သူသည် ပျော်ပျော်ရွှင်ရွှင် နေတတ်သော်လည်း ပင်ကိုအားဖြင့် စကားများသူ တဦးမဟုတ်ချေ။ အားလျှင် စာကိုသာ ဖတ်၍ နေလေ့ရှိသည်။

သူ ဖတ်သော စာအုပ်များမှာလည်း နိုင်ငံရေး စာအုပ်များသာလျှင်

အဖတ်များသည်ကို ကျွန်တော် သတိပြုမိသည်။ သူသည် မြန်မာပြည် အလယ်ပိုင်း ဒေသဖြစ်သည့် သရက်မြို့ဇာတိ ဖြစ်သည်။ သူသည် ရောဂါကို အကြောင်းပြုကာ အရက်မသောက်ဘဲ နေရုံသာမက ပုတီးပါ စိပ်လျက် ရှိနေသည်ကိုတွေ့ရသည်။

၁၉၅၀ ပြည့်နှစ် တဝိုက် အသက်အရွယ် နှစ်ဆယ်ကျော်တွင် အရက်မသောက်သော ရေတပ်ဗိုလ်တဦး ဟူသည်မှာ လူကြောင်တဦးပင် ဖြစ်ရမည်ဟု ရေတပ်အရာရှိ အသိုင်းအဝိုင်းက သတ်မှတ်ထားကြသည်။ ထို့ပြင် အရက်မသောက်ရုံသာမက ပုတီးပါ စိပ်သေးသည်ဆိုလျှင် 'ကြောင်' နေပြီဟူသည်မှာ သေချာသော လက္ခဏာတရပ်ပင် ဖြစ်သည်။

ပင်လယ်ပြင်သို့ ထွက်ရန်အတွက် ရေယာဉ်ကို အသင့်ဖြစ်စေရန် ပြင်ဆင်ရသည့် တာဝန်ဟူသည်မှာ အရာရှိနှင့် ရဲဘော်အားလုံး မလားအလပ်အောင် ရှိနေတတ်သည်။ လောင်စာဆီ၊ ချောဆီ၊ စက်ဆီ မှအစ စားနပ်ရိက္ခာ လက်နက်ခဲယမ်းမီးကျောက်နှင့် လိုအပ်မည် ထင်ရသော အပိုပစ္စည်းမှန်သမျှကို သက်ဆိုင်ရာ ဌာနများမှ တောင်းခံထုတ်ယူရသည်။ တိုက်ရေယာဉ် ၁၀၃ သည် မြိတ်တွင် ရှိနေသော တိုက်ရေယာဉ် ၁၁၀ ကို တာဝန်လဲလှယ်ရန် သွားရမည် ဖြစ်သည်။ တိုက်ရေယာဉ် ၁၁၀ သည် မြိတ်ကျွန်းစုတွင် တာဝန်ထမ်းဆောင်နေသည်မှာ ကြာပြီဖြစ်သည်မို့ ရန်ကုန်ပြန်နိုင်စေရန်အတွက် သူ၏ တာဝန်များကို တိုက်ရေယာဉ် ၁၀၃ က ဆက်လက် ယူရမည်ဖြစ်သည်။ တိုက်ရေယာဉ် ၁၁၀ ၏ စစ်ရေယာဉ်မှူးမှာ ဗိုလ်ကြီး စောဂွမ်စိန် ဖြစ်သည်။ ၁၉၅၆ ခု နှိုဝင်ဘာလ၏ ပထမအပတ်တွင် ကျွန်တော့် သင်္ဘောသည် အဆင်သင့်ဖြစ်မှု အဆင့် 'က' ဟု သတင်းပို့လိုက် နိုင်ခဲ့တော့သည်၊ အဆင့် 'က'ဟူသည်မှာ ၂၄ နာရီအတွင်း ပင်လယ်ပြင်သို့ ထွက်ရန်အသင့်ရှိနေပြီ ဖြစ်ကြောင်း အစီရင်ခံခြင်းပင် ဖြစ်သည်။

ကျွန်တော်သည် နေ့စဉ်ပင် ရေဝတီ ရေတပ်စခန်းသို့ ဝင်ရောက်ကာ သင်္ဘောထွက်အမိန့်ကို စောင့်ဆိုင်းနေမိသည်။ စစ်ဆင်ရေးမှူးမှာ ဗိုလ်ကြီး စိန်ထွန်း ဖြစ်သည်။ တနေ့သော နံနက်တွင် ဗိုလ်ကြီး စိန်ထွန်းက…

“ဟေ့ ကိုဘသော်၊ ခင်ဗျား အပိုဆု ပေါက်တယ်” ဟု ဆီးကြိုပြောသည်။

'ဘာများလဲ ဗိုလ်ကြီး စိန်ထွန်း'

သည်လိုဗျာ၊ ခင်ဗျားရဲ့ သင်္ဘောက အသင့်ဖြစ်နေပြီ မဟုတ်လား၊ သင်္ဘောက ပင်လယ်ထွက်ဖို့ အမိန့် (Sailing Order) ကလဲ ခုထိစစ်ရုံးက မလာသေးဘူး၊ အဲဒီတော့ ခင်ဗျား သင်္ဘောအားနေတုန်း အသုံးချဖို့ အကြောင်းတခုက ပေါ်လာတယ်”

စစ်ဆင်ရေး ကိစ္စလား ဗိုလ်ကြီး'

'မဟုတ်ဘူးဗျ၊ စစ်ဆင်ရေး သင်္ဘော တစီး စက်ပျက်နေလို့တဲ့ သွားပြီး ဆွဲယူခဲ့ဖို့ပဲ”

"ဘယ်သွား ဆွဲရမှာလဲ ဗိုလ်ကြီး”

'ဝါးခယ်မကို'

'ဗျာ'

ကျွန်တော့် သင်္ဘောသည် ပင်လယ်ထွက်ရန်အတွက် အသင့်ပြင်ထားပြီး ဖြစ်သည်။ အသင့်ပြင်သည် ဆိုရာ၌ မြစ်ဝကျွန်းပေါ် စစ်ဆင်ရေးတွင် ပါဝင်ရသည့် စစ်ရေယာဉ်များတွင် တပ်ဆင် အသုံးပြုလေ့ ရှိသည့် သံမဏိပြား ကျည်ကာများကို ဖြုတ်ချထားပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ပင်လယ်ထွက်ရမည့်အစား ဝါးခယ်မဟု ကြားရသည့်အတွက် အံ့အားသင့်သွားမိသည်။

“ဖြစ်ပါ့ မလား ဗိုလ်ကြီး စိန်ထွန်း”

'ဖြစ်ပါ တယ်ဗျ၊ ဒီကောင်တွေ ကျုံပဒုတ်ချောင်း တလျှောက် တကောင်မှ မရှိတော့ဘဲဗျ၊ ရပါတယ်၊ ကျွန်တော် စစ်ရုံးမှာလဲ ခွင့်တောင်းပြီးပြီ၊ သုံး လေး ရက်ပဲ ကြာမယ်'

'ဘယ်သူ့ သင်္ဘော သွားဆွဲခဲ့ရမှာလဲ'

“ဘယ်သူ ရှိရမလဲ၊ ခင်ဗျား သူငယ်ချင်း ဗိုလ်ကြီး ကံညွှန့်ပေါ့ သူ့ တိုက်ရေယာဉ် ၁၄၇၈ က စက်ပျက်နေလို့ ဝါးခယ်မမှာ ကပ်ထားရတယ်၊ အဲဒါကို သွား ဆွဲခေါ်ခဲ့ရမှာပဲ။

ဗိုလ်ကြီး ကံညွှန့်ကို လူအနေဖြင့် ကျွန်တော် တွဲခဲ့ဖူးပါသည်။ ယခုသော် ကျွန်တော်၏ ပထမဆုံးတာဝန်မှာ လူတွင်သာ မဟုတ်။ သူ၏ သင်္ဘောကိုပါ တွဲယူရမည့် တွဲသင်္ဘော တာဝန် ဖြစ်ပါသည်။

“ကျွန်တော် ဘယ်တော့ ထွက်ရမလဲ ဗိုလ်ကြီး'

မနက်ဖြန် ထွက်ဗျာ၊ ဆေးလင်း အော်ဒါ ကို ဒီနေ့ပဲ ကျွန်တော် ထုတ်လိုက်မယ်၊ ဗိုလ်ကံတို့ကိုလဲ ခင်ဗျား သင်္ဘော လာတွဲမယ့်အကြောင်း က/န ပို့လိုက်မယ်၊ အဲ ... တခုတော့ မှာလိုက်မယ် ခင်ဗျား နဲ့ ဗိုလ်ကံ သင်္ဘောချင်းတွဲပြီး ကျုံပဒုတ်ချောင်းထဲမှာ ကမ်းပေါ်လဲ ထိုးတက်မသွားကြနဲ့ဦးနော်'

ကျွန်တော်က သူ့ ဆိုလိုရင်း အဓိပ္ပာယ်ကို သိ၍...

'စိတ်ချပါ ဗိုလ်ကြီး၊ ဘာမှမဖြစ်စေရပါဘူး' ဟု ပြောက အလေးပြု ထွက်လာခဲ့သည်။

တပ်မတော် (ရေတပ်) မှ အရာရှိ တော်တော်များများသည် ဗိုလ်ကံနှင့် တွဲလာပြီဆိုလျှင် တခုခုတော့ ဖြစ်တော့မည်ကို အမြဲစိုးရိမ်၍ ကြောက်လေ့ရှိကြသည်။ ကြောက်မည်ဆိုကလည်း ကြောက်စရာပါပေ။ ဗိုလ်ကံကို လူတွဲရသည်ထက် သင်္ဘောကိုပါ တွဲရသည်က ပိုခက်သေးတော့သည်။ သူ၏ အမျိုးမျိုး ဂျစ်တိုက်ခြင်းကို ခံရပြီးမှ ခဲခဲယဉ်းယဉ်းနှင့် ရန်ကုန်သို့ တွဲယူခဲ့ရသည်။ ကျွန်တော်၏ ပထမဆုံးသော တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီ ဖြစ်သည်။

ဆောင်းဦးအစ ဟေမန္တ၏ ငွေနှင်းမှုန်များသည် ထူထဲစွာ ကျနေသည်။ တိုက်ရေယာဉ် ၁၀၃ သည် ပင်လယ်ပြင် ထွက်ရန် အမိန့်ကို စောင့်နေသည်။ နိုဝင်ဘာလကုန်ခါနီးတွင် ကျွန်တော်တို့ မျှော်လင့်နေကြသည့် အမိန့်ကို ရရှိခဲ့တော့သည်။ သင်္ဘောထွက်ရမည့် နေ့မှာ နိုဝင်ဘာလ ၂၈ ရက်နေ့ဖြစ်သည်။ သွားရမည့် ခရီးမှာ မြိတ်မြို့သို့ သွား၍ တိုက်ရေယာဉ် ၁၁၀ ထံမှ တာဝန် လွှဲပြောင်း ယူရမည် ဖြစ်သည်။ ဆောင်ရွက်ရမည့် တာဝန်မှာ တခြား နိုင်ငံများမှ ဝင်ရောက်၍ တရားမဝင် မြန်မာ့ရေပြင်၌ ငါးဖမ်းနေသည့် ငါးခိုးသင်္ဘောများကို ရှာဖွေ ဖမ်းဆီးရန်နှင့် သောင်းကျန်းသူများကို နှိမ်နင်းရန် ဖြစ်သည်။

သင်္ဘောထွက်ခွာခွင့် အမိန့်နှင့်အတူ ညွှန်ကြားချက်တခုပါ ပူးတွဲပါ လာသည်။ ၎င်းမှာ တိုက်ရေယာဉ် ၁၁၀ က ဖမ်းဆီးထားရှိပြီး ဖြစ်သည့် ငါးခိုး ‘တန်ကေး” များကို ရန်ကုန်သို့ ယူဆောင်ရန်အတွက် သင်္ဘောသား ၉ ဦးကို မြိတ်မြို့သို့ ခေါ်ဆောင်သွားရန် ဖြစ်၏။ ကျွန်တော့် သင်္ဘော၏ အင်အားမှာ အရာရှိ ၃ ဦး၊ အခြားအဆင့် ၁၅ ဦး ပေါင်း ၁၈ ယောက် ဖြစ်သည်။ ယခု သင်္ဘောကြုံစီးမည့် ခရီးသည် သင်္ဘောသား ၉ ဦးနဲ့ဆိုသော် လူ စုစုပေါင်း ၂၇ ဦး ဖြစ်လာတော့သည်။

နိုဝင်ဘာလ ၂၅ ရက်နေ့တွင် အမိန့်ရရှိခဲ့သည်။ ခရီးကြုံလိုက်မည့် သင်္ဘောသား ၉ ဦးသည် နိုဝင်ဘာ ၂၆ ရက်နေ့တွင် သင်္ဘောပေါ် ရောက်ရှိလာကြကာ သတင်းပို့သည်။ နိုဝင်ဘာ ၂၇ ရက်နေ့သည် အမျိုးသား အောင်ပွဲနေ့ ဖြစ်ခြင်းကြောင့် ရုံးပိတ်ရက် ဖြစ်သည်။ နိုဝင်ဘာ ၂၈ ရက်နေ့သည် သင်္ဘောထွက်ရမည့်နေ့ ဖြစ်၏။

ပင်လယ်သွား ရေယာဉ် တစီးပေါ်တွင် အရေးကြုံခဲ့လျှင် အသုံးပြုရန်အတွက် အသက်ကယ် ပစ္စည်းများ ပါရှိရသည်။ အသက်ကယ်ပစ္စည်း ဟူသည်မှာ အသက်ကယ်အင်္ကျီ၊ ခါးပတ်ဘောကွင်း၊ ဖောင် တို့အစ အသက်ကယ်လှေ အထိ ပါဝင်ရသည်။ ထို အသက်ကယ် ပစ္စည်းများသည် လူအားလုံးအတွက် အလုံအလောက် ပါ ရှိစေရမည် ဟူသည်မှာ ချမှတ်ထားသော ‘မူ” ဖြစ်၏။ သို့သော် မည်သည့်သင်္ဘောမျှ ချမှတ်ထားသည့်မူအတိုင်း အတိအကျ လိုက်နာခြင်း မရှိကြပါ။ သို့သော် လိုက်နာသည် မလိုက်နာသည်မှာ ပဓာနမဟုတ်။ မူသည် မူသာဖြစ်သည်။ မလိုက်နာ၍ အကြောင်းတစုံတရာသာ ဖြစ်ခဲ့သော် 'မူ'က စကား ပြောလိမ့်မည်သာ ဖြစ်သည်။

သဘော်ာ မထွက်မီ ရက်သည် ရုံးပိတ် ၇ရက် ဖြစ်နေခြင်းသည်လည်း မှုနှင့်မဆိုင်။ သဘော်ာထွက်သည့် တနံနက်ခင်းလုံးတွင်လည်း အရာရှိများ ကိုယ့်လုပ်ငန်းတာဝန် ကိုယ်စီနှင့် အလုပ်ရှုပ်နေကြပါသည်ဟူသော ဖြေရှင်းချက်သည်လည်း လုံလောက်သော ဖြေရှင်းချက်မဟုတ်။ တရားဥပဒေ ဆိုသည်မှာ တိကျ၏။ လူသားသည် မတိကျ။ အားနည်းချက်၊ ချွက်ယွင်းချက်များ ကိုယ်စီ ရှိကြသည်။ သို့သော် တရားဥပဒေက လူသား၏ အားနည်းချက် သတိလစ်ဟင်းချက်ကို ခွင့်လွှတ်လိမ့်မည် မဟုတ်ပါပေ။ ဤသည်များမှာ နောင်တွင် တိုက်ရေယာဉ် ၁၀၃ နှစ်မြုပ်မှုနှင့် စပ်လျဉ်း၍ စစ်တရားခုံကို ရင်ဆိုင်ရသည်တွင်မှ ကျွန်တော် ရရှိလာသော အသိတရားများသာ ဖြစ်ပါသည်။ အပိုလူ ၉ ဦးအတွက် အသက်ကယ်ပစ္စည်း အပိုမယူဘဲ ပင်လယ်ပြင်သို့ ထွက်ခဲ့သည် ဆိုသည့် အချက်မှာမှု ငြင်းမရသော အမှန်တရား ဖြစ်ပါသည်။

၃။ ပင်လယ်ပြင်သို့ ထွက်ခဲ့ပြီ။

နိုဝင်ဘာလ၏ ရာသီဥတုသည် သာယာသည်။ သာမန်အားဖြင့် ပင်လယ်ပြင်တွင် လှိုင်းလေ မရှိနိုင်။ ရန်ကုန်မြစ်ဝမှ ထွက်၍ ထားဝယ်အလွန် မလိကျွန်းအထိသာ ပင်လယ်ပြင်ကို ဖြတ်ရန် ရှိသည်။ မလိကျွန်းရောက်လျှင် တနင်္သာရီ ကမ်းရိုးတန်းနှင့် ကျွန်းများ ကြားတွင်သာ မြိတ် ရောက်သည်အထိ ဆက်လက်ခုတ်မောင်းသွားရန် လိုသည်။ မလိကျွန်း ထိပ်တွင်လည်း တိုက်ရေယာဉ် ၁၁၀ က ကျွန်တော့်သင်္ဘောကို စောင့်ကြိုနေမည်ဖြစ်သည်။ သင်္ဘောမထွက်မီ နှစ်ရက် အလိုတွင် တိုက်ရေယာဉ် ၁၁၀ ၏ စစ်ရေယာဉ်မှူးထံမှ ဖြစ်နိုင်လျှင် သူ့ ဇနီးဖြစ်သူအား စစ်ရုံးတွင် ခွင့်တောင်း၍ တင်ဆောင်ခေါ်ယူ လာစေလိုကြောင်း ကြိုးမဲ့ကြေးနန်းဖြင့် အကြောင်းကြားသည်။ မူလ အနေအထားတွင် သင်္ဘောပေါ်တွင် အမျိုးသမီး တဦးကို တင်ဆောင် ခေါ်ယူရန် ဟူသည်မှာ မလွယ်ပါ။ လူအပို ကိုးယောက်ကို တင်ဆောင် ခေါ်သွားရမည်ဟု ညွှန်ကြားချက် ရရှိသည့်အခါ ဗိုလ်ကြီး ဂွမ်စိန်၏ ဇနီးကို တင်ဆောင်ရန် လုံးဝ မဖြစ်နိုင် တော့သည်ကြောင့် သူ့ကိစ္စကို ကျွန်တော် လုံးဝ ထည့်မစဉ်းစားတော့ပါ ။ ဗိုလ်ကြီး ဂွမ်စိန် ကံ ကောင်းသွားသည်လော၊ ကံ ဆိုးသွားသည်လော ကျွန်တော် အတပ်မပြောနိုင်ပါ။ စောစာစီးစီး မုဆိုးဖို ဖြစ်ရမည့်ကိန်းတော့ လွဲသွားပါ သည်။

နံနက်စာ ထမင်းစားချိန်အမီ သင်္ဘောပေါ် ကျွန်တော် ရောက်ခဲ့သည်။ သင်္ဘောမှာ ထွက်ခါနီးသည်ကြောင့် ပစ္စည်းများ တင်ချ လွယ်စေရန်အတွက် ဆိပ်ခံ ဖောတံတားတွင် ကပ်လျက်သား ချည်နှောင် ထား၏။ ဖောတံတားထိပ်မှ ကျွန်တော် ဆီးကြည့်လိုက်သည်တွင် တိုက်ရေယာဉ် ၁၀၃ သည် ပုဇွန်တောင် ချောင်းဝဘက်ဆီသို့ ဦးတည်လျက် လှိုင်းအထတွင် ရွရွကလေး ဦးဆတ်မော့သည်ကြောင့် တာလွတ်ရန် တာစူနေသော ပြိုင်မြင်း တကောင်အလား ပင်လယ်ထွက်ရန် စိတ်အားသန်နေပုံ ရသည်။

နံနက်စာကိုသင်္ဘောတွင် စားသောက်ကြသည်။ ဗိုလ်စောဦး၊ ဗိုလ်သန်းလွင်နှင့် ကျွန်တော်တို့ သုံးဦးသာ အတူစားကြ၏။ ထမင်းစားနေရင်း ဆိပ်ခံဖောပေါ်တွင် ရပ်နေသည့် ကိုယ်ဝန်အရင့်အမာနှင့် အမျိုးသမီး တဦးကို သတိပြုမိသည်။ အမျိုးသမီးသည် ထဘီအပြာကို ဝတ်ဆင်ထားသည်လည်း ဖြစ်ခြင်းကြောင့် ရေတပ်မှ အရပ်သူစာရေးမတဦး ဖြစ်ရမည်ဟု ကျွန်တော်သိသည်။

'အဲဒီ အမျိုးသမီးက ဘယ်သူလဲဗျ ဗိုလ်စောဦး”

ဗိုလ်စောဦးသည် စားသောက်ရာမှ သမင်လည်ပြန် လှည့်ကြည့်ရင်း

“ဪ … အဲဒါက တပ်သားစက်ငွမ်ရှိန်ရဲ့ ဇနီးပါ၊ သူက ရေတပ် စစ်လက်နက်တပ်မှာ လုပ်တယ်လေ၊ သူ့ယောကျ်ားကို လာနှုတ်ဆက်တာပါ”

အခွင့်သင့်သည်ကြောင့် ဇနီးသည်တဦးက သူ့လင်တော်မောင် ပင်လယ် ထွက်မည်ကို ဆိပ်ကမ်းတွင် လာရောက် နှုတ်ဆက်ခြင်း ဖြစ်သည်။ ကျွန်တော်သည် အိမ်တွင် ကျန်ရစ်ခဲ့သော ဇနီးနှင့် သားသမီးတို့ကို ဖျတ်ခနဲ သတိရမိသည်။ ထိုအချိန်၌ ကျွန်တော့်တွင် သားတယောက်၊ သမီးတယောက် ထွန်းကားပြီးခဲ့သည့်ပြင် ဇနီးသည်တွင် တတိယ သမီးကို ကိုယ်ဝန်ဆောင်လျက် ရှိနေပေပြီ၊ ဗိုလ်ကြီးစောဦး ၏ အိမ်ထောင်နှင့် မိသားစု အခြေအနေကိုမူ ကျွန်တော် သိပ်မသိ။ ဗိုလ်သန်းလွင်မှာမူ လူပျို အရာရှိငယ် တဦးသာ ဖြစ်သည်။

ထမင်းစားသောက်ပြီးသည့်နောက်တွင် ဗိုလ်စောဦးနှင့် ဗိုလ်သန်းလွင်တို့က သင်္ဘောကို လှည့်ပတ်စစ်ဆေး ကြည့်ရှုကြသည်။ သင်္ဘောသား အားလုံးကို တန်းစီစေ၍ တဦးစီ အမည်ခေါ်ကာ စစ်ဆေးသည်။ ထို့နောက် သင်္ဘောထွက်ရန် အသင့်ဖြစ်ကြောင်းကို ဗိုလ်စောဦးက ကျွန်တော့်ထံ သတင်း ပို့သည်။ ကျွန်တော်က သူ့အား လူ တန်းဖြုတ်ခွင့် ပေးပြီး သင်္ဘောဆိပ်ကမ်းမှ ခွာရန်အတွက် အသင့်ပြင်ဆင်ရန် အမိန့်ပေးလိုက်၏။ စက်ခန်းရဲဘော် အသီးသီး၊ ကုန်းပတ် ရဲဘော်အသီးသီးတို့သည် မိမိတို့၏ အလုပ်တာဝန်ကိုယ်စီ ရှိရာတွင် ဝင်ကြသည်။ ရေယာဉ် စက်မကြီး များသည် အသက်ဝင်နိုးကြားလာသည်။ ခေါင်းတိုင်မှ ဖြူဖွေးသော မီးခိုးများသည် တလူလူ လွင့်လျက် ရှိသည်။ သင်္ဘော၏ ဦးကြိုး ပဲ့ကြိုး၊ ခါးကြိုးများကို ဖြုတ်ပြီးသည်နှင့် တပြိုင်နက် သင်္ဘောသည် ရေတပ်ဆိပ်ခံဇေတံတားမှ စွာခဲ့တော့သည်။ ၁၉၅၆ ခု၊ နိုဝင်ဘာ၂၈ ရက်နေ့ ၁၃၁၅ နာရီ ဖြစ်သည်။

ဆိပ်ကမ်းမှ ခွာသည်နှင့် ဆိပ်ကမ်းမှ ခွာကြောင်းကို ကြိုးမဲ့ကြေးနန်းဖြင့် အစီရင်ခံရန် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး တပ်သားအား က/န ရေးပေးလိုက်သည်။ ဆက်သွယ်ရေး တပ်သား၏ အမည်မှာ ခင်မောင်လတ် ဖြစ်သည်။ ကျွန်တော်က သူ့အား…

'ဟေ့ … ခင်မောင်လတ်၊ မင်း သင်္ဘောမထွက်မီက ရာသီဥတု ခန့်မှန်းချက် သတင်း တောင်းခဲ့သေးသလား' ဟု မေးလိုက်သည်။

“ကျွန်တော် သွားတောင်းတယ် စီအို၊ မလာသေးဘူးလို့ ပြောတယ်၊ ခဏနေမှ ကျွန်တော် ထပ်တောင်းကြည့်မယ်၊ ဒါမှမဟုတ် ညနေ အသံလွှင့်ချိန်မှာ ဖမ်းပေးပါမယ်”

“အေး … ကောင်းပြီ၊ ရရင် ငါ့လာပြော၊ ဘာမှတော့ သိပ်ထူးမှာ မဟုတ်ပါဘူး”

ကျွန်တော်သည် သူ့ကို ပြောဆဲ ကိုယ့်ဘာသာ ကိုယ်ပြောရင်း မှတ်ချက်ပေးပါသည်၊ နိုဝင်ဘာ၏ ရာသီဥတု ဆိုသည်မှာ ပင်လယ်ပြင်တွင် ထူးခြားချက် မရှိ။ လှိုင်းလေငြိမ်သက်မြဲဟု သိရှိနေကျ ဖြစ်သည်။

ကျွန်တော်သည် ပဲစင်ထက်တွင် အတန်ကြာ နေပြီးမှ ဗိုလ်စောဦးကို လွှဲထားခဲ့ကာ အဝတ်အစား လဲလှယ် ၇န် အောက်ထပ် အရာရှိရိပ်သာ အခန်းတွင်းသို့ ဆင်းလာခဲ့သည်။ အရာရှိ ရိပ်သာအခန်းမှာ ပဲစင်အောက် တည့်တည့်တွင် ရှိ၍ ကျဉ်းမြောင်းသော အခန်းငယ်ကလေး ဖြစ်သည်။ အိပ်စင် နှစ်စင်ရှိသော်လည်း သာမန်အားဖြင့် ရာသီဥတု ကောင်းလျှင် ကျွန်တော်တို့ မအိပ်ကြ။ ပူအိုက် ပိတ်လှောင် နေသောကြောင့် ပဲ့စင်၏ နောက်ဘက် ကုန်းပတ်ပေါ်တွင်သာ ခေါက်၍ရသော အိပ်စင်ဖြင့် အိပ်လေ့ ရှိကြသည်။ အရာရှိ ရိပ်သာ အခန်းမှာ ကျပ်ရသည့်အထဲ ရေခဲသေတ္တာကြီး တလုံးကလည်း ရှိသေးသည်။ ရိပ်သာခန်းတွင် မီးခံသေတ္တာငယ် တလုံးရှိသည်။ အရေးကြီးသော စာရွက်စာတမ်းများနှင့် တပ်ဆောင်ငွေကို သိမ်းဆည်းရာ ဖြစ်သည်။ အရာရှိများ အတွက် ထုတ်ပေးထားသော ဒသမ ၄၅ ခြောက်လုံးပြူး နှစ်လက်သည်လည်း မီးခံသေတ္တာ တွင်း၌ပင် ရှိသည်။ အရာရှိရိပ်သာနှင့် မီးဖိုစားသောက်ဆောင် တို့ကို တံခါးတချပ်ဖြင့် ပိတ်ကာထားသည်။ ရှေ့ဦးပိုင်းအခန်းတွင် ရဲဘော်များ အိပ်ကြသည့် အိပ်ခန်းနှင့် အိမ်သာခန်းတို့ ရှိသည်။ အရာရှိရိပ်သာခန်းတွင်းဝယ် အိမ်သာငယ်တလုံး သီးသန့် ရှိသည်။ ရေချိုးခန်း ဟူ၍တော့ မရှိ။ ရေချိုးလျှင် အရာရှိနှင့် ရဲဘော် အားလုံး ကုန်းပတ်နောက်ပိုင်းတွင်သာ ချိုးကြသည်။ အရာရှိရိပ်သာ၏ နောက်ဘက် ပဲ့ပိုင်းသည် စက်ခန်းမကြီး ဖြစ်၏။ စက်ခန်းနောက်ဘက်တွင် ပစ္စည်း သိုလှောင်ခန်းသာ ရှိတော့သည်။ သင်္ဘောမှာ သေးငယ်လှသည်။ နေရထိုင်ရ ကျပ်တည်း ပွတ်သိပ်လှသည်။ ကျဉ်းမြောင်းလှသည်။ အရာရှိနှင့် ရဲဘော်များမှာ မလွှဲမရှောင်သာ ဒူးတိုက် ပေါင်တိုက် နေရသည်။ သို့သော်လည်း ဤမျှ သေးငယ် ကျဉ်းမြောင်းသော တိုက်ရေယာဉ်များ ပေါ်တွင်ပင် အရာရှိနှင့် ရဲဘော် များသည် ဘေးအန္တရာယ်အမျိုးစုံ၊ ဒုက္ခမျိုးစုံကို ပျော်ပျော်ကြီး ခံယူရင်း တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြသည်။ ရေယာဉ်လေး မည်မျှပင် သေးငယ်စေကာမူ ပင်လယ်ကူးရန် ရဲရဲဝံ့ဝံ့ ထွက်ခဲ့ကြတော့သည်။

အောက်ထပ် ကုန်းပတ်တွင် အဝတ်အစား လဲလှယ်ပြီး အထက် ကုန်းပတ်သို့ ကျွန်တော် ပြန်တက်လာခဲ့သည်။ အဝတ်အစား လဲသည်ဆိုရာတွင် ခြေအိတ်၊ ဖိနပ် များကို ချွတ်ပြီးနောက် ခြေညှပ်ဖိနပ် လဲလှယ်စီးခြင်း၊ အအေးဒဏ် ကာကွယ်ရန် အလို့ငှာ အပေါ်မှ အနွေးထည် ဂျာကင်အနက် (Battle Blouse) ထပ် ဝတ်ခြင်းသာ ဖြစ်ပါသည်။ ကိုယ်အောက်ပိုင်းတွင် ဘောင်းဘီတို အဖြူကိုသာလျှင် ဝတ်ဆင်ထားပါသည်။

ဗိုလ်စောဦးနှင့် ဗိုလ်သန်းလွင် တို့ကို အဝတ်အစား လဲလိုလျှင် လဲကြရန် ပြောလိုက်ပြီး ပွဲစင်တွင် ကျွန်တော်က တာဝန်ယူလိုက်သည်။ သင်္ဘောသည် သီလဝါကို ကျော်ဖြတ်ခဲ့ပြီ ဖြစ်သည်။ ဗိုလ်စောဦးတို့ အောက်ဘက်သို့ ဆင်းသွားကြသည်။ ကျွန်တော်က မှန်ပြောင်းကို လည်တွင် ချိတ်ကာ ရှေ့တွင်ရှိသည့် ရေကြောင်းပြ ဗော်ယာကို မျှော်ကြည့်မိသည်။ သင်္ဘောကုန်းပတ် ရှေ့ပိုင်း အမြောက်ကြီးတွင် ရဲဘော် တစုထိုင်နေကြသည်။ သူတို့၏ ဦးခေါင်းပိုင်းကို ပွဲစင်ထက်မှ မြင်နိုင်သည်။ အမြောက်ကြီး နှစ်လက်စလုံး၏ အောက်ခြေခုံက 'ပ' သဏ္ဍာန်ရှိသံမဏိပြားဖြင့် ဝိုင်းကာ ထားသည်။ အမြောက်ပစ်လျှင် လွင့်စင် ထွက်မြဲဖြစ်သော ယမ်းတောင့်ခွံများကို ထိန်းသိမ်းထားရန်နှင့် လှိုင်းလေကြီးလျှင် လူးလိမ့်ကျမသွားစေရန် အတွက် အတားအဆီး တခု အနေဖြင့် တပ်ဆင်ထားခြင်းဖြစ်၏။ အမြောက် ရှေ့ပိုင်းတွင် ရဲဘော်များ ရိပ်သာသို့ ဆင်းသည့် အံဖုံး တံခါးနှင့် လှေကားရှိသည်။ ထိုရှေ့တွင်မူ ကျောက်ဆူးသာလျှင် ရှိတော့သည်။

သင်္ဘောဦးအလံတိုင်သည် ရေကြောင်းပြ ဗော်ယာတခုကို တည့်မတ်စွာ ချိန်ထားပြီး တက်မကိုင်က ရေယာဉ်လမ်းကြောင်းကို ထိန်းကိုင်ထား၏။ စင်ရော်ငှက် တအုပ်သည် သင်္ဘော၏ ဂယက်တွင် ပေါ်လာသည့်ငါးများကို ထိုးသုတ်စားရန်အတွက် သင်္ဘောနောက်မှ ထပ်ကြပ်မကွာ လိုက်ပါ ပျံဝဲလာကြသည်။ ထိုစဉ်တွင် ကျွန်တော့် နားတွင်း၌ ဂီတာသံနှင့် တေးဆိုသံ တခု ဝင်လာသည်။

'There's a river called the river of on return'

ပြန်လမ်းမရှိသော မြစ် ဟူသည့် အင်္ဂလိပ် သီချင်းပင် ဖြစ်သည်။ ထိုအချိန်က သီချင်းမှာ ပေါ်ခါစ ဖြစ်သည်။ River of no Return ဇာတ်ကားတွင် မင်းသမီးချော မာရီလင်မွန်ရိုး သီဆိုထားခြင်းကြောင့် နာမည်ကြီး သီချင်းအဖြစ် ရေပန်းစားနေချိန်ဖြစ်၏။ ယခု သင်္ဘောဦးအမြောက်စင်ဝိုင်း အတွင်းမှနေလျက် ဂီတာတီးကာ ဆိုနေသူမှာ ကြိုးမဲ့ကြေးနန်းဆက်သွယ်ရေး တပ်သား ခင်မောင်လတ် ဖြစ်သည်။

"ဟေ့ကောင် ခင်မောင်လတ် နိမိတ်မရှိ နမာမရှိနဲ့ ဘာသီချင်းတွေ ဆိုနေတာလဲကွ"

ဟု ကျွန်တော်က ပွဲစင်ထက်မှနေ အော်ဟစ်လိုက်ရာ သီချင်းဆို တိတ်သွားတော့သည်။ သူသည် လူငယ်ကလေး ကပြားလေး တဦးဖြစ်သည်။ လူငယ်ကြိုက် သီချင်းကို သူ့ဘာသာ အပျင်းပြေ ဆိုခြင်းသာ ဖြစ်၏။ ကျွန်တော်ကလည်း အတိတ်နိမိတ်ကို စွဲလမ်းစွာ ယုံတတ်သူ တဦးမဟုတ်ပါ။ သို့သော် ဤ သီချင်းစာသားနှင့် ဤချိန်ခါသည် ပနံမရ၊ အထာမကျ ဟူ၍ စိတ်က အလိုလို ထင်မိခြင်းကြောင့် သူ့အား ကြိမ်းမောင်းလိုက်ခြင်းသာ ဖြစ်သည်။

ထိုအချိန်တွင် ဗိုလ်စောဦးလည်း ပွဲစင်ထက် ပြန်ရောက်လာပြီ ဖြစ်ခြင်းကြောင့် ကျွန်တော် အမှတ်မထင် ဒေါသဖြစ်သွားသည်ကို သူက သတိပြုမိသည်။ ကျွန်တော်က ...

'ဘာလဲမသိဘူးဗျာ၊ ဒီပြင် ဆိုစရာ သီချင်းတွေ ရှိရဲ့သားနဲ့ ဒီလိုအချိန်မျိုးမှာ ဒီသီချင်းမှ ရွေးဆိုရတယ်လို့" ဟု ဒေါသဖြစ်ခြင်းကို အရှက်ပြေကာကွယ် ပြောမိ၏။ ဗိုလ်စောဦးကမူ ပြုံး၍သာလျှင် နေသည်။ သူက

"ကဲ ... စီအို အနားယူပါဦး၊ ချိုင်းနားဘေကာ ရောက်ရင် ကျွန်တော် ပြောပါမယ်"ဟု ဆိုသည်။

ကျွန်တော်သည် ပွဲစင်ထက်မှဆင်းခဲ့ပြီး အထက်ကုန်းပတ်အလယ်ရှိ တခုတည်းသော ပွဲ့အိမ်အတွင်းသို့ ဝင်ခဲ့သည်။ ပွဲ့အိမ်တွင်းတွင် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး စက်နှင့် ရေကြောင်းသုံး မြေပုံ (Chart) များထား၍ ရေကြောင်း ရေးဆွဲထားသော စားပွဲငယ် တခုရှိသည်။ ထို ပွဲ့အိမ်ငယ်မှာ မိုးလေ လုံခြုံရာ နေရာဖြစ်သည်။ ပွဲ့အိမ်တွင်း၌ တက်မကိုင် ဘီးနှင့် သံလိုက်အိမ်မြှောင် တခုရှိသော်လည်း ကျွန်တော်တို့က အသုံးမပြုကြ။ ပွဲ့စင်ထက်မှ တက်မကိုင်ဘီးနှင့် သံလိုက်အိမ်မြှောင်ကိုသာ သုံးကြသည်။

ကျွန်တော်သည် လိုအပ်သော မြေပုံကို ရွေးထုတ်ယူပြီး သွားရမည့် ခရီး၏ ဦးတည်လမ်းကြောင်းကို ရေးဆွဲတွက်ချက်နေမိသည်။ ကျွန်တော် သွားလိုသည်မှာ ထားဝယ်စွန်း ရုပ်မော်အလွန်မှ မလိကျွန်းဆီသို့ ဖြစ်သည်။ သို့သော် လမ်းခရီးတွင် Moscos Islands ခေါ် လောင်းလုံ ဘုတ်ကျွန်းစုတစုကို ညအခါတွင် ဖြတ် ရမည်။ သို့ကြောင့် ကျွန်တော်က ညခရီးစဉ် စိတ်ချစေရန် အတွက် ကမ်းခြေရှိ ကျွန်းစုများနှင့် ဝေးနိုင်သမျှ ဝေးကွာစေရန် ချိုင်းနားဘေကာမီးပြမှ ဦးတည်ရေကြောင်း ၁၃၅ ဒီဂရီတွင် ပုံမှန်ရေကြောင်းထား ရေးဆွဲလိုက်သည်။ သို့ ရေးဆွဲနေစဉ် ကျွန်တော့် မျက်စိတွင် သင်္ဘော၏ ယာဘက် ဦးဆီ၌ မီးပြဗောတခုကို မြင်မိသလို ရှိ၏။ ဖယားဝေး (လမ်းသာယာ) မီးပြဗောပင် ဖြစ်၏။ ဤတွင် တစုံတရာကို သတိရကာ ပွဲ့စင်ထက်သို့ ပြန်တက်ခဲ့သည်။

'ဗိုလ်စောဦး လော့(ဂ)လိုင်း (Log Line) ချဖို့ ပြင်ဗျာ'

"ခုပဲ ချတော့မယ်လား စီအို၊ ချိုင်းနားဘေကာ မီးပြသင်္ဘောကျမှ ချမလားလို့"

(Log Line) ဆိုသည်မှာ ရေမိုင်နှုန်း တိုင်းထွာသော ကိရိယာ ဖြစ်သည်။ သင်္ဘော၏ စက်အရှိန်က ခုတ်မောင်းပေးသည့် မိုင်နှုန်းသည် ရေတွင် တကယ်ပေါက်သော မိုင်နှုန်းနှင့် ကိုက်ညီလေ့ မရှိပါ။ သင်္ဘောစက် ပန်ကာလည်ပတ်မှုက ရေမိုင် ၁၀ မိုင်နှုန်း ပေါက်သည်ဟု တွက်ဆထားသော်လည်း လှိုင်းလေ အခြေအနေပေါ်တွင်

တကယ်ပေါက်သော မိုင်နှုန်းက တည်နေသည်။

ရေနှင့်လေက သင်္ဘောနောက်မှ တွန်းပို့နေလျှင် ၁၀ မိုင်မက ခရီးပေါက်သည်။ ရေနှင့်လေက ဦးဘက်ဆီမှ တိုက်၍ ဆန့်ကျင်နေပါလျှင် သင်္ဘောစက်က ၁၀ မိုင်ဆိုသော်လည်း ၈ မိုင် ၉ မိုင်မျှသာ ခရီးပေါက်လေ့ရှိသည်။ ထို့ကြောင့် ရေမိုင်နှုန်းကို တွက်ယူရာ၌ သင်္ဘောစက်မကြီးပန်ကာလည်ပတ်မှုကို အားကိုးသည်ထက် ရေမိုင်တိုင် ကိရိယာကို အားကိုးသည်က ပိုမို မှန်ကန်သည်။ ကျွန်တော့်အား လွှဲပြောင်းပေးသည့် ဗိုလ်ကြီး ဝင်းသိမ်းမောင်က သင်္ဘောရှိ ရေမိုင်တိုင်း ကိရိယာသည် မမှန်။ တခါတရံ ကပ်နေသည်ဟု ပြောကြားခဲ့သည့်အတွက် ရေမိုင်တိုင်းကိရိယာကို စမ်းသပ်ရန် အမိန့်ပေးလိုက်ခြင်း ဖြစ်သည်။ စက်အရှိန်ကိုလည်း လေ့(ဂ)လိုင်း ချရန် လျှော့လိုက်သည်။

ဗိုလ်ကြီးစောဦးသည် သင်္ဘောပဲ့ပိုင်းသို့ သွားပြီး လေ့(ဂ)လိုင်း ချခြင်းကို ကြီးကြပ်နေသည်။ သူက ချပြီးကြောင်း သတင်းပို့သည်နှင့် တပြိုင်နက် ကျွန်တော်က စက်အရှိန်ကို ခုတ်မောင်းမြဲ နှုန်းအထိ ရောက်အောင်တင်လိုက်သည်၊ စက်အရှိန် တင်၍ ငါးမိနစ်မျှပင် မကြာသေးချေ။ လေ့(ဂ)လိုင်း ပြတ်သွားပြီဖြစ်ကြောင်း ကျွန်တော့်အား သတင်းပို့လာသည်။ လေ့(ဂ)လိုင်း ပြတ်သည်မှာ အရေးကြီးတန်သလောက် မကြီးသော်လည်း စာရေး၍ အစီရင်ခံရဦးမည့် ကိစ္စတခုဖြစ်သည်။ နိုင်ငံတော်၏ ပစ္စည်းတခု ရေတွင်ကျ၍ ဆုံးရှုံးခြင်း မဟုတ်ပါလော။

လောလောဆယ်တွင်မူ ကျွန်တော်က က/န ဖြင့် အစီရင်ခံရပေမည်။ လေ့(ဂ) လိုင်းချရာတွင် ပြတ်သွားကြောင်း က/န ဖြင့် ကြိုတင်အစီရင်ခံရန် အတွက် စောစောက ဂီတာတီးနေသည့် တပ်သား ခင်မောင်လတ်အား အခေါ်ခိုင်းလိုက်ရာ မျက်စိမျက်နှာပျက်လျက် ရောက်လာသည်။

“မင်းက ဘာဖြစ်နေတာတုံး ခင်မောင်လတ်'

"ကျွန်တော် လှိုင်းနည်းနည်းမူးလို့ပါ စီအို၊ ဘာမှ မဖြစ်ပါဘူး”ဟု ဆိုသည်။

“ဘာကွ လှိုင်းမူးတယ် ဟုတ်လား ဒါ ပင်လယ်မှ မရောက်သေးတာ၊ ရန်ကုန်မြစ်ဝပဲ ရှိသေးတယ်၊ မင်းက ဘာကြောင့် လှိုင်းမူးနေရတာလဲ၊ နောက်ပြီး ဘယ်မှာလဲလှိုင်း ရော့ ဒီ က/န ကို အခုပို့လိုက်'ဟု ဆိုကာ က/န ကိုသူ့အား ပေးလိုက်သည်။သူသည် ဒယီးဒယိုင်ဖြင့် ရေဒီယိုဆက်သွယ်ရေးစက် ရှိရာသို့ ထွက်သွားသည်။

ကျွန်တော်သည် ဇာတိအားဖြင့် အထက် အညာသား၊ တိကျစွာ ပြောရလျှင် ရွှေဘိုသား ဖြစ်သည်။ ရွှေဘိုမြို့ ဆိုသည်မှာ ချောင်းနား၊ မြစ်နား မနီးသည့် ကုန်းခေါင်ခေါင် မြို့၊ လှေ သမ္ဗာန် သင်္ဘောဆိုသည်ကို ငယ်စဉ်က မမြင်ဖူးခဲ့။ လှိုင်း

ဆိုသည်မှာလည်း မတွေ့ဖူးခဲ့။ ကျွန်တော်ရေတပ်ဝင်စက လှိုင်းနှင့် လှိုင်းမူးခြင်း ဝေဒနာကို ဝါရင့်ရေတပ်သားကြီးများ ပြောသံ ကြားရသည်နှင့်ပင် ကြောက်ခဲ့ရသည်။ နောင် ကိုယ်တိုင် ပထမဆုံး ပင်လယ်ထွက်ရသည့်အခါလည်း စိုးရိမ်စိတ်ကြီးစွာနှင့် ထွက်၍သာ လာခဲ့ရသည်။ ပင်လယ်ပြင်ရောက်သည်တွင် ကျွန်တော့်ထက် ဝါရင့်သော သင်္ဘောသားများ တယောက်ပြီးတယောက် လဲကျလျက် လှိုင်းမူးခြင်း၊ အော့အန်ခြင်း ဝေဒနာ ခံစားနေရသည်ကို မြင်ရသည့်အခါတွင်လည်း ပို၍ ကြောက်နေခဲ့သည်။ 'ငါ ဘယ်တော့မူးမလဲ၊ ဘယ်တော့ အန်မလဲ' ဟူသော စိုးရိမ်စိတ်နှင့် ရခိုင်ပြည် စစ်တွေမြို့ ရောက်သည်အထိ လှိုင်းမမူးတော့မှ “ အင်း ... ငါ လှိုင်းမမူးတတ်ပါလား ' ဟု မိမိကိုယ်ကို သိရတော့၏။ ရေယာဉ် တစင်းပေါ်တွင် လုံး၀ လှိုင်းမမူးတတ်သူ အနည်းအကျဉ်းတော့ ပါစမြဲဖြစ်သည်။ အချို့မှာ ခဏသာလျှင် လှိုင်းမူးလျက် ရက် အနည်းငယ်အတွင်း မမူးတော့ဘဲ အကျင့်ရသွားသည်။ အချို့မှာ ပင်လယ်ထွက်တိုင်း လှိုင်းမူးသည်ချည်းသာ ဖြစ်၏။ လှိုင်း မရှိပါဘဲလျက် ရေပြာကို မြင်ကာမျှနှင့် မူးသူလည်း ရှိသေးသည်။ ခင်မောင်လတ်လို လူစားမျိုးကမူ နောက်ကျိသော ရေဝါတွင်ပင် လှိုင်း မူးနေပေပြီ။

"ချိုင်းနားဘေကာ ရောက်ပြီ စီအို”

ဗိုလ်စောဦးက သတင်းပို့ချိန်မှာ ညနေ ၁၇၃၀ နာရီခန့်တွင် ဖြစ်၏။

ဦးတည်ရေကြောင်း ၁၅၃ ဒီဂရီ မောင်းဗျာ၊ စက်မကြီးကိုလဲ ရီဗော်လူးရှင်း (တမနစ်လျှင် ပန်ကာလည်ပတ်နှုန်း) ၁၃၀၀ မှာထား၊ မိုင်နှုန်းကိုတော့ ၉ မိုင်နှုန်းထားတွက်ဗျာ၊ ချာတ် (Chart - ရေကြောင်းသုံး မြေပုံ) အိတ်သရီး ဇီးရိုးပေါ်မှာ ကျွန်တော် ကိုး(စ) (Course - ဦးတည်ရေကြောင်း) ဆွဲထားခဲ့ပြီးပြီ'

'ဟုတ်ကဲ့ စီအို'

ကိုး(စ)ပေါ် ရောက်ရင် ထမင်းစားကြစို့ဗျာ၊ ဘရစ်ဂျ်ပေါ် (Bridge - ပဲ့စင်) မှာ ဗိုလ်သန်းလွင် ထားခဲ့၊ ခင်ဗျား နဲ့ ကျွန်တော် အတူစားနှင့်ကြမယ်'

ကျွန်တော်နှင့် ဗိုလ်စောဦးတို့ ညစာ စားကြသည်။ ထမင်းစားသည့်နေရာမှာ ကုန်းပတ်ထက် ပဲ့စင်၏နောက်ဘက်တွင် ရှိသည့် စားပွဲတွင် ဖြစ်၏။ စားပွဲဘေးတွင် ကုလားထိုင်နှစ်လုံး ချသာရုံမျှသာ နေရာရှိ၏။ ဘေးတဖက်တချက်တွင် ခေါက်၍ရသော အိပ်စင် နှစ်စင် ရှိသည်။ ထိုအိပ်စင်တွင်ပင် ကျွန်တော်တို့ အိပ်ကြရသည်။ အရာရှိတဦးမှာ အစဉ် ပဲ့စင်ထက်တွင် ရှိနေရသောကြောင့် ထိုအရာရှိတာဝန်ပြီးဆုံးလျှင် ဆင်းလာလျက် နောက်တာဝန်ကျ အရာရှိကို နိုးကာ သူ့ အိပ်ရာတွင် ဝင်အိပ်ကြရသည်။ သင်္ဘောမှာသေး၍ ကျဉ်းမြောင်းလှသည့်အတွက် ကျွန်တော်တို့ သုံးဦးမှာ ပင်လယ် ခရီးတလျှောက် ဤ နေရာတွင်ပင် အိပ်၊ ဤ

နေရာတွင်ပင် စားကာ၊ ဤ နေရာတွင်ပင် အလုပ်လုပ်ကြရသည်။ ဖြစ်သလို နေထိုင်စားသောက်ကြရ၏။

ထမင်း စားပြီးသောအခါ ဗိုလ်သန်းလွင် ခေတ္တဆင်းလာကာ ထမင်းစားသည်။ သူ့ ကိုယ်စား ဗိုလ်စောဦးက ပွဲစင် တာဝန်ယူသည်။ ဗိုလ်သန်းလွင် စားသောက်ပြီးသည့်နောက်တွင် သူ အိပ်ချင်လျှင် ဝဲဘက် အိပ်စင်တွင် အိပ်ရန် ကျွန်တော်က ပြောသည်။ ညအခါ ပင်လယ်ခရီးတွင် နိုးနိုးကြားကြား ရှိနေစေရန်အတွက် စောစောက အိပ်ရေးဝအောင် အိပ်ထားကြရပေသည်။ ည ၈ နာရီမှ ၁၂ နာရီအထိ ဗိုလ်စောဦးက တာဝန်ယူရမည် ဖြစ်သည်။ ၁၂ နာရီမှ နံနက် ၄ နာရီ အထိ ဗိုလ်သန်းလွင်က တာဝန်ယူရမည်ဖြစ်သည်။ ကျွန်တော့် တာဝန်မှာ နံနက် ၄ နာရီမှ နောက်တနေ့နံနက် ၈ နာရီအထိ ဖြစ်သည်။ ဗိုလ်သန်းလွင်က မအိပ်ချင်သေး၍ ကျွန်တော်နှင့် အတူ ထိုင်စကားပြောနေကြသည်။ သူ ဘိလပ်တွင် ရှိစဉ်က အင်္ဂလိပ် ရေတပ်သင်တန်းတွင် တက်ခဲ့ရာ သူ သင်တန်းတက်သည့် သင်္ဘောမှာ လေယာဉ်ပျံတင် သင်္ဘောကြီး ဖြစ်သည်။ သူ သင်တန်းတက်ခဲ့သည့် သင်္ဘောနှင့် ယခုလက်တွေ့ တာဝန်ထမ်းဆောင်ရသည့် သင်္ဘောမှာ ဆင်နှင့် ယုန်ငယ်ပမာ မနှိုင်းယှဉ်သာလောက်အောင် ကွာခြားလွန်းလှသည်။

စကားပြောနေစဉ် ကြိုးမဲ့ကြေးနန်း သတင်းပို့ရန် အချိန် ကျရောက်လာသည်ကြောင့် ကျွန်တော်က သတင်းကို ရေးသည်။ ရေတပ် ပင်လယ်သွား သင်္ဘောများသည် နံနက် ၈ နာရီနှင့် ည ၈ နာရီတွင် အချိန်မှန် သတင်းပို့ရသည်။ သတင်းတွင် မိမိရောက်ရှိနေသည့် တည်နေရာ၏ လက်တီကျူ၊ လောင်ဂျီကျူ၊ သင်္ဘော ဦးတည် ခုတ်မောင်းရာ အရပ်၏ ဒီဂရီ၊ ရေယာဉ်မိုင်နှုန်း၊ ရာသီဥတု အခြေအနေ စသည်တို့ကို ဖော်ပြရသည်။ ကျွန်တော်က သတင်းရေးပြီးနောက် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး တပ်သားအား အခေါ် ခိုင်းလိုက်သည်။ သူ တော်တော်နှင့် ရောက်မလာ။ ရောက်လာသည့်အခါတွင်လည်း သူသည် လုံးဝ ဣန္ဒြေ မဆည်နိုင်လောက်အောင် လှိုင်းမူးနေပြီ ဖြစ်သည်။

“ရော့ ခင်မောင်လတ်၊ ဒီ က/န ကို ရန်ကုန် ပို့လိုက်'

'ဟုတ်ကဲ့ စီအို'

သူက ဒယီးဒယိုင်နှင့် က/န ကို လှမ်းယူသည်။

'ဒါ ထက် စောစောက လော့(ဂ)လိုင်း ပြတ်သွားတဲ့ သတင်းကော ပို့ပြီးပြီလား'

'မပို့ ... မပို့ ရသေးဘူး စီအို'

‘ဘာပြုလို့’

ရန်ကုန် စတေးရှင်းက ခေါ်လို့မရသေးဘူး စီအို၊ အလုပ်ရှုပ်နေတယ်”

"ဟ . မင်းဟာ ကြာလှချည်လားကွ၊ ရှေ့ ဟောဒီက က/န ကိုပါ တပါတည်း ပို့လိုက်၊ ဘာလဲ မင်းက အလုပ် မလုပ်နိုင်အောင် လှိုင်းမူးနေပြီလား၊ အခုမှ ပင်လယ် ရောက်ခါစ ရှိသေးတယ်”

“မမူးပါ ဘူး စီအို”

သူက ဟန် မနည်းလုပ်ကာ ပြောသည်။

“မမူးပါဘူးသာ ဆိုတယ်၊ မင်း ကြည့်ရတာ မသာရုပ် ပေါက်နေတော့တာပဲ၊ အဲဒီ က/န နှစ်စောင်လုံး (Pass) ဖြစ်အောင်လုပ်၊ (Pass) မဖြစ်ရင် မင်း မအိပ်နဲ့ ဟုတ်ကဲ့လား”

'ကောင်းပါပြီ စီအို၊ ကျွန်တော် သေသေချာချာ စောင့်ပြီး ပို့ပါ့မယ်”

ခင်မောင်လတ်သည် သတင်း စာရွက်ကို ယူကာ အလေးပြုပြီး ကြိုးမဲ့ကြေးနန်းခန်းဆီသို့ ထွက်သွားသည်။ ကျွန်တော်က မကျေမနပ်နှင့် သူ လှည့်ထွက်သွားရာ အတန်ကြာ ကြည့်နေပြီးမှ တော်တော်ခက်တဲ့ ကောင်ပဲ လှိုင်းကလေးကဖြင့် မဖြစ်စလောက်နဲ့ ဒါကို မူးရတယ် ရှိသေးတယ်”ဟု ဗိုလ်သန်းလွင်ကို ပြောလိုက်သည်။ ဗိုလ်သန်းလွင်ကမူ သူ အမှု ထမ်းဖူးသည့် လေယာဉ်တင် သင်္ဘောကြီးကို သတိရအောက်မေ့နေမည်လား မပြောတတ်ပေ။

'ကဲ… ကဲ၊ ဗိုလ်သန်းလွင် လဲ အိပ်၊ ခင်ဗျားက ၁၂ နာရီမှာ ထရဦးမှာ' ဗိုလ်သန်းလွင် သူ့ နောက်ဘက်ရှိ လွတ်နေသော အိပ်ရာဆီသို့ လျှောက်သွားကာ အိပ်ရာဝင်တော့သည်။

ကျွန်တော်က ည အမိန့် စာအုပ်တွင် ညလိုက်နာရမည့် အမိန့်ကို ရေးသားနေသည်။ ဤအမိန့်ကို အရာရှိများ ဖတ်ကာ လက်မှတ်ရေးထိုးကြရသည်။ အမိန့်မှာ ပုံစံကျ အမိန့်မျိုးသာ ဖြစ်သည်။ နောက်ဆုံး အပိုဒ်တွင် ' မသင်္ကာဖွယ်ရာ တစုံတခု ရှိသော်၊ အရေးအကြောင်း ရှိခဲ့သော် စစ်ရေယာဉ်မှူးကို အချိန်မရွေး နှိုး၍ သတင်းပို့ပါ” ဟူသတည်း။

ထို့နောက် ကျွန်တော်လည်း ယာဘက် အိပ်စင်တွင် အိပ်ရာဝင်ခဲ့တော့သည်။ နံနက် ၄ နာရီတွင် ကျွန်တော် တာဝန်ယူရပေဦးမည်။ ပွဲစင်ထက်တွင် ဗိုလ်စောဦး တာဝန်ကျနေသည်။

အိပ်ရာဝင်ခဲ့သည် ဆိုသော်လည်း တော်တော်နှင့် အိပ်မပျော်ပါ။ ထွေရာလေးပါး စိတ်ကူးက သွားနေသည်။ မြိတ်သို့ ရောက်သော် ကျွန်တော် ထမ်းဆောင်ရမည့်

စစ်ဆင်ရေး တာဝန်များကို တွေးလျက် စိတ်ပူပန်နေမိသည်။ သောင်းကျန်းသူ နှိမ်နင်းရေးနှင့် တခြားနိုင်ငံမှ ငါးခိုးသင်္ဘောများကို လိုက်လံရှာဖွေ ဖမ်းဆီးရေးတို့ ဖြစ်သည်။ မြိတ်ကျွန်းစုများတွင် တကျွန်းဝင် တကျွန်းထွက်နှင့် ကင်းလှည့်တာဝန်ကို ထမ်းဆောင် ရပေဦးမည်။ မနက်ဖြန် နံနက် (Tavoy Island) ခေါ် မလိကျွန်းတွင် တိုက်ရေယာဉ် ၁၁၀ နှင့် တွေ့ဆုံရပေမည်။ တိုက်ရေယာဉ် ၁၁၀ ၏ စစ်ရေယာဉ်မှူးဖြစ်သူ ဗိုလ်ကြီး စောဂွမ်စိန်ထံမှ နယ်အခြေအနေ သတင်းများကို ယူရမည်။ သူ့ ဇနီးကို ခေါ်မလာနိုင်သည့် အတွက်လည်း သူ့ကို ရှင်းပြ တောင်းပန်ရဦးမည်။ လူ အဆမတန် တင်ဆောင်လာရခြင်းကို ထောက်ရှု၍ သူ နားလည် သဘောပေါက်လိမ့်မည် အောက်မေ့ရသည်။

ဪ ... ပုလဲ .. ပုလဲ။ ကျွန်တော် မြိတ်ကျွန်းစုသို့ ထွက်မည်ဆိုတော့ ရန်ကုန်ရှိ ကျွန်တော့် အသိမိတ်ဆွေ တချို့က ပုလဲ ကောင်းကောင်းရလျှင် ဝယ်ခဲ့ပါဟု ငွေကျပ် ၆၀၀ ခန့်ပေးလိုက်သည်။ ကျွန်တော်သည် ပုလဲ ကောင်း မကောင်းကို သိသူလည်း မဟုတ်။ မိန်းမကို ပုလဲ ဝယ်၍ ဆင်နိုင်သည်လည်း မဟုတ်သည့်အတွက် တွေ့လျှင် ဝယ်ခဲ့ပါ မည်ဟုသာ ပြောကာ သူတို့ ငွေကို သင်္ဘောရှိမီးခံသေတ္တာတွင် ထည့်ထားခဲ့သည်။ မီးခံသေတ္တာတွင် တပ် ဆောင်ငွေ ကျပ် ၄၀၀၀ ကျော်မျှ ရှိသည်။ မီးခံသေတ္တာသော့ကို ကျွန်တော့်လည်ပင်းတွင် ဆွဲထားသည်။ ယခု အိပ်ရာဝင်တော့လည်း လည်ပင်းမှသော့ ခုခုလု ဖြစ်နေသောကြောင့် သတိရမိခြင်း ဖြစ်သည်။

ပင်လယ်တွင် လှိုင်းမမူးတတ်သူများ အလွန် အိပ်ကောင်း၊ စားဝင်ဖြစ်ကြသည်။ လှိုင်းက ဘယ် ညာ ယိမ်းနွဲ့အောင် သင်္ဘောကို လှုပ်နေသည်မှာ ပုခက်တွင်းတွင် ကလေး တဦးအား သိပ်နေသလို ခံစားမိသည်။ ကုန်းပတ်ထက် လေအေးဒဏ်ကိုတော့ စစ်သုံး သက္ကလတ် စောင် တထည်ခြုံကာ ကာကွယ်ထားရသည်။ မည်မျှကြာအောင် အိပ်ပျော်နေသည်မသိ။ တစုံတရာသော် အသံဗလံများက ကျွန်တော့်အား အိပ်ရာမှ နိုးစေသည်။ အသံမှာ စောစောက ကျွန်တော်တို့ ထမင်းစားသည့် စားပွဲ ကုလားထိုင်များ နေရာ ရွှေ့ကာ ကျွမ်းထူးခုံမှောက် လဲကျသံ ဖြစ်သည်။ ၎င်းကို တပ်ကြပ်မောင်အေးက ကြိုးများဖြင့် ချည်နှောင်နေသည်ကို မသဲမကွဲ တွေ့ရသည်။ မောင်အေးမှာ အလုပ်တာဝန်ကို မခိုင်းမစေရဘဲ သူကိုယ်တိုင် ကျေပွန်စွာ လုပ်ကိုင် ဆောင်ရွက် တတ်သည့် တပ်ကြပ် တဦး ဖြစ်သည်။ စောစောက ဗိုလ်သန်းလွင် အိပ်နေသည့် အိပ်စင်ဆီသို့ ကြည့်လိုက်ရာ ဗိုလ်သန်းလွင် မဟုတ်တော့ဘဲ ဗိုလ်ကြီး စောဦး ဖြစ်နေသည်ကို တွေ့ရခြင်းကြောင့် ည ၁၂ နာရီ ကျော်ပြီ ဖြစ်သည်ကို သိလိုက်ရသည်။ လေသည် အရှေ့မြောက် အရပ်မှ တိုက်နေခြင်းကြောင့် ကျွန်တော်တို့ အိပ်စင်မှာ လေကြောင်း ကျသည်။ အတန်လည်း အေးလာသည် ဖြစ်ခြင်းကြောင့် စောင်ကို ခေါင်းမြီးခြုံကာ ပြန်အိပ်ချလိုက်သည်။ သို့သော် ကောင်းစွာ အိပ်မပျော်တော့။ သင်္ဘောပေါ်မှ

တာလပတ် ရွက်ဖျင်များ၏ တဖျတ်ဖျတ်မြည်သံသည် ပိုမို ပြင်းထန် လှုပ်ခါကာ တခါတရံ သေနတ်သံ တမျှပင် မြည်သည်။ အိပ်ချင်စိတ်က ဖိစီးလိုက်၊ အသံဗလံများက လန့်နိုးစေလိုက်နှင့် ဖြစ်သည်။ ဤလေမှာ ပင်လယ်တွင် သာမန်လေသာ ဖြစ်သည်။ လှိုင်းမှာလည်း သာမန်လှိုင်းသာ ဖြစ်သည်။ ပဲ့စင်ထက်တွင် တာဝန်ကျ အရာရှိ ကြပ်မတ်မှုနှင့်ပင် ရေကြောင်းကို ကောင်းစွာထိန်းသွားနိုင်သည့် အခြေအနေပင် ဖြစ်သည်။ ကျွန်တော် ပြန်အိပ်ပျော်သွားသည်။

"စီအို…စီအို ခဏထပါဦး"

မည်မျှ ကြာသည်ထိ အိပ်ပျော်သွားသည် မသိ။ ဗိုလ်သန်းလွင်က ကျွန်တော့်အား လှုပ်နိုးတော့မှ ကျွန်တော် အိပ်ပျော်နေရာမှ နိုးလာသည်။ သင်္ဘောမှာလည်း ကျွန်တော် အိပ်ပျော်မသွားမီက အခြေအနေထက် ပို၍ လှုပ်ရှား လူးလွန့်နေသည်ကို သတိပြုမိ၏။ ရေလှိုင်းသံတို့မှာ ပိုမို ကျယ်လောင်လာသည် ထင်ရသည်။

"ကျွန်တော် မတတ်နိုင်တော့ဘူး စီအို၊ လှိုင်း သိပ်မူးနေလို့ စီအို ခဏ ဝင်ပေးပါလား'

ပင်လယ်လုပ်သက် နုသေး၍ အတွေ့အကြုံ အားဖြင့်လည်း လေယာဉ်တင် သင်္ဘောကြီး အတွေအကြုံမျှသာ ရှိသေးသော အရာရှိငယ် တဦးသည် ဤမျှ ပြောင်းဆန်အောင် ကျွမ်းထိုးမှောက်ခုံ လူးလိမ့်နေသည့် ရေယာဉ်ငယ် တစင်းပေါ်တွင် လှိုင်းမူးသည်မှာ မဆန်းပါ။ အချိန်မှာ ည ၂ နာရီ သာသာမျှ ရှိသေးသည်။

ကဲ….. ဒါဖြင့် ကိုယ့်အိပ်ရာ ဝင်အိပ်၊ ဂျူတီကို ကိုယ်ဆက်ယူလိုက်တော့မယ်"

ကျွန်တော်သည် ဂျာကင် အင်္ကျီ အနက်ကို ဝတ်လျက် ဘောင်းဘီတို အဖြူနှင့်ပင် ပဲ့စင်ထက်သို့ တက်ခဲ့သည်။ ပဲ့စင်ထက်တွင် တက်မကိုင်နေသူ၏ မျက်နှာကို သံလိုက်အိမ်မြှောင်တွင် ထွန်းထားသည့်မီးမှ ပြန်သည့်ရောင်ပြန်ဟပ်မှုကြောင့် မသဲမကွဲမြင်ရသည်။ သူကိုင်နေသည့် ဦးတည်လမ်းကြောင်းကို ကြည့်လိုက်ရာ ၁၅၀ ဒီဂရီခန့်တွင် ရှိနေပါသည်။ ဤလှိုင်း ဤလေတွင် တက် ကိုင်ထိန်းပုံ မဆိုးပါဟု ဆိုရမည်ဖြစ်သည်။ မှောင်တွင်းဝယ် မျက်စိကျင့်သားရလာတော့မှ တက်မကိုင် ရဲဘော်ကို ကြည့်လိုက်ရာတွင် တပ်သား အောင်မြင့် ဆိုသူဖြစ်နေသည်ကို တွေ့ရသည်။ အမှန်အားဖြင့် တပ်သား အောင်မြင့်မှာ ကျွန်တော့် သင်္ဘော လူအင်အား စာရင်းမှ မဟုတ်ပါ။ မြိတ်သို့ ခရီးကြုံလိုက်သော ရဲဘော်တစုအနက်မှ တဦးဖြစ်သည်။ သို့သော် တာဝန်ဇယား ရေးဆွဲစဉ်က သူတို့ကိုပါ ထည့်သွင်းတာဝန်ပေးရန် ပြောထားသောကြောင့် တာဝန်ယူနေခြင်း ဖြစ်သည်။ သူနှင့် ကျွန်တော်သည် အထက်မြန်မာပြည် မုံရွာမြို့တွင် ဟင်္သာ စစ်ရေယာဉ်၌ အတူ အမှုထမ်းခဲ့ဖူးသည့် ကျွန်တော့်ရဲဘော် တပည့်ဟောင်း တဦးဖြစ်သည်။ တက်မကိုင်

စိတ်ချရသူ တဦးဖြစ်၏။ သူ့ ဘေးနားတွင် ရပ်နေသည့် တာဝန်ကျ အကြပ်မှာ တပ်ကြပ်မောင်အေး ဖြစ်သည်။ သူလည်း ခရီးကြုံစီးတဦးဖြစ်၏။ ကျွန်တော့်နှင့်မူ အတူ အမှုထမ်းခဲ့ဖူး။ သို့သော် ဗိုလ်ကြီးစောဦးနှင့် အလွန်ရင်းနှီးသည့် ရဲဘော်တဦးဖြစ်ကြောင်း သိရသည်။

"အောင်မြင့် ပါလားဟေ့၊ မင်း ဘယ်တုန်းက ဂျူတီ ဝင်သလဲ'

'ကျွန်တော် ၂ နာရီက ဝင်တယ်၊ အခု နာရီ ဝက်သာသာ ရှိသွားပြီ'

ကျွန်တော်က သင်္ဘော လှုပ်ရှားမှုနှင့် လေတိုက်ပုံနှုန်းကို သတိထား အကဲခတ်ရင်း…

'အင်း လေကတော့ စောစောကထက် အတော်လေး ထန်တာပဲ" ဟု ဆိုလိုက်သည်။

"ဟုတ်တယ် စီအို၊ မိုးလင်းခါနီးရင် ပိုထန်လာစမြဲပါပဲ"

သင်္ဘောဦးဆီမှလှိုင်း တလုံးက ပင့်တင်လိုက်သည့်တွင် ရေမှုန်ရေမွှားများသည်ကျွန်တော်တို့၏ မျက်နှာဆီသို့ တက်စဉ်သည့်ကြောင့် ကျွန်တော်တို့မျက်နှာများကို ရေစိုသွားစေသည်။

'စီအို ... မတ်ခွက်ထဲမှာ လက်ဖက်ရည် နည်းနည်းတော့ ရှိသေးတယ်၊ အေးတော့ နေပြီ သောက်ဦးမလား စီအို'

တပ်ကြပ်မောင်အေးက မတ်ခွက် တခုကို လှမ်းမြှောက်ပြရင်း ပြောသည်။ ည တာဝန်ကျများသောက်ရန် အတွက် ဖျော်ပေးထားသော ကရားအတွင်းမှ ငှဲ့ဟန်ပြုရင်းမေးသည်။

"ကောင်းသားပဲကွ၊ နည်းနည်းတော့ ထည့်လိုက်လေ'
လက်ဖက်ရည်မှာအေးစက်နေသော်လည်း အိပ်ချင်စိတ်များကို ပြေစေပါသည်။ ပူပူသာသောက်လိုက်ရသော် အချမ်းလည်း ပြေစေပါသည်။
ကျွန်တော်သည်လက်ဖက်ရည်မတ်ခွက်ကို တဖက်က ကိုင်၊ တဖက်က ရွက်တိုက်ကို ကိုင်ထားသည်။ဤသည်မှာ ဘဝအတွေ့အကြုံက ပေးသည့် အလေ့အကျင့်ဖြစ်သည်။ ကျွန်တော်တို့ရေတပ်ဆောင်ပုဒ်မဟုတ်သော်လည်း ဆောင်ပုဒ်သဖွယ် ဖြစ်ခဲ့သည့်စကားရပ်တခုကို ကမ္ဘာ့ရေကြောင်းသွား သင်္ဘောသားတိုင်း ကျင့်သုံးကြသည်။၎င်းမှာ "တိုင်းပြည်အတွက် လက်တဖက်သာလျှင် လုပ်ကိုင်ပါ၊ ကျန်တဖက်ကကိုယ့်အသက် အတွက် နီးရာကို ဖက်တွယ်ထားပါ " ဟူသတည်း။ မှန်ပေသည်။လက်တဖက်က တစုံတရာကို ဖက်တွယ် မထားသော် လိမ့်ကျ လဲကျသွားနိုင်သည်။ အဆင်မသင့်လျှင် ပင်လယ်တွင်းသို့ ကျသွားနိုင်သည်။

သို့ကြောင့်တိုင်းပြည်တာဝန်ကို လက်တဖက်အားဖြင့်သာ ထမ်းဆောင်ခြင်းမှာ ကျွန်တော်တို့တွင် ကျင့်သားရလာခဲ့သည်။တပ်ကြပ်မောင်အေးသည် ကျွန်တော့်ခွက်တွင်းသို့ လက်ဖက်ရည် ငှဲ့ပေးနေစဉ်ပင် ဘယ်ညာ ယိမ်းထိုးနေသည်ကြောင့် လက်ဖက်ရည်အတော်များများ ကုန်းပတ် ကြမ်းပြင်ထက် ဖိတ်ကျသွားသည်။

တိုက်ရေယာဉ် ၁၀၃ သည် အမှောင်ထုတွင်းသို့ ထိုးဝင်နေသည်။ သင်္ဘောဦးဆီမှ ပြေးတက်လာသည့် ရေပန်းရေမွှားများမှာလည်း တစထက် တစ ကြိမ်ဖန် ပိုများလာကာ ရေအစိုင်အထု ပိုကြီးလာသည်။ နံနက် ၄ နာရီ ထိုးခါ နီးတွင် လေသည် အရှေ့မြောက် အရပ်မှ တိုက်နေရာမှ အရှေ့ အရှေ့မြောက်ဆီသို့ ဝေ့လာကာ အနည်းငယ်လည်း ပိုပြင်းထန်လာသည်၊

ရွက်တိုင် ဆိုင်းကြိုးများမှာ လေထိုးသည့် အသံများကို တရှီရှီ မြည်စပြုလာသည်။ နံနက် ၃ နာရီနှင့် ၄ နာရီအတွင်း အချိန်သည် အမှောင်ထု အသိပ်သည်းဆုံး အချိန်ဖြစ်သည်။ နောက်ပိုင်း ကုန်းပတ်ပေါ်တွင် လေးပင်သော အရာများ လဲကျသံ၊ ရွေ့လျားသံများ ကြားနေရသည်။

'ဟော့ နောက်က လဲကျစရာ၊ လွင့်ကျစရာ ရှိတာတွေ ဆိုင်းကြိုးနဲ့ သေသေချာချာ တုပ်ထားသလား”

“ကျွန်တော် စောစောကပဲ အိုင်စီအီး ရေစုပ်စက်ကိုထပ် ကြိုးချည်ထားပါသေးတယ်၊ ရှေ့ပိုင်း ကုန်းပတ်မှာတော့ ဘာမှ လွင့်ကျစရာ မရှိပါ ဘူး'

တပ်ကြပ် မောင်အေးက ပြောသည်။

အေး ... ရှေ့ပိုင်းက ကျလဲ ဘိုဖာ အမြောက်ကြီးပဲ ရှိတာပဲ'

ကျွန်တော်က နောက်ဖြစ်အောင် နောက်လိုက်မိသေးသည်။ ကံ ကောင်းသည်မှာ ပွဲစင်ထက်တွင် ရှိနေကြသူ သုံးဦးစလုံးသည် လှိုင်းမမူးကြ။ တစုံတယောက် လှိုင်းမူးခြင်း၊ အန်ခြင်းဖြစ်လျှင် ကျန်လူများ အလိုလို စိတ်ခတ်ကျလေ့ ရှိသည်။ တခြားသူ အန်သံကြားလျှင် ကိုယ်ပါ လိုက်အန်ချင်သည်။ ထို့ပြင် အန်ဖတ်နံ့သည် ချဉ်စူးလှ၏။ နဂိုက မအန်ချင်သူပင် အန်ဖတ်နံ့ကြောင့် တခါတရံ အန်တတ်သေးသည်။

သင်္ဘောပေါ်ရှိ တခြား ရဲဘော်များသည် အိပ်ချင်စိတ်နှင့် လှိုင်းဒဏ်ကြောင့် လောကကြီး တခုလုံးကို အရေးမထားဘဲ အိပ်မောကျနေကြစဉ်တွင် တာဝန် ကျသူများသည် ပွဲစင်ထက်တွင် ရဲရဲဝံ့ဝံ့ တာဝန် ထမ်းဆောင် နေကြသည်။

နံနက် ၃ နာရီသာသာတွင် စက်ခန်းတွင် တာဝန်ကျနေသည့် တပ်ကြပ်/စက်က

စက်မကြီး တလုံးမှာ အပူရှိန်များလာခြင်းကြောင့် ယာယီ ပြင်ဆင်ရန် ရပ်လိုက်ရမည်ဖြစ်ကြောင်း သတင်းပို့လာသည်။ ကျွန်တော်သည် စက်အကြောင်း နားမလည်သော်လည်း သူ အားရှိစေရန် စက်ခန်းတွင်းသို့ ဆင်းလိုက်သွားသည်။ ကုန်းပတ်ထက်တွင် လေအေးနှင့် ဆားငန်ရေ သင်းပျံ့နေသလောက် စက်ခန်းမှာ ဒီဇယ် စက်ဆီနံ့နှင့် အပူရှိန်က များလှသည်။ ကျွန်တော်က စက်မကြီးတလုံးကို ယာယီပြင်ဆင်မှုပြုရန် ရပ်ထားခိုင်းလိုက်ပြီး ကျန် စက်မကြီးများနှင့် တမိနစ် ပန်ကာလည်ပတ်နှုန်း ၁၀၀၀ ပေးရန် ပြောကြားခဲ့ပြီး ကုန်းပတ်ပေါ် ပြန်တက်လာသည်။ စက်ခန်း တာဝန်ကျ ရဲဘော် တဦးဖြစ်သူ တပ်သား စက်/ဂွမ်ရှိန် ဆိုသူမှာ ထောင့်တနေရာတွင် ခွေခွေကလေး လှိုင်းမူးနေ၏။ ကျွန်တော့်အား သတင်းလာပို့သူမှာ တပ်ကြပ်/စက် အောင်မြင့် ဖြစ်သည်။

နံနက် ၄ နာရီ ထိုးပြီးသည်တွင် လေသည် ပိုမို ပြင်းထန်လာသည်နှင့်အမျှ လှိုင်းသည် ပိုမို သောင်းကျန်းလာတော့သည်။ နံနက်မိုးသောက်ယံ ချဉ်းသည်နှင့်အမျှ လှိုင်းသည်လည်း အင်တန်အင်မျှ ကြီးလာလျက် သင်္ဘောသည်လည်း အင်တန်အင်မျှ လှုပ်၏။ လေသည် ညံသက်မသွား၊ ထန်သည်ထက်သာ ထန်လာ၏။ အအေးဓာတ်သည်လည်း သိသိမျှ ပိုကဲ၍ အေးလာသည်။ ကျွန်တော့် ခန့်မှန်းခြေအရမူ ရေပြင်လေသည် တနာရီလျှင် ၃၀-၃၅ မိုင်ခန့် ရှိမည်ဟု ခန့်မှန်းမိတော့သည်။

၄။ သင်္ဘောကွဲကာ နစ်မြုပ်ပြီ။

နံနက် မိုးလင်း လာသည်နှင့်အမျှ လေမှာ ပိုမို ပြင်းထန်လာကာ အရှေ့ အရပ်ဆီမှ တိုက်ခတ်လာသည်။ သင်္ဘောရွက်တိုင်ဆိုင်းကြိုးကို လေတိုးသံသည် လေချွန်သကဲ့သို့ မြည်လာသည်။ လှိုင်းလုံး များမှာလည်း အရှိန် အဟုန်ပြင်းစွာဖြင့် သင်္ဘော၏ ဝဲဘက်နံတောင်းမှ ကျော်လွှားကာ သင်္ဘော ရှေ့ဦးပိုင်း ကုန်းပတ်တခုလုံးကို ဖုံးအုပ်ကျော်လွှားပြီး ယာဘက်သို့ လိမ့်ဆင်းသွားကြ၏။ ရာသီဥတု မှိုင်းပျနေခြင်းကြောင့် သင်္ဘောဝဲဘက် မိုင် ၂၀ ခန့် အကွာတွင် (Moscos Island) လောင်းလုံ ဘုတ်ကျွန်းများကို မှုန်ပျပျသာ မြင်ရသည်။ သင်္ဘောဦးထိပ် ဝဲဘက်တွင်ရှိမည် ခန့်မှန်းရသော (Tavoy Island) မလိကျွန်းမှာ မမြင်သေးပါ။ သင်္ဘောသည် ဝဲယာယိမ်းကာ လူးနေခြင်းမှာ တခါတရံတွင် ဒီဂရီ ၃၀ မျှ စောင်းသွားရာ ပြန်ထောင်မလာတော့ဟုပင် ထင်ရသည်။ အတန်ကြာမှ တဖက်သို့ စောင်းရာမှ ပြန်မတ်လာကာ နောက်တဖက်သို့ စောင်းသွားသည်။

သင်္ဘော ကုန်းပတ်ပေါ်တွင် ရွေ့လျားနိုင်သည့် အရာဟူသမျှ ကြိုးများနှင့် ခိုင်မာစွာ တုန်နှောင် ထားရသည်။ နံနက် ၇ နာရီခန့်တွင် ကျွန်တော်သည် ဝဲ ယာ လူးလျက် တိမ်းစောင်းခြင်းမှ သက်သာစေရန် ဦးတည် ရေကြောင်းကို အရှေ့တောင်ဆီသို့ ပြောင်းလိုက်သည်။ ထိုအခါတွင် ဝဲ ယာ တိမ်းစောင်းခြင်း သက်သာသော်လည်း ဦးစောင်း ပဲ့ထောင် လှုပ်ရှားမှုမှာ ပိုများ လာတော့သည်။ လှိုင်းလုံးများသည် သင်္ဘောဦးဆီမှ မြည်ဟည်း ထက်ကြွလာကာ ပဲ့စင်ထက်ရှိ တာဝန်ကျနေသူ အားလုံးအား ရွှဲစိုသွားစေ၏။ ရှေ့ပိုင်းရှိ အမြောက်နှင့် အမြောက်စင်ခြေရင်း သံမဏိပြားဝိုင်းကိုလည်း ဖုံးအုပ်သွားသည်။ ဤ အနေအထားတွင် သင်္ဘောဦးမှာ မြင်းတကောင် ပတတ်ရပ်သည့်ပမာ ရေပေါ်တွင် ပေါ်လာလိုက် ရေအောက်တွင် ဖုံးအုပ် သွားလိုက်နှင့် ဦးပဲ့ထောင် ရှိနေသည်။ ကျွန်တော့် သင်္ဘောဦးသည် ဤဒဏ်ကို တာရှည် မခံနိုင်ဟု ထင်သည့်အတွက် နာရီဝက် သာသာ မောင်းပြီးလျှင် မူလရေကြောင်းတွင် ပြန်၍ ဦးတည် ထားလိုက်ရသည်။

ကုန်းပတ်ထက်တွင် အိပ်နေကြသည့် ဗိုလ်ကြီး စောဦးနှင့် ဗိုလ်လေး သန်းလွင်တို့လည်း သူတို့၏အိပ်ရာများ ရွှဲရွှဲစိုကုန်ပြီဖြစ်ခြင်းကြောင့် နိုးလာကြသည်။ ရာသီဥတုမှာ မိုးမရွာသော်လည်း လှိုင်းထိပ်ဖျားမှ လွင့်စင်လာသော ရေမှုန်ရေမွှားများကြောင့် မိုးရွာသကဲ့သို့ပင် ရှိနေ၏။ ဗိုလ်ကြီး စောဦး ပဲ့စင်ထက် တက်လာသည်။ သူနှင့်အတူ တပ်ကြပ်ကြီး ကိုကိုကြီး တက်လာကာ တက်မကို ကိုင်သည်။ သူတက်လာသည့်အချိန်မှာ နံနက် ၇ နာရီမျှရှိပြီ ဖြစ်သည်။ သူသည် ဝဲဘက် ဆီသို့ မှန်ပြောင်းနှင့် ကြည့်လိုက်ပြီး…

"အဲဒီ ကျွန်းဟာ ဆောက်သ်မော့စကော့ မဟုတ်လား စီအို' ဟု မေးလိုက်သည်။

'ဟုတ်တယ် ဗိုလ်စောဦး၊ ၁၅ မိုင်လောက် ဝေးမယ် ထင်တယ်'

'အဲဒီ ကျွန်းဘက်ဆီကို ကျွန်တော်တို့ ဝင်ရင် ကောင်းမယ် ထင်တယ်" ဟု သူက အကြံပေးသည်။ တပ်ကြပ်ကြီး ကိုကိုကြီးက ကျွန်တော့်ကို လှမ်းကြည့်ရင်း

"ကျွန်တော် ဦးတည်လမ်းကြောင်း ပြောင်းကြည့်ပြီးပြီ၊ သင်္ဘော (Pitching) ဖြစ်တာက သိပ်ဆိုးတယ်၊ ခု အနေအထားကမှ နည်းနည်း ခံသာသေးတယ်။

'ဒါ အရှေ့လေပဲ၊ လေတိုက်နှုန်း ၄၀-၄၅ တော့ ရှိမယ် ထင်တယ်'

လေးဆယ်တော့ အနည်းဆုံး ရှိမယ်ထင်တာပဲ၊ လှိုင်းခေါင်းတွေ ကျိုးနေတာ ကြည့်ပါလား'

ပတ်ဝန်းကျင် ပင်လယ်ပြင်တွင် ဆီဒယ်အိုးတခု အတွင်း ဆီပွတ်များ ထနေသည့်အလား လှိုင်းခေါင်းဖြူများ ပွက်ပွက်ထနေသည်။ လှိုင်းခေါင်းထိပ်များကို လေတိုး လိုက်သည်နှင့် လှိုင်းခေါင်းကျိုးထိပ်မှ ရေစ ရေမွှားများသည် စဉ်သွားကာ မိုးကဲ့သို့ ရွာချနေ၏။ ဗိုလ်သန်းလွင် ကိုမူ ခုထိ ကျွန်တော် သတိမထားမိသေး။ လှိုင်းမူး၍ တနေရာတွင် ခွေနေမည်သာထင်သည်။ ကျွန်တော်လည်း စက်အရှိန်ကို တတ်နိုင်သမျှ လျှော့ချကာ မူလ ဦးတည်ရေကြောင်းတွင်သာ ခုတ်မောင်းနေသည်။ ထိုအခိုက် အမြောက်သံတချက်မြည်သည့် အလား "ဖြောင်း" ဟူသော အသံကြီး တသံကို ကြားလိုက်ရကား သင်္ဘောဦး ဝဲဘက်တွင် သစ်သားစတခု မျောပါသွားသည်ကို တွေ့လိုက်ရ၏။ ကျွန်တော်ရော ဗိုလ်ကြီး စောဦးပါ မည်သည့်သည့် သစ်သားစ ဖြစ်သည်ကို ခန့်မှန်းရန် မှန်ပြောင်း ကိုယ်စီဖြင့် ကြည့်လိုက်မိသည်။ သစ်သားစမှာ အတန်ရှည်သော ပျဉ်တချပ်ဖြစ်လျက် စစ်သင်္ဘောတွင် သုတ်လေ့ရှိသည့် မီးခိုးရောင်သုတ်ထားသည်ကို တွေ့လိုက်ကြရ၏။

ထိုစဉ်တွင် ဦးပိုင်း အိပ်ခန်းတွင်း အိပ်နေကြသည့် ရဲဘော်အချို့သည် ကြိုးမဲ့ကြေးနန်း ဆက်သွယ်ရေး စက်ထားသည့် ပဲ့အိမ်တွင်းရှိအတွင်းလှေကားမှ တက်လာကြကာ "သင်္ဘော ရှေ့ပိုင်းမှာ ရေတွေ ဝင်နေပြီ စီအို"ဟု သတင်းပို့ကြ၏။ သူတို့ မျက်နှာများတွင် လှိုင်းမူးသည့် ဒဏ်နှင့် ကြောက်လန့် စိုးရိမ်သည့် လက္ခဏာများကို တွေ့ရသည်။ ကျွန်တော်က စက်မကြီးများကို ချက်ချင်းရပ်လိုက်စေပြီး 'ဗိုလ်စောဦး၊ ခင်ဗျား ရှေ့ဦးခန်းမှာ သွားပြီး ကြည့်စမ်းပါ ဗျာ' ဟု စေလွှတ်လိုက်သည်။

ဗိုလ်ကြီး စောဦးသည် ပဲ့အိမ်ခန်းတွင်းရှိ စကြံလှေကားမှ တဆင့် ဦးခန်းတွင်းသို့ ဆင်းသွားသည်။ ကျွန်တော်က ပဲ့စင်နောက်ဘက် စက်ခန်း အံဖုံးတံခါးဆီသို့ ကြည့်လိုက်ရာ အံဖုံးတံခါးဝတွင် ခေါင်းဖော်လျက် ပင်လယ်ပြင် အခြေအနေကို

ထွက်ကြည့်နေသည့် စက်ခန်းတာဝန်ကျ တပ်ကြပ်/စက် အောင်မြင့် ၏ မျက်နှာကို တွေ့ရသည်။

"ဟေ့ အောင်မြင့် ၊ မင်း အောက်ပြန်ဆင်းနေ၊ အရေးအကြောင်းရှိရင် ရေစုပ်စက် ပန့်တွေကို အသုံးပြုရအောင် အသင့်လုပ်ထား"ဟု ပြော၏။

ပန့်တွေ မကောင်းဘူး စီအို၊ ဒါကြောင့် ကျွန်တော်တို့ကို (CIE)စီအိုင်အီး ရေစုပ်စက်ကလေး ထုတ်ပေးလိုက်တာ"ဟု ဆိုကာ ကုန်းပတ်ထက် ခေါင်းတိုင် ခြေရင်းတွင် ရှိနေသည့် ရေစုပ်စက်ငယ်အား ပြသည်။ ရေစုပ်စက်မှာ ကြိုးများနှင့် ဆိုင်းထားရသည်။

"ကဲ မင်းစက်ခန်းထဲမှာ တခြား လူစား တယောက်ထား၊ မင်း ရေစုပ်စက်ကို နှိုးလို့ရမလား နှိုးကြည့်စမ်းကွာ" ဟု ပြောလိုက်သည်။

တပ်ကြပ်/စက် အောင်မြင့်သည် စက်ခန်းတွင်းသို့ ပြန်ဝင်သွားပြီး အတန်ကြာသောအခါ တွင် စက်ပစ္စည်း ကိရိယာအချို့နှင့် ပြန်တက်လာသည်။

ထိုစဉ် ဗိုလ်ကြီး စောဦး ပွဲစင်ထက် ပြန်တက်လာကာ "ရေတွေ တရဟော ဝင်နေတယ် စီအို၊ အပျက်အစီးကိုတော့ မတွေ့ရဘူး၊ Underwater (ရေအောက်) အပျက်အစီးနဲ့ပဲ တူတယ်" ဟု သတင်းပို့သည်။ ကျွန်တော်က ကိုယ်တိုင်ကြည့်ရှုနိုင်ရန်အတွက် "ကဲ ... ခင်ဗျား ဒီမှာ နေရစ် ခု ရေကြောင်းမှာ တတ်နိုင်သမျှ ထိန်းထား" ဟု ညွှန်ကြားခဲ့ကာ ပွဲအိမ်တွင်း ဝင်ခဲ့သည်။ ပွဲအိမ်တွင်းမှာလည်း မြေပုံထားသည့် စားပွဲမှ အစ ပြောင်းဆန်အောင် ကသောင်းကနင်း ဖြစ်နေသည်။ ကျွန်တော်နှင့်အတူ တပ်ကြပ် မောင်အေး ကို ခေါ်ခဲ့သည် ။

ပွဲအိမ်တွင်း လှေကားမှ ဦးခန်းတွင်းသို့ ဆင်းလိုက်ရာတွင် ဦးခန်းတွင်း ကြမ်းပြင်ထက်တွင် ပင်လယ်ရေများ ခြေသလုံးခန့် ရှိနေပြီကို တွေ့ရတော့၏။ ဘေးအိပ်စင်များတွင် အိပ်စင်ဘောင်ကိုတွယ်ဖက်လျက် ကြောက်ရွံ့ထိတ်လန့်သည့် မျက်နှာကိုယ်စီဖြင့် ရပ်နေကြသည့် ရဲဘော်တစုကို တွေ့ရ၏။ ရေဘယ်က ဝင်သည်ဟု သူတို့လည်း အတိအကျ မပြောနိုင်ကြ။ ကျွန်တော် ကြိုးစား၍ ရေဝင်သည့်နေရာကို လိုက်ရှာသော်လည်း မတွေ့။ ရေမှာ တရိပ်ရိပ်သာ တက်နေသည်။

မောင်အေး၊ မင်း ဒီမှာ နေရစ်၊ ရှေ့ဦးပိုင်း အံဖုံးတံခါးကို ဖွင့်၊ အဲဒီ အပေါက်ကနေ သံပုံးနဲ့ တတ်နိုင်သမျှ ရေခပ်ထုတ်ဖို့ ငါစီစဉ်မယ်၊ ဒီမှာ ရှိတဲ့ ရဲဘော်တွေ အားလုံးကို တလှည့်စီ ကြည့်ခိုင်း' ဟု ဆိုကာ ကုန်းပတ်ပေါ် ပြန်တက်ခဲ့သည်။ တပ်ကြပ် မောင်အေးသည် ရှေ့ပိုင်း ကုန်းပတ် အံဖုံးတံခါးကို ဖွင့်ရန် အတွက် ဦးဘက်သို့

လျှောက်သွားသည်။

ကျွန်တော် ကုန်းပတ်ထက် ပြန်ရောက်သောအခါ ရေစုပ်စက်ကို နှိုးရန် ကြိုးစားနေကြသော်လည်း နှိုး၍မရနိုင်သေးသည်ကို တွေ့ရသည်။ တပ်ကြပ်/စက်ကျော်ညွန့်မှာ ခရီးကြုံစီး ရဲဘော်တဦးဖြစ်သည်။ သူသည် ဓာတ်ဆီသုံး အင်ဂျင်စက်များကို အလွန် ကျွမ်းကျင် နိုင်နင်းသူ ဖြစ်၏။ သူလည်း စက်နှိုးရာတွင် ဝင်ရောက် ကူညီနေသည်ကို တွေ့ရသည်။ သို့သော် ရေစုပ်စက်က ဖွတ်ချက် ဖွတ်ချက်သာ မြည်နေသည်။ မနှိုး။

ထိုစဉ် ရှေ့ဆီသို့ ကြည့်နေသော ဗိုလ်ကြီး စောဦးက

“ပေါ့ … ရှေ့က အံဖုံးတံခါးကို ဘယ်သူ ဖွင့်တာလဲ ကွ” ဟု လှမ်းအော်နေ၏။

ကျွန်တော်က ပွဲ့စင်ထက်သို့ အပြေးအလွှား တက်လိုက်ကာ …

“ကျုပ် ဖွင့်ခိုင်းတာပဲ ဗိုလ်စောဦး၊ အဲဒီ အပေါက်က သံပုံးတွေနဲ့ ခပ်ထုတ်ခိုင်းမလို့” ဟု ဆိုလိုက်သည်။

“ဟာ မဖြစ်ဘူးထင်တယ် စီအို၊ ဟိုမှာ ကြည့်ပါဦး'

သူ ပြော၍ ကျွန်တော်ကြည့်လိုက်သည်တွင် လှိုင်းလုံးတလုံးသည် ကျုံး၍တက်လာကာ ဦးပိုင်းကို ဖုံးသွားသည်တွင် ဖွင့်ထားသော အံဖုံးတံခါးမှ ဦးပိုင်းခန်းတွင်းသို့ တရဟော ဝင်သွားသည်ကို မြင်လိုက်ရသည်။

ဟာ…ဟုတ်တယ်၊ ဖြစ်မယ် မထင်ဘူး၊ သွားပြီး ပြန်ပိတ် ခိုင်းလိုက်ဗျာ'

ဗိုလ်စောဦး ပြန်ဆင်းသွားသည်။ ဤ အကြိမ်တွင် ဗိုလ်သန်းလွင်လည်း သူနှင့် လိုက်သွားသည်ကို တွေ့ရ၏။ ကျွန်တော်က ပွဲ့စင်ထက်တွင် ကြီးကြပ်မှု တာဝန်ကို ဆက်ယူသည်။ တပ်ကြပ်ကြီး ကိုကိုကြီးက တက်မကို ကိုင်လျက်ရှိနေသည်။ ထိုအခိုက် နောက်ထပ် ဝုန်းဒိုင်း အသံများ ဦးဆီမှ ကြားရသည်။ သစ်သား ကျိုးသံများလည်း ကြားရသည်။ ရေများဖုံးနေ၍ သဲကွဲစွာမမြင်ရ၊ ပွဲ့စင်အနီးတွင် တပ်ကြပ် စံခို ဆိုသူ ရှိနေသည်။ စံခိုမှာ ကျွန်တော် ရဲဘော် ဘဝကပင် ရင်းနှီးသူ တဦးဖြစ်သည်။ သူသည် ချင်း အမျိုးသား ရဲဘော်တဦးဖြစ်၏။

'ဟေ့၊ စံခို ၊ မင်း ဦးပိုင်းကို ကုန်းပတ်ပေါ်က လျှောက်သွားပြီး ဘာဖြစ်သလဲသွားကြည့်စမ်း၊ ခါးကို ကြိုးတချောင်းနဲ့ ချည်သွားနော်၊ တယောက်ယောက်ကို အသက်ကယ်ကြိုး (Life Line) ကိုင်ဖို့ ပြောထားပြီး သွား၊ ဟုတ်လား'

“ဟုတ်ကဲ့ စီအို’

ရှေ့ပိုင်း ဦးဘက်ဆီသို့ ကုန်းပတ်ထက်မှ လျှောက်သွားရန် ဆိုသည်မှာ ယခုကဲ့သို့သော လှိုင်းလေတွင် ရောမ စွန့်စားခန်းကြီး တရပ်ဖြစ်ပါသည်။ လှိုင်းက ကုန်းပတ် တခုလုံးကျော်သွားပြီးမှ ပင်လယ်တွင်း ဆင်းသွားသည်။ လှိုင်းလုံးနှင့် အတူ လူလိမ့်ကျ ပါသွားနိုင်သည်။ ကိုင်စရာ၊ တွယ်စရာ တခု မရခဲ့လျှင် လူအင်အားချည်း သက်သက်နှင့်တော့ လှိုင်းဒဏ်ကို မခံနိုင်။ ပင်လယ်တွင် ခြေက မမြဲ၊ လက်က မြဲစေရသည်။ ကိုယ့်အသက်သည် ကိုယ့်လက်တွင်းမှာပင် ရှိ၏။ မတော်တဆ လိမ့်ကျသွားခဲ့သော် တစုံတဦးက ဆွဲတင်ယူနိုင်စေရန်အတွက် မိမိခါးကို ကြိုးတချောင်းနှင့် မြဲစွာ ချည်နှောင်ထားပြီးမှ သွားရသည်။ စံခိုသည် ကြိုးတချောင်းကို ခါးတွင် ချည်နှောင်ကာ ဦးပိုင်းဆီသို့ လက်ကိုင်တန်းတလျှောက် ကိုင်တွယ်ခိုပြီးမှ သွားကြည့်သည်။ အတန်ကြာသော် ပြန်လာပြီး “ရှေ့ပိုင်း Gun Pit (အမြောက်အောက်ခြေသံမဏိပြားဝိုင်း) ကြီး အောက်ခြေမူလီတွေ ပြုတ်ထွက်ပြီး ယမ်းနေတယ်၊ Ventilor Hatch Cover (အံဖုံးတံခါး) လဲ ကျိုးသွားပြီ ”ဟု သတင်းပို့သည်။

ကျွန်တော် အခြေအနေကို နားလည်လိုက်ပါသည်။ ရှေ့ပိုင်းရှိ ၄၀ မမ ဘိုဖာ အမြောက်ကြီးကို 'ပ' ပုံသဏ္ဌာန်ရှိ သံပြားဖြင့် အောက်ခြေမှ ဝိုင်းလည်ကာထားသည့် သံမဏိပြားဝိုင်းကြီး ရှိသည်။ ထိုအဝိုင်းကြီးကို အောက်ခြေပတ်လည်တွင် သဘော်ကုန်းပတ်နှင့် မူလီများအားဖြင့် စုပ်တွယ်ထားသည်။ ထိုမူလီများသည် တော်ရုံတန်ရုံမျှသော ဒဏ်ကို မဖြုံ။ သို့သော် ယခု ပြင်းထန်သော လှိုင်းလုံးများက ဆက်ကာဆက်ကာ သံပြားဝိုင်းကို တိုက်သောအခါတွင်မူ နှစ်တာရှည်စွာ သံချေးစားသော မူလီများပြုတ်ထွက်ကုန်ကြသည်။ မူလီများ ပြုတ်ထွက်သွားသည့် ပ ပုံသဏ္ဌာန် သံပြားဝိုင်းကြီးသည် ရေတွင် ကျသွားခဲ့လျှင် တော်ပေမည်။ ယခုမူ မည်သည့်နည်းနှင့်မျှ ကျမသွားနိုင်။ ပပုံတွင် ပွင့်နေသည့်အပိုင်းမှာ လူနှစ်ဦးစာ ဝင်သာရုံမျှသာ ရှိသည်။

အမြောက်စင်၏ အောက်ခြေထုက ထိုအပေါက်ထက် အဆမတန် ကြီးမားသည်။ ထို့ကြောင့် အမြောက်စင်ကာသံပြားသည် အမြောက်ကြီးကို ဗဟိုပြုလျက် လှိုင်းလုံးဆောင့်တိုင်း ချာလည်ပတ်လည် ယမ်းကာ အနီးဝန်းကျင် ရှိသမျှကို စိတ်ရှိ လက်ရှိ ရိုက်ချိုးနေသည်နှင့် တူတော့သည်။

သူ့ကို ထိန်းချုပ်ရန် အဆိုထား၊ အနီး ဝန်းကျင်သို့ပင် မသွားရဲကြတော့။ မမျှော်မှန်း နိုင်သည့် အချိန်အတွင်း မမျှော်မှန်းသည့် လှိုင်းလုံးတလုံး ပြေးဆောင့်လိုက်ပါက အမြောက်စင် သံပြားဝိုင်းကြီးသည် ပြေးဆောင့်ဝင်လာမည် ဖြစ်သည်။ ၂၅ ဟန္ဒြိတ်မျှ မကရှိသည့် သံပြားဝိုင်းကြီးတခုနှင့် တအားပြေးဆောင့်သည့် ဒဏ်ကို မည်သည့် လူသားမျှ ခံနိုင်ကြမည် မဟုတ်။ ကျွန်တော်သည် ပဲ့စင်ထက်တွင် ရပ်ကာ ဦးပိုင်းကုန်းပတ်ထက်တွင် နွားရိုင်းကြီးတကောင် လွတ်သလို ထင်တိုင်း

သောင်းကျန်းနေသည့် သံပြားဝိုင်းကြီးကို မြင်ရသည်တချက်၊ မမြင်ရသည် တချက်နှင့် မတတ်သာ၊ မနိုင်သာ ကြည့်နေရတော့သည်။ သစ်သားများ၊ သံတိုင်များ တဖြောင်းဖြောင်း ကျိုးသံကိုမူ နားမချမ်းသာစွာ ကြားနေရသည်။

ထိုစဉ် ဗိုလ်ကြီး စောဦးနှင့် ဗိုလ်လေး သန်းလွင်တို့ ပွဲ့အိမ်အတွင်းမှ ပြေးထွက်လာကာ "စီအို၊ ရေတွေ အောက်ကလဲ ဝင်တယ်၊ အခြားနေရာ မှာ လဲ ကျိုးသွားပြီ၊ အပေါက်ကလဲ တရဟော ဝင်နေတယ်" ဟု သတင်းပို့သည်။

"ကျွန်တော်သိတယ် ဗိုလ်စောဦး၊ ရှေ့ပိုင်းက Hatch Cover (အံဖုံးတံခါး) ကျိုးသွားပြီ ၊ ရေပုံးနဲ့ ရေခပ်ထုတ်ဖို့လဲ မဖြစ်နိုင်တော့ဘူး၊ ရှေ့ပိုင်းက ရဲဘော်တွေ အကုန်ထွက်ခိုင်းပြီး Water-Tight Doors (ရေလုံတံခါး) တွေသာ ပိတ်လိုက်ပေတော့ ဗိုလ်ကြီး စောဦး ရေလုံတံခါးများ ပိတ်ရန် ပြန်ဆင်းသွားသည်။ ထိုအချိန်တွင် ကျွန်တော်က ကြိုးမဲ့ကြေးနန်း တပ်သားအား အခေါ်ခိုင်းလိုက်၏။ တပ်သား ခင်မောင်လတ် မှာ သူ၏ ကြိုးမဲ့ကြေးနန်း စက်ခန်းဖြစ်သော ပွဲ့အိမ်တွင်းမှာ ရှိနေသည်။

"ဟေ့ ခင်မောင်လတ်၊ Message Pad (က/န ပုံစံ စာရွက်) ယူခဲ့၊ ဒါထက် မနေ့ညက ပို့ခိုင်းခဲ့တဲ့ က/န နှစ်စောင် ပို့ပြီးပြီ မဟုတ်လား'

'မပို့ရသေးဘူး စီအို'

'ဟင်

ကျွန်တော်သည် အလွန် အံ့အားသင့်လျက် အလွန်လည်း စိတ်ဆိုးသွားပါ သည်။

"ဘာဖြစ်လို့ မပို့သလဲကွ၊ မင်း အဲဒါပို့မပြီးရင် မအိပ်နဲ့လို့ ငါ သေသေချာချာ မှာထားတယ် မဟုတ်လား'

သူသည် မည်သို့မျှ အဖြေမပေး။ သူ လှိုင်းမူးနေသည်ကို ကျွန်တော် သိပါသည်။ သို့သော် မည်သို့မျှပင် လှိုင်းမူးသည်ဖြစ်စေ၊ (ညက လှိုင်းသည်လည်း မဖြစ်စလောက်ဟု ထင်ပါသည်) တာဝန်ကိုတော့ ကျေပွန်စွာ ထမ်းသင့်သည်ဟု ကျွန်တော်ထင်သည်။ ယခုမူ ကျွန်တော့် ထင်မြင်ချက်သည် ပါစင်အောင် လွဲခဲ့ပြီဖြစ်၏။ ကျွန်တော့်ပါးစပ်မှ ဖရုဿဝါစာတွေ တသီကြီး ထွက်သွားသည်။

သွား Message Pad ယူခဲ့၊ စက်ဖွင့်၊ ငါ ကိုယ်တိုင် ပို့မယ်'

ခင်မောင်လတ်သည် သတင်းပို့ ပုံစံစာရွက်ယူရန် ပွဲ့အိမ်တွင်း ပြန်ဝင်သွားသည်။ ဗိုလ်ကြီးစောဦး ပြန်ဝင်လာကာ ရေလုံတံခါးများ ပိတ်ထားခဲ့ပြီဖြစ်ကြောင်း ပြောသည်။ သို့သော် ရေလုံတံခါးများ ကောင်းစွာ စိတ်ချရမည် မထင်ကြောင်း

ပြော၏။ ရှေ့ပိုင်း ဦးခန်းတွင် ရေသည် ရင်ခေါင်းမျှထိ ရှိနေပြီ ဖြစ်ကြောင်းလည်း ပြော၏၊ ကျွန်တော် ရပ်နေရာ ပဲ့စင်ထက်မှ ကြည့်လိုက်ရာတွင် သင်္ဘောဦးသည် ယခင်က လှုပ်ရှားမှုမျိုးဖြစ်သည့် မြင်း ပတပ်ရပ်သကဲ့သို့ ဦးထောင်ခြင်းမျိုးကို လုံးဝ မပြုတော့ဘဲ ဦးစိုက်နေပြီ ဖြစ်ကြောင်း တွေ့ရတော့၏။

'ကဲ ... ဗိုလ်စောဦး၊ ပဲ့စင်ပေါ်တက်၊ စက်မကြီးကို ရှေ့လုံးဝ မမောင်းနဲ့တော့၊ Water-Tight Doors တွေက ဘယ်လောက် ကြာကြာခံမယ်မသိဘူး ကျွန်တော် Messageပို့လိုက်ဦးမယ်'

ကျွန်တော်သည် သင်္ဘော အတိဒုက္ခရောက်ချိန်တွင် ပို့လေ့ရှိသည့် Distress Signal ခေါ် အက်စ် အို အက်စ် S-O-S သတင်းပို့လွှင့်ရန်အတွက် ပဲ့အိမ်တွင်း စက်ရှိရာသို့ ဝင်လာခဲ့သည်။ ကျွန်တော် အရာရှိမဖြစ်မီက ဆက်သွယ်ရေးတပ်တွင် တပ်ကြပ်အဆင့်အထိအမှုထမ်းခဲ့ဖူးဖြင်းကြောင့် အင်္ဂလိပ် ကြိုးမဲ့ကြေးနန်း ပို့သည့် မော့စ် သင်္ကေတကို ကောင်းစွာ တတ်ပါ၏။ ထို့ကြောင့် ခင်မောင်လတ်အား မလွှဲတော့ဘဲ ကိုယ်တိုင် ပို့လွှင့်ရန်အတွက် စက်ကို ဖွင့်လိုက်သည်၊ စက်ဖွင့်လိုက်သည် ဆိုလျှင်ဆိုချင်းပင် စက်အတွင်းမှ မီးပန်းမီးပွား မီးခိုးများ ထွက်လာကာ တစုံတရာကို လောင်ကျွမ်းသည့် ညော်နံ့များပါ ပေါ်လာတော့သည်။ ကြေးနန်းရိုက်လက်တံ Morse Key ကို ကိုင်ထားသည့် ကျွန်တော့် လက်များကို ဓာတ်လိုက်ကာ နောက်သို့ လန်သွားတော့သည်။

ကြိုးမဲ့ ကြေးနန်းစက်၏ ပင်မ လျှပ်စစ်ဓာတ်အားပေးစက်မှာ ၁၁၀ ဒီစီ ဖြစ်ခြင်းကြောင့်သာလျှင် ဓာတ်လိုက်၍ မသေခြင်း ဖြစ်သည်။ အမေရိကန် စက်များတွင် လျှပ်စစ် ဗို့အား ၁၁၀ ဒီစီကိုသာလျှင် သုံးသည်။ သို့သော် လျှပ်စစ် ဓာတ်အားလွှတ်တိုင်း ဆက်သွယ်ထားခြင်းမှာ မူလက အတိုင်း မဟုတ်တော့ဘဲ သင်္ဘော၏ မီးအားပေးလိုင်းတို့နှင့် ဆက်သွယ်ထားခြင်း ဖြစ်သည့်အတွက် သင်္ဘောဦးပိုင်း ရေဝင်သည်ဆိုလျှင်ပင် ဓာတ်အားလိုင်း ဝါယာကြိုးများ ဓာတ်လိုက်နေခြင်း ဖြစ်သည်။

ကျွန်တော်က နောက်တချီ အသံလွှင့်စက်ကို ထပ်ဖွင့်ရန် ကြိုးစားကြည့်ရာ နောက်တချီ ဓာတ်လိုက်ကာ မီးခိုးများ အူထွက်လာပြီး အသံလွှင့်စက် ရပ်ဆိုင်းပျက်စီး သွားတော့သည်။ ကျွန်တော်တို့တွင် ဤစက်မှတပါး အရေးပေါ် အသုံးပြုရန်အတွက် ဘက်ထရီဖြင့် သုံးသည့် ကြိုးမဲ့ကြေးနန်းစက် မပါရှိ။ ဤစက်သာလျှင် ကျွန်တော်တို့ ဌာနချုပ်နှင့် ဆက်သွယ်ရာ၊ ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရာတွင် တခုတည်းသော အားကိုးရာ ဖြစ်၏။ ယခု စက်မှာ ပျက်စီးသွားခဲ့ပြီ ဖြစ်သည်။ စက်ကောင်းစဉ်ကလည်း သတင်း မပို့နိုင်ခဲ့၊ သတင်းပို့ရန် ပျက်ကွက်ခဲ့သည်။ အနည်းဆုံးအားဖြင့် ည ၈ နာရီ ခရီးစဉ် သတင်းကို ဌာနချုပ်မှ ရရှိခဲ့လျှင် ကျွန်တော်တို့ သင်္ဘော မည်သည့်အရပ်သို့ ဦးတည် ခုတ်မောင်းနေသည်။

မည်သည့်နှုန်းနှင့် ခုတ်မောင်းနေလျက် မည်သည့်နေရာတွင် ရောက်ရှိနေလောက်ပြီကို ခန့်မှန်းနိုင်မည် ဖြစ်သည်။

ယခုသော် ကျွန်တော့် သင်္ဘောသည် ရန်ကုန်ဆိပ်ကမ်းမှ ခွာသည်တိုင် ထွက်ခွာသည့် အကြောင်းကိုသာ သိခဲ့ရလျက် လမ်းခရီးတွင် မည်သည့် သတင်းပို့ချက်မှ မပြုခဲ့။ ဤသည်မှာ ကျွန်တော်တို့၏ ကံကြမ္မာကို အဆိုးဆုံးဖြစ်စေသည့် ကျွန်တော်တို့၏ဘက်မှ ချွတ်ယွင်းချက် ဖြစ်သည်။ ယခု အလွန် အချိန်နောက်ကျခါမှ မည်သည့်ဆက်သွယ်မှုကိုမျှ ပြု၍ မရတော့မှ ကျွန်တော် သိရတော့သည်။

ကျွန်တော်သည် ဒေါသဖြစ်လျက် ဝိုင်ယာလက်စက်ကို ကျောခိုင်းကာ ပွဲ့စင်ထက် ပြန်တက်လာခဲ့သည်။

"အခြေအနေ ဘယ်လိုလဲ ဗိုလ်စောဦး"

"အခြေအနေက မကောင်းဘူး စီအို နောက်ခံရင် နာရီဝက် တနာရီလောက်ပဲ ခံမယ် စီအို အက်စ်အိုအက်စ် ပို့နိုင်ခဲ့သေးသလား"...

ဗိုလ်စောဦးက မျှော်လင့်တကြီး မေးသည်။

"မေးမနေနဲ့ ဗိုလ်စောဦး အက်စ်အိုအက်စ်လဲ မပို့နိုင်ဘူး ညကလဲ Message တစောင်မှ မပို့နိုင်ခဲ့ဘူး စက်လဲ ရှော့(တ) ဆာကတ် ဖြစ်လို့ ပျက်သွားပြီ ရေစုပ်စက်ပန့် နိုးလို့ ရသလား

"မရဘူး စီအို၊ လက်နဲ့ စုပ်တဲ့ ချဲလင့်ပန့်နဲ့ (Challenge Pump) နဲ့ပဲ စက်ခန်းမှာ စုတ်ထုတ်နေရတယ်၊ စက်ခန်းလဲ ရေတော်တော် ဝင်နေပြီလို့ သတင်းပို့တယ်"

သင်္ဘောဝမ်းခေါင်းတွင်းမှ တောက်လျှောက် စီးဝင်သော ရေသည် သင်္ဘော၏ ပွဲ့ဘက် စက်ခန်းတွင်းသို့ ဝင်ရောက်စ ပြုနေပြီ ဖြစ်သည်။

သင်္ဘောဦးမှာ လုံးဝပြန်မထောင်နိုင်တော့ဘဲ စိုက်နေပြီ။ ရာသီဥတုမှာ ကြည်လင်လာသည် ဖြစ်ခြင်းကြောင့် မော့(စ)ကော့(စ) ကျွန်းများကို မိုးကုပ်စက်ဝိုင်းတွင် ညို့မှိုင်းမှိုင်း အုပ်ဆိုင်းစွာ တွေ့ရသည်။ ၁၅ မိုင်၊ မိုင် ၂၀ မျှသာလျှင် ဝေး၏။ ကျွန်တော့် သင်္ဘောသည် တောင်အစွန်ဆုံး မော့(စ)ကော့(စ) ကျွန်းကြီး၏ အနောက်ဘက်တည့်တည့် မိုင် ၂၀ မျှ အကွာ၌ ဒုက္ခ တွေ့ကြုံနေရခြင်း ဖြစ်သည်။

'ဗိုလ်စောဦး၊ ပွဲ့ပိုင်း အမြောက်ကို ပစ်ဖောက်ဗျာ၊ နောက်ဘက်ကို ဗိုလ်သန်းလွင်ကို ကြည့်ခိုင်း (Distress Signal) **အဖောက်ခိုင်း' (ပင်လယ်ပြင်တွင် သင်္ဘောများ**

အန္တရာယ် တွေ့ကြုံခဲ့သော် အကူအညီတောင်းခံသည့် နည်းလမ်းများအနက် ပေါက်ကွဲစေတတ်သည့် လက်နက်တစုံတရာကို အချက်မှန်မှန် ပစ်ဖောက်၍ အကူအညီတောင်းခံခြင်းမှာ နည်းလမ်းတလမ်းဖြစ်သည်။) ကျွန်တော်တို့ ဝန်းကျင်တွင် သင်္ဘော တစင်းမျှ မတွေ့ရသော်လည်း မိုးကုပ်စက်ဝိုင်း တဖက်မှ အသံကြားလိုကြားငြား သင်္ဘော တစင်းတလေ ရှိလိုရှိငြား ပစ်ဖောက် ခိုင်းခြင်း ဖြစ်၏။ ခဏကြာသော် ပဲ့ဘက်ရှိ ၄၀ မမ ဘိုဖာ အမြောက်သံသည် မြည်ဟည်းလျက် ထွက်ပေါ် လာသည်။ ခဏကြာသော် “ ထိုင်း ထိုင်း ထိုင်း ထိုင်း ' ဟူ၍ ချက်မှန်ညီစွာ ပစ်ဖောက်လျက်လျက် ရှိ၏။ ယမ်းထောင့် တကပ်ပြီး တကပ်ထည့်၍ ပစ်ဖောက်နေကြသည်။ ထိုအချိန်၌ သင်္ဘော ဦးပိုင်းတွင် လူနေရန် မဆိုထား၊ သွား၍ပင် မရသည်ကြောင့် သင်္ဘောရှိ လူအားလုံးသည် ပဲ့စင်၏နောက်ဘက် တဝိုက်နှင့် ပဲ့ဘက် အမြောက်စင် အနီးတွင်သာ တွယ်ကပ်ခိုကပ်နေကြရသည်။ လေမှာ အတန်ငြိမ်သွားပြီဖြစ်သော်လည်း လှိုင်းလုံးများမှာ တလုံးပြီး တလုံး အရှိန်အဟုန်ပြင်းစွာ ဆင့်ကဲ လာနေဆဲဖြစ်သည်။

“ဗိုလ်စောဦး လူတွေအားလုံး အသက်ကယ် အင်္ကျီ ဝတ်ထားခိုင်းဗျာ၊ နောက်ပြီး (Abandon Ship) (သင်္ဘောစွန့်ခွာခြင်း) လုပ်ရရင် အသင့် ဖြစ်နေအောင် အသက်ကယ်ဖောင်တွေကို ဖွင့်ထားဗျာ'

ဗိုလ်စောဦးသည် အသက်ကယ် ဖောင်များ ဖွင့်ရန် ပဲ့စင်ထက်မှ ဆင်းသွားသည်။ ကျွန်တော်တို့ သင်္ဘောပေါ်တွင် အသက်ကယ်လှေဟူ၍ မပါရှိချေ။ သင်္ဘောမှာ သေးငယ်သည်ကြောင့် အသက်ကယ်လှေတင်ရန် နေရာမရှိသည့်အတွက် အသက်ကယ်လှေအစား ရော်ဘာဖြင့် ပြုလုပ်ထားသည့် အသက်ကယ်ဖောင်များကို ထုတ်ပေးထားသည်။ ခရီးသည်တင် လေယာဉ်များတွင် အသုံးပြုသည့် အလိုအလျောက် လေသွင်းခြင်း ပြုနိုင်သည့် ရော်ဘာ အသက်ကယ်ဖောင် အမျိုးအစား ဖြစ်သည်။ ထိုဖောင်ကို ပတ္တူစဖြင့် ထုပ်ပိုးထားကာ အရေးကြုံမှ ပင်လယ်တွင် ချ၍ အသုံးပြုရခြင်း ဖြစ်သည်။ ထို အသက်ကယ်ဖောင် မျိုး နှစ်ခု ပါရှိ၏။

ကျွန်တော်က ပဲ့စင်ထက်မှနေကာဗိုလ်စောဦး ဖောင်ဖွင့်ရန် ကြိုးစားနေသည့် ဝဲဘက်ပဲ့ပိုင်း ကုန်းပတ်ဆီ ကြည့်နေသည်။ သင်္ဘောမှာ နောက်စက်ကိုသာလျှင် ခုတ်မောင်းနိုင်သည်။ ရှေ့သို့ မမောင်းရဲ မမောင်းဝံ့။ ရေတိုးသည့် အရှိန်နှင့် ရေလုံတံခါးနှင့် နံရံများ ပြိုကျမည်ကို စိုးရသည်။ ယခုပင် ရေသည် စက်ခန်းတွင်းသို့ စတင် ဝင်ရောက်ခဲ့ပြီ ဖြစ်သည်။ ဗိုလ်သန်းလွင်မှာ ပဲ့ပိုင်း စက်အမြောက် ဖောက်ခြင်းကို ကြီးကြပ်နေဆဲ ဖြစ်၏။

သင်္ဘောနစ်တော့မည်မှာ သေချာသည်။ အချိန်ပိုင်းမျှသာလျှင် ကျန်တော့သည်။ ကျွန်တော် ကြံရွယ်သည်မှာ အသက်ကယ် ဖောင်နှစ်စင်းကို ဝဲဘက်တွင် တစင်း၊

ယာဘက်တွင် တစင်း အဆင်သင့် ဖွင့်ထားလျက် လူအများကမူ နောက်ဆုံး အချိန်အထိ သဘော်ာ ပေါ်တွင်နေကြရန် ဖြစ်သည်။ ပင်လယ်ဟူသည်မှာ မပြောနိုင်။ ထို့အတူ သဘော်ာနစ်ခြင်း ဟူသည်မှာလည်း အတပ် မပြောနိုင်။ ပင်လယ်ပြင်သည် တခဏတွင်း လှိုင်းလေ ငြိမ်သက်သွားလျှင်လည်း သွားနိုင်သည်။ သို့ဆိုလျှင် တနည်း တလမ်းဖြင့် ကျွန်တော်တို့ သဘော်ာကို မနစ်မြုပ်စေရန် ပြုကောင်းပြုနိုင်မည်။ ထို့ပြင် သဘော်ာသည် လုံးဝ စုံးစုံးမြုပ်သော်မှ မြုပ်မည်။ သဘော်ာတနေရာတွင် လေခိုနေခြင်းကြောင့် ရက်ပေါင်းအတန်ကြာ ရေပေါ်တပိုင်းပေါ်၍ မျောနေတတ်သည့် သဘော်ာများ အကြောင်းကို ကျွန်တော် ကြားဖူးနားဝ ရှိခဲ့သည်။ သို့ဖြစ်ခဲ့လျှင် ကျွန်တော်တို့လူစုသည် ဖောင်ပေါ်တွင်နေကြကာ ဖောင်နှစ်စင်းကို သဘော်ာနှင့် တွဲချည်ထားခြင်းအားဖြင့် အခြား သဘော်ာများက မြင်နိုင်ခွင့်၊ အသက်ရှင်ခွင့် ပိုများမည်။ ထိုအကြံနှင့် ဖောင်တစင်းကို ကျွန်တော်က ဝဲဘက် ပဲ့ပိုင်းတွင် စမ်းသပ် အဖွင့်ခိုင်းခြင်းဖြစ်သည်။

"စမ်းသပ်အဖွင့်ခိုင်း' ဟု ဆိုခြင်းမှာ ဤ အသက်ကယ် ဖောင်မျိုးကို ယခင်က ကျွန်တော် အသုံးမပြုခဲ့ဖူး သည်သာမက မြင်ပင် မမြင်ဖူးခဲ့ချေ။

ကျွန်တော်သာ မဟုတ်၊ ဗိုလ်စောဦးလည်း ဖွင့်၍ မကြည့်ဖူးပေ။ သူသည် အသက်ကယ်ဖောင် ဖွင့်သည့် အညွှန်းကို ဖောင် ရစ်ပတ်ထုပ်ထားသည့် ပတ္တူစ ပေါ်တွင် ဖတ်ရှုပြီးနောက် ဖောင်ကြိုးစ သေးသေး တချောင်းကို ယူကာ သဘော်ာလက်ရန်းတိုင်တွင် ရစ်ပတ် ချည်နှောင် လိုက်သည်။ ထို့နောက် အနီးတွင်ရှိသော ရဲဘော်များ၏ အကူအညီဖြင့် ဖောင်ထုပ်ကို မက ပင်လယ်တွင်းသို့ ပစ်ချလိုက်တော့၏။

ဖုန်း' ခနဲ အသံ မြည်သံ ကြားရပြီးသည့်နောက်တွင် 'ရှူး' ဟူသော အသံရှည်ကြီး တမိနစ်ခန့် မြည်သံ ကြားရပြီးသည့်နောက် ကျွန်တော်တို့၏ မျက်စိရှေ့တွင်ပင် လိမ္မော်ရောင်ရှိသည့် ရော်ဘာဖောင်တခုသည် ပင်လယ်ပြင်ထက်တွင် မျက်လှည့်ပြလိုက်သည့်အလား ပွင့်ကား ထွက်ပေါ်လာတော့သည်။ လိမ္မော်ရင်ရင့်အရောင် အသက်ကယ်ဖောင် ဝိုင်းဝိုင်းကလေးသည် အပြာရောင်ရှိသည့် ပင်လယ်ပြင်၏ ဒေါသမာန်ထနေသော လှိုင်းလုံးများကြားတွင် ကိုယ်ဖော့ ဝပ်စင်းနေသည့် ငှက်တကောင် ပမာ ပေါ့ပါးစွာ မြူးထူး ကစားနေသည်။ ကျွန်တော်နှင့် ဗိုလ်စောဦးတို့ ရပ်ကြည့်နေစဉ် အခိုက်တွင်ပင် ဖောင်ဖွင့်ရာ အနီးပတ်ဝန်းကျင်တွင် ရှိသည့် ရဲဘော်များသည် ဖောင်တွင်းသို့ ခုန်ချသူက ခုန်ချ၍ ဒိုင်ဗင်ထိုးချသူက ထိုးချကြတော့သည်။ ပဲ့အိမ်တွင်းမှ ကြည့်နေသည့် ရဲဘော် တချို့က ပြေးထွက်လာကြသည်တွင် ကျွန်တော်က ပဲ့စင်ထက်မှ နေ၍ ...

"ဟေ့ကောင်တွေ လာကြ၊ မပြေးကြနဲ့၊ မဆင်းကြနဲ့" ဟု လှမ်းအော်သည်။ အသံ မဆုံးမီပင် သုံးလေးဦး ခုန်ချပြီးနှင့် ကြပြီ ဖြစ်သည်။

ဗိုလ်စောဦး ဘယ်သူမှ ဆင်းစေနဲ့၊ ဟော့ … မင်းတို့ကို ဘယ်သူက Abandon Shipအမိန့် ပေးလို့ဆင်းတာလဲ၊ ငါက ဖောင်ဖွင့်ကြည့်ခိုင်းတာပဲ ရှိသေးတယ်”

ကျွန်တော်က သင်္ဘော စွန့်ခွာရန် အမိန့်မပေးပါဘဲလျက် သင်္ဘောပေါ်မှ မဆင်းကြရသည်ကို သူတို့ သိရှိကြပြီးသား ဖြစ်သည်။ သို့သော် ကိုယ့်ခြေထောက်အောက်တွင် ရှိနေသည်က နစ်မြုပ်နေသည့် ရေယာဉ် တစင်း၏ ကုန်းပတ်။ ပင်လယ်တွင် မြင်ရသည်က ရေယာဉ်ထက် ပို၍စိတ်ချရမည် ထင်သော အသက်ကယ်ဖောင်တခု။ သူတို့၏ အသက်ရှင်နေထိုင်လိုမှု အသိသည် စည်းကမ်းကို မေ့လျော့ သွားစေခဲ့သည်။ ကြောက်စိတ်က လွှမ်းမိုးနေသည်။

'ပေ့ကောင်တွေ ပြန်တက်လာခဲ့ကြ၊ ဗိုလ်စောဦး သူတို့ကို သင်္ဘောပေါ် ပြန်တက်ခိုင်း'

ကျွန်တော်သည် မဖြစ်နိုင်သည်ကို ဗိုလ်စောဦးအား ခိုင်းမိလျက်သား ဖြစ်နေတော့၏။ လှိုင်းလုံးများက အသက်ကယ်ဖောင်ကလေးကို ငှက်မွေးပမာ၊ ဖော့ပမာ ဆော့ကစားနေတော့၏။ ဖောင့်သည် သင်္ဘော၏ နောက်ဘက်တွင် ရှိနေခိုက် လှိုင်းတလုံးက ပင့်တင်လိုက်သည်နှင့် သင်္ဘောကုန်းပတ်ထက် မြင့်စွာသော လှိုင်းထိပ်ဖျားသို့ တမုဟုတ်ချင်း ရောက်သွားသည်။ လှိုင်းထိပ်ဖျားတွင် ခေတ္တမျှ တန့်နေခိုက် ကြည့်လိုက်ရာ ဖောင်တွင်းရှိ ရဲဘော်တစု၏မျက်နှာကို ခေတ္တမျှ မြင်လိုက်ရသည်။ ကျွန်တော် မြင်တွေ့ရသည်နှင့် မှတ်မိလိုက်သည့် မျက်နှာတခုမှာ တလျှောက်လုံး လှိုင်းမူးနေ၍ အလုပ်တာဝန်ကိုပင် မထမ်းဆောင်နိုင်သည့် ခင်မောင်လတ်ပင် ဖြစ်နေတော့သည်။ သူသည် စောစောက ပွဲအိမ်တွင်းမှ ထွက်ပြေးခုန်ဆင်း သွားသူများအနက် တယောက်ဖြစ်သည်။ ကျန်ရှိသည့် ရဲဘော်များသည် အခိုက်အတန့်အားဖြင့်သာ သတိလစ်ဟင်း ကြမည်ဖြစ်သော်လည်း တာဝန်ရှိသည့် စစ်ရေယာဉ်မှူးက မည်သူမျှ မဆင်းကြရန် တိကျသော အမိန့်ကို ပေးလိုက်သည်နှင့် တပြိုင်နက် သူတို့ ဆက်ဆင်းရန် မကြိုးစားကြတော့ပေ။ သူတို့ စိတ်တွင် အမိန့်နှင့် တာဝန် ဝတ္တရားကို ချက်ချင်း သတိရကြစေသည်။

ဖောင်နှင့် သင်္ဘော လက်ရန်းတိုင်ကို တွဲချည်ထားသည့်ကြိုးမှာ ၁၀ ကိုက် ၁၅ ကိုက်မျှ ရှည်သည်။ အသက်ကယ်ဖောင်သည် ကြိုး၏ အဆုံးတွင် လှိုင်းထိပ်တက်လိုက် လှိုင်းကြား ဆင်းလိုက်နှင့် ရှိနေရာ ဖောင်ပေါ်ရှိ ရဲဘော်များမှာ မည်သည့်နည်းနှင့်မျှ သင်္ဘောပေါ် ပြန်တက်ရန် မဖြစ်နိုင်ကြတော့။ မထူနိုင်မထနိုင် ရှိကြသည်။ လူကို ခန့်မှန်းရေတွက်ကြည့်ရာတွင် အရာရှိတဦးမျှ မပါသည်ကို ကျွန်တော် တွေ့ရသည်။ အရာရှိမဆိုထား တပ်ကြပ်တဦးမျှပင် မပါရှိခဲ့။ ထို့ကြောင့် သူတို့ ပြန်တက်၍ မရတော့သည့် အတူ နောက်ဆုံးအချိန်တွင် သင်္ဘောကိုလည်း စွန့်ခွာရမည့်အတူ နောက်ဆုံးအချိန်ထိ မဆိုင်းတော့ဘဲ သူတို့ ဖောင်ပေါ်သို့ အရာရှိနှင့် တပ်ကြပ် တဦး အပြင် တပ်ကြပ်ကြီး တဦးကိုဖောင်ပေါ် တင်ပေးရန်

စီစဉ်ရတော့သည်။

'ကဲ ဗိုလ်ကြီး စောဦး၊ ခင်ဗျားလဲ အဲဒီဖောင်ပေါ် ဆင်းပေတော့၊ ကျွန်တော် နောက်တခု ထပ်ဖွင့်ပြီး သဘော်ာ ယာဘက်မှာ ချည်ထားမယ်၊ သဘော်ာနစ်ရင် ဖောင်နှစ်စင်းလုံး တွဲချည်ထား၊ တပ်ကြပ် မောင်အေးကိုလဲ ခင်ဗျားနဲ့အတူ ခေါ်သွား တပ်ကြပ်ကြီး ခင်မောင်ဝင်းလဲ ဆင်း၊ ဪ် နေဦး၊ နေဦး Log book (ကုန်းပတ် နေ့စဉ် မှတ်တမ်း စာအုပ်) မှာ သဘော်ာစွန့်ခွာကြောင်း ရေးထည့်ပေးလိုက်ဦးမယ်၊ နောက်ပြီး Chart (ရေကြောင်းသုံး မြေပုံ) ကိုလဲ ခင်ဗျားပဲ ယူသွားပေတော့"

ကျွန်တော် ကပ္ပာကသီနှင့် သဘော်ာ နစ်မြုပ်သည့် နေရာကို Chart ပေါ်တွင် ရေးမှတ်လိုက်ပြီး Log book တွင်ရေးထည့်ကာ စစ်ရေယာဉ်မှူး၏ လက်မှတ်ရေးထိုးလိုက်သည်။ အကယ်၍ ဗိုလ်စောဦး တယောက် ရှင်ကျန်နေခဲ့လျှင် သူ့တွင် တာဝန် မရှိစေရန် အတွက် ကျွန်တော့် အမိန့်နှင့် သဘော်ာစွန့်ခွာကြောင်း သူ့တွင် သက်သေခံ အထောက်အထား ရှိစေရန် ဖြစ်သည်။

ထိုစဉ် စက်ခန်းတွင်းမှ တပ်ကြပ်အောင်မြင့် ထွက်လာကာ "စီအို စက်မကြီးတွေ ရေဝင်ပြီး ရပ်သွားပြီ" ဟု သတင်းပို့သည်။

တိုက်ရေယာဉ် ၁၀၃ သည် ရေပေါ်တွင် ရှိသေးသော်လည်း အသက် မရှိပြီ။ လှုပ်ရှားနိုင်စွမ်း မရှိပြီ။နောက်ဆုံး အချိန်သည် မကြာမတင်တွင် မလွဲမသွေ ဆိုက်ရောက်တော့မည် ဖြစ်သတည်း။

"စက်ခန်းထဲမှာရှိတဲ့ ရဲဘော်တွေ အကုန် အပေါ်တက်ခိုင်း၊ ကိုင်း ... ဗိုလ်စောဦး ဆင်းပေတော့'

ဗိုလ်စောဦး မဆင်းမီတွင် ကျွန်တော်က သဘော်ာနှင့် အသက်ကယ်ဖောင် နီးလာခိုက် မှတ်တမ်း စာအုပ်နှင့် မြေပုံကို ဖောင်အတွင်း ပစ်ချလိုက်သည်။ ဖောင်ပေါ်ရှိ ရဲဘော်များက ဖမ်းယူကြ၏။ ဗိုလ်စောဦးသည် သူနှင့်အတူ ခေါ်သွားရမည့် တပ်ကြပ် မောင်အေးဘက်သို့လှည့်ကာ ...

'ကဲ မောင်အေး၊ မင်း အရင်ဆင်း'ဟု အမိန့်ပေးလိုက်သည်။

မောင်အေးသည် ခုန်ဆင်းမည်ဟန်ပြင်နေစဉ်တွင် လှိုင်းတလုံးက ဆောင့်လိုက်ခြင်းကြောင့် ဖောင်သည် သဘော်ာရှိရာမှ အဝေးသို့ လွင့်စဉ်သွားကာ ဖောင်နှင့် သဘော်ာ လက်ရန်းတိုင် ချည်ထားသော ကြိုးမှာ ထောက်ခနဲ ပြတ်ထွက်သွားတော့သည်။ ကြိုးပြတ်ထွက်သွားသည်ကို တွေ့ရသည်နှင့် တပြိုင်နက် ကျွန်တော်က ...

"ဟော့၊ သဘော်ာက ကြိုးတချောင်း ဖောင်ဆီကို ပစ်ပေးလိုက်" ဟု ကပ္ပာကသီ

ပြောသည်။ သဘော်ာကုန်းပတ်ပေါ်တွင် သဘော်ာကပ်လျှင် ချည်သည့် တလက်မခွဲပတ်လည် ရှိသော မနီလာ ကြိုးကြီးကိုပင် တပ်ကြပ်/စက် အောင်မြင့်က ကောက်ကာငင်ကာ ဖောင်ဆီသို့ ပစ်ပေးလိုက်သည်။ ပထမ တချီပစ်ရာတွင် ကြိုးသည် ဖောင်ဆီသို့ မရောက်။ ကြိုးစကို ပြန်သိမ်းပြီး ဒုတိယ တချီ ထပ်ပစ်သည်တွင် ကြိုးစသည် ဖောင်ပေါ်သို့ တည့်တည့်ကျသည်။ ဖောင်ပေါ်ရှိ ရဲဘော်တချို့ ကြိုးစကို ဖမ်းယူထားသည်။

ဟော့ .. မင်းတို့ဆီက ကြိုးစကို မြဲမြဲကိုင်ထား၊ တို့ ဒီက ဆွဲယူမယ်'

ဗိုလ်စောဦးက အော်ပြောက ကြိုးကို ဝိုင်းဆွဲကြသည်။ အသက်ကယ်ဖောင်သည် ကြိုးစတဖက်မှ တဖြည်းဖြည်း ပါလာသည်။လှိုင်းများကလည်း သောင်းကျန်းမြဲ သောင်းကျန်းနေသည်။ ထိုစဉ်တွင် ...

“ဟာ…ကြိုးစ လွတ်ထွက်သွားပြီဟေ့”

ဟု အလန့်တကြား အော်သံကြားလိုက်ရသည်။ ကြိုးစသည် ကျွန်တော်တို့၏ ဆွဲနေသူများဘက်မှ မလွတ်။ အသက်ကယ် ဖောင်ပေါ်တွင် ကိုင်ထားသည့်ဘက်မှ လွတ်ထွက်သွားခြင်း ဖြစ်သည်။

'ဟေ့ ... ပြန်ပစ် ... ပြန်ပစ်”

ကြိုးစကို ပြန်သိမ်းပြီး ထပ်မံ၍ ကြိုးပစ်ပေးရန် ကြိုးစားကြသည်။ သို့သော် လှိုင်းကြောင့် ဖောင်သည် ပစ်၍ မမီနိုင်တော့သည့် အကွာအဝေးသို့ ရောက်သွားပြီ ဖြစ်၏။ နောက်တချီ ထပ်ပစ်သော်လည်း မမီတော့။ လက်လျှော့ကြရသည်။ လိမ္မော်ရင့်ရောင် အသက်ကယ်ဖောင်မှာ လှိုင်းလုံးကြီးများထက် တက်လာသောအခါ မြင်ရလိုက်၊ လှိုင်းကြား ရောက်သွားသောအခါ မမြင်ရလိုက်နှင့် ပေါ်ချည် ပျောက်ချည် ဖြစ်နေသည်။ တိုက်ရေယာဉ် ၁၀၃ မှာ သူ့နောက်သို့ လိုက်ဆယ်ရန် စက်အင်အား လုံးဝ မရှိတော့။ အကူအညီမဲ့သူကို မလှုပ်ရှားနိုင်သူက လက်ပိုက်ကြည့်နေရတော့၏။ တပ်ကြပ်မောင်အေးနှင့် ဗိုလ်စောဦးတို့မှာလည်း ဖောင်တွင်းသို့ မဆင်းနိုင်ခဲ့ကြ။ ၎င်းဖောင်ထက်တွင် အကြပ်၊ အရာရှိ ဟူ၍ တယောက်မျှ ပါမသွား၊ ဖောင်ငယ်သည် ကျွန်တော်တို့ ကြည့်ဆဲ မိနစ်ပိုင်း အတွင်းတွင်ပင် မြင်ကွင်းမှ ပျောက်ကွယ်သွားခဲ့တော့သည်။ နောက်ထပ်လည်း အဆိုပါ အသက်ကယ်ဖောင် သော်လည်းကောင်း၊ ဖောင်ပေါ်တွင် လိုက်ပါသွားခဲ့ကြသည့် လူများကို သော်လည်းကောင်း မည်သူမျှ မတွေ့ကြတော့ပေ၊

ပထမဖောင် မြင်ကွင်းမှ ပျောက်သွားသည်ကို ပူဆွေးနေရန်၊ ဝမ်းနည်းနေရန်အတွက် ကျွန်တော့်တွင် လုံးဝ အချိန် မရှိခဲ့ချေ။ ပဲ့ပိုင်းမှ အမြောက်သည်လည်း ဆက်လက်၍ ပစ် မရတော့ခြင်းကြောင့် ရပ်ဆိုင်းထားလိုက်ရသည်။ တိုက်ရေယာဉ် ၁၀၃ သည်

သူ၏ အသက်ဖြစ်သော စက်သံ၊ သူ၏ အသက်ကို ကယ်ပါရန် အကူအညီ တောင်းခံသည့် အမြောက်သံများ လုံးဝ ဆိတ်သုဉ်းသွားတော့သည်။ ဦးပိုင်းသည် ရေအောက်တွင် လုံးဝ စိုက်ဝင်နေပြီ ဖြစ်ခြင်းကြောင့် ပဲ့ပိုင်းမှာ ဒီဂရီ ၃၀ မျှ ထောင်ကာ ရေပေါ်တွင် ပေါ်နေသည်။ ဤ အနေအထားတွင် ရေယက်ပန်ကာ နှစ်လုံး သည်လည်း ရေမျက်နှာပြင်ပေါ်တွင် ပေါ်နေလောက်ပြီ ဖြစ်သည်။

'ကဲ … ဗိုလ်စောဦး၊ ကျုန်တဲ့ဖောင်ကို ဖွင့်ပေတော့ သင်္ဘောပေါ်မှာ ရှိတဲ့ ပျဉ်ချပ်၊ သောက်ရေပုလင်းတို့ကိုလဲ ရသမျှ ယူပြီး ခင်ဗျား ဆင်းနှင့်ပေတော့ အခု Abandon Ship အမိန့်ကို ပေးပြီ' ဟု ဆိုကာ ကျွန်တော်သည် ပဲ့စင်အောက် တည့်တည့်ရှိ အရာရှိအိပ်ခန်းအတွင်းသို့ ဆင်းသွားသည်။

ဗိုလ်ကြီး စောဦးနှင့် ဗိုလ်သန်းလွင်တို့ ကြိုးကြပ်၍ ဖောင်ဖွင့်ရန် ပြင်ဆင်နေကြသည်။

ပဲ့စင်ထက်က Compass (သံလိုက်အိမ်မြှောင်) ကို ဖြုတ်ယူခဲ့ဗျာ' ဟု ကျွန်တော်က ပြောပြီး အောက်သို့ ဆင်းလိုက်၏။ အခန်းတွင်းဝယ် ရေသည် ရင်ဆို့တိုင် ရှိနေပြီ ဖြစ်၏။ ကျွန်တော် ဆင်းလာခဲ့ခြင်းမှာ မီးခံသေတ္တာတွင်းမှ ပစ္စည်းများ ယူဆောင်ရန် ဖြစ်သည်။

လည်ပင်းတွင် ကြိုးနှင့် ချိတ်ဆွဲထားသည့် မီးခံသေတ္တာသော့ကို ယူကာ မီးခံသေတ္တာကို ဖွင့်လိုက်၏၊ မီးခံသေတ္တာတွင်းဝယ် တပ်ဆောင်ငွေကျပ် ၄၅၉၀ ကျော်နှင့် ကျွန်တော့် မိတ်ဆွေများ ပေးလိုက်ငွေ ကျပ် ၆၀၀ ရှိသည်။ ထိုငွေများကို ကျွန်တော်၏ ဂျာကင်အင်္ကျီတွင်း ထည့်လိုက်သည်။ တပ်မှ ထုတ်ပေးထားသည့် ဒသမ ၄၅ ခြောက်လုံးပြူး နှစ်လက်ကို ကျွန်တော့် ခါးတွင် ထိုးလိုက်သည်။ ထိုစဉ်ခိုက် တစုံတဦးက ကျွန်တော့်ကျောကို ပုတ်လိုက်သည့်နှယ် ခံစားရခြင်းကြောင့် နောက်သို့ လှည့်ကြည့်လိုက်သည်တွင် အခန်းထောင့်မှ ရေခဲသေတ္တာကြီးမှာ အောက်ခြေမှ ကွာကာ ရေပေါ်တွင် ပေါလောမျောနေရာမှ ကျွန်တော့် နောက်ကျောကို ဝင်တိုးခြင်း ဖြစ်ကြောင်း သိလိုက်ရ၏။

ကျွန်တော့်စိတ်တွင် တစုံတရာ ထူးခြားစွာ ပေါ်လာသည်။ ဤသင်္ဘော၊ နိုင်ငံတော် အစိုးရပိုင် သင်္ဘော၊ တန်ဖိုး ရှိလှသည့် စက်ကြီးများ၊ စက်အမြောက်ကြီးများ လက်နက်ငယ်များ သိန်း သုံးလေးဆယ်မက တန်သည်။ ဤမျှ တန်ဖိုးကြီးမားသည့် ပစ္စည်းများကို အဆုံးခံလိုက်ရပြီး ခါမှ ကျွန်တော်သည် အဘယ်ကြောင့် ဘာမဟုတ်သည့် ငွေကလေး ငါးထောင်ကျော်နှင့် ခြောက်လုံးပြူးနှစ်လက်ကို မက်နေရပါသေးသနည်း။ ကျွန်တော့် စိတ်သည် ရုတ်ခြည်း ပြောင်းလဲသွားတော့သည်။ ငွေများကိုလည်း မီးခံသေတ္တာတွင်း ပြန်ထည့်လိုက်သည်။ ခြောက်လုံးပြူးနှစ်လက်ကိုလည်း မီးခံသေတ္တာတွင်း ပစ်သွင်းလိုက်ပြီး မီးခံသေတ္တာကို သော့ပြန်ခတ်ထားခဲ့ကာ လာရင်းကိစ္စ

မပြီးမြောက်ဘဲ ကုန်းပတ်ထက် ပြန်တက် လာခဲ့တော့သည်။ ကုန်းပတ်ထက်တွင် ရောက်သည်ဆိုလျှင်ပင် မီးခံသေတ္တာသော့ကို ပင်လယ်တွင်း ပစ်ချလိုက်မိတော့သည်။

ကုန်းပတ်ထက်တွင် မည်သူမျှ မရှိကြတော့။ ဗိုလ်ကြီးစောဦး၊ ဗိုလ်သန်းလွင်နှင့် အဖွဲ့သည် ဖောင်ပေါ်သို့ ရောက်နှင့် နေကြပြီ ဖြစ်သည်။

'စီအို၊ လာပါ၊ ဆင်းပါ တော့ သင်္ဘော နစ်တော့မယ်'

သူတို့က ကျွန်တော့်အား အော်ခေါ် နေကြသည်။ ကျွန်တော်သည် သူတို့နည်းတူ ဖောင်တွင်းသို့ ဆင်းရန် လုံးဝ ဆန္ဒ မရှိပါ။ သူတို့မှာ ကျွန်တော့်အမိန့်ကြောင့် ဆင်းကြရခြင်း ဖြစ်သည်။

“ဗိုလ်စောဦး၊ ခင်ဗျားပဲ သွားတော့ဗျာ၊ ကျွန်တော် နေရစ်ခဲ့တော့မယ်'

ကျွန်တော် မူရာမူယာ လုပ်နေခြင်း မဟုတ်။ ကျွန်တော့်စိတ်တွင် အဖိုးတန်လှသည့် နိုင်ငံတော်ပိုင် သင်္ဘောကို မစွန့်ပစ်ရက်သည့်အတွက် ဆက်နေလိုသေးခြင်း ဖြစ်သည်။ ထိုမျှသာ မကသေး ကျွန်တော်၏ ပထမဦးဆုံးသော အုပ်ချုပ်မှု၊ နောက်ဆုံးသော စစ်ရေယာဉ်မှူး၊ ကျွန်တော်၏ ဂုဏ်သရေ။

ရေယာဉ်မှူးများသည် သူတို့၏ သင်္ဘောနှင့် လိုက်ပါ အသေခံကြသည်ဆိုခြင်းမှာ ရူးနှမ်းခြင်း၊ သူရဲကောင်းဆန်ခြင်း မဟုတ်သည်ကို ထိုတဒင်္ဂတွင် ကျွန်တော် နားလည်လိုက်သည်။လောကတွင် ဂုဏ်သရေ ချို့ငဲ့ခဲ့လျှင် ဆက်လက်၍ အသက်ရှင် နေခြင်းမှာ မထိုက်လှသည် ဖြစ်၏။

“စီအို ... လာပါ၊ စီအို မပါရင် ကျွန်တော်တို့ ဘယ်လို လုပ်မလဲ'

ထိုအသံသည် ကျွန်တော့်အား အိပ်မက်ကမ္ဘာမှ လှန့်နိုးလိုက်သလို ရှိတော့၏။ “ စီအို မပါရင် ကျွန်တော်တို့ ဘယ်လို လုပ်မလဲ” တဲ့။ မှန်ပေသည်။ သူတို့တတွေတွင် ကျွန်တော်သည် အသက်အားဖြင့် အကြီးဆုံး၊ ရာထူး တာဝန်အားဖြင့်လည်း အကြီးဆုံးဖြစ်သည်။ သူတို့သည် ကျွန်တော့်ကို အားကိုးကြသည်။ မျှော်လင့်ချက် ထားကြသည်။ ယခုလို ဒုက္ခရောက်ချိန်ကျမှ ကျွန်တော်သည် သူရဲကောင်းဆန်စွာ၊ ရူးပေါ ပေါ နိုင်စွာဖြင့် သူတို့အား စွန့်ခွာ သင့်ပါသလော။ ကျွန်တော့်တာဝန်သည် မပြီးဆုံးသေး။ သူတို့အား ကျွန်တော် တတ်နိုင်သမျှ အသက်ချမ်းသာစေရန် ဆောင်ရွက်ပြီးခါ မှပင် ကျွန်တော့် တာဝန်ကျေပေမည်။

ကျွန်တော်က သင်္ဘောရွက်တိုင်ထိပ်ကို တချက်မော့ကြည့်လိုက်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ရေတပ်အလံသည် တိုင်ထိပ်တွင် တဖျပ်ဖျပ် လှုပ်ကစားလျက်ရှိသည်။ ကျွန်တော်က အလံကို အလေးပြုလိုက်ပြီးနောက်

ကပျာကယာ ဆွဲချကာ ရင်ခွင်တွင်း ထိုးသွင်းလိုက်သည်။ထို့နောက် သဘော်ာ ပွဲပိုင်း ကုန်းပတ်တွင် ရပ်ကာ တိုက်ရေယာဉ် ၁၀၃ ကို နောက်ဆုံး အလေးပြုလိုက်ပြီးနောက် ဖောင်တွင်းသို့ ခုန်ဆင်းလိုက်တော့၏။ အချိန်မှာ နံနက် ၉ နာရီသာသာတွင် ဖြစ်သည်။ နေ့စွဲမှာ ၁၉၅၆ ခု၊ နိုဝင်ဘာလ ၂၉ ရက်နေ့။

၅။ ၁၉၅၆ ခု၊ နိုဝင်ဘာလ ၂၉ ရက်။

ဖောင်ပေါ်သို့ ခုန်ဆင်းလိုက်သည်။ သို့ရာတွင် ဖောင်ပေါ်သို့ ကျွန်တော် မကျပါ။ ဖောင်ပေါ်တွင် ရောက်နှင့်နေပြီးသည့် လူများ အပေါ်သို့သာ ကျရောက်ခြင်း ဖြစ်သည်။ ဖောင်ပေါ်တွင် လူတွေက ပြည့်ညပ်သိပ်နေသည်။ ဖောင်ပေါ်ရှိ လူများက ကျွန်တော့်အတွက် နေရာ လုပ်ပေးသည်။ သူတို့ မည်မျှပင် စေတနာထားကြစေကာမူ နေရာက မရှိပါ။ ဗိုလ်ကြီးစောဦးက ဖောင်ကြိုးကို ဖြုတ်လိုက်သည်နှင့် တပြိုင်နက် ဖောင်သည် လှိုင်းတချက် အရိုက်တွင် သင်္ဘော ဘေးမှကွာထွက်လာတော့သည်၊ နောက်လှိုင်းလုံး တချက် နှစ်ချက်မျှ ဆက်လာသည်၌ အသက်ကယ်ဖောင်သည် သင်္ဘောမှ ဝါးနှစ်ရိုက်ခန့် အကွာသို့ ရောက်ရှိသွားတော့သည်။ ဤတွင် ကျွန်တော်တို့ အားလုံး သင်္ဘောကို ကောင်းစွာ မြင်ကြရသည်။

သင်္ဘောသည် ဦးမှ ခါးပိုင်းအထိ ရေတွင် စိုက်နေပြီး ပဲ့ပိုင်း တခုလုံးမှာ ရေပေါ်တွင် ထောင်နေကာ ရေယာဉ် ဝင်ရိုးနှင့် ရေယက်ပန်ကာများကို ကောင်းစွာ မြင်ကြရသည်။ သင်္ဘောဝန်းကျင်တွင် သစ်သား အတိုအစများ၊ မွေ့ရာ၊ ခေါင်းအုံးများနှင့် စည်ပိုင်းအလွတ်များ ဝိုင်းလည် ပတ်ရံ နေကြသည်။ အားလုံးသည် စကား မပြောနိုင်ကြ။ မျက်ရည် ဖုံးသော မျက်လုံးများဖြင့်သာ သင်္ဘောကို လှမ်းမျှော် ကြည့်နေမိကြသည်။

"ဟော ... နစ်ပြီ နစ်ပြီ"

တစုံတဦးက တစ်ဆို့သော အသံနှင့် ပြောလိုက်။ သင်္ဘောသည် ပဲ့ထောင်သည်ထက် ထောင်ကာ ကျွန်တော်တို့အား နှုတ်ဆက်ခဲ့သည့်အလား သူ့ ပဲ့ပိုင်းကို တပတ်တိတိ လည်ပြပြီးနောက် ပင်လယ်ပြင် အောက်သို့ စုံးစုံး နစ်မြုပ်စိုက်ဆင်းသွားတော့။ မည်သူ့ထံမှ ဟူ၍ မသိရ၊ ရှိုက်သံ များ ဆင့်ကဲဆင့်ကဲ ပေါ်လာသည်။

'ကဲဟေ့ ဟို ဖောင်ကို ကြည့်ကြစမ်း၊ ရှာကြည့်ကြစမ်း'

ဗိုလ်သန်းလွင်က သင်္ဘောပေါ်မှ မှန်ပြောင်းကို ယူလာခဲ့သည်။ သူက ဖောင်ပေါ်တွင် မတ်တပ်ရပ်ကြည့်ရန် ကြိုးစားသည်။သို့သော် ရပ်၍ မရ။ လှိုင်းများကြားတွင် ဖောင်မှာ ဖြောင်းဆန်နေသည်။ သူက တတ်နိုင်သမျှ ကိုယ် အနေအထားမြင့်ကာ ရှေ့နောက် ဝန်းကျင် ပတ်ပတ်လည် အရိပ်အယောင်မျှ မမြင်ရ၊ ကြည့်သည်။ အရိပ် 'ဘာမှ မတွေ့ဘူး စီအို' သူက သတင်းပို့။

"သေကုန်ကြပြီ ထင်ပါတယ်"

တစုံတဦးက အားငယ်စွာ မှတ်ချက်ပေးသည်။

'ဘာလို့ သေရမှာလဲကွ၊ သူတို့လဲ မင်းတို့ ငါတို့လို ဖောင်ပေါ်မှာ ရှိနေမှာပေါ့ တို့မြင်ကွင်းက ကျဉ်းနေပြီး လှိုင်းလုံးတွေ ကြားခံနေလို့သာ မမြင်ရတာ ဖြစ်မှာ ကျွန်တော်က ယခုအချိန်တွင် 'သေ' စကားကို လုံး၀ အပြောမခံနိုင်။

'ကဲ ... ဗိုလ်စောဦး၊ လူစေ့ရဲ့လား ရေကြည့်စမ်းပါ”

“စေ့ပါတယ် စီအို ကျွန်တော်တို့ ဖောင်ပေါ်မှာ ၁၈ ယောက်၊ ဟိုဖောင်ပေါ်မှာ ပါသွားတာ ကိုးယောက်၊ စုစုပေါင်း ၂၇ ယောက်” ဟု သူက သတင်းပို့သည်။

“ဟိုကောင် ခင်မောင်လတ် လှိုင်းမူးတယ် ဆိုပြီး ဘယ်အချိန်က လှစ်ခနဲ ပြေးဆင်းသွားတယ် မသိဘူး မြန်လိုက်တာ” ဟု ကျွန်တော် ပြောသည်။

“ကျွန်တော်လည်း တားချိန် မရလိုက်ဘူး စီအို၊ နီးရာလူတွေက ဘာမှ မပြောဘဲ ခုန်ချသွားကြတာပဲ၊ ကျွန်တော်တို့ သင်္ဘောက ထမင်းချက် ထွန်းကြည် တပ်သား မောင်စိုးနဲ့ တပ်သား ရိုဖေးရီးယိုး ပါသွားတယ်၊ အဲ နောက်ပြီး တပ်သား အေးရီလဲ ပါသွားတယ်'

ကျွန်တော့်ဖောင်ပေါ်တွင် ကျွန်တော့် ရဲဘော်များအပြင် မြိတ်သို့ ခရီးကြုံလိုက် ရဲဘော်များ ပါလာသည်။ တချို့ တ၀က်မှာ တခြား ဖောင်ပေါ်တွင် ပါ သွားသည်။

“သောက်ရေ ယူခဲ့နိုင်သေးသလား”

'ရမ် ထည့်တဲ့ ဂျားကြီး (Jar) ကို အထဲက ကျန်တဲ့ ရမ်တွေ သွန်ပြီး နည်းနည်း ထည့်ယူလာနိုင်ခဲ့တယ်၊ နောက် စည်ပိုင်းထဲမှာလဲ ဆားရေတွေ ၀င်နေလို့ သောက်မရဘူး၊ ရှေ့ပိုင်းလဲ ဘယ်သူမှ မသွားနိုင်ဘူး စီအို၊ အသက်ကယ်ဗောသုံးကွင်းပဲ ဖြုတ်ယူလာချိန် ရတယ်”

ဗိုလ်စောဦးက ရှင်းပြသည်။

'အဲဒီ အသက်ကယ်ဗော သုံးခုကို ကြိုးနဲ့ ချည်ဗျာ၊ တခုနဲ့ တခု ၁၀ ပေ အကွာလောက်မှာချည် နောက်ပြီး ဖောင်နဲ့ တွဲချည်ထားလိုက်'

ဗိုလ်စောဦးသည် ကျွန်တော် ညွှန်ကြားသည့် အတိုင်း ဗောများကို ၁၀ ပေ အကွာခန့်တွင် ထားကာ တွဲချည်ပြီး ပင်လယ်တွင် ပစ်ချကာ ကြိုးတဖက်စကို ဖောင်တွင် ခိုင်မြဲစွာ ချည်ထားလိုက်သည်။ အသက်ကယ်ဖောင်နှင့် မကွာမလှမ်း၌ ဗောသုံးခု မျောကာ လိုက်ပါနေသည်။

စောစောက အတန်ထင်ရှားစွာ မြင်နေရသည့် မော့စကော့ ကျွန်းစုမှာ ကျွန်တော်တို့

ဖောင်ထက်မှ ကြည့်သော် မိုးကုပ်စက်ဝိုင်း၏ နောက်တွင် ရေးရေးမျှသာ မြင်နိုင်စွမ်းသည်။

“ဒီမှာ အားလုံးနားထောင်၊ တို့ဖောင်ဟာ အခုမြင်နိုင်နေရတဲ့ ကျွန်းနဲ့ သိပ်မဝေးဘူး၊ အလွန်ဆုံး ရှိလှမှ မိုင် ၂၀ ပဲ၊ ဒီတော့ အဲဒီ ကျွန်းကို တို့ရောက်အောင် ကြိုးစား လှော်ခတ်ရမယ်၊ သင်္ဘောက ယူလာတဲ့ ပျဉ်ပြားရှိတယ် မဟုတ်လား'

'နှစ်ချပ် ရှိတယ် စီအို'

'အေး အဲဒါကို လှော်တက် အဖြစ် အသုံးပြုပြီး တတ်နိုင်သမျှ ကျွန်းဆီ ရောက်အောင် တယောက် တလက်စီ လှော်ကြရမယ်၊ ကဲ ပျဉ်ပြားတွေ ပြစမ်း”

ပျဉ်ပြားများကို ကျွန်တော် ကြည့်လိုက်သည်တွင် ပျဉ်ပြားများ သင်္ဘောပေါ်ရှိ သေတ္တာတခုမှ ကပျာကသီခုတ်ဖျက် ယူလာခဲ့သည်ကြောင့် သံချောင်း တချောင်းထောင် ထွက်လျက် ရှိနေသည်။ ဤတွင် ကျွန်တော်သည် အန္တရာယ်ကို စိုးရိမ်ကာ “ဒီ သံချွန်ကို မရ ရအောင် နုတ်ပစ်ကွာ အန္တရာယ် ရှိတယ်၊ တို့ ဖောင်ကို ပေါက်ပြီး လေထွက်သွားမှာ စိုးရတယ်”

သူတို့သည် သံကို မရ အရ နုတ်ကာ ပစ်လိုက်၏။

“နောက်ပြီး မင်းတို့မှာ စစ်ဖိနပ် ဘယ်သူစီးထားသလဲ၊ စီးထားတဲ့လူ ရှိရင် ချွတ်ပြီး ရေထဲ လွှင့်ပစ်လိုက်ကြစမ်း”

စက်ခန်းမှ ရဲဘော်များမှာ ဒီဇယ်ဆီ ပေကျံသည်ကြောင့် စစ်ဖိနပ် အစီးများကြသည်။ ဖိနပ် နှစ်ရံ သုံးရံကို ပင်လယ်တွင်း ပစ်ချလိုက်ကြသည်။ သင်္ဘောပေါ်တွင် ရှိစဉ်က သောက်ရေယူရာတွင် မည်သူက သံချောင်းပုံးကို သုံး၍ သောက်ရေယူသည် မသိ။ ယခု သံချောင်းပုံးတွင်းရှိ ရေများမှာ လုံးဝသောက်၍ မရသော ဆားငန်ရေအဖြစ်သို့ ရောက်နေပြီ ဖြစ်သည်။

'ဟေ့ ... ဒီပုံးစုတ်ကြီးကလဲ ရှုပ်လှတယ်၊ ပစ်ချလိုက်စမ်း'

“ဟာ အသုံးကျချင် ကျမှာ စီအို၊ နေပါစေလား'

'ဘယ်ကလာ အသုံးကျရမှာလဲ ကွာ၊ ပစ်သာ ချလိုက်၊ နေဦး နေဦး ပစ်မချခင် အားလုံး တယောက် တချက်စီ အဲဒီ သံပုံးကို ဝိုင်းကန်ကြစမ်း'

သူတို့သည် ကျွန်တော် ဘာကြောင့် ကန်ခိုင်းသည်ကို မသိကြသော်လည်း တယောက် တချက်စီ ဝိုင်းကန်ကြပြီးနောက် ကျွန်တော်က 'ကဲ မကောင်းတဲ့ ဘေးရန် သွားရော့ကွာ ” ဟု ပြောကာ ပင်လယ်တွင်း ပစ်ချလိုက်ကြသည်။ ကျွန်တော့်တွင် အနည်းအကျဉ်းမျှတော့ အစွဲရှိသည်။ ထိုအစွဲမှာ Kick the bucket

ဟူသော အင်္ဂလိပ် ဝေါဟာရ၏ အစွဲမှ လာသည်။ အင်္ဂလိပ် အီဒီယမ် အလိုအားဖြင့် Kick the bucket ဆိုသည်မှာ သေဆုံးသည် ” ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် ထိုစကားအစွဲကို ကျွန်တော်က ယတြာချေသည့် သဘောနှင့် သံပုံးကို ဝိုင်းကန်ကြစေခြင်း ဖြစ်သည်။ သို့သော် သူတို့ကို အဘယ်ကြောင့် ဟူ၍ ရှင်းမပြခဲ့။

ယခု ဆက်လက်မရေးသားမီ ကျွန်တော်တို့၏ အသက်ကယ်ဖောင် အနေအထားကို ရှင်းပြရန် လိုပေမည်။

အသက်ကယ်ဖောင်ကို အင်္ဂလန်ပြည် အာရ်အက်ဖ်ဒီ (R.F.D) ကုမ္ပဏီမှ ပြုလုပ်သည်။ အထူးသဖြင့် ခရီးသည်တင် လေယာဉ်များတွင် အရေးပေါ် အသုံးပြုရန် ဖြစ်သည်။ ဖောင်ကို ရော်ဘာဖြင့် ပြုလုပ်ထားလျက် နိုင်လွန်ဖြင့် ဖုံးအုပ်ထားသည်။ ပုံသဏ္ဌာန်မှာ အဝိုင်းဖြစ်လျက် အချင်းမှာ ၆ ပေခန့် ရှိသည်။ ကျွန်တော်တို့ ဖောင်သည် လူခြောက်ယောက် စီးရန်သာ ဖြစ်သည်။ ခြောက်ယောက် ဝိုင်းထိုင်လျက် လုံလောက်စွာ ကျယ်ဝန်းသည် ဆိုရမည် ဖြစ်သည်။

ဖောင်ကို လေသွင်း မှုတ်ထားခြင်းဖြင့် ရေပေါ်တွင် ပေါ်စေသည်။ ဖောင်အောက်ခြေ အဝိုင်းတဆင့်၊ ၎င်းပေါ်တွင် အထက်ခြေ အဝိုင်းတဆင့် ရှိသည်။ အောက်ခံဖင်ထိုင်မှာ နိုင်လွန် ရော်ဘာကြမ်းပြင် ဖြစ်သည်။ အထက်ပိုင်း အဆင့်ဝိုင်းတွင် ပေါင်းမိုးငယ်ကို ဖြစ်စေသည်။ ပေါင်းမိုးတဖက် တချက်စီတွင် ဖောင်တွင်းသို့ ဝင်ရန် ထွက်ရန်အတွက် တံခါးပေါက် သဖွယ်ဖြစ်သည့် တိုးလျှိုပေါက် တစုံရှိသည်။ အမိုးထိပ်တွင် ချိုင့်ငယ်တခု ပြုထား၏ ။ ဖောင်အမိုးပေါ်ရှိ ချိုင့်ဝှမ်းငယ်မှာ မိုးရွာလျှင် သောက်ရေခံရန် ဖြစ်သည်။

ဖောင်၏ အောက်ခြေတွင် သိပ်သည်းသည့် လေကို ထည့်သွင်းထားသည့် လေအိုးငယ်တခု ကပ်လျက် ရှိနေသည်။ လေအိုးငယ် အတွင်းတွင် ဖောင်ပွင့်စေရန်နှင့် လေသွင်း၍ စွင့်ကားလာစေရန်အတွက် လေကို သိပ်သည်းစွာ ထည့်ထားခဲ့ကြသည်။ ကျွန်တော်တို့ ဖောင်ကို ဖွင့်စဉ်က ကြိုးစငယ်တခုကို သဘော်လက်ရန်းတွင် ချည်၍ ဖောင်ကို ရေတွင်ပစ်ချလိုက်ရာ ဖောင်ပွင့်စေသည့် လေအိုးမှ အဖွင့်ဘားကို ကြိုးက ဆောင့်ဆွဲလိုက်သည်ကြောင့် လေအိုးတွင်းတွင် ဖိနှိပ်ထည့်ထားသည့် လေထု (Compress Air) များ ဖောင်၏ နံဘောင်နှင့် အမိုးအကန့် (Chambers) များ တွင်းသို့ တဟုန်ထိုး တိုးဝင်သွားသည်။ လေအိုးသည် တခါသုံး သာလျှင် ဖြစ်၏။

ဖောင်မှာ အက်စကီးမိုး လူမျိုးများနေသည့် ရေခဲအိမ် (အစ်ဂလူး) ၏ ပုံစံနှင့် တူသည်။ သို့မဟုတ် ပေါင်မုန့်ဖိုငယ် တခုနှင့် တူသည်။ အစ်ဂလူးတွင် အပေါက် တပေါက်သာလျှင် ရှိခြင်းနှင့် ဖောင်တွင် လူဝင်ပေါက် နှစ်ပေါက် ပါရှိခြင်း တို့သာ ကွာခြားသည်။ ဖောင်၏ အောက်ခြေပိုင်းသည် အနက်ရောင်ဖြစ်၍ အထက်ပိုင်း

တခုလုံးမှာ လိမ္မော်ရင့်ရောင် အနီဖြစ်သည်။ ပင်လယ်ပြာတွင် အဝေးမှ ထင်ရှားစွာ မြင်နိုင်သော အရောင်ဖြစ်သည်။ ရေမျက်နှာပြင်ထက်တွင် ဖောင်အမြင့်မှာ ထိပ်ဆုံးပိုင်းမှသည် ငါးပေမျှ ရှိပေလိမ့်မည်။

ဖောင်ပေါ်တွင် ထိုင်နေသူ တဦးနှင့် ရေမျက်နှာပြင်မှာ တပေသာသာ ရှိသည်။ လူတဦးသည် အချိန်မရွေး ပင်လယ်ပြင်ကို သူ့လက်နှင့် ထိတွေ့စမ်းနိုင်သည်။ ဖောင်ပတ်လည်တွင် လူတွဲမှီရန်အတွက် ကြိုးများနှင့် ဝိုင်း၍ ဆိုင်းထားသည်။

ဖောင်၏ ပုံသဏ္ဍာန်မှာ တိကျသော အဝိုင်း စက်စက် ဖြစ်သည်။ အသက်ကယ်ဖောင်လုပ်သည့် ကုမ္ပဏီက ဤဖောင်ကို လူ ခြောက်ယောက် စီးရန်ဟု သတ်မှတ်ထားသည်။ ယခု ဤဖောင်ပေါ်တွင် ကျွန်တော်တို့ လူစု တဆယ့်ရှစ်ယောက် တိတိ ရှိနေကြသည်။ လူနေအထားနှင့် ဖောင် အကျယ် အဝန်း မမျှသည်ကြောင့် ဖောင်ပေါ်တွင် လူချင်း ထပ်သိပ်ဖိနေကြသည်။ သို့ကြောင့် သဘော်စွန့်ခွာခဲ့စဉ်က ကျွန်တော် ခုန်ဆင်း လိုက်သည်တွင် ကျွန်တော့် ရဲဘော်များ အပေါ်ကျသွားခြင်း ဖြစ်သည်။ လူက နှစ်ထပ်မက သုံးထပ်မျှ ဖြစ်နေသည်။

ဤသို့ ဆက်နေရန် မဖြစ်နိုင်သောကြောင့် ကျွန်တော်က အစီအစဉ် တခုပြုရတော့သည်။

“ပထမဆုံး လူအားလုံး ရေထဲဆင်းကြစမ်းဟေ့၊ ဆင်းပြီးရင် ဖောင်ဘေးက ကြိုးတွေကို ကိုင်ထားကြ တချို့က ဟိုက တွေ့ရတဲ့ အသက်ကယ်ဗောကို တွယ်ထား ဗိုလ်စောဦး၊ ဗိုလ်သန်းလွင်တို့က ရှေ့က ဆင်းသွားကြသည်။ သူတို့နောက်သို့ ရဲဘော် အများစုလည်း ဆင်းလိုက်သွားကြ၏။ သူတို့သည် အသက်ကယ်ဗောကို တွယ်နေသူက တွယ်လျက် ဖောင်ပတ်လည်ကို တွယ်သူက တွယ်နေကြ၏။ ဖောင်ပေါ်တွင် ရဲဘော် နှစ်ဦး သုံးဦး နှင့် ကျွန်တော် ကျန်ရှိနေကြသည်။

“ကျွန်တော် ရေမကူးတတ်ဘူး စီအို'

သူတို့ အနက်မှ တယောက်က ကြောက်ကြောက်လန့်လန့်နှင့် ပြန်ပြောသည်။ သူတို့ အားလုံး၏ မျက်လုံးများမှာ ပြူးဝိုင်းနေကြ၏။

“မင်း ဘယ်မြို့သားလဲ” ဟု ကျွန်တော်က မေးလိုက်သည်။

သူက ဆိပ်ကမ်းမြို့ တမြို့၏အမည်ကို ပြော၏။

'ဒီမှာ ငါ ရွှေဘိုသား၊ စိတ်ညစ်လို့ ရေနစ်သေချင်ရင် နှာခေါင်းဖော်သေဖို့ ချောင်းမရှိတဲ့ နေရာက လာတဲ့ကောင် ကဲ ... ဆင်းပေရော့”

ကျွန်တော်သည် စိတ်ဆိုးစွာဖြင့် သူ့အား တွန်းချရန် ပြင်လိုက်သည်။ သို့သော် သူ့ကို

မထိပါ။ သူသည် ကြောက်ကြောက်နှင့် နောက်သို့ လှန်လိုက်သည်တွင် ပင်လယ်တွင်းသို့ နောက်ပြန် ကျသွားတော့၏၊ ကျန်ရဲဘော် နှစ်ဦးလည်း သူတို့ဘာသာ မဝံ့မရဲနှင့် ဆင်းသွားကြသည်။

ဤတွင်မှ ကျွန်တော်သည် ဖောင်အတွင်းပိုင်းသို့ အစအဆုံး ပထမဆုံး အကြိမ်အဖြစ် တဦးတည်း လေ့လာခွင့်ရတော့၏။ ဖောင်တွင်းဝယ် အိုက်လှျှင် ဝင်ပေါက်မှ လေဝင်ခြင်း ကြောင့်သာလှျှင် သက်သာရာရ၏။ ဝင်ပေါက်တွင် လေနှင့် ရေ ကာကွယ်လိုပါက ကာကွယ်ရန် နိုင်လွန်ခန်းဆီးသဖွယ် လိုက်ကာလေးများ ပါသည်။ ဘေးတဖက် တချက်စီ၌ ရှိ၏။ ဖောင်ဝင်ပေါက်၏ ဘေး တနေရာတွင် အောက်ဘက်သို့ မြားပြထားလျက် (Danger do not open the valve) အန္တရာယ်၊ ဘားအချို့ကို မဖွင့်ပါနှင့်ဟု သတိပေး ရေးသားထားချက် တွေ့ရ၏။ လေထုတ်သော အပေါက်ကို ပိတ်ဆို့သောဘားပင် ဖြစ်ပေမည်။ ဤနေရာကို ကျွန်တော် ကာကွယ်ရမည် ဖြစ်၏။

ဖောင်ပေါ်တွင် ရဲဘော်တို့ သင်္ဘော မစွန့်ခွာမီ ယူလာကြသည့် ပစ္စည်းများနှင့် ပြည့်ကာ ဖရိုဖရဲ ဖြစ်နေသည်။ ရမ်ပုလင်း အကြီးစား (တဂါလံဝင် ဖန်ပုလင်း) ကြီးမှာ အတွင်းတွင် သောက်ရေချို ထည့်လာသည်ဟု ပြောသည့်ရေလက်လေးလုံး သာသာခန့် ရှိသည်။ ရမ်ကို ကုန်စင်အောင် သွန်ရန် အချိန်မရခြင်းကြောင့် ပယင်းရောင် လဲ့လဲ့ ပြေးနေသည်။ အဖုံးအဆို့ မရှိ။ နဂိုက ဖော့ဆို့မှာ ဖွင့်စဉ်ကပင် ပျက်စီးသွားခဲ့ဟန် ရှိသည်။ ကျွန်တော်က အတွင်းမှ ရေကို အနည်းငယ် သောက်ကြည့်ရာ ဆားငန်ရေ ဝင်ခြင်းကြောင့် ခါးသက်သက်နှင့် တမျိုးဖြစ်နေသည်ကို တွေ့ရ၏။ ရမ်အရက်စော်ကလည်း နံသည်။ သို့သော် အောင့်၍ မျိုချလျှင် သောက်နိုင်သေးသည်။

သံလိုက်အိမ်မြှောင်မှာ ကျွန်တော် ဖြုတ်ယူလာခိုင်းသည့်အတွက် ဖောင်အလယ် တနေရာတွင် ရှိသည်။ မှန်ပြောင်း တလက်လည်း ရှိသည်။ ဖောင်ဘေးတွင် ညွှန်ကြားချက်များ ရေးကပ် ထားသည့်အတွက် ဖတ်ရှု လေ့လာရသည်။ ဖောင်ထိပ်မှ မိုးရေခံသည့်ချိုင့်တွင် အောက်ဘက်မှ ပိုက်ငယ်တခုဖြင့် ဆက်ထားလျက် ပိုက်ထိပ်တွင် အဆို့ရှင်တခု ရှိသည်။

ဖောင်လယ်တွင် ပတ္တူစနှင့် ထုပ်ထားသည့် ၃ ပေ x ၂ ပေ ၆ လက်မခန့် အရွယ် အထုပ်တခု တွေ့ရသည်။ (SURVIVAL KIT) အသက်ရှင်စေရန် ပစ္စည်းများဟု ရေးသားထားသည်။ ကျွန်တော်က ဗိုလ်ကြီးစောဦးကို ဖောင်ပေါ်သို့တက်စေကာ အတွင်းရှိပစ္စည်းများကို သူနှင့်အတူ စစ်ဆေးကြည့်ကြသည်။ ပစ္စည်းထည့်သည့် အိတ် တနေရာတွင် အိမ်လေးတခုနှင့် သပ်ရပ်စွာ တွယ်ထားသည့် ဓားငယ်တချောင်းကို တွေ့ရသည်။ ဓားမှာ ဦးတုံးမျိုး ဖြစ်၏။ ဓားဦးချွန် မပါ ရှိ၊ ဓားဦးဝိုင်း ဖြစ်သည်။ နှစ်လက်မခွဲခန့်မျှသော အသွားပါ ရှိ၏။ ထို့ကြောင့် ထိုးဖောက်

မရ၊ လှီးဖြတ်မှု ရ၏။ အရိုးကို သုံးလက်မခန့်ရှိ ပလတ်စတစ်နှင့် ပြုလုပ်ထားသည်ကြောင့် ရေပေါ်တွင် ပေါ်၏။ ရေတွင် မနစ်။

လည်ပင်းတွင် လွယ်သိုင်းစရာ ကြိုးသိုင်း ပါရှိခြင်းကြောင့် ကျွန်တော့် လည်ပင်းတွင် လွယ်ထားလိုက်သည်။ ပတ္တူအိတ် အပေါ်တွင် ပစ္စည်းစာရင်း ပါသည်။ သို့သော် ပွန်းပျက်နေသည်ကများ၍ ဖတ်၍မရ၊ ကြိုးများနှင့် သေသပ်စွာ တုပ်နှောင် ထားသည်ကြောင့် အတန်ကြာအောင် ဖြုတ်ကြရသည်။ အပြင်တွင် လေသည် မတိုက်တော့သလောက် ဖြစ်၏။ လှိုင်းမှာလည်း တွဲအိလာသည်။ ခေါင်းမကျိုးတော့။ လှိုင်းအိအတို ကလေးများသာ ဖြစ်သည်။ နေမှာ ကောင်းစွာ ထွန်းလင်းနေပေပြီ။ ထန်းတဖျားသို့ခန့် အမြင့်မက ရောက်ပြီ ဖြစ်၏။

ပတ္တူထုပ်တွင်းမှ အောက်ပါ အရေးပေါ် အသက်ကယ် ပစ္စည်းများ ထွက်လာသည်။

၁။ သောက်ရေချိုဘူး (နို့စိမ်းဘူးခန့်အရွယ်) ၄ ဒါဇင်၊

၂။ သကြားလုံး (တပေါင်ထုပ်) ၂ ထုပ်။

၃။ လက်နှိပ်ဓာတ်မီး ၁ လက်။

၄။ အပို ဘက်ထရီ ၆ လုံး။

၅။ လေထီးမီးကျည် ၄ တောင့်။

၆။ မီးနီမီးကျည် ၂ ဒါဇင်။

၇။ ပလတ်စတစ် ရေခြင်ခွက်ငယ် ၁ ခွက်။

၈။ ပလတ်စတစ် ရေပက်ခွက်ကြီး ၂ ခွက်။

၉။ လေထိုးရန်အတွက် ဖားဖိုငယ် ၁ ခု။

၁၀။ အပေါက်ဖာရန် သစ်သားစို့ (ဆိုက်မျိုးစုံ) ၁ ဒါဇင်။

၁၁။ နိုင်လွန်ကြိုးငယ် (အရှည် ပေငါးဆယ်ခန့်) ၁ ခွေ။

၁၂။ အရေးပေါ် သူနာပြုပစ္စည်း (သံ သေတ္တာငယ်) ၁ သေတ္တာ။

၁၃။ ဖောင်အသုံးပြုရန် နည်း ညွှန်ကြားချက် (ပလပ်စတစ် စာအုပ်) ၁ အုပ်။

၁၄။ ကြက်ပေါင် ရေမြုပ် (ရေစုပ်ထုတ်ရန်အတွက်) ၂ ခု။

အရေးပေါ် သူနာပြု သေတ္တာတွင်းမှ အက်(စ)ပရင် ဆေးပြား ဆာလ်ဖာဆေးပြား

နှစ်ပုလင်းနှင့် ဂွမ်း၊ ပတ်တီး ရှုဆေး (Spirit of Ammonia) ဖန်ပုလင်းများ ထွက်လာသည်။ ထိုပစ္စည်းများကို ကျွန်တော်၏ ဂျာကင်အင်္ကျီအိတ်နှင့် ဗိုလ်စောဦး၏ အိတ်များအတွင်း ခွဲဝေ ထည့်ထားလိုက်ပြီး လွတ်သော သေတ္တာ အတွင်းသို့ သကြားလုံးထုပ်များ သွင်းကြသည်။ သကြားလုံး တအိတ်မှာ ရေစို၍ ပျက်စီးစ ပြုနေပြီ။ တအိတ်သာလျှင် အကောင်းပတိ ရှိခြင်းကြောင့် ထိုအကောင်းအိတ်ကို သံသေတ္တာတွင် ထည့်ရ၏ သေတ္တာငယ်မှာလည်း တအိတ်စာခန့်သာ ဝင်ဆံ့သည်။

အဓိကမှာ သောက်ရေဘူးများ ဖြစ်သည်။ သောက်ရေဘူးထိပ်တွင် လက်ဖနှောင့်နှင့် ရိုက်ရသည့် သံချွန်ငယ် တခုစီတွဲလျက် ပါ ရှိသည်။ သံချွန်ကို လက်ဖနှောင့်ဖြင့် ရိုက်ဖောက်ခြင်းဖြင့် အပေါက်ဖြစ်စေကာ ရေငှဲ့ယူသောက်ရန် ဖြစ်သည်။ ရေဘူးများကို သူ့ မူလအိတ်အတွင်းမှာ ထားကာ ကျွန်တော်ထိုင်မည့် နေရာထောင့်တွင်သာ ထားလိုက်သည်။ ကျွန်တော် ထိုင်ရန် ရွေးချယ်ထားသော နေရာမှာ လေထွက်ပေါက် ထားရှိသည့်နေရာ ဖြစ်သည်။ ဤနေရာနှင့် ဤရေဘူးများသည် ကျွန်တော့်တာဝန် ဖြစ်သည်။

ဗိုလ်စောဦးနှင့် ဗိုလ်သန်းလွင်တို့ကို အခြား အရေးကြီးပစ္စည်းများဖြစ်သည့် မီးကျည်နှင့် လက်နှိပ်ဓာတ်မီးတို့ကို ခွဲ၍ တာဝန်ခံစေရမည် ဖြစ်သည်။ ဖောင်ပေါ်တွင် ရဲဘော်တို့၏ အဝတ်အထည် ပစ္စည်းများ၊ ဖိနပ်၊ ဦးထုပ်များဖြင့် ပြည့်လျက် ရှိ၏။ ကျွန်တော် စိတ်အဆိုးဆုံး ပစ္စည်းတခုကို အမှတ်မထင် မြင်တွေ့လိုက်ရသည်။ သဘော်နစ်နေပါသည်ဆိုမှ မည်သည့် ရဲဘော်က ယူဖြစ်အောင် ယူလာသေးသည်မ မသိ၊ ရောမနဂါး ဆေးပေါ့လိပ်စည်းကြီး ဖြစ်သည်။ ဆေးပေါ့လိပ်စည်းမှာ ရေစို၍ အစည်း ပြေနေပြီ။ ကျွန်တော်သည် ဆေးပေါ့လိပ် တွေ့မြင်သမျှ အစည်းပြေကို ကောက်မကာ ...

'ဘယ်မအေပေးကများ အရေးထဲ ဆေးလိပ်သောက်ချင်ရသေးသလဲ မသိဘူး" ဟု ဆိုကာ ပင်လယ်တွင်း လွှင့်ပစ်ချသော်လည်းကောင်း၊ ဓာတ်မီးခြစ်သော် လည်းကောင်း ပါမပါ ကိုတော့ ကျွန်တော် မပြောနိုင်။ အကယ်၍ ပါခဲ့လျှင်လည်း သူ့ မီးခြစ်မှာ အသုံးပြု၍ ရနိုင်တော့မည် မဟုတ်။

'ကဲ ... ဗိုလ်စောဦး၊ ဒီပစ္စည်းတွေကို ကိုယ့်တာဝန်နဲ့ ကိုယ် ကြည့်ထိန်း၊ သောက်ရေဘူးကို ကျွန်တော့်အမိန့် မရဘဲ တဘူး မဖောက်စေနဲ့၊ လူတွေကိုလဲ သုံးစု ခြောက်ယောက်စီ ခွဲကြရမယ်၊ တစုမှ ကျွန်တော်၊ တစုမှာ ခင်ဖျားနဲ့ တစုမှာ ဗိုလ်သန်းလွင် တို့ တာဝန်ယူကြရမယ်"

'ဟုတ်ကဲ့ စီအို'

"ဒီဖောင်မှာ ၁၈ ယောက်စလုံး တနေကုန် တနေခန်း ပြုံထိုင်နေလို့ ရမှာမဟုတ်ဘူး၊

အဲဒီတော့ တစုက ရေထဲဆင်းနေ၊ ဖောင်ဘေးမှာနဲ့ အသက်ကယ်ဗောမှာ တွယ်နေ၊ ကျန်နှစ်စုက ဖောင်ပေါ်မှာ တက်နေ၊ တစုက အနားယူ၊ တစုက Look out (ကင်းတာဝန်) တာဝန်နဲ့ လှေလှော် တာဝန်ကို တလှည့်စီ ယူကြရမယ် သကြားလုံးနဲ့ သောက်ရေကို အချိန်ကျရင် ကျွန်တော် ကြီးကြပ်ပြီး ဝေပေးမယ်၊ ခင်ဗျား မျက်ခြေမပြတ်စေနဲ့ ဟုတ်လား”

“ကောင်းပါပြီ စီအို”

“ကဲ … ကျွန်တော်က အရင် ရေထဲဆင်းမယ်၊ တပ်ကြပ် မောင်အေးနဲ့ ရဲဘော် လေးယောက်၊ ကျွန်တော်က ရေထဲမှာ တနာရီ နေမယ်၊ တနာရီ ကြာရင် ကျွန်တော် ဖောင်ပေါ်ပြန်တက်မယ်၊ ခင်ဗျားနဲ့ ရဲဘော် ငါးယောက်က တခါ တနာရီ ရေထဲဆင်း ခင်ဗျား ပြီးရင် ဗိုလ်သန်းလွင်တို့ အစု ဆင်းကြရမယ်၊ ဒီလိုပဲ တနာရီ တခါ Rotate (အလှည့်ကျစီ) လုပ်ရမှာပဲ၊ ဒီဖောင်ပေါ်မှာတော့ တချိန်မှာ ၁၂ ယောက်ထက် ပို မရှိစေချင်ဘူး ဟုတ်လား'

'ည ကျရင်ကော စီအို'

ညကရင်တော့ ကြည့်နေရမှာပဲ၊ ညကိုတော့ ရေထဲမှာ တယောက်မှ မဆင်းစေချင်ဘူးဗျာ ကဲ နာရီ ကျရင် ကျွန်တော် ပြန်တက်လာမယ်၊ ခင်ဗျား ဆင်း ကျွန်တော် ဆင်းမယ်၊ အခု ၁၀ နာရီ ရှိပြီ၊ ကျွန်တော်သည် သူ့အား ညွှန်ကြားချက် အမိန့်ပေးပြီး ပင်လယ်တွင်း ခုန်ဆင်းလိုက်တော့သည်။ ပင်လယ်ရေမှာ အေးမြလိုက်ပါဘိခြင်း။ ငန်လိုက်ပါဘိခြင်း။

'ကဲ ဟေ့ မောင်အေး၊ မင်း ရဲဘော် လေးယောက် ရွေးထားလိုက်၊ မင်းရယ်၊ ငါရယ်၊ ရဲဘော် လေးယောက်ရယ် ရေထဲမှာ နေကြမယ်၊ ဗိုလ်သန်းလွင် ကျန်တဲ့ ရဲဘော်တွေ ခေါ်ပြီး ဖောင်ပေါ်တက်၊ ဗိုလ်စောဦးနဲ့ သူ့ရဲဘော်တစုကို အနားယူကြပေစေ၊ ခင်ဗျားနဲ့ တာဝန်ကျ ရဲဘော်တွေက Look Out တာဝန်နဲ့ ဖောင်ကို ကမ်းခြေဘက် တလှည့်စီ လှော်ဖို့ တာဝန်ယူ၊ ကဲ … တက်ကြ

ဗိုလ်သန်းလွင်နှင့် ရဲဘော်များ ဖောင်ထက် ပြန်တက်သွားကြသည်။ ကျွန်တော်၊ တပ်ကြပ် မောင်အေးနှင့် ရဲဘော်အချို့ ရေတွင် ကျန်ရစ်၏။ ကျွန်တော်က လူ ရေတွက် ကြည့်ရာ စုစုပေါင်း ခြောက်ယောက်မက ရှိနေသည်ကို တွေ့ရသည်။

“ဟေ့ မင်းတို့ တက်ကြလေကွာ'

'ဟင့်အင်း၊ ကျွန်တော်တို့ ဒီမှာပဲ နေနိုင်သလောက် နေကြမယ်၊ အပေါ်မှာ လူ ကျပ်တယ် အသက်ရှူ ကျပ်တယ်'

ကောင်းတယ် ငါလဲ နေနိုင်သမျှ နေမှာပဲ၊ ရေထဲမှာ ပို ဇိမ်ကျသေးတယ်ကွ၊

ဟောဟိုက အသက်ကယ် ဖောပေါ်မှာ တယောက်တော့ ဇိမ်နဲ့ အိပ်နိုင်တယ်၊ နှစ်ယောက်တော့ တွယ်နေနိုင်တယ်၊ နေမယ်ဆို ဆယ်ယောက်တော့ ရေထဲမှာ နေနိုင်တယ်ကွ'

“စီအို ငါးမန်းကိုက်ရင် ဘယ့်နှယ်လုပ်မလဲ'

'ငါးမန်း မကိုက်ပါ ဘူးကွာ၊ ဒီနေရာမှာ ငါးမန်း မရှိတတ်ဘူး၊ ငါးမန်းလာရင်လဲ အသိသာကြီးပါ၊ ဖောင်ပေါ်တက်ကြတာပေါ့'

ပြောသာ ပြောလိုက်ရသည်။ ငါးမန်း အန္တရာယ်ကို သူပြောမှ ကျွန်တော် သတိရမိတော့သည်။ ထို့ကြောင့် “ဗိုလ်သန်းလွင် ငါးမန်း ဆူးတောင်ကိုလဲ သတိထားကြည့်ဦးဗျို့၊ မြင်ရရင် ရေပြင်ကို လှော်တက် ပျဉ်ပြားနဲ့ တအားရိုက်၊ ကျွန်တော်တို့ အမြန် ပြန်တက်နိုင်ဖို့ ဆွဲသာတင်'ဟု တိုးတိုး သတိပေးလိုက်ရသည်။

ကျွန်တော်သည် ယခုအကြိမ်တွင် ဖောင်ကို ရေအောက်မှ လေ့လာခြင်း ပြုရတော့သည်။ ဖောင် ပတ်ပတ်လည် တလျှောက် တွယ်သွား၍ ရေငုပ်ကြည့်သည်။ ပင်လယ်ရေမှာ ကြည်လင်လှသည်ကြောင့် အကုန်အစင် မြင်သာသည်။ ရေအောက်ဖောင်ဝမ်းပြင်တွင် ရေယက်သဖွယ် တပ်ထားသည့် ငါး၏ ရေယက်တောင်စွယ်မျိုး လေးခု တပ်ထားသည်။ ယခုအခါတွင် အလွတ်သာ ရှိနေပြီဖြစ်သည့် လေဘူးသည် ဝမ်းပြင်တနေရာတွင် တပ်ဆင်ထားသည်။ လေဘူးနှင့် ဖောင်အောက်ပိုင်း အကန့်တို့သည် ပိုက်တခုဖြင့် ဆက်ထားသည်။ ပိုက်ဆက်မှာ ဖောင်ထက် ရှိစဉ်က ကျွန်တော် မြင်တွေ့ရသည့် အန္တရာယ်ဟု ရေးသားထားသော ဘားနှင့်ဆက်ထားသည်။ ထိုအန္တရာယ်ကို ဖောင်ပေါ်မှလည်း ဖွင့်ဖြုတ်နိုင်သည်။ ဖောင်အောက်မှလည်း လက်နှင့် စမ်းဆွဲ ဖြုတ်လျှင် ပြုတ်နိုင်သည်။ ထို့ပြင် ရေပြာပြာအောက် တနေရာတွင် လှိုင်းကလေးတလုံးက ဖောင်ကို ပြေးဆောင့်တိုင်း မှိုပွင့်ကြီး တခုပမာ ပွင့်အာသွားသော နိုင်လွန်စအဖြူဖြင့် ပြုလုပ်ထားသည့် လေထီး (ရေထီး) ငယ် တခုကို တွေ့ရသည်။ လမ်းညွှန် စာအုပ်ကို ကျွန်တော် ဖတ်ရှုကြည့်စဉ်က ပုံနှင့် ပြထားသည့် Drogue ခေါ် ရေကျောက်ဆူး ဖြစ်သည်။ ထိုရေထီး ပွင့်ကားသွားသည့်အခါ အဝမှာ တပေခွဲခန့် ကျယ်ဝန်းသည်ကို မြင်ရ၏။ ဖောင်ကို လေတိုက်ခြင်းကြောင့် မျောပါ မသွားစေရန် ထိန်းထားသည့် ပစ္စည်း ဖြစ်သည်။ ဖောင်၏ ရေစူးမှာ တပေခွဲခန့်မျှသာ ရေတွင် ဝင်နေလျက် ၅ ပေခန့်မှာ ရေထက်တွင် ပေါ်နေခြင်းကြောင့် ရေထက် ပေါ်နေသည့် ထုထည်က ရေအောက် ထုထည်ထက် ပို၍ များပြားသည်။

ထို့ကြောင့် လေတိုက်လျှင် လေတိုးသည့် ဧရိယာက ပိုများသည့်အတွက် လေတိုက်က လွင့်ချင်တိုင်း လွင့်မပါစေရန် ထိန်းထားသည့် အကူ ပစ္စည်း တခုဖြစ်၏။ ရေအောက် ရေစီးကြောင်း ကမ်းခြေဘက်သို့ စီးလျှင်လည်း သူက

ကူဆွဲလိမ့်မည်ဟု ကျွန်တော်က ထင်သည်။ ရေထီးငယ်ကို ဖောင့်နှင့် နိုင်လွန်ကြိုး တချောင်း အားဖြင့် ချည်နှောင် ဆက်ထားသည်။ ကျွန်တော်သည် ဖောင်ပတ်ပတ်လည်ကို ရေအောက်မှ လှည့်ပတ် လေ့လာ ကြည့်ရှုသည်တွင် ဖောင်မှာ တော်ရုံတန်ရုံမျှသော အန္တရာယ်ကို စိတ်ချရအောင် ခိုင်မာသည်ဟု ယုံကြည် စိတ်ချရကြောင်း တွေ့ရ၏။ သို့သော် ကျောက်စွန်းကျောက်စွယ်နှင့် တိုက်မိခဲ့လျှင်၊ တစုံတဦးက ချွန်ထက်သော လက်နက် တစုံတရာဖြင့် တမင် ထိုးဖောက်လိုက်ခဲ့လျှင်မူ ပေါက်ပြဲသွားနိုင်သည်။ အပေါက်ကို ဖာသည့် သစ်သားပျော့အဆို့များ ပါရှိသည် ဆိုသော်လည်း စိတ်မချရ။ လေအိုးမှာ တခါသုံးသာ ရသည်။ လေ နောက်ထပ် ဖြည့်ရန်အတွက် ဖားဖိုငယ်သဖွယ် လက်နှင့် ဖိထိုးရသည့် လေထိုးတံ ပါရှိသော်လည်း ဖောင် လေပြည့်ရန် မည်မျှကြာကြာ ထိုးရမည်ကိုလည်း ကျွန်တော် မသိ။ ထို့ကြောင့် အန္တရာယ်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့်

ဗိုလ်စောဦး၊ ဖောင်ပေါ်မှာ ရှိတဲ့ ရဲဘော်တွေဆီက ချွန်ထက်တဲ့ ပစ္စည်းမှန်သမျှ အကုန်သိမ်းယူဗျာ၊ ချွန်တဲ့ဥစ္စာဆိုရင် ဖောင်တိုင်နဲ့ တွယ်အပ်တောင် မရှိကြပေစေနဲ့” ဟု ဖောင်ပေါ်ရှိ ဗိုလ်စောဦးအား လှမ်းပြောလိုက်သည်။

ပင်လယ်ပြင်သည် ထူးခြား ဆန်းကြယ်လှ၏ မာယာလည်း များလှသည်။ စောစောက လှိုင်းလုံးများဖြင့် တဝုန်းဝုန်း ဒေါထနေသော ပင်လယ်သည် ၁၁ နာရီခန့်တွင် လုံး၀ ငြိမ်သက်သွားသည်။ တဝေါဝေါ တိုက်နေသည့် လေသည်လည်း ဘယ်ဆီ ရောက်သွားသည် မသိရတော့။ ပင်လယ်ပြင်သည် ကြည်လင်သော ကန်ရေပြင်ကြီးအလား၊ မှန်ပြင်ကြီး တချပ်ပမာ နေရောင် အောက်တွင် ငြိမ်သက် ဝပ်စင်းလျက် တလက်လက် အရောင်တောက်နေတော့သည်။ အရှေ့မိုးကုပ်စက်ဝိုင်းဆီတွင် မော့စကော့ ကျွန်းစုများ၏ ထိပ်ဖျားများကို မြသားတုံးပမာ မြင်နေရသည်။ ၁၅ မိုင် မိုင် ၂၀ မျှသာလျှင် ဝေးမည် ထင်ရ၏။ ရဲဘော်များက

“စီအို၊ ခု လှိုင်းငြိမ်သွားတုန်း အသက်ကယ် ဖောနဲ့ ရေကူးတတ်တဲ့ လူတွေက ရေကူးပြီး ဖောင်ကို ဆွဲယူရင်း အဲဒီ ကျွန်းတော့ ဒီနေ့ညနေ၊ ဒါမှမဟုတ် ညကျရင် ရောက်နိုင်လိမ့်မယ် ထင်တယ်” ဟု ပြောကြသည်။

တယောက်က အပေါ်က လှော်တဲ့ လူတွေကလဲ ဝိုင်းလှော်ဆိုရင် ညတောင် မနေဘူး၊ ညနေလောက်ဆိုရင် ရောက်မှာပါ”

အေး ဟုတ်တယ်၊ အခုလို လှိုင်းလေ ငြိမ်နေတုန်း ကူးကြဆွဲကြမယ်၊ မောရင် အပေါ်တက် အနားယူ၊ ရေကူးတတ်တဲ့ လူက ရေကူးဆွဲ၊ မကူးတတ်တဲ့လူက အပေါ်က လှော်၊ တခြား သင်္ဘောတွေ မြင်ရအောင် ကင်းကြည့်တဲ့လူက ကင်းကြည့်၊ ဟုတ်လား

ကျွန်တော်တို့ အားလုံးသည် စိတ်တူ သဘောတူ စိတ်ပါလက်ပါ ဖြင့် လှော်သာက လှော်ကြ၊ ကူးသူက ကူးကြနှင့် ကျွန်းပေါ်သို့ ဖောင် ရောက်ရှိရေးကို အစွမ်းကုန် ကြိုးစားကြသည်။ ၁၂ နာရီခန့်တွင် အားလုံးသည် မောပြီး လက်ပန်း ကျကြပြီ ဖြစ်သည်။

၁၂ နာရီတွင် ဖောင်ထက်သို့ကျွန်တော် ပြန်တက်လာခဲ့သည်။ အားလုံးက သောက်ရေဝေရန် လိုလားနေကြပြီဖြစ်သည်။ ကျွန်တော်သည် တတ်နိုင်လျှင် သောက်ရေဘူးကို လုံးဝမဖောက်ချင် သေးသည့်အတွက် ဖန် ပုလင်းတွင်းမှ လက်ကျန် ရေကိုပင်ဝေမျှသောက်ကြရန် ဆုံးဖြတ်သည်။ ဖောင်ပေါ်တွင် အသုံးအဝင်ဆုံး ပစ္စည်းနှစ်ခုမှာ သောက်ရေ ဝေသည့် ပလပ်စတစ်ခွက်နှင့်ရေပက်ထုတ်ရန်အတွက် ပလပ်စတစ်ခွက်ကြီး ဖြစ်၏။ ခြင်ခွက်မှာ ဘုရားဆွမ်းတော် တင်ရာတွင် သောက်တော်ရေ ကပ်သည့်ခွက်အရွယ်မျှ ရှိသည်။ခွက်အကြီးမှာ စစ်သုံးမတ် ခွက် အရွယ်မျှ ရှိသည်။ လက်ကိုင်ကိုင်း မပါ။ ကျွန်တော်က ရမ်ပုလင်းတဖြစ်လဲ ရေပုလင်းတွင်းမှ ရေများကိုခွက်ငယ်နှင့် တခွက်စီ ငှဲ့ကာ ဝေပေးသည်။ ရှုံ့ရှုံ့မဲ့မဲ့နှင့်ပင်သောက်ချရသည်။ ရမ်စော်က နံသည့်ပြင် ရေမှာလည်းပေါ့ပျက်ပျက်နှင့် နံသည်။ သောက်ရေချိုဟုပင် မခေါ်နိုင်တော့သောအဆင့်တွင် ရှိနေပြီ ဖြစ်သော်လည်း အာသာပြေ စိတ်ပြေမျှတော့ ဖြစ်၏။

မွန်းတည့်နေသည်မခံသာအောင် ပူလှသည်။ ဖောင်တွင်းမှာလည်း ရော်ဘာပေါင်းမိုး နိုင်လွန်အရှိန်ကြောင့် အိုက်လှသည်။ ကျွန်တော်သည် ရေထဲဆင်းကာ အသက်ကယ်ဖောသုံးလုံးအနက် ကူးသွား၍ နားနေသည်။ ကျွန်တော်သည်ပြိုင်ပွဲဝင်ရန် အထိကယ်ဖောသုံးလုံးအနက် အစွန်ဆုံး ဖောဆီတွင် ကူးသွား၍ နားနေသည်။ ကျွန်တော်သ ရေကူးမကျွမ်းသော်လည်း အရေးကြုံလျှင် သက်လုံကောင်းရုံမျှတော့ ရေကူးတတ်သည်။

'ဗိုလ်စောဦး ဒီကို လာပါလားဗျ”

ဗိုလ်စောဦးသည်ကျွန်တော်ရှိရာ အစွန်ဆုံး ဖောဆီသို့ ကူးလာသည်။ သူနှင့် ကျွန်တော်သည် နှစ်ယောက်သား ဖောကို တွယ်၍ စကား ပြောကြရသည်။ ကျွန်တော်တို့သည် အခြားရဲဘော်များ ကြားလျှင် စိတ်ဓာတ် ကျစေမည်ကို စိုးသောကြောင့်ရဲဘော်များ မကြားစေလိုသော စကားကို ယခုကဲ့သို့ ခပ်ဝေးဝေးသွား၍ပြောခြင်း ဖြစ်သည်။

“ခင်ဗျား ဗိုက်အခြေအနေ ဘယ်လိုနေသလဲ'

'ဗိုက်က သိပ်အောင့်တယ် စီအို၊ ကျွန်တော် မနည်း ဟန်လုပ်နေရတယ်”

သူက ရှုံ့မဲ့၍ ပြောသည်။

“အေးဗျာ၊ စောစောက ပုလင်းထဲမှာ ဆာလ်ဖာလား၊ အနာလ်ဂျက်ဆင်လား မသိဘူး ကြည့်ပြီး တပြား နှစ်ပြား စားထားပေါ့”

စောစောကတော့ အက်(စ)ပရင် တလုံး ကျွန်တော် စားထားတယ်၊ ကျွန်တော်တို့ ကျွန်းကိုတော့ ရောက်နိုင်ကောင်းပါ ရဲနော်'

'ဒါကလေနဲ့ ရေအပေါ်မှာ တည်တယ်၊ လှိုင်းနဲ့လေက ကူမယ်ဆိုရင်ရောက်မှာပဲ၊ နောက်ပြီး မနက်ဖြန် လောက်ဆိုရင် ကျွန်တော်တို့ကိုမလိကျွန်းက စောင့်ကြိုနေမယ့် တိုက်ရေယာဉ် ၁၁၀ က ကျွန်တော်တို့ရောက်ချိန်တန်လို့ ရောက်မလာရင် ထွက်ရှာမှာပဲ၊ အဲဒါ ကမျှော်လင့်ချက်ပဲ”

“ကျွန်တော်တို့ အက်(စ)အိုအက်(စ) မပို့ လိုက်နိုင်တာ သိပ်ဆိုးတယ်'

“ဒီကောင် ခင်မောင်လတ်တော့ ပြောမနေနဲ့တော့ဗျာ၊ အက်(စ)အိုအက်(စ) တင် မဟုတ်ဘူး၊ ညကလဲ Message တစောင်မှ Pass မဖြစ်ဘူး'

“ဒီကောင်ကလှိုင်းသာ မူးတယ်၊ ရေထဲ ခုန်ဆင်းတော့လဲ ဘယ်အချိန်က ဆင်း သွားတယ်ဆိုတာကျွန်တော်တောင် မမြင်လိုက်ရဘူး၊ သူ့ကို ဟို ဖောင်ပေါ်မှာမြင်ရတော့မှပဲ သိရတော့တယ်”

“အဲဒီ ဖောင်ကို ပြန်တွေ့ရင်ဒီကောင်ကို အရင်ဆုံး နားရင်းကျင်းရမယ်၊ နောက်ပြီးအမိန့်မရဘဲ ခုန်ဆင်းတဲ့ ကောင်တွေ အားလုံးလဲ ကုတ်မာရှယ် (စစ်တရားရုံး) လုပ်ရမယ်၊ ကဲ ဒါတွေ ထားလိုက်ပါတော့ဗျာ အရေးကြီးဆုံးက သောက်ရေနှင့် မီးကျည်တွေပဲ၊ ကျွန်တော်တို့မှာ အခုနေဒါ တွေပဲ အားကိုးစရာ ရှိတယ်၊ ခင်ဗျားလဲ အဲဒါတွေကို အထူးဂရုစိုက်ပါ။

“ဒီမယ် သကြားလုံးပဲ ပါတယ်နော်၊ ဘီစကွတ်လေး ဘာလေး ပါရင် ဘယ်လောက် ကောင်းမလဲ”

'အေး ဟုတ်တယ်ဗျ၊ ဘီစကွတ်ပါရင် သိပ် ကောင်းမှာပဲ”

ဗိုလ်စောဦးသည် အစာအိမ်ရောဂါ ကြောင့် ဘီစကွတ်ကို အစဉ် ဝါးနေရသူ ဖြစ်သည်။ ကျွန်တော်က သူ့အတွက် စိတ်မကောင်း ဖြစ်ရသည်။

“ကဲ... ခင်ဗျား ဖောင်ပေါ် ပြန်နားနေဗျာ၊ ဗိုက်နာရင် မှိန်းနေ၊ သိပ်ပြီးလှုပ်လှုပ်ရှားရှား မလုပ်နဲ့၊ လှော်တဲ့ ခတ်တဲ့ အလုပ်ကို ဗိုလ်သန်းလွင်လုပ်ပါစေ၊ သူက အသက်လဲ ငယ်တယ်၊ အားလဲ ရှိတယ်ဗျာ၊ ခင်ဗျားကတော့ Look Out Duty လောက်ပဲ လုပ်ပါ”

ဗိုလ်ကြီးစောဦးသည်ဖောင်ပေါ်သို့ ပြန်တက်သွားသည်။ ကျွန်တော်ကတော့ ဖောကွင်းထက် တက်၍ပက်လက်လှန်နေသည်မှာ နေစူးသည်ကြောင့် မျက်စိကို ပိတ်ထားလိုက်ရသည်။နေသည် တိမ်ကင်းစင်သည့် ကောင်းကင် ထက်မှ အစွမ်းကုန် ထွန်းလင်းနေသည်။ ပင်လယ်ရေပြောထက်တွင် ငွေစများ ပက်ဖျန်းသကဲ့သို့ တလက်လက် ဖြစ်ပေါ်စေသည်။ကျွန်းမှာ နီးမယောင်နှင့် ဝေးလှသည်။ ပင်လယ်ပြင်တွင် အကွာအဝေးကိုခန့်မှန်းရန် ခက်လှ၏။ ရာသီဥတု သာယာကြည်လင်လျှင် တမျိုး၊အုံ့ဆိုင်းရီဝေလျှင် တမျိုး ခန့်မှန်း မိသည်။

မနက်ဖြန်... မနက်ဖြန်တော့ သေချာပေါက် ကျွန်းရောက်ခဲ့လျှင် ရောက် မရောက်သော် တိုက်ရေယာဉ် ၁၁၀ နှင့် တွေ့ရမည်ဟု ကျွန်တော်ခန့်မှန်းမိသည်။ အားငယ်စိတ်ပျက်ရန် အကြောင်းမရှိ။ကျွန်တော့်လူများကိုသာ ကျွန်တော် ထိန်းထားနိုင်ခဲ့လျှင် အားလုံးသည် အသက်ရှင်ကြရမည်ဟု ကျွန်တော် ယုံကြည်သည်သည်။ အဓိကမှာ စိတ်နှင့်ဖွဲ့သာ။ စိတ်ဓာတ်မကျစေရန်သာ ကျွန်တော်က အစွမ်းကုန် ကြိုးစားရမည် ဖြစ်တော့သည်။

ညနေစောင်းသွားပြီဖြစ်သည်။ ကျွန်းသည်လည်း ယခင်အကွာအဝေး လောက်ထက် လျော့သွားဟန် မရှိ။အနောက်ဘက် နေစောင်းသွားခြင်းကြောင့် အရှေ့ဘက် ကမ်းခြေဆီမှ ကျွန်းမှာ ပိုမိုပြတ်သားစွာ မြင်လာရသည့် အတွက် နီးလာပြီဟု ထင်ရခြင်းသာ ဖြစ်သည်။

“ဟာ ... နီးလာပြီထင်တယ် စီအို၊ ညဆိုရင်တော့ ရောက်မှာပဲ”

'အေး ဟုတ်တယ် နီးလာပြီကွ၊ ကြိုးစားသာ လှော်ကြ”

ဘာပဲဖြစ်စေတော့ သူတို့က ကျွန်တော့် စကားကို ယုံကြသည်။ သူတို့ စိတ်ဓာတ်မကျစေရန် ကျွန်တော်က ပြောရမည်သာ ဖြစ်၏။

နေသည်အနောက်ဘက် ပင်လယ်ပြင်မိုးကုပ်စက်ဝိုင်းတွင် မေးတင်၍ နေပြီ ဖြစ်သည်။အနောက်ဘက် မိုးကောင်းကင် တခွင်လုံးမှာ နှင်းဆီ လွင်ပြင်ကြီးပမာကြက်သွေးရောင် တောက်ပနေသည်။ ကျွန်တော်တို့ အသက်ကယ် ဖောင်၏လိမ္မော်ရောင် အနီမှာ အခြားအချိန်ထက် ထူးကာ အနီရောင် တောက်နေတော့၏။ပင်လယ် ရေပြောထက်တွင် အနီရောင်လွှင်သည့် စက်ဝိုင်းပုံသဏ္ဍာန် အသက်ကယ်ဖောင်တစင်း၊ ၎င်းဖောင်ထက်မှာ လူငယ် ရဲဘော် ၁၈ ယောက်။ သဘော်ပျက်ဒုက္ခသည် ၁၈ ယောက်။ သေမင်းက မျက်စပစ်ပြနေပြီ ဖြစ်တော့သည်။

မည်သည့်အရပ်က ပျံဝဲလာသည် မသိရသည့် စင်ရော်ငှက်မောင်နှံသည် ကျွန်တော်တို့၏ အသက်ကယ် ဖောင်ထက်တွင် ပျံဝဲလျက် ရှိနေကြသည်။

'ဟေ့ … စင်ရော် နှစ်ကောင်ကွ၊ စင်ရော် နှစ်ကောင် ဘယ်က ပျံလာတာ မသိဘူး'

“ကျွန်းဆီက ပျံလာတာ ဖြစ်မှာပေါ့”

'ဟေ့ … ရဲဘော်တွေ တိတ်တိတ် နေကြစမ်း၊ အားလုံး ဖောင်ပေါ် တက်ပြီး ငြိမ်ငြိမ်နေကြ၊ အသံ မထွက်ကြနဲ့၊ မလှုပ်ကြနဲ့'

ပင်လယ်ရေတွင်ရှိနေသမျှသော ရဲဘော်အားလုံးသည် ဖောင်ထက်သို့ ပြန်တက်ကြသည်။ ကျွန်တော်လည်းပြန်တက်သည်။ လူသား ၁၈ ယောက်စလုံးသည် မည်မျှပင် ကျပ်သိပ်သော်လည်း အသံမထွက်ကြ။ အဝင် အထွက်ပေါက် တဖက် တချက်စီတွင် လးယောက်စီပြုသိပ်နေကြသည်။ ကျွန်တော်က အပေါက်ဝနားတွင် နေရာယူသည်။ ကျွန်တော့်ဘေးတွင် တပ်ကြပ်ကြီး/ စက်အောင်မြင့် နှင့် တပ်ကြပ် မောင်အေးတို့ကို လှော်တက် ပျဉ်ပြားနှင့် အသင့် စောင့်နေစေသည်။

စင်ရော် မောင်နှံသည် တညံညံ တစာစာသော အသံကို ပြုလျက် ကောင်းကင်ယံတွင် ဝဲပျံနေသည်။

“စင်ရော်ငှက်တွေ ဘယ်မှာ အိပ်တန်းတက်ကြသလဲ မသိဘူးနော်'

တစုံတဦးက ပေါင်းမိုး အတွင်းမှ တိုးတိုးကလေး မေးသည်။

“ရေပေါ်မှာပဲ အိပ်တာပေါ့ကွ မင်း မမြင်ဖူးဘူးလား'

'ရှူး… ဟေ့ကောင်တွေ တိုးတိုး၊ အရေးထဲမှာ သောက်စကားများလိုက်ကြတာ၊ ဟေ့ …မောင်အေး ဖောင်အနားမှာ ကပ်လာရင် ပျဉ်ပြားနဲ့ ရိုက်ဆော်ထည့်လိုက်နော်'

စင်ရော်ငှက်မောင်နှံသည်အထက်ယံမှ ကျွန်တော်တို့ ဖောင်ကို လှေ့လာနေဟန် တူသည်။ သူတို့သည် အနီးအပါးလက်လှမ်းတမီသို့ ဆင်း၍ မလာကြ။ အတန်ကြာမှ သူတို့သည် ကျွန်တော်တို့ဖောင်နှင့် တွဲချည်ထားသည့် အဝေးဆုံး အသက်ကယ် ဗောပေါ်တွင် နားလိုက်ကြသည်။

ဟော…. ဗေပေါ် နားပြီ၊ နားပြီ” တပ်ကြပ်ကြီး ကိုကိုကြီးက တိုးတိုးပြောသည်။ ကိုကိုကြီးသည် နားလေးသလောက် စကားပြောလျင် တိုးတိုးပြောတတ်သည်။

"ဟေ့ ဗောချည်ထားတဲ့ ကြိုးစကို ငါ ဖြည်းဖြည်းချင်း ဆွဲယူမယ်၊ ဘယ်သူမှ မလှုပ်ကြနဲ့၊ မင်းတို့က လက်လှမ်းမီရင် လှမ်းရိုက်လိုက်ကြ

ကြိုးစကိုကျွန်တော်က ဖြည်းဖြည်းချင်း ဆွဲယူသည်။ အသက်မျှပင် ပြင်းပြင်းမရှုရဲ။ တချက် ဆောင့်ဆွဲမိလျှင် လန့်ပျံသွားမည်ကို စိုးရ၏။ ပထမ

ဖောသည်ဖောင်ဘေးတွင် ကပ်လာပြီ။ နောက် ဒုတိယ ဖော၊ စင်ရော် နှစ်ကောင်နား နေသည့်တတိယ ဖောသည် တရွေ့ရွေ့ချင်း ဖောင်နှင့် နီးသည်ထက် နီးလာသည်။ ဆွဲယူနေသောကျွန်တော်၏ လက်များမှအပ မည်သူမျှ တုတ်တုတ်ပင် မလှုပ်ကြ။

'ဖြန်း'

ဂစ်

'ကီး- တီ -... :”

မောင်အေးကလှော်တက် ပျဉ်ပြားနှင့် တချက်တည်း ရိုက်လိုက်ရာ စင်ရော်တကောင်မှာဂစ်' ခနဲသာ အော်နိုင်လျက် ရေပေါ်တွင် အတောင်ကားရားစန့်စန့်သေသွားသည်။ ကျန် စင်ရော် တကောင်ကမူ လန့်ဖျန့်ကာ တကီးကီးတဂစ်ဂစ် အော်လျက် ဖောင်ကို ရစ်ပတ်ပျံသန်းနေပြီးမှ အဝေးဆီသို့ထွက်ပြေးသွားသည်။ တပ်ကြပ်ကြီး အောင်မြင့်သည် ပင်လယ်တွင်းသို့ 'ဝုန်း' ခနဲခုန်ချလိုက်ပြီး စင်ရော်ကို ဖောင်ထက် ပစ်တင်ပေးလိုက်သည်။

ကျွန်တော်က စင်ရော်ကိုယူ၍ကဗျာကယာ လည်ကို လုံးလိုက်သည်။ ခေါင်း၏အသွားမှာသိပ်လည်း မထက် မထက်လှသည်ကြောင့်အတော်လှီးယူရသည်။ ထွက်လာသည့် သွေးများကို ပလပ်စတစ်ခွက်နှင့် နှင့်ခံ၍ဗိုလ်စောဦးအား သောက်စေရန် ပြောသည်။ ဗိုလ်စောဦးမှာ မှိန်းနေရာမှမသောက်လိုကြောင်း ခေါင်းခါပြသည်။ ကျွန်တော်က အတင်းသောက်စေသည်။ သွေးမှာသိပ်လည်း မများလှ၊ စားပွဲဇွန်းနှင့် တဇွန်းသာသာမျှသာ ရှိ၍။ မည်သူမျှလည်းမသောက်လိုကြ။ ဟိုလူနည်းနည်း သည်လူနည်းနည်း ဖိတ်စင်ကုန်သည်နှင့် ခွက်တွင်မကျန်တော့။ စင်ရော်ငှက်ကို ပြောင်စင်နိုင်သမျှ ပြောင်စင်အောင်အမွေးနုတ်သည် ဆိုပေမယ့် လုံး၀ မစင်ပါ၊ ထိုငှက်ကိုပင် အသားအနည်းငယ်ကိုရွေး၍ ဗိုလ်စောဦးအား ကျွေးသည်။

'ဒီမှာဗိုလ်စောဦး အသားကို တတ်နိုင်သမျှ စား၊ စားမရရင် ဒီအတိုင်းမျိုချ၊ဗိုက်ထဲမှာ အစာချက်ဖို့ တစုံတရာ ရှိနေရင် ကောင်းတာပဲဗျာ”

ဗိုလ်စောဦးသည်အသားကိုမူ တတ်နိုင်သမျှ ဝါး၍ မျိုချနေသည်ကို တွေ့ရ၏။ ပုလင်းထဲမှလက်ကျန်ရေနှင့် မျိုချရသည်။ ကျန်စင်ရော်ကို အသားအရိုး ၁၇ပိုင်းမျှ အတုံးငယ်ကလေးများ ပြုလုပ်ကာ တယောက် တတုံးစီ မျှဝေပေးသည် စားနိုင်သမျှ စားသည်။ ကြာကြာဝါးလေ ညီစော်နံ၍ အန်ချင်လေ ဖြစ်လာသည်။ ဝေါ့-ဝေါ့” ခနဲ ပျို့အန်သူလည်း ပျို့အန်ကြသည်။ ပျို့လျက် အန်လျက်၊ နံလျက်- စော်လျက်နှင့်ပင် စင်ရော်သားကို ကျွန်တော်တို့အစိမ်းလိုက် မရွံ့နိုင် မရှာနိုင် ဝါးမျိုချလိုက်ရတော့သည်။ နံလျက်ကျန်ရစ်သည့် ခံတွင်းဝကို ငန်သည့်

ပင်လယ်ရေဖြင့်ပလုတ်ကျင်းပြီးကာမှ ငန်သက်သက် သောက်ရေ တခွက် တငုံစာနှင့်
ညစာပြီးရတော့သည်။ ရေပုလင်းကလည်း ကုန်စင်ပြီ။ သင်္ဘောပျက်၍
တဆယ့်နှစ်နာရီမျှ မကြာမီအတွင်းတွင် ကျွန်တော်တို့လည်း ငှက်သား
အစိမ်းစားလူရိုင်းများ ဖြစ်ခဲ့ကြတော့သည်။

နေဝင်၍အမှောင်ပျိုးသည့်တွင် ရဲဘော်များ
အားလုံးဖောင်ထက်တွင်တက်စေရတော့သည်။ ညအမှောင်တွင် ဖောင်ကို
တွယ်နေစေရန် ကျွန်တော်မပြုံ့။ လက်တွင် ဆုပ်ကိုင်ထားသော ဖောင်ကြိုး
လွတ်သွားသည်နှင့် တပြိုင်နက်ဖောင်မှ လွင့်စဉ်သွားသူကို ညဉ့်အမှောင်တွင်
ရှာရန်မှာ မဖြစ်နိုင်။ထို့ကြောင့် လူအားလုံးကို ဖောင်ပေါ်တက်စေသည့်တွင်
ရေပြဿနာမှာအခက်ခဲဆုံးသော ပြဿနာ ဖြစ်သည်ကို တွေ့ရတော့သည်။
လူခြောက်ယောက်စာမျှသာကျယ်ဝန်းလျက် ၁၀ ဦးဆိုလျှင်ပင်
ကျဉ်းကျပ်လှပြီဖြစ်သော ဖောင်ထက်၌ ၁၈ ဦးလိုက်ပါ စီးနင်းရသောအခါ လူမှာ
နှစ်ဆင့်မျှ ဆင့်နေသည်၊ ကိုယ့်ပေါင်နှင့်ခြေထက်တွင် တယောက်ယောက်
ရှိသော်ရှိမည်။ မရှိသော် တယောက်ယောက်၏ကိုယ်ပေါ်တွင် မိမိကိုယ်က
အမြဲဆင့်ဖိလျက် ရှိ၏။

နေ့လယ်က ကျွန်တော် ဖောင်ကို စစ်ဆေး ကြည့်ရှုရာတွင် ပေါင်းမိုး
အလယ်တနေရာ၌ (Emergency Battery Light) အရေးပေါ်ဘတ်ထရီ မီးလုံးဟု
ရေးသားထားသည့် နေရာတွင် ပလတ် တခုနှင့်ဆော့ကတ် တစုံကို တွေ့ရသည်။
ပလတ်ကို ဆော့တတ်မှ ဖြုတ်ထားသည်။ ယခုတပ်ဆင်လိုက်သည့်တွင် ပေါင်းမိုး၏
ထိပ်အပြင်ဘက်၌ တပ်ထားသည့်လက်နှိပ်ဓာတ်မီး၏ မီးသီးလုံးငယ်ခန့်ရှိ မီးသီးမှ
အလင်းရောင်ထွက်နေသည်ကို တွေ့ရသည်။ ညအမှောင်တွင် ဖောင်ကို အဝေးမှ
မြင်စေရန်တပ်ဆင်ထားသည့် မီးလုံးပင်။ သို့သော် မီးရောင်မှာ ဝါကြင်ကြင်ဖြစ်နေပြီး
ပထမညတွင်ပင် ဘက်ထရီဓာတ်အား ကုန်သွားတော့သည်။နောက်ညများတွင် လုံးဝ
မလင်းတော့ချေ။

ဗိုလ်သန်းလွင်၏လက်တွင်ကိုင်ထားသည့် လက်နှိပ်ဓာတ်မီးကို ဘတ်ထရီ
ထည့်၍စမ်းသပ်စေရာတွင်လည်း အလားတူ မီးရောင်
ဝါကြန့်ကြန့်ကလေးသာလျှင်ထွက်ပေါ်လာပြီး ခဏ္ဍမျှ ကြာသောအခါ လုံးဝ
အလင်းရောင် မလာတော့သည်ကိုတွေ့ရသည်။ အသက်ကယ် ပစ္စည်းများမှာ
မူလက ငါလုပ်သည့် ကုမ္ပဏီမှထည့်ပေးလိုက်သ သည့် ပစ္စည်းများသာဖြစ်လျက်
အချိန်အခါအလျောက် ပြန်လည်စစ်ဆေးခြင်း၊ ပစ္စည်းသစ်များဖြင့်
လဲလှယ်ခြင်းလည်း မည်သူမျှ မပြုကြ။ ပြုရကောင်းမှန်းလည်း မသိကြသည့်အတွက်
ဖောင်ဖွင့်စဉ်က ဖောင်ပွင့်သည်ပင်တော်လှပေပြီ။ သက်တမ်းလွန်
အသက်ကယ်ဖောင် ပစ္စည်းများသာ ဖြစ်၏။

နံနက်ခင်းက ၁၁ နာရီခန့်တွင်ငြိမ်သက်သွားခဲ့သည့် လေသည် တဟူးဟူးနှင့် ပြန်တိုက်လာလေပြီ။ လေသည် အရှေ့မှတိုက်၏။ ကျွန်တော် မကြိုက်ဆုံးသော အရပ်မှ လေ လာခြင်း ဖြစ်သည်။ ဖောင်သည် လှုပ်ရှားစ ပြုလာပြီ။ လှိုင်းအိကလေးများမှ လှိုင်းလုံးက တဖြည်းဖြည်းကြီးလာသည်။ လေအဟုန်က ပြင်းသည်ထက် ပြင်းလာ၏။

"ကဲ... အရှေ့ဘက်က အပေါက်က တာဝန်ကျတဲ့လူတွေ အရှေ့ဆီကို လှော်နိုင်သမျှလှော်ကြစမ်းကွာ၊ အလှည့်ကျလှော်၊ အနောက်ပေါက်ဆီက တာဝန်ကျလူတွေကတော့ဝင်လာတဲ့ ရေတွေကို ခပ်ထုတ်ကြ၊ တခြား သင်္ဘော မီးရောင်တွေကိုလဲကြည့်၊ အိပ်မငိုက်စေနဲ့နော်"

လှော်သူတွေကတတ်နိုင်သမျှ ကြိုးစား လှော်ကြသည်။ လှိုင်းလုံးများကလည်း တလုံးထက်တလုံးပိုမို ကြီးမားလာက ဖောင်၏အောက်ခြေဘောင်ကို ကျော်လွှားလျက်ဖောင်တွင်းသို့ အလုံးလိုက် လိမ့်ဝင်လာသည်။ ဖောင်အတွင်း ညစ်အခါ ဝင်သည့်ပပင်လယ်ရေတွင် မီးစုန်းခတ်များ ပါလာခြင်းကြောင့် ရေကိုရေအနေဖြင့် မမြင်ရဘဲ စိမ်းစိမ်းလျှာကြီးတချောင်း ဝင်လာသည့်သဖွယ်ဖောင်အတွင်းသို့ ဝင်လာပြီး ရေစိတ် ရေမွှားများ အဖြစ်ကွဲသွားသည်တွင် စိမ်းစိမ်း ဥကလေးများသည် ဖောင်တွင်း အမှောင်ထုတွင်းမှန်သမျှ ရောအန့်ရောက်ပြန့်သွားတော့၏။ ဖောင်တွင်းတွင်လဲလျောင်းနေသူမှန်သမျှ ရွဲရွဲစို သွားကြသည်။

"ဟော့ ... ရှေ့ဘက် အပေါက်က ရေတွေ ဝင်တယ်၊ ခပ်ထုတ်ကြ'

ပလပ်စတစ်ခွက်ကြီး နှစ်ခွက်သည် အလွန်အသုံးဝင်သည်။ ဝင်သည့် ရေကို ပက်ထုတ် ခပ်ထုတ် ကြရသည်။ ရေဘော ရေမြုပ် (Sponge) ဖြင့်လည်း ချောင်များမှ စုပ်ထုတ်ကြရသည်။

ရှေ့ပိုင်းက ရေတွေ သိပ်ဝင်နေတယ်၊ ရှေ့က အပေါက်ကို နိုင်လွန်လိုက်ကာနဲ့ ပိတ်လိုက်ရမလား စီအို'

အမှောင်ထုအတွင်း အပေါက်ဝနားရှိ လူတဦးက ပြောသည်။ တပ်ကြပ်ကြီး ကိုကိုကြီး ဖြစ်မယ် ထင်ရ၏။ လူကို ဘယ်သူ့ ဘယ်သူမျှ မမြင်ကြရလောက်အောင် အမှောင်ထုကသိပ်သည်းနေသည်။ အသံကိုသာ ခန့်မှန်းလျက် မည်သူ့အသံဖြစ်နိုင်ကြောင်းခန့်မှန်းယူရသည်။ အေး ကောင်းတယ် ပိတ်လိုက်'

ကျွန်တော်လည်းအပေါက်ဝနှင့် နီးသည့် နေရာတွင် ရှိသည်ကြောင့် သူနှင့် ကျွန်တော်ကနိုင်လွန်စ လိုက်ကာယ်ကို ပိတ်လိုက်ကြသည်။ ရေဝင်အတန် သက်သာ သွားသည်။ လှိုင်းမလာသော အပေါက်ဘက်မှ ဖောင်တွင်းရှိ ရေများကို

ခပ်ထုတ်စုပ်ထုတ်ကြရသည်။ ဖောင်သည် လူ ၁၈ ယောက် အလေးချိန်နှင့်ပင်လှိုင်းလုံးများထက် တအိအိတက်သွားလိုက်၊ လှိုင်းအောက်သို့ လျှောခနဲ ကျလိုက်ဖြစ်နေ၏။

'အမယ်လေး၊ အမယ်လေး

"ဟော့ ... ဘယ်သူလဲကွ၊ ဘာဖြစ်တာလဲ"

"ကျွန်တော် အသက်ရှူလို့ မရတော့ဘူး ဗျ၊ အမယ်လေး မွန်းလိုက်တာဗျာ အဲဒီ လိုက်ကာကလေး ဖွင့်ပေးကြစမ်းပါ၊ အမယ်လေး သေရတော့မှာ ပါပဲ"

မွန်းကျပ်၍ အသက်ရှူ မဝသည့် ရဲဘော်တဦးက အမှောင်ထုအတွင်းမှ အော်လိုက်သည်။ နှစ်ဦး သုံးဦးကလည်း

'ဟုတ်တယ် ကျွန်တော် အပြင်ဘက်နား ထွက်ထိုင်ပါရစေ၊ ဒီထဲမှာ အသက်ရှူလို့ မရတော့ဘူး" ဟု တစ်ဆို့ဆို့ အသံများဖြင့် ပြောသည်။

ဟော့ ... ဖွင့်လို့ မရဘူးကွ၊ရေတွေ ဝင်လို့ သေကုန်မယ် နောက်ဘက်က ပက်ထုတ်လို့ မနိုင်တော့ဘူး' ဟုကျွန်တော်က လှမ်းအော် ပြောလိုက်သည်။

'အမယ်လေး၊ အမယ်လေး ခဏလေး ဖြစ်ဖြစ် နည်းနည်းလောက် ဖွင့်ပေးပါ စီအို အသက်ရှူလို့ မရလို့ပါ'

ဟော့ ကိုကိုကြီး၊ မင်းဘက်က နည်းနည်း ဟပေးလိုက်ကွာ၊ ငါ့ဘက်ကလဲ နည်းနည်း ဟပေးလိုက်မယ်၊ ရေမဝင်အောင် လူနဲ့ကာထား'

နိုင်လွန်လိုက်ကာကို ဖွင့်နိုင်သမျှ ဖွင့်ဟပေးလိုက်ရာတွင် အရှေ့ဘက်မှတိုက်ခတ်နေသည့် အရှေ့လေသည် တဟုန်ထိုး တိုးဝင်လာသည်။ ဖောင်အတွင်း အတော်နေသာ ထိုင်သာ ရှိသွား၏။

'အင်း ခုမှ တော်ပါသေးတယ်'

တော်ပါသေးဆိုသော်လည်း ဖွင့်ဟထားသည့် နေရာမှ ရေများ ဝင်လာခြင်း ဒဏ်ကိုကျွန်တော်တို့ ကိုယ်လုံးဖြင့် ခံထားကြရသည်။ တကိုယ်လုံးမှာရွှဲရွှဲစိုနေတော့သည်။

'အမယ်လေးဗျ၊ ကျွန်တော် အသက်ရှူလို့ မရတော့ဘူး ဖယ်ကြစမ်းပါဦး၊ လုပ်ကြပါဦး"

'ဟော့ ... ဘယ်သူလဲကွ၊ ဘာဖြစ်တာလဲ၊ အခု လေဝင်နေပြီ ဟာ"…

အသက်ရှူလို့ မရဘူးဗျ၊ ကျွန်တော့် ရင်ဘတ် ပေါ်က ပေါင်ကြီး၊ ဘယ်သူ့ ပေါင်ကြီးလဲ၊ ဖယ်စမ်းပါ ဦး၊ ဖယ်ကြစမ်းပါဦး'

လူတယောက်၏ကိုယ်ပေါ်တွင် တယောက်က ထပ်နေသည်။ အောက်ဘက်ရှိ အဖိခံနေရသူ တဦးဦးကအော်လိုက်ခြင်း ဖြစ်ပေမည်။ လူတဦး၏ ကိုယ်လက်အင်္ဂါ တစုံတရာသည် အခြားလူတဦး အပေါ်တွင် တင်ထားသည့်အခါ အချိန် အတိုင်းအတာ အားဖြင့် တခဏ ဆိုလျှင်မသိသာလှသော်လည်း ကြာလျှင် တမိနစ်ထက် တမိနစ် တန်ချိန် များစွာ လေးလံလာသည်ဟုထင်ရစမြဲ ဖြစ်သည်။ အခြားနေရာ ဖိထားလျှင် မထောင်းသာသော်လည်းရင်ဝ၊ ဗိုက် စသည့်နေရာများတွင် ဖိထားမိခဲ့လျှင် အောက်က လူမှာအသက်ရှူ ရပ်ကာ သေမလောက် ခံရသည်။

'ဟော့ ... ဘယ်သူလဲကွ၊ ဘယ်သူ ငါ့ပေါင်ကို တအား လိမ်ဆိတ်တာလဲ”

'ဒီ ပေါင်ကြီး၊ ဒီပေါင်ကြီး ငါ ဆိတ်တာကွ ဖယ်ပါဦး၊ လေးလွန်းလို့ သေတော့မယ်'

အဖိခံရသူနှင့်အဆိတ်ခံရသူတို့ အပြန်အလှန် အချေအတင် ဖြစ်နေကြသည်။ နောက်ငြိမ်သွားသည်။နောက် တခဏတွင် တခြားနေရာမှာလည်း အလားတူ ဖယ်ကြ၊ တွန်းကြ၊ ဆိတ်ကြ ဆဲကြနှင့် ပူညံပူညံ အသံကြားရပြန်သည်။ ကျွန်တော်တို့သည် ကြက်ခြင်းထဲမှကြက်များသဖွယ် တကောင့် တကောင် ဆိတ်နေခြင်းသာ ဖြစ်တော့၏။

“ဖယ်ကြစမ်းပါ၊ ဖယ်ကြစမ်းပါ'

'ဟော့ ... ဘယ်သူလဲကွ၊ ဘာဖြစ်ရပြန်တာလဲ”

“ဖယ်ကြစမ်းပါ၊ အပေါက်ကို သွားချင်လို့ပါ၊ ခဏလေးပါ '

တစုံတယောက်က ဖွင့်ထားသည့် အပေါက်ဆီသို့ တိုးထွက်ရန် ကြိုးစားနေရာ သူ့ရှိရာတွင်ကသောင်းကနင်း ဖြစ်နေတော့၏။

'မင်းက ဘာဖြစ်လို့ အပြင်ဘက် ထွက်ချင်ရတာတုံး'

ကျွန်တော်က သူ့အား ခပ်ဟောက်ဟောက် မေးလိုက်၏။

“သေးပေါက်ချင်လို့ပါ” ဤလည်း တဒုက္ခပါကလား။

“ဟော့.. သေးပေါက်ချင်လို့တဲ့၊ အပေါက်ဝက ရဲဘော်တွေဆီက ပလပ်စတစ်ခွက် ယူကွာ၊အဲဒီထဲမှာ ပေါက်ပြီး အပြင်သွန်ဖို့ သူ့ လှမ်းပေးလိုက်၊ မင်းထွက်ရအောင် လူတွေက ကျပ်သိပ်နေတာ၊ ခွက်ပေးလိုက်ဟော့”

အပေါက်ဝအနီးရှိရဲဘော်တဦးက ခွက်ကို လက်ဆင့်ကမ်း လှမ်းယူ၍ ဆီးသွားချင်သည် ဆိုသည့်ရဲဘော် လက်တွင်းပေးရသည်။ အန္တရာယ် လွယ်မထားနိုင်သူမှာပလပ်စတစ်ခွက်တွင်းမှာပင် ကိစ္စပြီးအောင် ပြုရသည်။

"ရော့ဟေ့ ရော့၊ သေးခွက်၊ သေးခွက်' ကိစ္စပြီးသူက အော်၏။

ပေး ပေး၊ ဒီမှာပေး အပေါက်ဝက ရဲဘော်က လှမ်းယူသည်။

သို့သော်သေးခွက် ပေးသူနှင့် လှမ်းယူသူတို့ တဦးနှင့် တဦး မမြင်ကြရ၊ မှန်းဆ၍သာပေးရသည်။ ရမ်းသန်း၍သာ လှမ်းယူရသည်။ ပေးသူ နှင့် ယူသူချိန်သား၊ မှန်းသားမတိုက်သည့်အခါ သေးအပြည့် ပါသော ပလပ်စတစ်ခွက်က လွတ်ကျသွားသည်။

ဟော့ ... ဘယ့်နှယ်လုပ်တာလဲကွ၊ အို ... ဒုက္ခပါပဲ၊ ငါ့ ရင်ဘတ် တခုလုံး သေးတွေ စိုရွှဲကုန်ပါပြီ'

ငါ့မျက်နှာလဲ ပေသွားတယ်”

'ဟင် ... ဘာတွေလဲ သေးတွေလား၊ ဒုက္ခပါပဲကွာ”

ထအော်သူ ညည်းသူများနှင့် မှောက်သွားသော သေးခွက်၏ ပြဿနာမှာ မသေးလှပါ။ နောက်ထပ်ဆီးသွားချင်သူ တယောက်စ နှစ်ယောက်စ ပေါ်လာသေးသည်။ သို့သော် သည်တချီတွင်မူ သေးခွက် ပေးသူ ယူသူတို့ကို သေချာစေရန် စီမံရသည့်အတွက် သေးခွက်မှောက်သည့် ပြဿနာ မပေါ်တော့ပေ။

ရင်ဘတ်ပေါ်တွင်ဝမ်းဗိုက်ပေါ်တွင် ပေါင်ဖိ၊ ခြေသလုံးဖိသည့် ပြဿနာကမူ အကြီးဆုံးဖြစ်၏။တညလုံး တနေရာမှာ မဟုတ် တနေရာမှာ အော်သူ၊ ဟစ်သူနှင့် ဆိတ်သူ၊ ဆွဲသူတို့၏ ပြဿနာများကို ကြားနေရ၏။

လှိုင်းနှင့်လေကတညလုံး ထန်နေတော့သည်။ ကျွန်တော့်မှာ လုံးဝ အိပ်ရသည် မရှိ။ အခြားလူများလည်း အိပ်ကြရမည် မဟုတ်ပါ။ သို့သော် တခြားလူများမှာ မှိန်းနေငြိမ်နေ၍ ရသေးသည်။ စစ်ရေယာဉ် ဆိုသည်မှာ လှေငယ်တစင်းနှင့်ဖောင်တခုတွင်းမှာပင် ဖြစ်သော်လည်း တာဝန်ဟူသည်က မလျော့ပါ။ ကျွန်တော်နိုးနိုးကြားကြား နေပါမှ တခြား တာဝန်ကျသူများလည်း တက်တက်ကြွကြွရှိကြမည်ဖြစ်သည်။

ည သန်းခေါင်ကျော်လာခဲ့ပြီ ဖြစ်သည်။တိမ်သား အတန်ကင်းစင်သွားသည် ဖြစ်၍ ကြယ်အချို့ ပေါ်ထွက်လာသည်။ကျွန်တော့်နားတွင် အသံတသံ လိုလို ကြားရ၏။ ခေတ္တမျှ နားစိုက်ထောင်လိုက်ရာ

“ဟော့ … လေယာဉ်ပျံသံ မဟုတ်လား၊ နားထောင်ကြစမ်း'

“ဟုတ်တယ် စီအို လေယာဉ်ပျံသံပဲ”

ဟော့ … ကြည့်ကြစမ်း ဟော့ ကြည့်ကြစမ်း၊ ဗိုလ်စောဦး၊ ခင်ဗျား ဘက်ဆီက မီးကျည်တွေ ပေးစမ်း

ကောင်းကင်ပတ်လည် မော့၍ အသံကြားရာ ရှာကြည့်ကြသည်။ သိပ်မရှာကြရပါ။ ကောင်းကင်ရှိ ကြယ်စင်တချို့ကြားတွင် ဝဲယာ တောင်ပံမီး၊ မီးနီ၊မီးစိမ်းတို့ကို ဖွင့်လျက် ပျံသန်းနေသည့် လေယာဉ်တစင်းကို မြင့်စွာသောကောင်းကင်ထက်၌ မြင်ကြရသည်။

“ဟိုမှာ တွေ့ပြီ၊ တွေ့ပြီ ဟာ အမြင့်ကြီးပါပဲလား၊ မီးကျည်ပစ်ပါ စီအို၊ မီးကျည် ပစ်ပါ'

မြင်သည်မမြင်သည် အပထား၊ ကျွန်တော့် တာဝန်ကတော့ မီးကျည်ပစ် အချက်ပြရမည်သာ။နေ့လည် ကတည်းကပင် အသက်ကယ် ဖောင် လမ်းညွှန် စာအုပ်တွင် မီးကျည်များ အကြောင်းဖတ်ထားပြီးဖြစ်သည်။ ကျွန်တော်က လေထီးမီးကျည်တလက်ကို ယူလိုက်သည်။

လေထီးမီးကျည်မှာ လုံးပတ် ၂ လက်မ အလျား ၁၈ လက်မခန့် အလူမီနီယန် သတ္တုပိုက်ဖြင့်ပြုလုပ်ထားသည်။ ပိုက်၏အောက်ခြေမှာ နှစ်ပိုင်း ရှိသည်။ အောက်ခြေပိုင်းသည် ၄လက်မခန့် သီးသန့် ဖြစ်၍ အထက်ပိုင်း ကိုယ်ထည်း ထည်သည် ၁၄ လ လက်မခန့် သီးသန့်ဖြစ်၏။ ၎င်းကို ဆက်စပ်ရာ နှစ်ခုအနီးတွင် နှစ်ခွ မြှားပလျက် ရှိသည့် ပင်တချောင်းဖြင့် ဆက်ထားသည်။ အသုံးပြုသည့်အခါတွင် မီးကျည်ထိပ်ဘက်ရှိ အဖုံးကိုဖွင့်လျက် အောက်ခြေမှ ပင်ကို ဖြုတ်ကာ မိုးထက်သို့ ဒီဂရီခြောက်ဆယ်လောက် ထောင်လျက် အနေအထားတွင် ထားပြီး ဖင်ပိုင်းကို (Anti Clockwise) နာရီလက်တံ ပြောင်းပြန်လှည့် အနေ လှည့်လိုက်လျှင် မီးကျည် ပေါက်ကွဲ ထွက်သွားမည် ဖြစ်၏။

ကျွန်တော်သည်သူ့ စာဆို အညွှန်းအတိုင်း အနေအထားတွင် ထားရှိပြီး မီးကျည်ကိုပစ်ဖောက်လိုက်သည်။ ၂ လက်မ မော်တာပစ်သည့် အနေအထားတွင် ဖြစ်သည်။ ထိုင်းခနဲပေါက်ကွဲသံ ကြားရပြီးနောက် မီးရှူး တခုသည် မီးကျည်ပြောင်းဝမှထွက်သွားကာ ကောင်းကင်ယံသို့ တက်သွား၏။ ခေတ္တမျှ ကြာသောအခါ ကောင်းကင်ထက်တွင် လက်ခနဲ တချက်ဖြစ် ဖောက်ခနဲ တချက် ကြားလိုက်ရပြီးနောက် ထွန်းလင်းသောမီးစုန်းဖြူရောင် မီးကျည်တခုကို မြင်ကြရ၏။ ရ၏။ မီးကျည်မှာ ဂျပန်ခေတ် လေယာဉ်ပျံထက်မှ ချသော မီးကျည်လောက် မကောင်းပေမယ့် အတော် လင်းသောမီးကျည်တလုံး ဖြစ်သည်။ လေထီးဖြင့် တွဲကျဆင်းနေရာမှ ၂ မိနစ်သာသာခန့်ကြာသောအခါတွင် မီးငြိမ်း သေသွားသည်။

နောက်ထပ် ပစ်ပါဦး စီအို၊ ပစ်ပါ ဦး၊ ဒါဆို မြင်ဖို့ ကောင်းပါတယ်'

အပေါက်ဝပြူတစ် ထွက်နိုင်သူ ဟူသမျှ စာစာက မီးကျည်ကို မြင်ရသူမှန်သမျှကဝိုင်းဝန်း ပြောကြ၏။ လေယာဉ် အသံကလည်း သဲ့သွားပြီ။ တောင်ပံမီးစံ များလည်းကြယ်ပွင့်များကြား ဝင်ရောက်ပျောက်ကွ က် ကွယ်တော့မည်။ အချည်းအနှီးသာဖြစ်မည်ကို သိသော်လည်း သူတို့တတွေ စိတ်အားမပျက်ကြစေရန်အတွက် လေထီးမီးကျည်ကို မသုံးနိုင်တော့သည့်တိုင် ပေါပေါများများရှိသည့် နှစ်ဆင့်ကွဲ မီးနီမီးကျည် နှစ်လုံးကို ကျွန်တော်က ဆက်သုံးလိုက်ရသည်။

နှစ်ဆင့်ကွဲ မီးနီ မီးကျည် (Red Star Flare) မှာတထွာ မရှိ၊ တမိုက်မျှသာ ရှိ၏။ တလက်မ လုံးပတ် ရှိသည်။ ပစ်ဖောက်ရသည်မှာလေထီး မီးကျည်ထက် လွယ်ကူသည်။ ထိပ်ဘက်က အဖုံး ဝက်အူရစ်ကို လှည့်ဖွင့်လိုက်လျှင်ပင် လက်ကိုင် ကွင်းငယ်တခု ပေါ်လာသည်။ ကွင်းငယ်ကို အနည်းငယ်အားပြု၍ ဆွဲလိုက်ပြီး မီးကျည်ကို ဝဲလက်နှင့် ဆုပ်ကိုင်ထားစဉ် ယာလက်ကမီးကျည် ဖင်ပိုင်းကို ခံထားလိုက်ရသည်။ ကွင်းငယ်ကို ဆွဲလိုက်သည်နှင့်ရှူးခနဲ မီးဖွားများ ပန်းထွက်လာပြီး တခဏအကြာတွင် မီးကျည် အနီနှစ်လုံးသည် ဆင့်ကဲဆင့်ကဲ ဆင့်ကဲ ထိုင်းဟု မြည်ကာ သိကာ မီးကျည်ဝမှ ပေါက်ကွဲထွက်သွားသည်။ ကောင်းကင်ယံ အတန် မြင့်မြင့်ထိ မီးကျည် နှစ်လုံး တက်သွားပြီးမှ အရှိန်ကုန်သည်တွင် ရေပြင်သို့ စိုက်ဆင်းကျလာကာ ရေပြင် မထိမီ ပျောက်ကွယ်ငြိမ်းပ သွားသည်။

“ဟာ .. လှလိုက်တာ လှလိုက်တာ ပစ်ပါဦး စီအို၊ နောက်တလုံး'

'ထိုင်း .... ထိုင်း'

နောက်မီးကျည်တလုံး နောက်မီးကျည်တလုံး ပစ်ပြီးသည်တွင် လေယာဉ်သည် ဝေးသည်ထက် ဝေးသွားကာ အသံပါ ပျောက်ကွယ်သွားတော့သည်။ လေယာဉ်သည် ကျွန်တော်တို့ကို မြင်နိုင် ဖွယ်မရှိကြောင်း မူလကပင် ကျွန်တော်သိသည်။ သို ၊ သို့သော် လေယာဉ် တစင်းကိုတွေ့ပါလျက်နှင့် မမြင်သော်ရှိ မြင်သော်ရှိ မပစ်ရကောင်းလားဟု အပြစ်တင်မခံရစေရန် ကျွန်တော့်လူများ စိတ်အားတက်ဖွယ်လည်းဖြစ်စေရန်အတွက် လေထီး မီးကျည်တလုံးကို ကျွန်တော် သုံးလိုက်ရခြင်းသာဖြစ်သည်။ နှစ်ဆင့်တွဲ မီးနီ မီးကျည် နှစ်လုံးက အဆစ်ပါသွားသည်။ လက်ကျန်လေထီးမီးကျည် သုံးလုံးနှင့် မီးနီ မီးကျည် အချို့ ကျန်၍ တော်ပါသေးသည်။

“ကျွန်တော်တို့ကို မြင်သွားသလား စီအို'

“မြင်ချင်လဲ မြင်ဖို့ ကောင်းတာပေါ့ကွာ'

မှောင်ထုတွင်းမှ တစုံတဦးက လှမ်းမေးသည်ကို မယုတ်မလွန်သာ ဖြေလိုက်ရသည်။ စိတ်ကတော့ လုံးဝ မဖြေဘဲ နေလို့ရလျှင် နေချင်သည်။

“မြင်တာပေါ့ကွ၊ ဒီမီးကျည်ကို အသေအချာ မြင်တာပေါ့”

'မင်းက ဘယ်လို သိသလဲ'

'ငါ သိတာပေါ့ကွ၊ သိကို သိလို့ သိတယ် ပြောတာ”

“ကဲ ... ဒါဖြင့်ရင် ဘာဖြစ်လို့ ပြန် လှည့် မလာတာလဲ”

'ဘယ်လှည့်လာလိမ့်မလဲကွ၊ သူ့မှာက ပါစင်ဂျာတွေ ပါတယ် သူက ရန်ကုန်ကိုဝိုင်ယာလက်နဲ့ အကြောင်းကြားမှာပေါ့၊ အဲဒီတော့ ရန်ကုန်ကတို့နေရာကို လေယာဉ် ဖြစ်ဖြစ် သင်္ဘောဖြစ်ဖြစ် လွှတ်မှာပါ”

သူတို့ချင်းမှောင်တွင်းတွင် ငြင်းခုံ ပြောဆို နေကြခြင်း ဖြစ်သည်။ ကျွန်တော်က ဘာမျှဝင်မပြော။ ဟန့်လည်း ဟန့်မတား။ သူတို့ချင်း ငြင်းအား သန်နေသေးသည် ဆိုလျှင်စိတ်ဓါတ် မကျသေး။ စိတ်ဓါတ် မကျခြင်းသည် မည်သည့်နည်းနှင့်မဆို ကောင်းသည့်လက္ခဏာ ဖြစ်ပေသည်။

နံနက်လင်းတော့မည်။ နံနက် လင်းခါနီးပြီဆိုလျှင် ကျွန်တော်တို့ မျှော်ကြည့်ကြသည်မှာအရှေ့ အရပ်ဆီသို့သာ။ ယမန်နေ့က တွေ့မြင်ရသည့် ကျွန်းနှင့် မည်မျှနီးစပ်လာပြီနည်း။ ကျွန်းပေါ်သို့ ရောက်ပင် ရောက်လုနီးပြီထင့်။ ပင်လယ်ရေတွင် ဆင်းကာ ကမ်းခြေကိုများ ထောက်မိနေပြီလားဟု စမ်းကြည့်သူက စမ်းကြည့်စေချင်သေးသည်။ မှောင်နှင့်မည်းမည်းသာ ရှိသေးခြင်းကြောင့် အဆင်းမခံနိုင်ဝံ့သေး။ ရှေ့က မည်းမည်း အုပ်ကြီးသည် ကျွန်းဟုတော့ ထင်ရ၏။ ခဏအကြာတွင် အလင်းရောင်ပိုလာသည်တွင်မှ တိမ်တိုက်ကြီး ဖြစ်နေမှန်းသိရသည်။

ဟိုရှေ့ဆီက ခပ်နိမ့်နိမ့် ခပ်စုစု အုပ်ကလေးကကော၊ ကျွန်းစုတွေ ထင်ပါရဲ့။ စောင့်ကြည့်နေဆဲ ရောင်နီ ပျိုးလာသည်။ အမှောင်ထု တနင်ယံကင်းစင်သွားတော့မှ တိမ်မည်းစု ကလေးများသာ ဖြစ်ကြောင်း တွေ့ရ၏။ မိုးစင်စင်လင်းသည်နှင့် တပြိုင်နက် တိမ်များ ကင်းစင်သွားကြကာ ယမန်နေ့က ၁၅မိုင်၊ မိုင် ၂၀ နှုန်းမျှသာ အလွန်ဆုံး ကွာဝေးမည် ခန့်မှန်းထားသော မော့စကော့ကျွန်းစုကို လုံးဝမမြင်ရတော့ပေ။ ပတ်ဝန်းကျင် တခွင် ကျွန်းကို အသာထား၊ကျောက်သား ကျောက်တုံးငယ် တလုံးမျှ မရှိ။ ဟင်းလင်းအတိ။ အရှေ့ဆီမှ လေနှင့်ရေလှိုင်းသည် ကျွန်တော်တို့အား ပင်လယ်တွင်းသို့ မောင်းနှင်ထုတ်ခဲ့လေပြီတည်း။

၆။ ၁၉၅၆ ခု။နိုဝင်ဘာ ၃၀ ရက်။

နံနက် လေးနာရီကျော်အထိ သောင်းကျန်းနေခဲ့သည့် လှိုင်းသည် မိုးစင်စင် လင်းသည်တွင် အတန်ကြာ ငြိမ်သက်သွားပြီ။ လူတွေမှာ တညလုံး လှော်ခတ်၊ ရေပက်၊ ကိုယ့်ပေါ် သူထပ် သူ့ပေါ် ကိုယ်ထပ် ဖြစ်နေကြသည်ကြောင့် ပင်ပန်း နွမ်းနယ်နေကြသည်။ ညက တညလုံး ပြဿနာဖြစ်နေသည့် ပေါင်ရှင်မှာ တပ်သား မောင်မြင့် ဆိုသူ ဖြစ်၏။ သူသည် အရပ် ၅ ပေ ၉ လက်မခန့်ရှိပြီး ကိုယ်အလေးချိန် ပေါင် ၁၈၀ ကျော်ရှိသည်။ သူ့ပေါင် တခုလုံးမှာ သူများက ဆွဲဆိတ်ထားသည်ကြောင့် ညိုမည်းနေ၏။ သူ့ပေါင်လုံး တလုံးမှာ စပါးကြီးမြွေ တကောင်၏ လုံးပတ်မျှရှိသည်။ စပါးကြီးမြွေ ကဲ့သို့ပင် ညိုမည်း ကွက်နေသည်။ အများ မေတ္တာထားကြသည့် ပေါင်ကြီးပင် ဖြစ်၏။

နံနက် ၈ နာရီခန့်တွင် လှိုင်းလေစင်သည်နှင့် တပြိုင်နက် ရေကူး တတ်သူရော မကူးတတ်သူပါ ရေထဲဆင်း၍ ကိုယ်လက်လှုပ်ရှားမှု ပြုကြစေသည်။ တညလုံး ကွေးနေရခြင်းကြောင့် ကိုယ်ခန္ဓာမှာ အတန် လန်းဆန်းသွားသည်။ ကျွန်တော်က ဖောင်ပေါ်တွင် တပ်သား/စက် ဂွမ်ရိုန်နှင့် တပ်သား/စက် လှဖေတို့အား သန့်ရှင်းရေး လုပ်စေသည်။ ညက ရေစိုထားသည့် အဝတ်များကို ရေညှစ်စေကာ တတ်နိုင်သမျှ ဖောင်အမိုးပေါ်တွင် နေလှန်းကြသည်။ ညက သေးခွက် မှောက်၍ ပေကျံ နံစော်နေသည်များကို ရေမြုပ်ဖြင့် စုပ်ယူ ထုတ်စေရသည်။ ဘယ်ချောင်နှိုက်နှိုက် နေ့စဉ် ရက်ဆက်လို ထွက်လာသည်ကတော့ ဆေးလိပ်ပျက် ဆေးလိပ် အစီခံ များသာဖြစ်တော့၏။ သန့်ရှင်းရေး လုပ်စဉ်တွင် ဗိုလ်ကြီးစောဦးကို တွဲမ၍ ခေတ္တမျှ ဆင်းစေခဲ့ကာ သန့်ရှင်းရေး ပြီးသည်နှင့် သူ့အား ပြန်တင်၍ နားနေစေသည်။

ကျွန်တော်က ဖောင်ပတ်ပတ်လည်ကို အသေးစိတ် စစ်ဆေးကြည့်ရှုသည်။ ဖောင် အခြေအနေမှာ ယမန်နေ့က ကဲ့သို့ပင် ကောင်းသည်။ ဖောင်ထိပ်မှ မီးလုံးမှာမူ လုံးဝ သုံးမရတော့ပေ။ လက်နှိပ်ဓာတ်မီး ဘတ်ထရီများလည်း အလားတူ။ သို့သော် ကျွန်တော်တို့ ရဲဘော်များ လုံးဝ စိတ်ဓာတ် မကျခဲ့ကြသေး၊ တံငါလှေ၊ စက်လှေတစင်းစင်း တွေ့ရမည်ဟု ယုံကြည်နေသည်။ မလိကျွန်း (Port Owen) ဆိပ်ကမ်းတွင် ကျောက်ကျ စောင့်နေမည်ဖြစ်သည့် တိုက်ရေယာဉ် ၁၁၀ သည် မြိတ်တွင် ရှိနေသည့် တိုက်ရေယာဉ် ၁၀၁ ၏ အကူအညီဖြင့် ပိုက်စိတ်တိုက် ရှာကြမည်ဟု ယုံကြည်နေသည်။ နောက်တနေ့ဆိုလျှင် ရန်ကုန်ရှိ ရေတပ် တိုင်းဌာနချုပ်က လေယာဉ်ပျံ လွှတ်၍ပင် ရှာဖွေမည်မှာ သေချာသည်။ ထို့ကြောင့် ကျွန်တော်တို့သည် အလွန်ဆုံး နှစ်ရက် သုံးရက် အတွင်း ပင်လယ်ပြင်မှ ဆယ်ယူ ကယ်တင်ခြင်း ခံရမည်မှာ သေချာပေါက် ဖြစ်သည်။ စိတ်ဓာတ် မကျသည့်ပြင် စစ်ချီ

သီချင်းများကိုပင် သံပြိုင် သီဆိုနေကြသေးသည်။ ဗိုလ်စောဦးက မှိန်း၍ ပြုံးပြုံးကြီး နားထောင်နေသည်။

ထိုနေ့တွင် ဖောင်ပေါ်ရှိသည့် အစားသောက်ဖြစ်သော သကြားလုံးနှင့် သောက်ရေချိုကို စတင်ဝေငှသည်။ ပထမ သကြားလုံးများကို တပိုင်းတစ ရေစို ပျက်စီးနေပြီးဖြစ်သော အိတ်တွင်းမှ ထုတ်ယူ ဝေငှသည်။ တယောက်လျှင် ပုံသဏ္ဍာန် မပီသတော့ပြီ ဖြစ်သော သကြားလုံး တလုံးစီရသည်။ သောက်ရေချိုကို ပထမ တဘူး စမ်းသပ်ဖောက်သည်။ နို့စိမ်းဘူးအရွယ် ဘူးထိပ်တွင် လက်ဖနောင့် ရိုက်ချွန်ဖြင့် အပေါက်နှစ်ပေါက် ရိုက်ဖောက်လိုက်ပြီး သံချွန်ကို ရေတွင် ပစ်ချလိုက်သည်။ သံချွန်မှာ အန္တရာယ်ဖြစ်သည်။ ရေခြင်တွယ် တိုင်းတာသည့် ပလတ်စတစ်ခွက်ငယ်ဖြင့် ငှဲ့ကာဝေငှသည်။ တယောက်လျှင် ရမ်အရက်ဆိုပါက တပက်ခွဲသာသာမျှ ရရှိကြသည်။ (ရမ်ပက်ခြင်နှင့် အကျွမ်း မဝင်သူများအတွက် ပြောရပါလျှင် ဆွမ်းတော်တင်ရာတွင် သောက်တော်ရေ ကပ်သည့် ဖန်ခွက် အသေး တခွက်စာမျှ ရသည်ဟုလို) ဗိုလ်ကြီးစောဦးကို ပထမဆုံး တိုက်စေသည်။ ပြီးမှ တယောက် တလှည့် ကျွန်တော့်အလှည့်က နောက်ဆုံးဖြစ်သည်။ လူ ၁၈ ယောက်ကို အညီအမျှ ဝေငှ သောက်စေသည်တွင် ရေဘူး နှစ်ဘူး ကုန်သည်။ ညနေ ရေဝေချိန်ကို ညနေ ၅ နာရီဟု သတ်မှတ်သည်။

ကျွန်တော်တို့ ရဲဘော်များတွင်လက်ပတ်နာရီ ကိုယ်စီလို ပါလာကြသည်။ နာရီ အချို့မှာ ၂၄ နာရီမပြည့်မီပင် ရေဝင်ကာ ရပ်ဆိုင်းသွားပြီ ဖြစ်သည်။ ကျွန်တော့်လက်ပတ်နာရီ နှင့် နာရီ နှစ်လုံးသုံးလုံးသာ အချိန်မှန် ပြသေးသည်။ သည်။ရေမဝင်သေး။ ကျွန်တော့် နာရီမှာ တန်ဖိုး သိပ်မရှိလှသော (Roamer) ရိုးမားအမျိုးအစား ဖြစ်သည်၊ ကျွန်တော်သည် နာရီအားလုံးကို လက်မှ ဖြုတ်စေကာဖောင်အတွင်း ခေါင်မိုးဘက် တနေရာတွင် စု၍ ကြိုးဖြင့် ချည်ထားစေသည်။

ဖယောက်တတွဲ ရေတွင်ဆင်း၊ ကင်းတာဝန်၊ ဖောင်လှော်ခတ်သည့် တာဝန်ကို ယမန်နေ့က ကဲ့သို့ပင် ဆက်လက်ပြုလုပ်သည်။ ကျွန်တော်ကမူ တနေကုန် တတ်နိုင်သမျှဖောတွင်သာ နေသည်။ ဖောင်ဘေးတွင် အရိပ်ခိုကာ ရေစိမ်နေသည်။ ဖောင်ဘေးအရိပ်ခိုကာ ရေစိမ်နေစဉ် တပ်ကြပ်မောင်အေးသည် ကျွန်တော့်အနီးကပ်ကာတိုးတိုး စကားပြော၏။ ကျွန်တော့် ဖောင်ပေါ်တွင် တပ်ကြပ်မောင်အေး ဟုသည့်အမည်နှင့် နှစ်ယောက် ပါရှိသည်။ တယောက်သော မောင်အေးမှာ တိုက်ရေယာဉ် ၁၀၃မှ တပ်ကြပ်ဖြစ်လျက် ပလွေမောင်အေးဟု ခေါ်ကြသည်။ ယခုလာစကားပြောသည့်မောင်အေးမှာ မြိတ်သို့သွားရန်အတွက် သဘော်ကြုံ စီးပါလာသည့်တပ်ကြပ်မောင်အေး ကိုယ်ပိုင် အမှတ် ၃၃၆၅ ဖြစ်သည်။ သူနှင့် ဗိုလ်ကြီးစောဦးတို့မှာ တမြို့တည်းသားများ ဖြစ်ကြ၍ အလွန် ခင်မင်

ရင်းနှီးကြသည်။ သူက…

“ကိုစောဦးဗိုက်အခြေအနေကတော့ မသက်သာလှဘူး စီအို” ဟု ပြောသည်။ သူသည် လူကွယ်ရာတွင် ဗိုလ်ကြီးစောဦးကို ရင်းနှီးစွာနှင့် ကိုစောဦးဟု ခေါ်သည်။ သူတို့နှစ်ယောက်ချင်းဆိုမှ ‘ဟေ့ စောဦး’ဟု ခေါ်သည်။

“အေးကိုယ်လဲ သိပါတယ်၊ သူ့မှာက ဘီစကစ်နဲ့ ဆိုဒါဘိုက်ကပ်နဲ့ နေရတဲ့ လူဆိုတော့ ပို ခံရမှာပေါ့ကွာ”

“ကျွန်တော်တို့ ကျွန်းကို ရောက်ပါ့မလား' သူက တိုးတိုး မေးသည်။

ကျွန်းကိုရောက်ဖို့ထက် စက်လှေ တံငါလှေ တခုခုနဲ့ တွေ့ဖို့ကို ငါက ပိုမျှော်လင့်တယ်၊ ဘာကြောင့်လဲဆို ဗိုလ်ကြီးစောဦးကြောင့်ပဲ”

“ဟုတ်တယ်နော် တိုက်ရေယာဉ် ၁၁၀ နဲ့ တွေ့ရင် ပိုကောင်းမှာပဲ'

“ဒါကတော့ အကောင်းဆုံးပေါ့၊ မင်း ဗိုလ်စောဦးကို ကောင်းကောင်း ကြည့်ကွာ၊ ညဆိုလဲ သူ့နား ကပ်နေ ဟုတ်လား”

'ကျွန်တော် ကြည့်ပါ့မယ် စီအို၊ သူနဲ့ ကျွန်တော်က သိပ်ခင်ကြတာ စီအို သိတယ် မဟုတ်လား”

“အေးပါကွာ ငါ သိပါတယ် ကဲ မင်း ဖောင်ပေါ်တက်၊ Look out Duty ကိုပဲ ဂရုစိုက်လုပ်ကွာ'

သူဖောင်ပေါ် ပြန်တက်သွားသည်။ ဖောင်ပေါ်တွင် ကင်းမျှော် တာဝန်ကျသူများသည်မိုးကုပ်စက်ဝိုင်း တခွင်ကို မှန်ပြောင်းနှင့် ကြည့်သူ ကြည့်၊ နေရောင်လက်ကာ၍ ကြည့်သူ ကြည့်နှင့် ကြည့်မျှော်နေကြသည်။ ပင်လယ်က သဘောကောင်းနေ၍။လှိုင်း လေ မရှိ။ ပကတိ ငြိမ်သက်သော ပင်လယ်ပြင်ကြီးတွင် မည်သည့် ငါးဖမ်းလှေ စက်လှေ မဆိုထား၊ ယမန်နေ့က လာသော စင်ရော်ငှက် သည်ပင်လျှင် တကောင်မျှမတွေ့မြင်ရပေ။

နေသည်အနောက်ဘက် မိုးကုပ်စက်ဝိုင်းကို ထိလုနီးပါး ရှိသည့်အခါ၊ နေဝန်း၏အောက်ခြေအနားကို ပင်လယ်ရေသားက ပွတ်သပ် ဆေးကြောပေးသော အခါတွင်ရဲဘော်အားလုံး ဖောင်ပေါ်ပြန်တက်ကြစေသည်။ အစားအသောက် ဝေချိန်သောက်ရေဝေချိန် ဖြစ်သည်။ ကျွန်တော်က ပထမဆုံး သ သကြားလုံး ပလတ်စတစ်အိတ်ကိုဖွင့်ဖြေလိုက်သည်။ ရဲဘော်အားလုံးမှာ မျှော်လင့်ချက် ကြီးစွာဖြင့်သကြားလုံး အိတ်ကို အသာငမ်းငမ်းဖြင့် ကြည့်နေကသည်။ သကြားလုံး အိတ်အတွင်းဝယ် အိတ်အတွင်းဝယ် သကြားလုံး ဟူ၍ မရှိသကြားလုံး ဟူ၍

မရှိတော့။ အရည်ပျော်နေပြီဖြစ်သည့် သကြားစေးသကြားရည် နှင့် သကြားလုံးထုပ်သည့် စက္ကူများသာလျှင် ကျန်ရှိတော့သည်။

ကျွန်တော်သည်သကြားလုံးထုပ်သည့် စက္ကူစလေးများကို သကြားစေးတွင် မွှေကာ တယောက်လျှင် စက္ကူတဖတ်ပေး၍ သကြားစေးကို သူတို့အား စုပ်စေရသည်။ တယောက်လျှင် နှစ်လှည့် နှစ်ကြိမ်ကျစီမျှ စုပ်ကြရသည်။

သကြားစေးများကုန်သွားသည့်အခါ သကြားလုံး ထည့်သည့် ပလပ်စတစ်အိတ်ကို ၁၈ ပိုင်းဆုတ်ဖြဲပြီး တယောက်လျှင် တပိုင်း ဝေပေးခြင်းအားဖြင့် ကိုယ်ရသည့်ပလပ်စတစ်ပိုင်းကို ဖိမ်နှင့် မှေးကာ စုပ်ယူ အရသာ ခံနိုင်ကြသည်။ သကြားရည် ရွှဲသော ပလတ်စတစ်ပိုင်းကို စုပ်ရသည်မှာ အရသာရှိလှပါဘိသည်။

ထိုစဉ်တွင် အထူးအဆန်း တခု ဖြစ်သွားသည်။

“ပေ့ ပျားပေ့၊ ပျား ... ပျား ဘက်က လာမှန်း မသိဘူး'

အလွန်သေးငယ်သည့် ပျားလေး တကောင်သည် ကမ်းမမြင် လမ်းမမြင်သည့် ပင်လယ်ပြင်တွင် ကျွန်တော်တို့ ဖောင်တွင်း၌ တဝီဝီ ဝဲပျံနေသည်။

“အေး ... သကြားရည် နံ့ ရလို့ ရောက်လာတာနဲ့ တူတယ်ကွ'

“ဒီလိုဆို ကမ်းနဲ့ သိပ်မဝေးသေးဘူးပေါ့”

ပျားငယ်သည်တဝီဝီ ပျံဝဲနေရာမှ ကျွန်တော်၏ ထောင်တားသော ဒူးခေါင်းပေါ်တွင် လာနားသည်။ အားလုံးတွင် ကျွန်တော့်ကိုယ်မှ သကြားရည်နံ့ အများဆုံး ဖြစ်ခြင်းကြောင့် အနံ့စူးရာတွင် ခိုဝင်ရပ်နားခြင်း ဖြစ်ပေမည်။ ကျွန်တော်က ဒူးကိုပျားတုပ်မည် စိုးသည်ကြောင့် ဆတ်ခနဲ လှုပ်လိုက်ရာတွင် ပျားကောင်ငယ်သည် ပျံသန်းသွားလေတော့ရာ နောက်ထပ် မမြင်တွေ့ကြရတော့ပေ။

ရဲဘော်အားလုံးသည်ကျွန်တော့်အား စိုက်ကြည့်နေကြသည်။ ကျွန်တော်ကမူ ပျားနား၍ စိုက်ကြည့်နေကြသည် လားဟု တွေးကာ သူတို့ မျက်နှာများကို လိုက်ကြည့်မိသည်။ သူတို့၏မျက်လုံးများသည် ကျွန်တော့်ကို ကြည့်သည်မဟုတ်။ ကျွန်တော်၏လက်နှစ်ဖက်တွင်သာလျှင် သူတို့ မျက်လုံးများ ရောက်နေကြသည်ကို သတိပြုမိသည်။

သကြားရည်များစိုရွှဲနေသည့် ပလပ်စတစ် အိတ်ကို အစိတ်စိတ် အမြွာမြွာပိုင်းဆုတ်ရသည်ကြောင့် ကျွန်တော့် လက်နှစ်ဖက်လုံးတွင် သကြားစေးများပေကျံနေသည်။ ဖောင်ပေါ်ရှိ ရဲဘော်အားလုံး၏ မျက်စိများသည်ကျွန်တော့်လက်ကိုသာ စိုက်ကြည့်နေကြ၏။ သူတို့

မျက်လုံးများသည်ကျွန်တော့်လက်တွင်သာ စိုက်မိနေ၏။

'ကဲ... ကဲ... ဗိုလ်စောဦးက စ၊ ခင်ဗျားက လက်ဝဲလက်မကို စုပ်၊ နောက် ဘယ်ဘက်ကစပြီး တယောက်စီ လက်ညိုး လက်ခလယ်နဲ့ လက်သူကြွယ် ရတဲ့ လူတွေကတချောင်းကို မျှစုပ်ကြကွာ၊ လက်ချောင်း မရတဲ့ လူတွေက လက်ဝါးကို လျက်၊ညာဖက်လက်မကတော့ ကိုယ့်ဖို့ ထားကြ။

သူတို့အားလုံးသည်ခွေးသားအုပ်မကြီး၏ နို့အုံကို ခွေးကလေးများ ဝိုင်းတွယ်စို့သည့်ပမာကျွန်တော့် လက်ချောင်းများကို တယောက်တလှည့် ဝိုင်းလျက်ကြသည်။အားလုံးကုန်စင်မှ ယာဖက်လက်မကို ကျွန်တော် စုပ်ရသည်။ ကျွန်တော့်လက်ချောင်းများနှင့် လက်ဝါးပြင်သည် ရေဆေးရန် မလိုတော့ပါ ။ ခွေးလျက်သည်ကမှ အစအန ကြွင်းကျန်တောင်း ကြွင်းကျန်ဦးမည် ဖြစ်၏။

သကြားရည်ကိုစုပ်ယူ စားသုံးကြပြီးနောက် သောက်ရေ ဝေငှသည်။ ယမန့်နေ့က ကဲ့သို့ပင် ၁၈ယောက်ကို နှစ်ဘူး ဖောက်ရသည်။ ကိုယ်ရသမျှ ရေဝေစုကိုကိုယ်ကြိုက်သလို ဇိမ်ဆွဲသောက်ခွင့် ပြုရသည်။ လျှာဖျားမှစလျက် လျှာရင်းနှင့် လည်ချောင်းတွင်း အရောက် သောက်ရေကိုဇိမ်ဆွဲသောက်ရသည့် အရသာမှာ လောကတွင် အကောင်းဆုံး အရသာဖြစ်လိမ့်မည် ထင်ရသည်။

နေလုံးကွယ်ပျောက်ကာ မှောင်ရီပျိုးသည်တွင် ဘုရားရှိခိုးလိုသူများ မိမိဘာသာအရဘုရားရှိခိုး ရွတ်ဆိုလျှင် ရွတ်ဆိုကြခွင့် ကျွန်တော်က ပေးသည်။ ဘုရားရှိခိုးခြင်းသည် တစုံတရာသော အတိုင်းအတာ အထိ စိတ်အားကိုဆောင်စေသည်။ မျှော်လင့်ချက်ကို စွဲမြဲစေသည်ဟု ကျွန်တော် ယုံကြည်သည်။ဤဖောင်ပေါ်ရှိ လူ ၁၈ ယောက်တွင် ဘာသာဝင် အားလုံးပါရှိကြသည်။ အများအပြားမှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ကျွန်တော် ကိုယ်တိုင်မှာမူ ဗုဒ္ဓဘာသာဝင်တဦးမဟုတ်။ သို့ကြောင့် အားချည့်နေသည့် ဗိုလ်ကြီးစောဦးက ဦးဆောင်ကာငါးပါးသီလ ခံစေကြပြီး သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဆိုကြသည်။

တနင်္သာရီကမ်းရိုးတန်း မြိတ် ကျွန်းစုအလွန် မြန်မာ့ပင်လယ်ပြင်မှ သင်္ဘောပျက်ရဲဘော်တစု၏ ဘုရား ရှိခိုး ဝတ်ပြုသံသည် အသံလွှင့်စက်မှလွှင့်ထုတ်လိုက်သည့် ရေဒီယိုလှိုင်းပမာ ပျံ့နှံ့သွားကာ အကူအညီတစုံတရာ ရောက်ရှိလာကောင်း ရောက်ရှိလာမည်ဟုမျှော်လင့်အားထားစိတ်သည် လူတိုင်းကိုယ်စီတွင် ကိန်းအောင်းစိမ့်ဝင် လာသည်။ ဒုက္ခတွေ့မှ ဘုရားတသည် ဆိုခြင်းမှာ စကားအရာသာလျှင် မဟုတ်ပါပေ။

၁၉၅၆ ခု။ ဒီဇင်ဘာလ ၁ ရက်နေ့။

ညက လှိုင်းလေ ငြိမ်သက်သည်။ ကောင်းကင်ရှိ ကြယ်များကိုလည်း စုံလင်စွာ တွေ့မြင်ရသည်။ ပင်လယ်ပြင်တွင် လှိုင်းတွန့်ကလေးများသာလျှင် ရှိ၏။ နံနက်ရောက်မည့် ချိန်ခါကိုသာ မျှော်လင့်နေရသည်။ နံနက်သည် မျှော်လင့်ခြင်း၏ ရောင်ခြည်။ ညသည် အမှောင်တိုက်နှင့် ငရဲ။ တညလုံး ပေါင်တင် လူပိ ပြဿနာကို နာရီဝက် တခါလောက် ဟိုနေရာမှ မဟုတ်သော် သည်နေရာမှ ကျွတ်စီ ကျွတ်စီ ပေါ်လာသေးသည်။ သို့နှင့်ပင် မိုးစင်စင် လင်းရသည်။ မိုးလင်း ပြန်တော့လည်း ပတ်ဝန်းကျင် တခွင်လုံးမှာ ဘယ်ကျွန်း၊ ဘယ်သောင်၊ ဘယ်ကမ်းခြေမှ မမြင်ရပါ။ ရေပြင်အတိသာ ရှိတော့၏။

ကမ်းမမြင် ရသော်လည်း စိတ်ဓာတ် မကျသေး။ တိုက်ရေယာဉ် ၁၁၀ ၏ ကယ်တင်မှုနှင့် ငါးဖမ်းလှေ မျှော်လင့်ချက်က ရှိသေးသည်။ ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများသည် မြူးကစား နေကြသည်။ နေကလည်း ဖိတ်ဖိတ်တောက် အရောင်ကို ရေပြင်ကို မြင်စေသည်။

ထိုနေ့ နေ့လယ် အစားအသောက် ဝေချိန်တွင် ဗိုလ်စောဦး၏ ပေါင်အောက်တွင် စုထားသည့် အရေးပေါ် သူနာပြုသေတ္တာတွင်းမှ အကောင်းတိုင်းရှိသေးသည့် သကြားလုံး တလုံးစီနှင့် သောက်ရေဝေသည်။ အတော် အားရှိ လန်းဆန်း လာကြသည်။

နေ့ခင်းနေမှာ ဖောင်ပေါ်တွင် ရက်ရက်စက်စက်ပူလှသည်။ ကျွန်တော်က တနေကုန် တနေခန်း ရေစိမ်နေသည်။ ဖောင်ဘေးတွင် မေးကပ်၍ စိမ်သည်။ အသက်ကယ်ဖောကွင်း တကွင်းထက်တွင် ပက်လက်လှန် အိပ်နေသည်။ ကျန်ရဲဘော်များကိုလည်း နေ့ခင်းတွင် တတ်နိုင်သမျှ ရေစိမ်နေခြင်းအားဖြင့် မိမိခန္ဓာအတွင်းရှိနေသော ရေများခန်းခြောက်ခြင်းမှ သက်သာမည်ဖြစ်၍ ရေငတ်သက်သာမည် ဖြစ်ကြောင်း ပြောကာ ရေတွင် ဆင်းစိမ်နေကြ ရန် ပြောသည်။ ကျွန်တော်ပြောသည်ကို လိုက်နာလိုပါသော်လည်း မိမိ၏ မူလ ကိုယ်ခံကျန်းမာရေးကြောင့် မလိုက်နာ နိုင်သူများ ရှိနေကြသည်။ အထူးသဖြင့် တပ်ကြပ် စက် ကျော်ညွန့်နှင့် တပ်သား ကျော်ကျော် ဆိုသူမှာ ယခင်က ငှက်ဖျားရောဂါ ခံ ရှိခဲ့ဖူးခြင်းကြောင့် ရောဂါဟောင်းသည် အားနည်းသည့် အခါတွင် ပြန်ပေါ်လာတော့သည်။ သူတို့ တဟီးဟီး ဖျားကြသည်။ ညည်းညူကြသည်။ ကျွန်တော်က ဆေးပုလင်းတွင် ရှိသမျှသော ဆေးပြားများကို တိုက်ကျွေးသည်။ တိုက်ကျွေးသည်ဆိုသော်လည်း ရေ မရရှိခြင်းကြောင့် ဆေးပြားချည်း သက်သက် သူတို့ မျိုမချတတ်။ မျိုမချတတ်လျှင် ဝါးစားကြရန်သာ ကျွန်တော်က ပြောနိုင်သည်။

သူတို့ ဆေးသောက်ရန် ကျွန်တော် ရေမပေးနိုင်ခဲ့။
သောက်ရေတငုံစာကိုအချိန်ကျမှသာ ပေးနိုင်မည် ဖြစ်သည်။

ပင်လယ်ရေသည် လုံးဝ သောက်သုံး၍ မရပါ။ ပင်လယ်ရေငန်ခြင်းမှာ ဘာနှင့်မျှ မတူအောင် ငန်လှသည်။ ခါးလှသည်။ ပင်လယ်ရေသည် ကြည်လင်သည်၊ အေးမြသည်မှန်၏။ သို့သော် သောက်သုံး၍ကတော့ လုံးဝမရ ဖြစ်သည်။ ပင်လယ်ရေကို မသောက်ကြရန်နှင့် မနေနိုင်လွန်းက မနေနိုင်လျှင် အဝတ်စ တစကို ပင်လယ်ရေဖြင့် စိုအောင် ပြုလျက် ရေစင်အောင် ညှစ်ကာ ပါးစပ်တွင် ခဲထားလိုက ခဲထားကြရန်သာ ကျွန်တော်က ညွှန်ကြားခဲ့သည်။ သို့သော် ကျွန်တော့် ညွှန်ကြားချက်သည် ညွှန်ကြားချက်သာလျှင် ဖြစ်၏။ ပင်လယ်ရေက အချိန်မရွေး လက်ခုပ်နှင့် ယူသောက်နိုင်သည်။ ရေပြင်တွင်ဆင်းစဉ် ရေအောက်တွင် ငုပ်ကာ တကျိုက်တဝသောက်ချလျှင်လည်း ကျွန်တော် မြင်သည်မဟုတ်။ ဤနည်းအားဖြင့် ကျွန်တော့်အမိန့်ကို မနာခံလိုခြင်းကြောင့် မဟုတ်ဘဲ မနေနိုင်လွန်းခြင်းကြောင့် ၊ စိတ်အား ပျော့ခြင်းကြောင့် ကျွန်တော် မမြင်ကွယ်ရာတွင် ချိုးဖောက်သူများ ရှိလာခဲ့ကြသည်။ ကြာကြာတော့ မခံပါ။ သူတို့ ကျွန်တော့် စကား နားမထောင်ခဲ့ခြင်း၊ ကျွန်တော့် အမိန့်မနာခံခဲ့ခြင်းမှာ ညတွင် ဘူးပေါ်သလို ပေါ်တော့သည်။ ၂၄ နာရီမျှပင် မခံ၊ ပင်လယ်ရေ သောက်သူ ဟူသမျှ ဝမ်းဒလဟော သွားတော့သည်။ တပ်ကြပ်/စက်ကျော်ညွှန့်နှင့် တပ်သား ကျော်ကျော် တို့လည်း ဝမ်းသွားကြသည်။ အစာမစားရ၍ အား မရှိရသည့်ကြားက ဝမ်း နှစ်ခါမျှ သွားလိုက်သည်ဆိုလျှင်ပင် လူမှာ မျော့သွားတော့၏၊ လူမမာ စစ်စစ်ကြီးဘဝ တမုဟုတ်ချင်း ရောက်သွား လေသည်။

ညပိုင်းတွင် ဗိုလ်စောဦး၏ အခြေအနေ အတော်ဆိုးလာသည်။ လက်ကျန် သကြားလုံးသည် ညနေကပင်ဝေ၍ ကုန်ခဲ့ပြီဖြစ်သည်။ ကျွန်တော်တို့တွင် သောက်ရေ ဘူးများသာ ကျန်တော့၏။ သူက ရေသောက်လိုကြောင်း ပြောသည်။ ကျွန်တော်ကလည်း သူ့အားနေတိုက်လျှင် ကျွန်လူများကလည်း သောက်ချင်ကြမည် ဖြစ်ခြင်းကြောင့် သူ့အား ဝကွက်၍ မတိုက်နိုင်၊ အားလုံး ဝေငှရမည် ဆိုလျှင်လည်း နှစ်ဘူးဖောက်မှ လောက်မည်။ ရေဝေချိန်မဟုတ်ဘဲနှင့် ရေဝေပေးရန် ကျွန်တော့်တွင် ဆန္ဒမရှိ။ သူကလည်း ရေချည်းသာ တောင်းနေတော့သည်။ သူ့ ချစ်ရဲဘော် မောင်အေးကလည်း တိုက်လိုက်ပါ စီအိုရယ်၊ ကျွန်တော့် ရေဝေစုကို ကျွန်တော် မသောက်ပါဘူး' ဟု ဘေးမှ ဝင်ကာ တိုက်တွန်းကြသည်။ ရဲဘော်များကလည်း ဗိုလ်ကြီးစောဦး အဖြစ်ကို မကြည့်ရက်ကြသည်ကြောင့် 'တိုက်လိုက်ပါ စီအိုရယ်၊ ကျွန်တော်တို့ မသောက်ကြပါဘူး' ဟု သဘောတူပါသည်။

ထို့ကြောင့် ကျွန်တော်သည် သဘော်ာပျက်ပြီး သုံးရက် အကြာတွင် ဗိုလ်ကြီးစောဦးအား ပထမဆုံး အကြိမ်နှင့် နောက်ဆုံး အကြိမ် အဖြစ်

စည်းကမ်းဖောက်ကာ အချိန်မဟုတ်ပါဘဲ သူ့ အတွက် သောက်ရေချို တဘူးလုံးကို ဖောက်ကာ သူ့ပါးစပ်တွင် မော့၍သောက်စေခဲ့သည်။ သူသည် အငမ်းမရ သောက်သည်။ သူ့ မျက်နှာမှာ အစဉ်လို ရှုံ့မဲ့နေရာမှ အတန် သက်သာရာ ရသလို နဂိုရည် မျက်နှာထား ပြန်ဖြစ်သွားပြီး "ကျေးဇူးတင်လိုက်တာ စီအိုရယ်" ဟု သဲ့သဲ့မျှ ပြော၏။ ညနေပိုင်း ဘုရားရှိခိုးခြင်းကို သူ ဦးဆောင်၍ မရွတ်နိုင်တော့ပါ။ အခြား ဗုဒ္ဓဘာသာဝင် ရဲဘော်များ စုပေါင်း ဝတ်ပြု ရွတ်ဖတ်ကြသည်။ သူက ရင်ဘတ်ပေါ်တွင် လက်ယှက်ကာ ရှိခိုးသည့် ပုံသာ ပြုလျက် မှိန်းနေသည်။ သူ့နှုတ်ခမ်းများက ယဲ့ယဲ့သာ လှုပ်လျက် လိုက်ဆိုရန် ကြိုးစားနေပုံ ရ၏။

တညလုံး လေငြိမ်နေသည်။

၁၉၅၆ ခု။ ဒီဇင်ဘာ ၂ ရက်။

နံနက် လင်းချိန်တိုင်ပြီဆိုလျှင် အရှေ့ဆီသို့သာ မျှော်ကြည့်ရသည်။ တိမ်တိုက်လေလား၊ ကျွန်းလေလား ခွဲခြားမရသည်ကြောင့် ခွဲခြားရသည့် အချိန်ကျမှသာ စိတ်ချရသည်။ မူလက သူ့ကို တိမ်တိုက် တခုဟု ထင်သည်။ အရုဏ်ကျင်း၍ အလင်းလာသည်နှင့် တပြိုင်နက် သေချာပြီ ။ အရှေ့ဘက်ဆီတွင် ကျွန်းစုများကို တွေ့ရသည်။ ကျွန်းကြီးတခုလုံးက မြောက်ဘက်ကျကျနှင့် တောင်ဘက်တွင် ကျွန်းအုပ်စုများက အစီအရီ၊ အကွာအဝေးမှာ အနီးဆုံး ကျွန်းနှင့် ၁၅ မိုင်မျှသာ ရှိသည်။ မော့(စ)ကော့ ကျွန်းစုများပင်လော။ အတပ် မပြောနိုင်ပြီ။ ကျွန်တော့် ဖောင်၏တည်နေရာကို မှန်းဆ မရ။ မည်သို့ပင်ဆိုစေ ကျွန်းသည် ကျွန်းသာဖြစ်၍ ကျွန်းသည် ကုန်းမြေ၊ ကုန်းမြေထက်တွင် မြေရှိသည်။ ရေရှိသည်။ လူနေ အိမ်ခြေ ရှိနိုင်သည်။ ကျွန်တော်တို့ အသက်မသေနိုင်တော့။ အားလုံး ဝမ်းသာပျော်ရွှင်နေကြ၏။ လူတိုင်း၏ မျက်နှာတွင် မျှော်လင့်ချက်များဖြင့် လန်းလာသည်။

ကျွန်တော် ခန့်မှန်းမိပြီ။ ကျွန်တော်တို့၏ ဖောင်သည် ရေပြင်ထက်တွင် ပေါ်လော ပေါ်နေသည့်အခါ လေထု၏တိုက်ဖိအားသည် ရေစီးကြောင်း၏ ဆွဲဆားထက် ပိုများသည်။ နှစ်ရက်မျှ ဆက်လျက် လေငြိမ်သည်နှင့် တပြိုင်နက် ကျွန်တော်တို့ဖောင်သည် အရှေ့ ရေစီးကြောင်းနှင့် ပါလာကာ ကျွန်းစုကမ်းခြေများနှင့် နီးကပ်လာခြင်း ဖြစ်သည်။ ကျွန်တော်တို့ လှော်အားက မည်သို့မျှ မထိရောက်။ ရေစီးကြောင်းက ထိရောက်သည်။ လေတိုက်နှုန်းက ထိရောက်သည်။ လေငြိမ်လျှင် ရေစီးကြောင်းက အရှေ့ဆီသို့ ဆွဲသည်။ လေတိုက်လျှင် လေသည် အရှေ့အရပ်မှ တိုက်ခတ်နေသည် ဖြစ်ခြင်းကြောင့် ကျွန်တော်တို့ ဖောင်ကို ကမ်းခြေမှ ဝေးစေ၍ ပင်လယ်တွင်း တွန်းပို့ခဲ့သည်။ ရေသည် ကျွန်တော်တို့ရဲ့ မိတ်ဆွေ။ လေသည် ရန်သူ။ ယခု လေမတိုက်သည်မှာ နှစ်ရက်နှင့် နှစ်ည ရှိပြီဖြစ်ခြင်းကြောင့် ကမ်းခြေကျွန်းစုနှင့် ပြန်လည် နီးကပ်လာခြင်း ဖြစ်သည်။ ရန်သူ ငြိမ်နေသမျှ ကျွန်တော်တို့အတွက် အခွင့်သာ၏။

ကျွန်တော်တို့လှော်သည်မှာ အရာမရောက်ဟု ဆိုသော်လည်း ပို၍မျှ မြန်လိုမြန်ငြား ကြိုးစားသမှုတော့ ပြုရပေဦးတော့မည်။ ကျွန်တော်တို့သည် နေမကောင်း၍ လှဲနေကြသူများမှ အပ ကျန် ရဲဘော် အားလုံး တက်ကာ ဝိုင်းလှော်ကြသည်။ ဖောကွင်းဖြင့် ဆွဲ၍ ကူးကြသည်။ ကျွန်းများကို ထင်ထင်ရှားရှား မြင်နေသည်ကြောင့် ကယ်တင်မည့် သင်္ဘောကိုပ် သိပ် အားမထားကြတော့။ ရှေ့မှာ ကျွန်း ရှိနေသည်ကိုး။ ကျွန်းရောက်ရန်သာ အရေးကြီးသည်။

နေဝင်သွားသည့်တိုင် နံနက်က အကွာအဝေးထက် ပို၍ နီးသည် မထင်ရပါ။ သောက်ရေမှာ မနက် နှစ်ဘူး၊ ညနေ နှစ်ဘူး ဖောက်ရပြန်သည်။ မည်သို့ဆိုစေ ဤရေစီးကြောင်းအတိုင်းသာ ဆက်လက် မျောနေပါက ကျွန်းတနေရာသို့ ဆိုက်ရောက်မည်မှာ သေချာလှသည်။ သို့သော် ည ၁၀ နာရီခန့်တွင် လေသည် အရှေ့မြောက်ဆီမှ တိုက်လာပြန်တော့သည်။ လေထန်သည်နှင့်အတူ လှိုင်းကပါ ထလာသည်။ တညလုံး ရေပက်လိုက် ရေခပ်ထုတ်လိုက်ဖြင့် အလုပ်များရပြန်တော့၏။ ပြဿနာမှာ လူမမာနှင့် နေရာ ပြဿနာ။ ဤ ပြဿနာသည် အကြီးမားဆုံး ဖြစ်လာတော့သည်။ ဗိုလ်စောဦးမှာ မူလကတည်းက တတ်နိုင်သမျှ ဟန်ဆောင် နေရသော်လည်း သူကိုယ်တိုင်က လူမမာမို့ ကြာကြာ ဟန်မဆောင်နိုင်ရှာသည်တွင် ပက်လက်သာ နေရ၏။ ပင်လယ်ပြင် ရောက်ကာမှ ရောဂါဟောင်းများ ပြန်ထလာသည့် လူမမာတွေ နောက်ထပ်တိုးလာသည့်အခါ သူတို့အား နေရာပေးရန် မလွယ်ကူတော့သည်ကို တွေ့ရ၏။

ကမ်းခြေသို့ အမြန်ရောက်သော် ရောက်ပါမှ၊ ကယ်ဆယ်သူနှင့် အမြန်တွေ့သော် တွေ့ပါမှ လူမမာတွေကတော့ မလွယ်တော့သည်သာ။

၁၉၅၆ ခု။ ဒီဇင်ဘာ ၃ ရက်။

ညကတိုက်သည့် အရှေ့မြောက် လေသည် ကျွန်တော်တို့အား တနည်း
တလမ်းအားဖြင့် အကူပြုခဲ့သည်။ ယမန်နေ့က တွေ့မြင်ခဲ့ရသည့် ကျွန်းများသည်
မြောက်ဘက်ဆီ၌ဝေးကွာစွာ ကျန်ရှိနေခဲ့ပြီး ကျွန်တော်တို့၏
အရှေ့တည့်တည့်ဆီတွင်မူ ရောမကျွန်းကြီး တကျွန်းနှင့် ကျွန်းရံများ။
အကွာအဝေးမှာ ခြောက်မိုင်မျှသာ ရှိကြောင်း ခန့်မှန်းမိသည်။ မနေ့ကထက်
ပိုနီးခြင်းကြောင့် ဝမ်းသာအားရရှိကြသည်။ သည်နေ့သည်
ကျွန်းပေါ်ရောက်မည့်နေ့ဟု ခိုင်မာစွာ ယုံကြည်ကြသည်။

လူတိုင်းလူတိုင်း ကျွန်းကြီးကိုထကြည့်ကြသည်။ လူမမာများကို ထူထောင်ပေး၍
စိတ် အင်အားအတွက် ကျွန်းကို ကြည့်စေသည်။ ဗိုလ်စောဦးကိုလည်း
နှစ်ယောက်တွဲထူကာခေါင်းထောင် ပေးသည်။ ဗိုလ်စောဦးက ကျွန်းကို သဲကွဲစွာ
မမြင်။ သူခေါင်းမူးသည်ဟုပြော၍ ကျွန်တော် ယခုမှ သတိရကာ အရေးပေါ် သူနာပြု
သေတ္တာတွင်းမှ ရရှိခဲ့သည့် ရှူဆေး (Spirit of Ammonia) ဖန်ချောင်းကို ချိုးကာ
သူ့အား ရှူစေသည်တွင် သူ အတန်ငယ် ကြည်လင် လာပုံရသည်။

"ဟုတ်တယ်စီအို၊ ဒီနေ့ ညနေဆို ရောမှာပါပဲ" ဟု သူက နွမ်းလျသည့်ကြားမှ
ကြိုးစားအားယူပြောသည်။ ရှူဆေးကို ဗိုလ်စောဦးအား ရှူစေမှ
အခြားလူမမာများအားရှူခိုင်းစေရန် သတိရသည်။ လူမမာ မဟုတ်သည့်
သူများကလည်းရှူလိုသောကြောင့် သုံးတောင့်ကို ဝေမျှရှူစေရာ အားလုံး
ကုန်သွားသည်။ မစားရ မသောက်ရ သည့် အတူတူ အနံ့တခုခုကို ရှူလိုက်ရလျှင်
မနည်းပြီ၊အနံ့က လူကို အတန်ငယ် လန်းဆန်းစေသည်။

နံနက်၁၀ နာရီခန့်တွင် လေယာဉ်ပျံသံ ကြားရသည်။ အားလုံးသည်
ဆူညံစွာအော်ဟစ်ကာ လေယာဉ်ကို ရှာကြသည်။ ဤလေယာဉ်သည်
ကျွန်တော်တို့အား ရှာသည့်လေယာဉ်ပင် ဖြစ်ရမည်ဟု အားလုံးက သိသည်။
လေယာဉ်ကိုအချက်ပြရန် အတွက် မီးကျည်များ ကျွန်တော်က
အသင့်ပြင်ထားသည်။ လေယာဉ်ပျံသံမှာ တဖြည်းဖြည်း နီးလာသည်။ ရုတ်တရက်
အားလုံးကတွေ့လိုက်ကြရသည်။ မှန်ပြောင်းနှင့် ကြည့်သည့် ဗိုလ်သန်းလွင်က
ဒါကိုတာ လေယာဉ်ဟု ပြော၏။ အမြင့်ပေ သုံးထောင်ကျော်၌ တောင်ဘက်ဆီသို့
ဦးတည်ပျံသန်းလာနေကာ ကျွန်တော်တို့ဖောင်က
ကျွန်း၏အနောက်ဘက်ခြောက်မိုင်ခန့်ကွာ ရှိနေပြီး လေယာဉ်က ကျွန်း၏
အရှေ့ဘက် အရပ် အမြင့်ပေသုံးထောင်ကျော်မှ ပျံသန်းနေသည်။ အရှေ့ဆီက
နေရောင်နှင့် လက်ခနဲဖြစ်သွားမှ ကျွန်တော် မြင်ရသည်။ ကျွန်တော်က လေထီး

မီးကျည်နှစ်လုံး ပစ်ဖောက်ပြသည်။

လေထီး မီးကျည်က အဖြူဆိုတော့ သူ မြင်ရမှာ မဟုတ်ဘူး ထင်တယ်၊ မီးနီ မီးကျည်ကို ဖောက်ပါ စီအို'…။

လူတိုင်းက ဝိုင်းအော် ဝိုင်းပြောကြသည်။ သို့ကြောင့် မီးနီ မီးကျည် ဆက်၍ ပစ်ဖောက်ပြရသည်။

မီးနီမီးကျည် ငါးလုံးမျှ ဆက်တိုက် ပစ်ဖောက်သည်။ လေယာဉ်သည် တောင်ဘက်ဆီသို့ ဦးတည်ပျံသန်း နေရာမှ ကျွန်တော်တို့ရှိရာ အနောက်ဘက်သို့ ချိုးမလာဘဲအရှေ့ဘက်သို့ ချိုးကာ ပျောက်ကွယ် သွားတော့သည်။

“ဒါ တို့ကိုရှာတဲ့ လေယာဉ်ပျံကွ၊ သေချာတယ်'

'တို့ကိုရှာတဲ့လေယာဉ်ဆို မြင်သွားပုံမရဘူးကွ၊ တို့ကို ရှာတာဆိုရင် ဘာဖြစ်လို့အနောက်ဘက် ပင်လယ်ဆီ မရှာဘဲ အရှေ့ဘက် ကမ်းခြေဆီ ပျံသွားရတာလဲ”

‘ဆီသွားထည့်တာနေမှာပါကွာ၊ မယုံကြည့် ခဏနေ တခေါက် ပြန်တက်လာလိမ့်မယ်၊ ဒီ လေယာဉ်ပျံကလဲ နည်းနည်း နိမ့်နိမ့်တော့ ပျံဖို့ ကောင်းတယ်၊ ခု ပျံတာက မြင့်လိုက်တာလွန်ပါရော၊ ကြက်တောင်လောက်ပဲ မြင်ရတယ်”

အမျိုးမျိုးထင်မြင်ချက် ပေးကြသည်။ လေယာဉ်က ကျွန်တော်တို့ကို တွေ့မြင် မသွားပေမယ့်စိတ်ဓာတ်က လုံးဝ မကျ။ ရှေ့တွင် ကျွန်းကြီးက ထီးထီးမားမား ရှိနေပြီမဟုတ်ပါလား။ တနေ့လုံး လှော်ကြ ဆွဲကြ၊ ကူးကြ ခတ်ကြနှင့် ခပ်ပျော်ပျော်ပင်အဏ္ဏဝါ ပြင်ကို အန်တု ယှဉ်ပြိုင်နေကြသေးသည်။ အဏ္ဏဝါကို အန်တုဝံ့ကြသည့် ရဲဘော် တစုဖြစ်သည်။ ကျွန်တော်တို့ကို ရှာဖွေသည်ဟု ထင်ရသည့်လေယာဉ်ပျံကို နောက်ထပ် မမြင်တွေ့ကြရတော့ သော်လည်း စိတ်ဓာတ်ကမကျကြသေးပါ။ ညနေတွင် ကျွန်းကြီးသည် သုံးမိုင်မျှသာ ဝေးတော့သည်။ အားတွေကတက်လာသည်။ ကျွန်တော်က မှန်ပြောင်းကို ယူကြည့်လိုက်သည်တွင် ကမ်းစပ်သောင်ပြင်ကို တဖွေးဖွေး ပြေးတိုက်နေသည့် လှိုင်းလုံး ဆင့်ကဲ ဆင့်ကဲများကိုပင် ကောင်းစွာ တွေ့မြင် နေရသည်။

“ဗိုလ်စောဦး … သုံးမိုင်ပဲ ကွာတော့တယ်ဗျ၊ ထကြည့်ပါဦး'

ဗိုလ်စောဦးကို တွဲမ၍ ထကြည့်စေသည်။ သူက ကျွန်းဆီသို့ တချက် မော့ကြည့်လိုက်ပြီး”…

“စီအို အဲဒီ ကျွန်းဆီကို ကျွန်တော် ကူးချင်တယ်၊ ပါမစ်ရှင် (ခွင့်ပြုချက်) ပေးပါ' ဟု

ဆိုသည်။

"ဟာ…မဟုတ်တာ ဗိုလ်စောဦးကလဲ၊ ခု ညဆို ရောက်တော့မှာပဲဗျ၊ ခင်ဗျား မကူးချင်ပါနဲ့၊ အသာ နားနေပါ" ဟု ကျွန်တော်က ပြောလိုက်၏။

"ဟုတ်တယ်စီအို၊ ခွင့်ပြုမယ်ဆိုရင် ကျွန်တော် ကူးသွားချင်ပါတယ် ကျွန်တော်နဲ့ရဲဘော်သုံးယောက် လောက် ဗောကွင်းနှစ်ခုနဲ့ နားပြီးကူးရင်ရောက်ပါ တယ်'

ပြောသူမှာဗိုလ်သန်းလွင် ဖြစ်သည်။ သူ ရောက်နိုင်ပါသည်။ သူ ရောက်နိုင်သည်ကိုကျွန်တော် ကောင်းစွာ သိသည်။ သူသာလျှင် မဟုတ်သေး။ တကယ် ကူးမည်ဆိုလျှင်ကျွန်တော်လည်း ရောက်နိုင်သည်။ သုံးမိုင်အကွာကို ဗော ကွင်းတွင် မောလျှင်နားနေပြီး ကူးနိုင်သည်။ ကူးနိုင်သည့် ရဲဘော်တွေ ရှိကြသည်။ မောင်အေး၊အောင်မြင့်၊ ကိုကိုကြီး၊ စံခို၊ ဂွမ်ရိုန် စသူတို့မှာ ကူးလျှင်ရောက်နိုင်သူများချည်း ဖြစ်သည်။ ဗောကွင်းနှစ်ခုနှင့် ရဲဘော်သုံးဦးကို ခေါ်ယူ ကူးသွားခဲ့လျှင် အလွန်ဆုံး ည ၈ နာရီ ၉နာရီခန့်တွင် ကျွန်းပေါ် ရောက်မည် ခန့်မှန်း၏။

တဖန် ကျွန်းပေါ်သို့ရောက်ပြီဆိုပါစို့။ တံငါလှေ တစုံတရာ တွေ့မည်ဟု မည်သူက အတပ်ပြောနိုင်ပါမည်နည်း။ ရွာ တစုံတရာ တွေ့မည်ဟုကော အတပ်ပြောနိုင်ပါမည်လား။ မြိတ်ကျွန်းစုတွင် ဆလုံမျှပင် မရှိသည့် ကျွန်းအများကြီးရှိသည်။ လူသူ မရှိ။ သောက်ရေချို မရှိ။ တောချည်း အတိ။

ကဲ… ကောင်းပြီ ရွာ သို့မဟုတ် တံငါလှေ တစုံတရာတွေ့ပြီ ထားပါတော့။ ရွာသားတို့ကို အကူအညီ တောင်းကာ ပင်လယ်ပြင်တွင် ရှာနိုင်ခဲ့ပါသော်အသက်ကယ်ဖောင်ကို မူလ သူ့နေရာတွင် ပြန်တွေ့နိုင်ပါမည်လား။ ဖောင်မှာကျောက်ချထားသည် ဖောင်မဟုတ်။ မျောချင်ရာ မျောနေသည့် ဖောင်တခုသာ။

ဖောင်မရှိတော့ပြီ ရှာမတွေ့တော့ပြီဆိုလျှင် ကျွန်းပေါ်ရောက်သူများ ကြုံရာစက်လှေ တံငါလှေ စီး၍ ရန်ကုန် ပြန်ကြမည်။ ပြန်ကြသူများတွင် ကျွန်တော်ပါ ဝင်နေခဲ့သော်…"

"ဟာ… ဗိုလ်ကြီးဘသော် ဆိုတဲ့ လူကတော့ကွာ စံပါပဲ၊ လူမမာနဲ့ ရေမကူးတတ်တဲ့လူတွေကို ဖောင်ပေါ်ထားခဲ့ပြီး သူနဲ့ သူ့ရဲဘော်ရေကူးတတ်တဲ့ လူတွေကထွက်ပြေးလာကြတယ်" ဟု ကျွန်တော့်အား ပြစ်တင်ကြပေတော့မည်။

တဖန်တုံကျွန်တော်က ဖောင်ပေါ်တွင် လူမမာများနှင့် နေရစ်ခဲ့ကာ 'ကဲ

ဗိုလ်သန်းလွင်၊ခင်ဗျား ရယ် ရဲဘော်သုံးယောက်ရယ် ဗောကွင်း နှစ်ခုယူပြီးကူးသွားကြဗျာ၊ ဟိုကျရင် တံငါရွာတို့ တံငါလှေတို့ရှာပြီး အကူအညီတောင်း၊ကျုပ်တို့ကို လာခေါ်လှည့်' ဟု ဆိုကာ ဗိုလ်သန်းလွင်နှင့် ရဲဘော်များကို စေလွှတ်လိုက်သည် ထားပါတော့။ ဗိုလ်သန်းလွင်တို့လူစုသည် ကမ်းခြေသို့လည်းမရောက်၊ ရေတွင် ပျောက်ဆုံးကုန်ခဲ့ကြပြီး ရက်အတန်ကြာသည်တွင်မှစက်လှေကတ္တူ တစင်းက ကျွန်တော်နှင့် လူမမာရဲဘော်များပါသည့် အသက်ကယ်ဖောင်ကို တွေ့ရှိကြသည်ဆိုလျှင် 'ဟာ ဗိုလ်ကြီးဘသော် ဆိုတဲ့လူကတော့စံပဲကွာ၊ သူဖြင့် ရေမကူးဝံ့ဘဲ ဖောင်ပေါ်နေခဲ့ပြီး ဟိုကောင်လေးဗိုလ်သန်းလွင် ကျတော့ ကျွန်းဆီကိုအကူးခိုင်းသတဲ့၊ ခု ရေကူးသွားတဲ့ရဲဘော်တွေ ရှာမတွေ့သေးဘူးလေ၊ သူကတော့ စက်လှေနဲ့ ပြန်လာပြီးကောင်လေးတွေ ကျတော့ ငါးမန်းစာ ကျွေးပစ်ခဲ့တယ်" ဟု ကျွန်တော့်အားအပြစ်ဆိုကြပေဦးမည်။

အုပ်ချုပ်မှု တာဝန်နှင့် ဆုံးဖြတ်ချက် (Command Decision) ဟူသည်မှာဤအချိန်မျိုးတွင် အစဉ်းစားရ အခက်ဆုံး ဖြစ်သည်။ ကူးမလား နေမလား၊သူများကူးခိုင်းမလား၊ ကိုယ်တိုင် ကူးမလား၊ နည်းလမ်းနှစ်လမ်းတွင်ကြိုက်ရာ နည်းလမ်းကို ရွေး။ သေမည့်လမ်းနှင့် မသေဘဲ အရှက်တကွဲဖြစ်ရမည့် လမ်းဟူ၍ ဤနှစ်လမ်းသာ ရှိ၏။ ကျွန်တော်သည် အရှက်ရသောမျက်နှာနှင့် လူမလုပ်လိုပြီ။ ထို့ကြောင့် မကူးတော့ပြီ။ ဗိုလ်သန်းလွင်အားလည်း မသေချာဘဲနှင့် သေရွာသို့ အသွားမခံနိုင်ပါ ၊ထို့ကြောင့် ဗိုလ်သန်းလွင်နှင့် သူ့ရဲဘော်များ မကူးကြစေရန်၊တချိန်တည်းတွင် စစ်ရေယာဉ်မှူးလည်း သူ့တာဝန် မပြီးဆုံးသေးမီ သူ့လူမမာများရှိသော ဖောင်မှ မခွာရန် ဆုံးဖြတ်လိုက်တော့သည်။

"ဟော့... ဘယ်သူမှ မကူးကြနဲ့ပေ့ါ မင်းတို့ ကူးရင်လဲ ရောက်နိုင်တယ်ဆိုတာငါသိသလို ငါကူးရင်လဲ ရောက်နိုင်တယ်ဆိုတာ မင်းတို့ သိတယ်၊ ဟိုကျွန်းပေါ်မှာ အကူအညီ ရနိုင် မရနိုင် ဆိုတာက မသေချာဘူး၊ ဒီမှာကလူမမာတွေနဲ့ ရေမကူးတတ်တဲ့ ရဲဘော်တွေကို ထားပြီး တို့ ဘယ်နည်းနဲ့မှမသွားနိုင်ဘူး ကဲ .. အဲဒီတော့ ရောက်ရင်လဲ အားလုံး ရောက်ပြီးအားလုံးအသက်ရှင်ကြမယ်၊ သေအတူ ရှင်အတူပဲကွာ၊ ဒီည ကျွန်းပေါ် ရောက်ရင်အားလုံး ရောက်မှာပဲ' ဤသည်မှာ ကျွန်တော့် ဆုံးဖြတ်ချက်နှင့်အမိန့်သာဖြစ်၏။

"စီအို မီးကျည်ပစ်ပါ၊ မီးကျည်ပစ်ပါ"

အကွာအဝေးမှာ နေရီလာသည်နှင့်အမျှ ပိုမို နီးလာခြင်းကြောင့် ကျွန်းပေါ်တွင် လူသူရှိပါကမြင်လိုငြမ်ငြား မီးကျည် ပစ်ပြစေချင်ကြသည်။ တလုံးတည်းသာ

ကျန်ရှိတော့သောလေထီးမီးကျည်ကို ကျွန်တော် မသုံးစွဲရပါ။ မသေချာလျှင် မသုံးသည်မှာအကောင်းဆုံး ဖြစ်သည်။ ထို့ကြောင့် လက်ကျန် ရှိသေးသည့် မီးနီမီးကျည် ဖလုံးမျှ အချိန်ဆွဲ၍ ပစ်ဖောက်ပါသည်။ ရဲဘော်အချို့ကမူ အော်ဟစ်လျှင်ပင် အသံကြားနိုင်လောက်မည် ထင်သည်ကြောင့် 'လေ့လွတ်လိုက်ကြပါဗျို့'ဟု ဆင့်ကဲ အော်နိုင်သူက ဆက်အော်နေသည်။ တခု ထူးခြားသည်မှာ သူတို့သည်ဒုက္ခသည်များ အော်ကြသကဲ့သို့ 'ကယ်တော်မူကြပါဗျို့' ဟူ၍ မအော်ဘဲ လေ့လွတ်လိုက်ကြပါဗျို့' ဟုသာ အကူအညီ သာမန်တောင်းပံမျိုးဖြင့် အော်ခြင်းဖြစ်သည်။ ကြာတော့ အသံ နာလာ၍ ဆက်မအော်နိုင်တော့။ ကမ်းခြေကို လှိုင်းရိုက်သံကတဝုန်းဝုန်း ကြားနေရသည်။ ကမ်းခြေ ထောက်မိပြီ ထင်ခြင်းကြောင့် ဆင်းထောက်ကြည့်သူက ကြည့်သည်။

ည၈ နာရီခန့်တွင် နှစ်ရက်ခွဲတိုင် သဘော ကောင်းနေသည့် ပင်လယ်လေသည်အရှေ့အရပ်ဆီမှ တိုက်လာတော့၏။ တနာရီ ထက် တနာရီ လေပြင်းထန်လာသည်။ လှိုင်းလုံးက ပိုကြီးလာသည်။ တညလုံး လှိုင်းနှင့် ရေကိုနပန်းလုံးကြရသည်။ တညလုံး မည်သူမျှ အိပ်ကြရ။ နံနက်လင်းသည်တွင်...။

၁၉၅၆ ခု။ ဒီဇင်ဘာလ ၄ ရက်။

နံနက်လင်းသည်တွင် ယမန်နေ့က ညနေက သုံးမိုင်မျှသာ ကွာဝေးတော့သည့် ကျွန်းကြီးမှာ ၁၀ မိုင်ခန့် အကွာတွင် ရောက်နေတော့သည်။ ယမန်နေ့ ညနေက မျှော်လင့်ချက်ကြီးစွာ ထားခဲ့ရသည့် ကျွန်းကြီးက ကျွန်တော်တို့တတွေ၏ အဏ္ဏဝါကို အန်တု ယှဉ်ပြိုင်မှုအား ပြက်ရယ်ပြုသည့်အလား လှမ်းကြည့်နေသည် ထင်ရ၏။ ကျွန်တော်သည် ကျွန်းကြီးကို ကြည့်ရင်း ကြောက်လာသည်။ ကျွန်တော်တို့သည် တယောက်နှင့် တယောက် စကားမပြောနိုင်ကြဘဲ အရှေ့ဆီမှ ကျွန်းကြီးဆီသို့သာ ငေးကြည့်ရင်း အတွေး ကိုယ်စီနှင့် ရှိနေကြသည်။ စိတ်ဓာတ်ကျခြင်းကား ဤတွင် စလေပြီ။ အတွေးလှိုင်းများသည် စိတ်ဓာတ် ကျောက်သားကို ပွတ်တိုက်စားစ ပြုပြီဖြစ်တော့သည်။

ရဲဘော်တို့ စိတ်ဓာတ်ကျသည်ကို ကုစားရန် အကောင်းဆုံးမှာ အလုပ်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ယခုလေငြိမ်သွားပြီ ဖြစ်ခြင်းကြောင့် အရှေ့ဆီသို့ ပြန်လှော်ပြန်ကူးလျှင် ရောက်နိုင်ကြောင်း ပြောသော်လည်း မည်သူမျှ စိတ်ဝင်စားပုံ မပြကြတော့။ လှော်ခတ် ခိုင်းရာတွင်လည်း ဝတ်ကျေတမ်းကျေသာ လှော်ကြတော့သည်။ သူတို့ကို အပြစ် မတင်နိုင်ပါ။ ကျွန်းကမ်းခြေနှင့် သုံးမိုင်မျှ နီးကပ်ပြီးမှ တဖန် ပင်လယ်ပြင်သို့ လွင့်စဉ်မျောပါသည် ဟူသည်မှာ အခံစားရ အခက်ဆုံးသော ဝေဒနာ၊ ဤဝေဒနာသည် လူတိုင်း၏စိတ်ကို ထိခိုက်စေမည်သာ ဖြစ်၏။

ရဲဘော်များ စိတ်ဓာတ်ကျပြီ ဆိုလျှင် မည်မျှ ကွပ်ကဲရခက်သည်မှာ စစ်ဆုတ်ဖူးသည့် တပ်မှူးတိုင်း သိရှိနိုင်ကြပါသည်။ ယခု ကျွန်တော်တို့ ပင်လယ်ပြင်နှင့် စစ်ဆင်ကြရာတွင် ပင်လယ်ပြင်က အနိုင်ရစ ပြုပြီဖြစ်၏။

ဗိုလ်ကြီးစောဦးနှင့် တပ်သား ကျော်ကျော် ဆိုသူတို့မှာ ဖောင်ပေါ်မှ လုံးဝမဆင်းနိုင်တော့။ နံနက် ဖောင်သန့်ရှင်းရေး လုပ်ရာတွင်ပင် သူတို့နှစ်ဦးအား ဖောင်ပေါ်မှာ နေခွင့်ပြုထားရသည်။ ဖောင်၏ ဘေးကို လှည့်ပတ် စစ်ဆေးရာ ပင်လယ် ခရုသေးသေးကလေးများသည် ဖောင်ဝမ်းပြင် နေရာအချို့တွင် ကပ်တွယ်စ ပြုနေပြီ ဖြစ်သည်ကို တွေ့ရ၏။ ခရုကလေးများမှာ ကြမ်းပိုး တကောင်မျှလောက်သာ ရှိသည်။ အချို့မှာ ကြမ်းပိုးထက်ပင် သေးငယ်သေးသည်။ ကျွန်တော်က ခွာကြည့်ရာ တချို့ပါလာ၍ တချို့ ရေတွင် ပြုတ်ကျသည်။ ခွာရသမျှကို ခွာကာ စားကြည့်မိသည်။ စား၍ ရသည်။ ထို့ကြောင့် ကျွန်တော်က စိမ်ပြေနပြေ ခွာစားနေသည်။ တချို့ ရဲဘော်များက ကျွန်တော် ခွာစားနေသည်ကို မြင်ခြင်းကြောင့် သူတို့လည်း လိုက်ရှာ ခွာစားကြသည်။ စားရသည်က ဘာမျှ

မဟုတ်ပေမယ့် ရသေ့စိတ်ဖြေ ပြုနေခြင်းသာ။ ဗိုလ်သန်းလွင်နှင့် ကျွန်တော်တို့မှာ ရေတွင်ဆင်း၍ ကူးကြ ဆွဲကြသေးသည်။ ရဲဘော်များမှာ စိတ်ဓာတ် ကျလွန်းခြင်းကြောင့် ရေတွင်ပင် ကြာကြာ မနေကြပဲ ဖောင်ပေါ်တက်ကာ ဘေးပတ်ဝန်းကျင်ကို မျှော်ကြည့်နေကြသည်။ ယခုအခါတွင် ကျွန်းရောက်ရှိရေးသည် မဖြစ်နိုင်တော့။ သင်္ဘောတစင်းမှ တွေ့ရှိ ကယ်တင်ရေးသည်လျှင် တခုတည်းသော ဖြစ်နိုင်သည့် နည်းလမ်း ဖြစ်တော့သည်။ ကျွန်တော့် ဖောင်သည် လေတိုက်တိုင်း အရှေ့လေဒဏ်က အနောက် ပင်လယ်ဆီသို့သာ တွန်းပို့ခံနေရသည်။ ရေစီးကြောင်းက လေမလာလျှင် အရှေ့ဆီသို့ ဆွဲသည်။ သို့သော် လေဒဏ်ကြောင့် အနောက် ပင်လယ် ဘင်္ဂလားအော်တွင်းသို့ လွင့်ချင်တိုင်း လွင့်စေခဲ့လျှင် မျှော်လင့်ချက် ရှိသေးသည်။ ထိုမျှော်လင့်ချက်မှာ ကုန်သွယ်ရေကြောင်း သင်္ဘောများ သွားလာတတ်သည့် လမ်းကြောင်း အနီးတွင် အချိန် ကြာနိုင်သမျှ ကြာမြင့်စွာ နေခြင်းပင် ဖြစ်၏။ အနောက်သို့ မျောပါနေခြင်းကို ဆန့်ကျင်နိုင်သည့် တခုတည်းသော နည်းလမ်းနှင့် အင်အားမှာ ရေထီးပင် ဖြစ်၏။ ကျွန်တော်သည် ရေထီးကို ငုံ့ကြည့်တိုင်း ရေထီးက အရှေ့ဆီတွင်ပင် စွင့်ကား ပွင့်လျက် ရှိသည်ကို တွေ့ရ၏။

ထို့ကြောင့် ဖောင်ပေါ်တွင် ရေထီးနောက်တခု ပြုလုပ်နိုင်သည့် အဝတ်စကို ရှာဖွေရာ တစုံတဦး၏ ဘန်ကောက်လုံချည်စိမ်း တထည်ကို တွေ့ရသည်နှင့် ကြိုးနှင့် သိုင်း၍ ရေထီး (ရေရွက်) ပြုကာ ရေတွင် ချထားခဲ့၏။ ကျွန်တော်တို့ ပြုလုပ်သော ရေထီးသည်လည်း မူလရေထီးနည်းတူ ဖောင်ကို ဆွဲနေကြောင်း ဝမ်းသာစွာ တွေ့ရသည်။

ကျွန်တော်တို့တသည် လှော်ခြင်း၊ ဆွဲခြင်း အမှုအားလုံးကို လက်လျှော့ လိုက်ကြပါတော့သည်။ ရဲဘော်အချို့မှာမူ လှော်တက်ရှိနေလျှင် လှော်ခိုင်းမည် စိုးခြင်းကြောင့် လှော်တက် ပြုလုပ်သည့် အရာမှန်သမျှ လူအလစ်တွင် ရေ၌ ပစ်ချကြသည်။ ဖောင်ပေါ်တွင်လည်း လူမမာများ ပိုမိုများပြားလာပြီ ဖြစ်သည့်အတွက် အသုံးမဝင်သည့် အရာ၊ အနေအထိုင် ကျဉ်းကျပ်စေသော အရာမှန်သမျှ ရေတွင် ပစ်ချထားခဲ့ကြသည်။

ရေပုလင်း အခွံကြီးကို မည်သည့်အချိန်က မည်သူ ပစ်ချထားခဲ့သည် မသိရတော့၊ မရှိပြီ။

၁၉၅၆ ခု။ ဒီဇင်ဘာ ၅ ရက်။

နံနက်လည်းသည်တွင် ကျွန်းမှာ ပျပျကလေးမျှသာ မြင်ရတော့သည်။ အသက်ကယ်ဖောင်သည် အနောက်ဘက် ဘင်္ဂလားအော်ဆီသို့ မျောပါခဲ့ပြီ ဖြစ်သည်။ ဖောင်ပေါ်ရှိ ရဲဘော်တစု၏ ခွန်အား စိတ်ဓာတ်အား တို့သည်လည်း ဒူးဆစ်အထိ လျော့ပါးသွားခဲ့လေပြီ။ မည်သူမျှ စကားမပြောလိုတော့။ စကားပြောရသည်မှာ အလွန်အားစိုက်ရ၍ အလွန်ပင်ပန်းကာ အလွန်အားကုန်သည်ကို အားမရှိတော့သည့် အခါတွင်မှ အတိအကျ သိရသည်။ မင်းတို့ ပြောရတာ မောတယ်ကွာ ဟူသော အသုံးမှာ စကားအရာသာလျှင် မဟုတ်ပါ။

လူမမာများသည်လည်း အခြေအနေ ဆိုးလာသည်ထက် ဆိုးလာကာ လူမမာ ဦးရေလည်း တိုးလာခဲ့သည်။

အချို့မှာ ကျန်းမာကြသေးသည့် အခြေအနေတွင်ပင် ရှိသော်လည်း နေ့ခင်းတွင် ပင်လယ်တွင်း မဆင်းလိုကြတော့။ ဖောင်ပေါ်တွင်ပင် ဖြစ်သလို လဲလျောင်း၍ မှိန်းနေချင်ကြသည်။

ကျွန်တော်သည် ထိုနေ့ နံနက်က မြင်ကွင်းတခုပေါ်တွင် စိတ်မချုပ်တည်းနိုင်လောက်အောင် ဖြစ်သွားခဲ့သည်။

"ဟေ့ ... မောင်မြင့်၊ အဲဒါ ဘာလုပ်တာလဲ"

လူထွားကြီး တပ်သား မောင်မြင့်သည် အစ္စလာမ်ဘာသာဝင် ရဲဘော်တဦးဖြစ်၏။ သူသည် ဖောင်ပေါ်တွင်ပင် အစဉ်လို နေကာ နေ့ခင်း နေရောင် ကောင်းကောင်းရသည်တွင် သူ၏ ပေါင်တံကြီးကို ဖောင်အပြင်ဘက်တွင် ထုတ်ကာ ပေါင်ပေါ်တွင် ငွေစက္ကူအချို့ကို နေလှန်းနေသည်။ သူ့တွင် သားရေအိတ်နှင့် ငွေအချို့ ပါလာသည်။ သားရေအိတ်မှာ ရေစိုနေခြင်းကြောင့် ငွေများမှာလည်း ရေစိုနေပြီ ဖြစ်သည်။ သူသည် နံနက်နှင့် နေ့လည်တိုင်း အခွင့်သင့်လျှင် သင့်သလို သူ့တွင် ပါလာသော ငွေစက္ကူများ ခြောက်သွေ့ စေရန် နေထုတ်လှန်းသည်။ သားရေအိတ်ကို နေရောင်ပြသည်။

ပထမရက်များတွင် ကျွန်တော်က ဘာမှ မပြောခဲ့။ 'အေးလေ သူ့ငွေပဲ၊ သူ နှမြောလို့ နေမှာပေါ့' ဟူသော စိတ်နှင့် လျစ်လျူရှုကာ နေခဲ့၏။ သို့သော် ထိုနေ့ နံနက်တွင်မူ ကျွန်တော့်စိတ်က အတော် အချဉ်ပေါက်လာပြီ ဖြစ်သည်။

"ငွေစက္ကူ နေလှန်းတာပါ စီအို" သူက ဘာမှ မထူးခြားသည့် အလား ဖြေရိုး ဖြေစဉ်သာ ဖြေသည်။ ကျွန်တော် မေးသည်ကိုပင် နားမလည်သည့်အလား

ကျွန်တော့်အား ပြန်ကြည့်သည်။

'ဒီမှာ မင်း ငွေစက္ကူ ခြောက်သွားတော့ ဘယ်မှာ ဘာဝယ်စားမလဲ၊ သောက်ကျိုးနည်း ဒီမှာ လူတွေဖြင့် ဘယ်လိုနေ ဘယ်လိုသေကြမလဲ မသိဘူး၊ ပြန်သိမ်းထားလိုက်၊ ငါ မကြည့်ချင်ဘူး၊ နောက်တခါ တွေ့ရင် မင်းငွေစက္ကူရော အိတ်ရော ငါ လွှင့်ပစ်မိလိမ့်မယ် ကြားလား”

သူသည် “ဟုတ်ကဲ့ ဟုတ်ကဲ့ စီအို”ဟု ပြောကာ ငွေစက္ကူများကို ကပျာကသီ သူ့ပေါင်ပေါ်မှ ခွာကာ ငွေအိတ်တွင်း ပြန်သွင်းသည်။

သူ့ပေါင်မှာ ညစဉ် ညဆက် အဆိတ်ခံထားရသည်ကြောင့် သပြေသီးမှည့်ရောင် အညိုအမည်း အကွက်ကြီးများ ထနေတော့၏။ သူ့ ပေါင်လုံးကြီးက မသေးလှသည့်အတွက် ညစဉ်လိုပင် အများ၏ မေတ္တာကို ခံယူထားရသော ပေါင်လုံးကြီး ဖြစ်သည်။

ထိုနေ့ ညနေတွင် ထူးထူးခြားခြား ပင်လယ်ကဏန်းတကောင်က ဖောင်ဘေးတွင် ယက်ကန် ယက်ကန် ပေါ်လာသည်။

ကဏန်းမှာ ကိုယ်ထည်ချည်းပင် လက်ဖက်ရည်ပန်းကန်ပြားဝိုင်းလောက် ရှိသည်။

ကျွန်တော်တို့သည် ကဏန်းကို အလွယ်တကူပင် ဆယ်ယူပြီး ဖောင်ပေါ်တွင် တစိတ် တပိုင်းစီပြုကာ ကဏန်းလက်မ၊ ခြေများနှင့် ကိုယ်တို့မှ ရနိုင်သမျှသော အသားတို့ကို ဝေငှစားသောက်လိုက်ကြ၏။

အစိမ်းစားသည့် နေရာတွင် ကဏန်းသည် စင်ရော်ထက်တော့ အညီသက်သာသည်မို့ မဆိုးလှဟု ဆိုရပေမည်။

ညနေ သောက်ရေ ဝေသည့် အချိန်တွင် လက်ကျန် သောက်ရေဘူး ပြဿနာကို ကျွန်တော် စဉ်းစားရစ ပြုပြီ ဖြစ်သည်။

ယခု သောက်ရေဝေသည့် အတိုင်းအဆတွင် တနေ့လျှင် သောက်ရေ လေးဘူး ကုန်သည်။ နံနက် နှစ်ဘူး၊ ညနေ နှစ်ဘူး။ ဤအချိုးအတိုင်း သုံးနေပါက နောက်ထပ် တပတ်စာမျှသာ ကျန်ရှိတော့သည်။

ကျွန်တော်တို့အနက် အကျန်းမာဆုံးသော သူပင် တပတ်၊ အလွန်ဆုံး ဆယ်ရက်မျှသာ အသက်ရှင်ခွင့် ရတော့မည်။ တပတ်အတွင်း ကယ်ဆယ်မည့် ရေယာဉ် တစုံတရာကို တွေ့ရှိသည့်တိုင် ကျွန်တော်တို့အနက်မှ မကျန်းမာသူ လူမမာအများမှာ ဤမျှထိ ခံကြမည် မဟုတ်ဟု ကျွန်တော် တွက်မိသည်။

ကျွန်တော်တို့အားလုံး အသက်မရှင်နိုင်ခဲ့သော် ရှင်နိုင်သူ နေထိုင်ခွင့်ကိုသာ

မျှော်လင့်ရတော့မည် ဖြစ်၏။

၁၉၅၆ ခု။ ဒီဇင်ဘာလ ၆ ရက်။

အလင်းရောင်လာသည်နှင့် မျှော်လင့်ချက် ရောင်ခြည်သည် လုံးဝ ပျောက်ကွယ်သွားခဲ့လေပြီဖြစ်သည်။ ယမန်နေ့က ပျပျကလေးမျှ မြင်နေရသော ကျွန်းမှာ လုံးဝပျောက်ကွယ်သွားခဲ့လေပြီ။ သို့သော် ကျွန်တော်သည် ရဲဘော်များစိတ်ဓာတ်မကျစေရန်အတွက် ယခုအခါ တွင် ကမ်းခြေကျွန်း စသည်တို့ကိုမမြင်ရတော့သော်လည်း အသက်ကယ်ဖောင်သည် ကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ ရန်ကုန်နှင့် စင်ကာပူသွားရာ လမ်းကြောင်းတွင် ရောက်နေပြီဖြစ်သည့်အတွက် ယခင်ကထက် ပို၍ အသက်ရှင်ရန် အခွင့်အလမ်း များကြောင်း ပြောပြရသည်။ ကျွန်တော် ပြောသည်ကို ယုံသူလည်း ရှိသည်။မယုံသူလည်း ရှိကောင်း ရှိမည်။ မယုံသူက ပိုများသည် ထင်၏။ သို့သော်သူတို့သည် ကျွန်တော့် စကားကို မယုံသည့်တိုင် မည်သို့မျှ ဝေဖန်ပြောဆိုခြင်းမပြုကြ။ ယုံကြည်သူ များကမူ ကျွန်တော့်စကားကို ဝမ်းသာအားရ ကြိုဆိုကြသည်။ တပ်သား/စက် လှဖေ၊ ကျော်မြင့်၊ လှမြင့်နှင့် တပ်သား/ စားခန်းခင်မောင်တို့က အကြွင်းမဲ့ လက်ခံ ယုံကြည်ကြသည်။ ဖြစ်နိုင်သည် မဖြစ်နိုင်သည်အပထား သူတို့ ခေါင်းဆောင် စစ်ရေယာဉ်မှူး၏ စကားကို လက်ခံ ယုံကြည်သည်သာဖြစ်၏။

“တွေ့တယ် မဟုတ်လား ငါပြောတာ၊ တို့မသေပါဘူးလို့ ခု တရက်နှစ်ရက်ဆို သင်္ဘောကြီးတွေနဲ့ တွေ့မှာ သေချာတယ်'

ကျော်မြင့်က ပြောလိုက်သည်ကို လှမြင့်နှင့် ခင်မောင်တို့က ထောက်ခံကြသည်။

“ဟုတ်တယ်ကွ၊ ခု Look out Duty ကျတဲ့ လူတွေ သေသေချာချာ ကြည့်ဖို့လိုတယ်၊ သင်္ဘောကြီး တစင်းစင်းနဲ့ တွေ့မှာ သေချာတယ်”

သူတို့သည်မျှော်လင့်ချက်များ လုံးဝ မလျှော့ကြသေးသော်လည်း အသံကတော့ ပျော့ပျော့မျှသာရှိကြတော့၏။ တယောက်နှင့် တယောက် အပြင်းအထန် အငြင်းသန်ခြင်းလည်း မပြုတော့။ကျွန်တော်ပြောသည်ကို လုံးဝလည်း စိတ်မဝင်စား မည်သို့မျှလည်း ပါဝင်ဆွေးနွေးခြင်း မပြုကြသည်မှာ လူမမာများနှင့် တပ်ကြပ်ကြီး ခင်မောင်ဝင်းတို့ဖြစ်သည်။

တပ်ကြပ်ကြီးခင်မောင်ဝင်းမှာ အသားဖြူ၍ အတန်ကြည့်ရှုကောင်းသောသူ တယောက်ဖြစ်၏။ သူသည်အင်္ဂလိပ် မြန်မာ ကပြားဖြစ်လျက် သူ့နာမည်ရင်းမှာ အဂီးနော (Ageenor) ဖြစ်သည်။သူသည် လူ ထောင်ထောင်မောင်းမောင်း ရှိသည်နှင့်အမျှ စိတ်ဓာတ်က နုလှသည်။ပင်လယ်ရေတွင်းသို့ မည်သည့်အခါမျှ

မဆင်း၊ ဖောင်ပေါ်တွင်သာ ထိုင်မှိုင်ငေးတွေးလျက် ရှိသည်။

'ဟော့ ... အင်းနော၊ ရေထဲဆင်းပြီး နေပါလား၊ လာ ဒီမှာ ငါရှိတယ်'

ကျွန်တော်က သူ့ကို ချော့မော့၍ ရေထဲ ခေါ်သည်။

'နေပါစေ စီအို၊ ကျွန်တော် ဒီပေါ်ကပဲ Look out ဂျူတီ ယူပါ့မယ်'

"မင်း နေပူလောင်လှပြီ ကွ၊ ကိုယ်ထဲမှာ ရှိတဲ့ ရေတွေ ခန်းမသွားအောင် ရေထဲမှာ စိမ်နေရမယ်"

သူအသားဖြူသည်မှာ သူ့အတွက် အားနည်းချက်ဖြစ်သည်။ သူ့မျက်နှာသည်ကြည့်မကောင်းအောင် နေလောင်ကာ အသားများ ခြောက်၍ အဖတ်လိုက် ကွာစပြုနေပြီဖြစ်သည်။ အရေပြား ကွာသည့်နေရာများမှာ နီနီ အကွက်ကြီးများ ဖြစ်နေ၏။

ဗိုလ်ကြီးစောဦး၏ အခြေအနေမှာ အထူး ဆိုးလာတော့သည်။ သူ၏ ဝမ်းဗိုက်ပြင်သည်ကျောက်သားတမျှ တင်းမာနေကာ အရှိန်လည်း ပူလောင်လှ၏။ ဝမ်းဗိုက်နှင့်ကျောပြင်မှာ ကပ်၍ နေပေပြီ။ ကျွန်တော်က မည်သူ့ကိုမျှ ဆားငန်ရေ သောက်ခွင့်ပြုမထားသည့်ကြားက သူ ရေတောင်းနေသည်ကို နားမခံနိုင်သည့် တပ်ကြပ်မောင်အေးက ဆားငန်ရေ ခိုးတိုက်ခဲ့သည်။ လူမမာ အားမရှိရသည့်အထဲ ဆားငန်ရေ ဒဏ်ကြောင့် ရင်များ ပူလောင်ကာအော့အန်နေတော့သည်။ ဝမ်းတွင် အစာ မရှိသည့် ကြားက ပျစ်ချွဲချွဲ အရည်များအနေနှင့် ဝမ်းလျှော ပြန်သေးသည်။ ဗိုလ်စောဦးသည် သတိမရတချက် ရတချက်ဖြစ်နေသော်လည်း သတိရသည့် အချိန်တိုင်းတွင် သူ့ကိုယ်သူ အရာရှိ တဦးဟူသည့် အသိက ရှိနေသည်ကြောင့် ကယောက်ကတမ်း အော်ဟစ် ညည်းညူခြင်း မပြု ၊သူ့ရောဂါကို သူ ကြိတ်မှိတ် ခံနေသည်။ တပ်သား ကျော်ကျော်မှာ သူ့လောက်အခြေအနေ မဆိုးလှသေးသော်လည်း အော်ဟစ် ညည်းညူကာ လိမ့်နေတော့၏။ လူမမာများကိုသက်သာစွာ နေနိုင်ရန် နေရာပေးရသည့် ပြဿနာမှာ တနေ့တခြား လူမမာများသည်နှင့် ပို၍ ကြီးမားလာတော့သည်။

သကြားလုံးကုန်ခဲ့ပြီ ဖြစ်သည်။ ကိုယ်တွင် သကြားဓာတ် ကုန်သည်၌ စိတ်လည်းဖောက်လာသည်။ စိတ်ဖောက်သည်တွင် သူ့အာရုံတွင်း၌ ကြောက်မက်ဖွယ် ကောင်းသော အဆင်းသဏ္ဍာန်များသည် သရဲလို တစ္ဆေလို ဘီလူးလို ပေါ်လာဟန် ရှိ၏။ ကျော်ကျော်သည်လှဲနေရာမှ ကပျာကသီ ရုန်းကန်ထကာ…

"အောင်မယ်လေးသရဲကြီးဗျ၊ သရဲကြီး ကျွန်တော့်ကို ဆွဲနေပြီ၊ လုပ်ပါဦး၊လုပ်ကြပါဦး'

ဟု ကယောင်ကတမ်း ထသည်။ သူ့အား အနီးရှိ လူများက အတင်းဝိုင်းချုပ်ထားကာ လှဲချရသည်။ ပင်လယ်ပြင် ညအမှောင်ထု အတွင်းတွင်တစုံတဦးက တစ္ဆေသရဲ မြင်တွေ့ရသည် ဟူ၍ ကြောက်လန့်တကြား အော်ဟစ်သံသည်တွင် ကျန်လူစု အတွက် မည်မျှ ချောက်ချားဖွယ် ဖြစ်ပါသနည်း။

ထိုထက်ချောက်ချားဖွယ်ကောင်းသော ဖြစ်ရပ်မှာ ညဉ့်အခါ ပင်လယ်ပြင်မှောင်ကြီးမည်းမည်းအတွင်းမှ ရှူး” ခနဲ ရှူး ခနဲ အော်မြည်သံကြီး ဖြစ်သည်။ပထမသော် ကျွန်တော်တို့စီးသော ဖောင်မှ လေ ပေါက်ထွက်သံ ထင်ကာ ထိတ်လန့်တကြားဖြစ်သွားသည်။ ဖောင်ကို စမ်းကြည့်မိသည်။ မည်သို့မျှ မပြ မည်သို့မျှ မဖြစ်။ လေလျော့သည်မတွေ့ရ။ တဖန် ‘ရှူး' ခနဲ အော်မြည်သံ ပေါ်လာပြန်သည်။ ဖောင်မှ လေထွက်သံမဟုတ်။ ပင်လယ်ပြင် အမှောင်ထု အတွင်းမှ သက်ရှိ သတ္တဝါတကောင်၏ အသက် ရှူထုတ် လေမှုတ်သံသာ ဖြစ်သည်။

ဤတွင် ကျွန်တော် သိပြီ။ ဤပင်လယ်ပြင် တဝိုက်တွင် ယခင် သွားလာစဉ်က နေ့အခါများ၌ (Porpoise) ခေါ်လင်းရှူးဖိုမ ရေပြင်ထက် တက်ကာ ပျော်မြူးကစားကြသည်ကိုတွေ့မြင်ခဲ့ဖူးသည်။ လင်းရှူးမောင်နှံသည် ဖောင်ပတ်ဝန်းကျင် တဝိုက်တွင်ရှိနေရမည်ဟု ကျွန်တော် သိလိုက်သည်။

လင်းရှူးသည်အန္တရာယ်ပေးတတ်သည့် သတ္တဝါ မဟုတ်။ သူ ရှိနေခြင်းဖြင့်ပင် ငါးမန်းများအနီးအပါး မလာတော့။ သူ့ လေမှုတ်သံကို ငါးမန်းများ မခံနိုင်။ ငါးမန်းသည် သူ့လေမှုတ်ခြင်းကြောင့် ဖြစ်ပေါ်သည့် ရေထုဖိအား (Acoustic Pressure) ကိုကြောက်သည်။ လင်းရှူး ရှိရာ ဒေသတွင် ငါးမန်းမလာ။ တနည်းအားဖြင့် လင်းရှူးမောင်နှံ ရှိနေခြင်းသည် ကျွန်တော်တို့အား ငါးမန်း ဘေးမှ ကင်းဝေးစေသည်။သို့သော် ကြောက်တာကတော့ ကြောက်သည်ပင် ဖြစ်၏။

၁၉၅၆ ခု။ ဒီဇင်ဘာလ ၇ ရက်။

ကမ်းမမြင်ကျွန်းမမြင်ပင်လယ်ပြင်တွင်သာ။ ကမ်းခြေနှင့် ဤမျှအကွာအဝေးတွင် ပင်လယ်ကူးသင်္ဘောကြီးများ ကိုသာ မျှော်လင့် အားထားရာဖြစ်၏။ ကျွန်တော်တို့သည် တိုက်ရေယာဉ် ၁၁၀ ကိုသော်လည်းကောင်း ကျွန်တော်တို့အားလိုက်လံရှာမည့် အခြား သင်္ဘောကို သော်လည်းကောင်း လုံးဝမျှော်လင့်ခြင်းမရှိတော့။ ရှာဖွေရေး အဖွဲ့သည် ၇ ရက်ရှာဖွေပြီးသည့်နောက် လက်လျှော့တော့မည်ဟူ၍ ကျွန်တော် အတပ်သိသည်။ သောက်ရေ သောက်ရေသည်လျှင် အရေးကြီးသည်။ သောက်ရေ ချွေတာရေးသာလျှင် အဓိကဖြစ်၏။

မျှော်လင့်မထားသည့်ကြားကနေ့လယ်တနာရီခန့်တွင် ကောင်းကင်ယံထက်မှ လေယာဉ်ပျံသံ ကြားရသည်။ဖောင်ပေါ်ရှိထနိုင်သူ ဟူသမျှ၏ မျက်လုံးများဖြင့် လိုက်လံရှာဖွေရာ အလွန်မြင့်သော အမြင့်၌ အရှေ့တောင်ဆီသို့ ဦးတည်ပျံသန်းနေသည့်လေယာဉ်တစင်းကိုတွေ့ရသည်။ ဤအမြင့်မှ နေ၍ ဤမျှသေးငယ်သော ဖောင်ကိုမည်သည့်နည်းနှင့်မျှမမြင်တွေ့နိုင်သည်ကို ကျွန်တော် သိပါလျက် အများဆန္ဒအရ မီးနီမီးကျည်ငါးလုံးမျှပင် ပစ်ဖောက်ပြသည်။ လေယာဉ် လုံးဝ ကွယ်ပျောက်သွားတော့မှ အားလျော့ကာ မီးကျည်များကို နှမြောစိတ်ပေါက်လာ၏။ ကျွန်တော်တို့အသက်တရက်ထက် တရက် ဆက်ရှည်နိုင်ရန်မှာမီးကျည်သာလျှင် အားကိုးရှိ၏။ သောက်ရေသည် အသက်၊ မီးကျည်သည် အသက်။

သောက်ရေကိုအစီအစဉ်တမျိုးလုပ်ရတော့သည်။ အမှန်အားဖြင့်မူ လှည့်ဖြားသော အစီအစဉ်သာ။ ရေကိုတတ်နိုင်သမျှ ချွေတာရမည် ဟူသည်မှာ ကျွန်တော်၏ တခုတည်းသောဦးတည်ချက် ဖြစ်၏ ။

'ကဲဒီနေ့ကစပြီးဒီလိုလုပ်မယ်ဟေ့ ရေကို အခု တနေ့နှစ်ခါ ဝေနေတဲ့အစားသုံးခါ ဝေမယ်သဘောတူရဲလား၊ ဒါမေမယ့် တခါ ဝေရင် ခါတိုင်း သောက်နေကျရေထက်တဝက်သာ ရမယ်၊ ဘယ့်နှယ့် သဘောကျရဲ့လား”

သူတို့သဘောကျသည်ဖြစ်စေ၊မကျသည် ဖြစ်စေ၊ ကျွန်တော်က ရေကို တိုးပေးသယောင်နှင့်ဖြတ်ချမည်သာ။ ယခုတနေ့လျှင် လေးဘူးမျှ ကုန်နေရာမှ အစီအစဉ်အစ်တွင်သုံးဘူးသာ ကုန်ကျမည်ဖြစ်သည်။ တနေ့လျှင် တဘူးအကုန် သက်သာမည်ဖြစ်၍လက်ကျန်ရေ၏ သက်တမ်းကာလကိုဆွဲဆန့်နိုင်မည်ဖြစ်သည်။

ထိုနေ့ခင်းက စိတ်ဝင်စားဖွယ် အဖြစ် ကလေးတရပ် ဖြစ်သွားခဲ့သေးသည်။

နေ့ခင်းတွင် နေပူလှသည်ကြောင့် ကျွန်တော်သည် ခါးတွင် ဝတ်ဆင်ထားသည့် ဘောင်းဘီတို အဖြူကို ချွတ်ပြီးလျှင် ရေဆွတ်လျက် ခေါင်းပေါ် တင်ထားက မှိန်းနေလေ့ရှိသည်။ တနေ့တွင် ဘောင်းဘီတို၏ အိတ်များအတွင်း အပြန်အလှန် ရှာရာတွင် ဝဲဘက် ဘောင်းဘီအိတ်အတွင်းမှ လက်တဆစ်ခန့်ရှိ ခပ်ပွပွ အရာတခု ထွက်လာသည်။ မည်သည်များ ဖြစ်မည်ကို စူးစမ်းကြည့်ရာ မည်သည့်အရာဝတ္ထု ဟူ၍ မခန့်မှန်း တတ်သည်ကြောင့် သွားနှင့် ကိုက်ကြည့်သည်တွင် အလွန်ပြင်း အလွန်စူးရှ၍ အလွန်မွှေးသော ဂျင်းနံ့ကို ရတော့သည်။

သိပါပြီ၊ ကျွန်တော်သည် သင်္ဘောမထွက်မီ ရက်များက ဂျင်းခြောက်ကိုလမ်းဘေးမှ ဝယ်ကာ ဘောင်းဘီအိတ်အတွင်း ထည့်လျက် တနေကုန် စားလေ့ရှိသည်။ ထို ဂျင်းခြောက်စ ဖြစ်သည်။ ယခု ဆားငန်ရေနှင့် ပွနေသည့်အတွက် ပုံသဏ္ဍာန် ပျက်ကာ မမှတ်မိတော့သော်လည်း ဂျင်းနံ့ကမူ ပြင်းဆဲ၊ မွှေးကြိုင်ဆဲပင် ရှိသေးသည်။

'ဟေ့ ဂျင်းနံ့၊ ဟေ့ ဂျင်းနံ့ ဘယ်ကရတာလဲ”

ဖောင်ပေါ်မှ ရဲဘော်များ ခေါင်းထောင်ကြည့်ကြသည်။

“ငါ့ ဘောင်းဘီအိတ်ထဲက ရတာပါကွ၊ အဖတ်သေးသေးလေးပါ'

အကယ်ပင်လျှင် အဖတ်မှာ တချက် ဝါးသည်နှင့် ကုန်ပေပြီ။ အနံ့ကသာ သင်းလျက် ကျန်ခဲ့သည်။

'ရှာကြည့်ပါ ဦး စီအို'သူတို့က တိုက်တွန်းခြင်းကြောင့် ဝဲယာအိတ်များတွင် ထပ်ရှာသော်လည်း ဂျင်းခြောက်ဖတ် ထပ်မတွေ့တော့။

ကျွန်တော့် အိတ်များတွင် ထပ်မတွေ့တော့သည့် အခါ သူတို့သည် မျှော်လင့်ချက် ကြီးစွာဖြင့် သူတို့၏ အိတ်များတွင် လိုက်ရှာကြပြန်သည်။ မတွေ့။ ကျွန်တော် စားလေ့ ရှိသည့် ဂျင်းဖတ်သည် သူတို့ အိတ်များတွင်း၌ မည်သို့ ရှိနိုင်မည်ကို မစဉ်းစားနိုင်တော့။ သူတို့ စားကြွင်းစားကျန်များ ရှိလိုရှိငြား ခေါင်းနောက်အောင် ရှာ၍ မတွေ့တော့မှ လက်လျှော့ကြသည်။ အားလုံးသည် ကယောင်ဖြစ်နေကြပြီ ဟူသည်မှာ သိသာလှ၏။

ကျွန်တော်သည် ထိုနေ့က ပင်လယ်ပြင်တွင် ဆင်း ရေစိမ်နေပြီး ဖောင်ပေါ်ပြန်တက်ရာတွင် ရုတ်တရက် မိုက်ခနဲ ဖြစ်သွားသည်။ ဖောင်ပေါ်ထိုင်နေကြသည့် ရဲဘော်များ၏ မျက်နှာများကို ဝါးဝါးမျှသာ မြင်လိုက်ရလျက် လူတယောက်သည် နှစ်ယောက်ဖြစ်သွားသည် ထင်ရ၏။

“ဟေ့ ... ငါ့ကို ဆွဲတင်ကြပါ ဦးကွ”

အနီးရှိ ရဲဘော်များက ဆွဲတင်ကြမှ ကျွန်တော် ဖောင်ပေါ်ရောက်သည်။ ဖောင်ပေါ်တွင် အတန်ကြာ လဲလျောင်းကာ မှိန်းတော့မှ လူသူ သဲကွဲလာသည်။ ကျွန်တော် ကိုယ်တိုင်ပင် အားပြတ်စ ပြုလာပြီဖြစ်သည်။ ကျွန်တော် မည်မျှဆက်လက်၍ ဦးဆောင်မှု ပေးနိုင်တော့အံ့နည်း။ ကျွန်တော်နှင့် ဗိုလ်ကြီး စောဦးတို့ မရှိကြလျှင် ဗိုလ်လေးသန်းလွင်သာလျှင် ရာထူးအဆင့် အကြီးဆုံးဖြစ်သည်။ သူကလူငယ်၊ ခွန်အား ကျွန်တော့်ထက် ကောင်းသေးသည်။ သို့သော် အတွေ့အကြုံနုသေးသည်။ ဗိုလ်သန်းလွင်၏ မျက်နှာတွင်လည်း နေလောင်ထားသည့် ဒဏ်ရာဒဏ်ချက်များကို မသက်မသာ တွေ့ရ၏။

အားလုံးဖောင်ပေါ်တွင် နေပူဒဏ်ကို လှိမ့်ခံရင်း မှေးနေကြသည်။ စကား ပြောနိုင်သူတို့က စကားမရှိ စကားရှာကာ ပြောနေကြသည်။

'ဟော့ .. ခုနေခါမှာ ဖရဲသီး စားရရင် အကောင်းဆုံးပဲကွ"

တစုံတဦးက အစားအသောက်ကို တမ်းတမ်းတတ ပြောလိုက်၏။

'ဟာနင်းနဲ့ကွာ၊ ငါ တော့ ပဲစိမ်းဥသာ တဂျွမ်းဂျွမ်း ကိုက်စားလိုက်ချင်တာပဲ၊ ခုနေလောကမှာ ပဲစိမ်းစားဥထက် ကောင်းတာ ဘာမှ ရှိမှာ မဟုတ်ဘူးကွ"

'အေးဟုတ်တယ်၊ ငါတော့ ဒီက ပြန်ရင် ဆူးလေပန်းခြံထောင့်မှာ ကုလားတွေဗန်းကြီးနဲ့ရောင်းတဲ့ သင်္ဘောသီး၊ ဖရဲသီး၊ ပဲစိမ်းစားဥတွေ အဝကိုတုတ်စားလိုက်ဦးမယ်'

အရည်ရွှမ်းသည့်အသီးအနှံများကို ယခင်က ကျွန်တော်တို့ အမှတ်တမဲ့ နေခဲ့ကြရာမှ ယခုအချိန်တွင် အခြား ဘာကိုမျှ မစားချင်။ အရည်ရွှမ်းသည့် အသီးအနှံများဖြစ်ကြသည့် နာနတ်သီး၊ ဖရဲသီး၊ သခွားသီး၊ ပဲစိမ်းစားဥတို့ကိုသာလျှင်ကျွန်တော်တို့အားလုံး၏ မျက်စိတွင် မြင်ယောင်မိသည်။ ဖောင်ပေါ်ရှိလူအားလုံးသည် အတွေးကိုယ်စီဖြင့် ငိုင်နေကြသည်။

“ကျွန်တော်သင်္ဘောထွက်ခါနီးတုန်းက အမေက ဘာစိတ်ကူးပေါက်သလဲ မသိဘူး၊ ဒီတခေါက်ကျမှ မင်းငါ့ကို ထိုင် ကန်တော့သွားဦးဆိုလို့ ထိုင် ကန်တော့ရသေးတယ်”

“ငါ ကတော့ငါ့မိန်းမက ကိုယ်ဝန်ကြီးနဲ့ကွ၊ သူ မွေးဖွားမယ့် ရက်အမီပြန်ရောက်ပါ့မလားလို့ မေးသေးတယ်၊ ငါက မကြာပါဘူးကွာ ပြန်ရောက်မှာပါ မင်းက နောက် သုံးလလောက် နေမှ မွေးမှာပဲလို့ပြောခဲ့သေးတယ်'

'ငါ့မိန်းမတော့နေ့လား ညလား မသိဘူးဟော့ ဗိုက်ကြီးကို မီးပုံးပျံ လွှတ်တာကျနေတာပဲ၊ ဒါပေမယ့်ကိစ္စ မရှိပါဘူး၊ ဒီကလေးက တတိယကလေးဆိုတော့ ... သူကတော့ ကလေးမွေးလွယ်တယ်ကွ။ကွမ်းတရာ

ညက်ကြာအောင်တောင် ဗိုက်မနာလိုက်ဘူး ဟော ရွတ်ဆိုတယောက်ပဲ”

အိမ်ထောင်သည် ရဲဘော်များက သူတို့မိန်းမကို သတိတရ ပြောကြသည့်နည်းတူ ..။

ငါ့ရည်းစားကတော့မြိတ်ရောက်ရင် စာရေးနော်၊ တပတ်တခါ မှန်မှန် ရေးလို့တတွတ်တွတ် မှာတယ်ကွ၊ အခု စာရေးစက္ကူနဲ့ ဖောင်တိန်တောင် သဘော်ာပေါ်ကျန်နေခဲ့တာ နာသကွာ၊ သူ့ ခါတ်ပုံလဲ ပါသွားတယ်၊ မင်းတို့ကိုငါပြချင်စမ်းလှတယ်” ဟု ပြောသည်။

သူတို့ကိုယ်စီပြောဆိုနေကြရာမှ စကားပြတ်ကာ အားလုံးသည် အတွေးကိုယ်စီဖြင့်ငိုင်နေကြတော့သည်။ ကျွန်တော် သိပါပြီ။ သူတို့ ကိုယ်စီ၏ စိတ်ကို အတွေးနှင့်အတွေး နောက်ဆက်တွဲက လှိုက်စားနေပေပြီ။ ဤသည်မှာ မကောင်းသော လက္ခဏာ။

'ကဲ... ငါ ပြောမယ် အားလုံးနားထောင်ကြစမ်း၊ မင်းတို့ ဘာဘာညာညာ စားချင်သလို ငါလဲစားချင်တာပဲ၊ မင်းတို့ရဲ သားမယားကို သတိရသလို ငါလဲ သူတို့ကိုသတိရတာပဲ မင်းတို့ မိန်းမကို မင်းတို့ ချစ်သလို ငါ့မိန်းမလဲငါ ချစ်တာပါ ပဲ၊ ဒါ ပေမယ့် ဒီနေ့ ဒီအချိန်ကစပြီး ဒီဖောင်ပေါ်မှာ ဘယ်သူမှ အစားအသောက် အကြောင်း မပြောရဘူး သားမယား မိဘဆွေမျိုး အကြောင်းမပြောရဘူး ဒါဟာ အမိန့်ပဲ နားလည်လား'

သူတို့ နားလည်ပါသည်။ သို့သော် ဘာမျှ ပြန် မပြောကြ။

'အေး... ငါကတော့ စကား မပြောရလို့ အမိန့်ကိုသာ ထုတ်နိုင်တယ်၊မင်းတို့စိတ်ထဲမှာ ကျိတ်တွေးနေတာကိုတော့ ငါ ဘာမှ မတတ်နိုင်ဘူး၊ငါ ပြောချင်တာက တတ်နိုင်ရင် စိတ်အတွေးထဲတောင် မဝင်စေနဲ့ကွာ တို့ရဲ့ အရေးအကြီးဆုံး အချက်က လတ်တလော ဒုက္ခက ကင်းလွတ်ပြီးအသက်ရှင်ရေးပဲ'

ချစ်စရာကောင်းသောရဲဘော်များ ဖြစ်သည်။ ကျွန်တော် အမိန့်ထုတ်လိုက်သည့် အချိန်ကစလျက် အစားအသောက်နှင့် သားမယား ဆွေမျိုး ရည်းစား မည်သည့် စကားမျှ သူတို့မပြောကြတော့။ သူတို့၏ စိတ်တွင်းဝယ် ဖုံးကွယ်ထားလျှင်တော့မူ ကျွန်တော်မတတ်နိုင်တော့ပြီ။ ကျွန်တော့်အနေနှင့်မူ ဤကိစ္စများကို ဦးခေါင်းတွင် ထည့်၍လုံးဝ မစဉ်းစားတော့။ ကျွန်တော့်တွင် တွေးစရာ ရှိသည်။ အသက်ရှင်ရေးတာဝန်က ရှိနေသေးသည်။

ညနေစောင်းသည်နှင့် ဝုန်းဝုန်းဝုန်းဝုန်း ဟူသော အသံများ ကြားရသည်ကြောင့် အားလုံးခေါင်းထောင် ကြည့်လိုက်ရာမှ ငါးအုပ်ကြီး တအုပ်သည် နေရောင်ခြည် အောက်တွင် ဟိုမှ သည်မှ မြူးကစားကာ ပြေးလွှားနေကြသည်ကို မနီးမဝေး၌ မြင်ရ၏။

'ဟော့ ... ငါးတွေ ငါးတွေ၊ အများကြီးပဲဟ၊ တအုပ်ကြီးဟ၊ တအုပ်ကြီး”

ငါးအုပ်ကြီးကထောင်နှင့်ချီ ရှိမည်ထင်ရ၏။ ရေပေါ်တွင် ကျောတပြင်လုံး ပေါ်အောင်ကူးနေကြသည်သာမက တခါတရံ ရာလိုက်ချီ၍ပင် ရေပြင်ထက် ပေါ်သည်ထိခုန်ပေါက်တက်လာကြသည်။ သေသေချာချာ ကြည့်ကြသည်တွင် ငါးအုပ်ကြီးသည်မြူးကစားနေကြသည် မဟုတ်။ ရောမငါးကြီးတကောင်က သူတို့ကို လိုက်ယူဖမ်းစားနေကြသည်ကြောင့် အသက်ဘေးအတွက် ဖောင်ကို ပတ်ပတ်လည်ဝိုင်းပြေးနေကြခြင်း ဖြစ်၏။

ပေါ့ ... ပျည်ပြား ပျည်ပြား ပေးကြစမ်းဟေ့၊ အနားကပ်လာတဲ့ အကောင်ကို ရိုက်ဖမ်းရမယ်ကွ'

ကျွန်တော်က ပျည်ပြား တောင်းကာ ဖောင်တဖက်ထိပ်မှ အသင့်စောင့်နေသည်။ အခြား ဘက်ထိပ်မှဗိုလ်သန်းလွင်က သုံးမရတော့ပြီဖြစ်သော လက်နှိပ်ဓာတ်မီးနှင့်ရိုက်ရန် အသင့်စောင့်နေသည်။

ရိုက်ရန်ပင် မလိုပါ။ တထွာ သာသာမျှရှိသော ငါးကလေး တကောင်သည် မည်မျှ ပြေးလွှား၍ မည်မျှ မောပန်းနေသည် မသိ။ ဖောင်ကို သူနားခိုမှီဝင်ရာ၊ လုံခြုံစိတ်ချစွာ ပုန်းအောင်းရာ မှတ်ယူလျက် ခေါင်းနှင့် မေးကပ်ကာ ခိုနေသည်။ ငါး မောနေသည်ကို ဤတကြိမ်သာလျှင် ကျွန်တော် မြင်ဖူးသည်။ ငါး၏ ပါးဟက်သည် ဟက်ပက် ဟက်ပက် ပြဲဟကာ ဝမ်းမှာလည်း ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေသည်။ အနီးရှိရဲဘော်တဦးက လက်နှစ်ဖက်ဖြင့် ဆတ်ခနဲ ဆယ်ယူ၍ ဖောင်ပေါ် တင်လိုက်သည်။

'ရပြီဟေ့ ... ရပြီ' သူက ဝမ်းသာအားရ အော်လိုက်၏။ ငါးမှာ တထွာ သာသာမျှသာ ရှိ၏။ လောဘသားတို့၏ စိတ်လောဘသည် တထွာလောက်မျှနှင့် ကျေနပ်နိုင်ရိုးလား။

“ဟော့ ... နေကြဦးဟေ့၊ နေကြဦး၊ ကြိုး ဘယ်မှာလဲ နိုင်လွန်ကြိုး ယူစမ်း”

ဖောင်ပေါ်တွင် ပါရှိသော နိုင်လွန်ကြိုး သေးသေး၊ နီဝါရောင်လေးကို ကျွန်တော့်အား လှမ်းပေးသည်။ ကျွန်တော်က ကြိုးစတဘက်ကို ငါး၏ ပါးဟက်တွင် ချည်လိုက်ပြီး ကျန်ကြိုးတစကို ဖောင်ပေါ်ရှိ ရဲဘော်တဦးအား ကိုင်ထားစေရန် ပေးလိုက်၏။

'ဟော့ ... မင်း အဲဒီ ကြိုးစကို မြဲမြဲကိုင်ထား၊ ငါ ဒီ ငါးကို တအားလွှဲပြီး ငါးအုပ်ကြီး ဆီ ပစ်လိုက်မယ်၊ ဒီ ငါးကို စားမယ့် ငါးကြီးက နောက်က လိုက်လာရင် ပျည်ပြားနဲ့ ခေါင်းကို တအား ဆော်ပေတော့”

ကျွန်တော့် ရည်ရွယ်ချက်မှာ ငါးကလေးကို ငါးစာပြု၍ ငါးကြီးကို ကျွန်တော်တို့အနီး

များခေါ်ကာ ဆော်ပလော်တီးရန် ဖြစ်သည်။ ကျွန်တော်က ကြိုးစတဖက်ပါ ငါးယင်ကို အားယူရန်အတွက် နှစ်ပတ် သုံးပတ်မျှ ဇွေ့ယမ်းပြီးနောက် ငါးအုပ်ကြီး ရှိရာသို့ တအား လွှဲပစ်လိုက်သည်။ ငါးယင်သည် လေတွင် ပျံဝဲကာ ငါးအုပ်ကြီး ရှိရာဘက်သို့ မြောက်တက်သွားပြီးမှ ရေပြင်တွင် ပြန်ကျသည်။

"ဟာ..."

'ဟာ' အာမေဍိတ်သံများ ပေါ်လာ၏။ ကျွန်တော် ပါးစပ်မှလည်း အံ့အားသင့်လွန်းခြင်းကြောင့် အတန်ငိုင်နေပြီးမှ ငါးလေးနှင့် ကြိုးစကျရာဘက်သို့ ဒိုင်ဗင် ထိုးဆင်းလိုက်၏။ ဖြစ်ရသည်မှာ ကြိုးစတဘက်ကို မြဲမြဲကိုင်ထားရန် ပြောသော ရဲဘော်သည် ကြိုးစကို သူကိုင်ရမလို ငါကိုင်ရမလိုနှင့် မည်သူမျှ မကိုင်ကြသည့်အတွက် ငါးနောက်သို့ ကြိုးစပါ သွားခြင်း ဖြစ်တော့သည်။

ကျွန်တော်သည် မသေရုံ မနစ်ရုံမျှ ရေကူးတတ်သူဖြစ်သည်။ ရေငုပ် ကျွမ်းကျင်သူတဦး မဟုတ်ပါ။ ကျွန်တော် မည်မျှ ကြိုးစား၍ ငုပ်သော်လည်း ငါးကိုသော် လည်းကောင်း၊ ဘာသာမျှသော ငါးယင် အသေကောင်သည် ငါးလံသာသာမျှသော နိုင်လွန်ကြိုးစ နီဝါရောင်ကလေး တွဲလောင်းကျလျက် ပင်လယ်ရေပြာအောက်တွင် ဘယ်ညာ ယိမ်းနွဲ့ကာ ရေနက်အတွင်း ဆင်းသွားသည်။ တလံ သာသာမျှသာ ရေအနက်ကိုသာ ငုပ်တတ်သည့် ကျွန်တော် လိုက်၍မမီတော့ပါ။ ပင်လယ်ရေသည် ကြည်လင် လှသည်ကြောင့် ရေနက်တွင်းသို့ ကစားယိမ်းနွဲ့သလို ဆင်းသွားသည့် ငါးယင်ကို အတန်ကြာ မြင်နေပြီးမှ ငါးယင်သည် ပင်လယ်ရေ အမှောင်ထုဝယ် တိုးလျှိုး ပျောက်ကွယ်သွား၏။ လွတ်သည့် ငါးတွင် ဤငါးလောက်ကြီးသော ငါးသည် တကောင်မျှ မရှိနိုင်ပါပေ။

ကျွန်တော်သည် စိတ်ပျက်အားလျော့စွာဖောင်ဆီသို့ ပြန်ကူးလာ၏။ ကျွန်တော့်ကို ရဲဘော်များက ဆွဲတင်ကြသည်။ကျွန်တော် ဖောင်ပေါ် ရောက်သည်တွင် ကြိုးစတဖက်ကို ကိုင်ထားခြင်းမပြုမိခဲ့သည့် ရဲဘော်သည်လည်း သူ့ အပြစ်၏ ကြီးမားခြင်းကို သိသည့်အတွက်ချုံးပွဲချ ငိုတော့သည်။ မောသည် ပန်းသည်၊ ဒေါသဖြစ်သည်။ ဒေါသကို လူကို ပို၍ပန်းစေသည်။

ပတ်ဝန်းကျင်ပင်လယ် တဝိုက်တွင် ငါးအုပ်ကြီး ပြေးကြ လွှားကြဆဲပင် ဖြစ်၏။ ကျွန်တော်တို့ကံကောင်းချင်တော့ နောက်ထပ် ငါးတကောင်သည် ဖောင်ဘေးတွင် ကပ်ခို လာပြန်သည်။ယခု ငါးမှာ အတန် ကြီးသည်။ တတောင် သာသာမျှရှိသော ငါးကြီးဖြစ်၏။တပ်ကြပ်မောင်အေးက ငါး၏ ဦးခေါင်းကို ပျဉ်ပြားနှင့် အအားရိုက်လိုက်သည်တွင်တပ်ကြပ်/စက် အောင်မြင့်က ဆတ်ခနဲ ဖမ်းယူတင်လိုက်သည်။ ငါးသည် ဖောင်ပေါ်တွင်အမြီး လှုပ်သည် ဆိုရုံမျှသာ လှုပ်နိုင်တော့သည်။ သည်တချီတွင် ကျွန်တော်တို့သည်လောဘသတ်၍

သည်ငါးနှင့်ပင် ကျေနပ်လိုက်ရတော့သည်။ နောက်ထပ် ကံစမ်းငါးမမျှားရဲတော့ပါ။

ငါးကိုကျွန်တော့် ခားငယ်နှင့် ပါးဟက်ဆီတွင် လှီးလိုက်ပြီး ထွက်လာသည့် သွေးအနည်းအကျဉ်းကို ဗိုလ်စောဦးအား ဦးခေါင်းမော့ကာ အစုပ်ခိုင်းရသည်။

သူ့ပါးစပ်တွင် မည်မျှဝင်သည် မျှဝင်သည် မသိရသော်လည်း သူ့ ပါးစပ်ဝ တခုလုံးမှာငါးသွေးများဖြင့် ပေကျံသွားသည်။ ကျွန်တော်က ငါးကို အကြေးမသင်ဆူးတောင်မဖြတ်ဘဲ အတုံးကြီးကြီး ၁၈ တုံးမျှ တုံးမျှ ပြုလုပ်ကာ တ တယောက်တတုံးစီဝေပေးသည်။ ပါးစပ်ဝ ရောက်တော့မှ ငါးအကြေးဖတ်များကို စားဆဲဖယ်စားရသည်။ စင်ရော်နှင့် ကဏန်းကို အစိမ်းစားပြီးသည့် နောက်တွင်ငါးသားအစိမ်းသည် မထူးခြားတော့။ အရသာ ရှိသည် မရှိသည်ကိုလည်း မသိ။ နံသည်စော်သည် ညီသည်ကိုလည်း ဂရုမထား။ ဝါးစားရသမျှ ဝါး၊ ဝါးမရသည်ကိုအတင်း မျိုချနှင့် အသားစိမ်းစား ဘီလူးများဘဝ ရောက်ရှိသွားကြတော့သည်။ ငါးက အတန်ကြီးသည်ကြောင့် ခေါင်းပိုင်းနှင့် အမြီးပိုင်း ပိုလျှံ နေသေးသည်။ထူးဆန်းသည်မှာ ရဲဘော်များသည် ကိုယ်ဝေစုရသည့် အသား တတုံးအပြင်နောက်ထပ် မတောင်းကြတော့ခြင်း ဖြစ်သည်။ တတုံးနှင့် တော်ပါပြီဟု တညီတည်းမပြောသော်လည်း ပြောသည့်အလားသာ။ ကျွန်တော်က ပိုနေသော အစိတ်အပိုင်းကိုငါးခြောက် လှမ်းထားစေပြီး နောက်ရက်များစားရန် စီစဉ်ထားရှိသည်။ဖောင်အမိုးပေါ် တင်ကာ နေလှန်းထားသည်။

ငါးစိမ်းသားကိုစားရသော်ငြားလည်း ဗိုလ်စောဦးမှာ ထူးခြား၍ သက်သာမလာ။ ယဲ့ယဲ့မျှသာရှိတော့သည်။ သူက ကျွန်တော့်အား သူ့အနား တိုးကပ်လာစေလိုကြောင်းလက်ရိပ်ပြသည်နှင့် ကျွန်တော်က သူ တစုံတရာ ပြောလိုကြောင်းသိကာသူ့မျက်နှာနား တိုးကပ် သွားသည်။ သူက အတန်အားယူပြီးမှ တိုးတိုးသံဖြင့်…

စီအို … ကျွန်တော်တော့ မရတော့ဘူး၊ မတတ်နိုင်တော့ဘူး' ဟု ဆိုသည်။ ကျွန်တော်က… 'မဟုတ်တာ ဗိုလ်စောဦးရယ် ကျွန်တော်တို့ သင်္ဘောတစင်းစင်းနဲ့ တွေ့ရတော့မှာပါ အခု Shipping Line (သင်္ဘော သွားလမ်း) ပေါ် ရောက်နေပြီ၊ တောင့်ထားစမ်းပါ ဟု အားပေးသည်။

ကျွန်တော်သိတယ်စီအို ကျွန်တော် မရတော့ဘူး၊ ကျွန်တော်ဟာ ဘာမှလဲ အသုံးမကျတော့ဘူး ကျွန်တော်ရှိနေလို့ ရဲဘော်တွေလဲ ပိုပြီး စိတ်ဆင်းရဲ ဒုက္ခရောက်တယ်၊ အဲဒီတော့ ကျွန်တော့်ဘာသာ အေးအေးဆေးဆေး သွားပါရစေတော့ စီအိုကသာ ခွင့်ပြုပါ“

ကျွန်တော်သည်သူ့ကို ဘာပြန်ပြောရမည်မသိ။ ရင်ဝတွင် တစ်ဆို့နေသည်။ ကျွန်တော့်ကိုခင်သော ဗိုလ်စောဦး ကျွန်တော်နှင့်အတူ မြိတ်သို့

တခေါက်လိုက်လိုသေးခြင်းကြောင့် ဆေးရုံ တက်သင့်ပါလျက် ဆေးရုံမတက်ခဲ့သော ဗိုလ်စောဦး၊ ယခု ရေတွင် ဆင်း၍ သေပွဲဝင်လိုကြောင်းရဲရဲရင့်ရင့်ပင် ကျွန်တော့် ခွင့်ပြုချက်ကို တောင်းနေပေသည်။

'မဟုတ်တာ ဗိုလ်စောဦးရယ်၊ ခင်ဗျား နောက်ဆုံး အချိန်အထိ မျှော်လင့်ချက် ထားစမ်းပါ၊ အားမလျော့စမ်းပါနဲ့၊ ကျွန်တော်တို့မှာ ချန့် (Chance) ရှိပါ သေးတယ်”

“ကျွန်တော်သေသွားရင်အားလုံးအတွက် ချန့် ပိုကောင်းမယ်၊ ကျွန်တော်ဟာ စီအိုအတွက် ပြဿနာ ဖြစ်နေပြီ၊ လူပို ဖြစ်နေပြီဆိုတာ သိတယ်၊ ရှင်သင့်တဲ့သူ ရှင်၊ သေသင့်တဲ့သူ သေ (Survival of the fittest) ဆိုတဲ့ မူပေါ့'

သူသည်နောက်ဆုံးအချိန်အထိ သတိ ကောင်းသည်။ နောက်ဆုံး အချိန်အထိ သူဖတ်မှတ်မိခဲ့သမျှအတွင်းမှ သိပ္ပံပညာရှင် ဒါဝင်၏ အဆိုအမိန့်တခုကို သတိရနေသေးသည်။ Survival of the fittest တဲ့။ တော်သူနေ ရှော်သူသေ ဟု သူက ဆိုလိုခြင်း ဖြစ်သည်။

“ကဲ…ကဲ၊ သိပ် စကားမပြောနဲ့ မောမယ်၊ အသာငြိမ်နေ”

ထိုညသည်လူမမာများ ရောဂါ အသည်းဆုံးည ဖြစ်၏။ ကိုယ်ခန္ဓာ အားဖြင့် ကြံ့ခိုင်သန်စွမ်းလှသည် ဟူသော လူထွားကြီး မောင်မြင့်သည်ပင် မခံနိုင်တော့။ သူသည် သူ၏ စက္ကူများကို နေထုတ်မလှန်းရန် ကျွန်တော် ပြောလိုက်သည့် နေ့မှစကာ စိတ်ဓါတ်ကျဆင်း သွားခဲ့၏။ လူကောင်မှာလည်း အတော် ချုံးသွားပြီ ဖြစ်သည်။

၁၉၅၆ ခု၊ ဒီဇင်ဘာလ ၈ ရက်။

ဗိုလ်စောဦးအစ အသုဘရက်များ။

နေလုံးသည်ရဲရဲကြီးနီလျက် ထွက်လာသည်။ မိုးကောင်းကင်တခွင်တွင် တိမ်ရိပ်တိမ်သား အလျှင်း မရှိဘဲ ကြည်လင်နေသည်နှင့်အမျှ ပင်လယ်ကမှန်ရောင်လက်သကဲ့သို့ ရောင်ပြန်ထွက်နေသည်။ သတိ အလျှင်းမရသလောက်ရှိပြီ ဖြစ်သော တပ်သား ကျော်ကျော်က ဖောင်ကို ဖောက်ခွဲနေပြီ၊ဖောက်ခွဲနေပြီ” ဟု ကယောက်ကတမ်း ငန်းဖောက်ကာ အော်ဟစ်နေခြင်းကြောင့်လူတိုင်း အလန့်တကြား ဖြစ်ကုန်ကြသည်။ သူ သူ ကယောက်ကတမ်း အော်တော့မှ ဖောင်အခြေအနေကို စိုးရိမ်သည်ထက် စိုးရိမ်လာတော့၏။ ကျွန်တော်တို့အသက်ရှင်ရေးတွင် အရေးကြီးသည်မှာ 'ရေ'သာလျှင် မဟုတ် လေသည်လည်း အရေးကြီးလှသည်။ ဖောင်လေ လျော့၍ အတွင်းရှိ လေများ ထွက်သွားခဲ့လျှင်၊ပေါက်ထွက် ကွဲပျက်ခဲ့လျှင် တပြုံတည်း အချီတည်း တပြိုင်နက်ရေနစ်သေဆုံးရမည် ဖြစ်တော့၏။

ထိုနေ့နံနက်က ဖောင် သန့်ရှင်းရေး လုပ်စဉ် ဖောင်ကို လှည့်ပတ်စစ်ဆေးကြည့်ရှုရာ ဖောင်၏ လေတင်းမာမှု အတန်ပျော့လာပြီ ဖြစ်သည်ကိုတွေ့သိရမိ၏။ တနေရာရာမှာ လေစိမ့်ထွက်နေရပေမည်။ နေရာကိုရှာမတွေ့သေးမီ လျော့ပါးသွားသော လေကို အချိန်မီ ဖြည့်ထားရမည် ဖြစ်၏။ဖောင်ထက်တွင် လေဖြည့်ရန် လေထိုးတံအဖြစ် လက်နှင့် အကော်ဒီယံဆွဲသလိုဆွဲရသော ဖားဖိုငယ် တခုရှိသည်။ လေဖြည့်ရန် နေရာဟု ပြထားသောဘားငယ် တခုရှိသည်။ ထို ဘားပေါက်နေရာတွင် လေဖြည့် ဖားဖိုမှ ပိုက်ကိုတပ်၍ တယောက်တလှည့်စီ လေထိုးကြသောအခါမှ ဖောင်မှာ အတန်ငယ်ပြန်၍တောင့်တင်းလာသည်။ လေများကို ထုတ်ပစ်နိုင်သည့် ဘားပေါက်ကို လေအိုးနှင့်ဆက်ထားသော လေဖြည့် ပိုက်ခေါင်းပေါက်သည် ကျွန်တော် ကြီးစွာ သတိပြုလျက်စောင့်ကြပ် ကြည့်ရှုရမည့် နေရာ။ ထိုနေရာမှ လေထွက်သွားခဲ့လျှင်လက်ရှိ ဖားဖိုနှင့် မတတ်နိုင် မတတ်နိုင် ဖြစ်မည်မှာ သေချာသည်။

ဗိုလ်ကြီးစောဦးမှာလုံး၀ မထနိုင်တော့သည်သာမက ဖောင်တွင်းမှာပင် ၀မ်းသွားနေသောကြောင့် သူ့အောက်တွင် အ၀တ်တထည် ခင်းထားပေးရကာ ၀မ်းသွားတိုင်းဖောင်သန့်ရှင့်ရေး လုပ်ပေးနေရသည်။

တပ်ကြပ်စံခိုအခြေအနေမကောင်း တပ်သားကျော်ကျော် တပ်ကြပ်/စက် ကျော်ညွန့်တို့လည်းအခြေအနေ ဆိုးလှသည်။ တပ်ကြပ်ကြီး ခင်မောင်ဝင်းမှာ ဖောင်တွင်းသို့လည်း မဝင် ဖောင်နှုတ်ခမ်းပေါ်တွင်သာ နေ့ညထိုင်၍

ငိုင်နေသောကြောင့် သူ့ မျက်လုံးများမှာကြောင်နေသည်။ တပ်သား မောင်မြင့်လည်း စကား မပြောနိုင်တော့၊ သူတို့နှစ်ဦးမှာ ဤလူစုတွင် အထွားကျိုင်းဆုံးသော ကိုယ်ခန္ဓာရှိကြသည်။စိတ်ခိုင်မာမှုတွင် အပျော့ဆုံး အနုဆုံးသော စိတ်ဓာတ်များ ရှိကြသည်။

ည ၁၀ နာရီလောက်တွင် ဗိုလ်ကြီးစောဦး အမောဖောက်လာသည်။ ဘယ်ညာ လူးနေသည်။ အသက်ရှူရသည်မှာ ခက်ခဲပင်ပန်းလှဟန် ရှိသည်။

“စီအို…စီအို”

ကျွန်တော်က သူ့အနီးတွင်ပင် အစဉ်ရှိသည်။

'ဘာလဲ ဗိုလ်စောဦး၊ ကျွန်တော် ဒီမှာ ရှိတယ်လေ'

“ရေ ... ရေ .. သောက်ရေ တခွက်လောက် ပေးပါ စီအိုရယ်'

ဤစကားကိုကျွန်တော် ကြားရလိမ့်မည်သာဟု တပ်အပ်သိသည်။ ဤစကားသည် ကျွန်တော်မကြားချင်ဆုံး စကားသာ ဖြစ်သည်။ ကျွန်တော် မည်သို့မျှ မတတ်နိုင်။ လိုက်လျောခွင့် မပြုနိုင်သော အရာကို သူက မချိမဆံ့ တောင်းခံနေသည်။ သနားစဖွယ် တောင်းခံသည်။ သေခါ နီး လူတယောက်၏ နောက်ဆုံး ဆန္ဒကို ဖြည့်ဆည်းပေးနိုင်လျှင် ဖြည့်ဆည်း ပေးလိုသည်မှာ ကြင်နာသော ရင်ရှိသည့် လူသားတိုင်း၏ စိတ်ဖြစ်သည်။

တဖန်ယခု တောင်းခံနေသည်မှာလည်း ကျွန်တော်၏ ရင်းနှီးသော မိတ်ဆွေ တဦး။ ကျွန်တော့်တွင် သူ့ကို ငြင်းဆန်နိုင်သည့် နှလုံးသား မရှိခြင်းကြောင့်နားကို ပိတ်ထားလျက် မကြားချင်ယောင် ဆောင်နေရုံသာ ရှိတော့၏။မချိတင်ကဲနှင့်ပင် သူ့အား မကြားချင်ယောင် ပြုနေခဲ့သည်။ လျစ်လျူရှုနေရသည်။ သူကလည်း ရေကိုသာ တစာစာ တောင်းနေ၏။

ကျွန်တော်စဉ်းစားသည်မှာ ဗိုလ်စောဦးသည် သေလူ ဖြစ်နေပြီ။ ကျွန်တော်တို့အားလုံးကသူ့အား အသက်ရှင် စေချင် ကြသော်လည်း သူသည် သေမင်းတံခါးဝသို့ရောက်နေပြီဖြစ်သည့် လူတယောက်။ ရှားပါးလှသည့် သောက်ရေချို တခွက်ကိုမဆိုထား၊ တဘူးလုံးကိုပင် သူတယောက်တည်း သောက်သည့်တိုင် အသက်ရှင်နိုင်မည်မဟုတ်တော့။ တိုက်လျှင် သူ တယောက်တည်း တိုက်၍ ကိစ္စ မပြီး။ အခြား လူမမာရဲဘော်များ ကိုလည်း တိုက်ရပေဦးမည်။ အချိန် မဟုတ်ဘဲနှင့်သောက်ရေဘူးနှစ်ဘူးကို အပိုသက်သက် ကျွန်တော် မဖြုန်းနိုင်ပါ။ လူတွေသေကြမည်သာ။ အသက်ရှင်နိုင်ရန် အခွင့်အလမ်း ကျန်သေးသူများအဖို့ ဤသောက်ရေ နှစ်ဘူးသည် အသက်ဆက်ခွင့် ရမည်သဘော

ဖြစ်၏။ command Responsibility အုပ်ချုပ်မှုအာဏာ ဟူသည် ရက်ရောစွာ စေတနာထားခြင်း နှင့် ရက်စက်စွာ တိကျပြတ်သားခြင်းတို့ ပူးတွဲလျက် သူ့နေရာနှင့်သူ သုံးရခြင်းပင်ဖြစ်သည်။ ကျွန်တော်သည်နားမခံနိုင်သာသည့် အဆုံး၌ ပင်လယ်တွင်းမှ ဆားငန်ရည်တခွက်ကို လက်လှမ်း၍ခပ်ကာ သူ့အား ပေးလိုက်၏။ တပ်ကြပ် မောင်အေးက သူ့ ဦးခေါင်းကို ဖေးမကာသူ့အား ပေးတိုက်သည်။ သူသည် ရေကို တကျိုက်သောက်လိုက်ပြီးမှ ဆားငန်ရေတွေပါဗျာ' ဟု နောက်ဆုံးသော စကားကို ဆိုကာ ဘေးသို့ ခွေကျသွားလျက် စောင်းငဲ့ကျသွားသည်။ ထို့နောက် မလှုပ်မယှက်တော့။ အားလုံးသည်သူ့အတွက် ဝမ်းနည်းကြ သော်လည်း ဘယ်သမျှ မငို။ ဘာကိုမျှ မဆို။ အလျင်သွားနှင့်သူနှင့် နောက်လိုက်ရမည့် သူချည်းသာ ဖြစ်သည် ဟူသော အသုဘ ကမ္မဋ္ဌာန်းကို တဒင်္ဂအတွင်း ထိုးထွင်း ထင်မြင်သွားသည်။

သူသည်သဘော်ာပျက် ဒုက္ခသည် ရဲဘော်တစုတွင် ပထမဦးဆုံးသော သေဆုံးသူ ဖြစ်သည်။သူသည် သဘော်ာပျက်ပြီး နောက် ရှစ်ရက် တိုင်တိုင် ကိုယ်ခန္ဓာမကျန်းမာပေမင့် စိတ် ဓွဲ နှင့် သတ္တိကို ပြသွားသည့် အရာရှိကောင်း တဦးဖြစ်သည်။

ညသာ နာရီတွင် သူ၏ ခန္ဓာကိုယ်ကို ရေတွင် ချစေသည်။ ရေသို့ မချမီသူ့ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားခဲ့သည့် ကုတ်အင်္ကျီကို ချွတ်ယူထားခဲ့သည်။ အင်္ကျီကိုဖျားနာသူတဦး အပေါ် လွှမ်းထားရန် ခြုံလွှမ်းထားရန် ခြုံပေးရန် ဖြစ်သည်။ ဗိုလ်စောဦးသေပြီးသည့် ပြီးသည့် နောက်တွင် နောက်ထက် ဆက်လက် လိုက်ပါကြမည့်သူများ ရှိနေပြီဖြစ်သည်။ သူလေလား၊ ကိုယ်လေလား မသိ။

ဗိုလ်ကြီးစောဦးသေဆုံးသည့် ည၌ လေသည် ည၌နက်သည်တွင် ပြင်းသည်ထက်ပြင်းစွာ တိုက်ခိုက်ခဲ့သည်။ နံနက်ပိုင်း မိုးစင်စင်လင်းတော့မှလေငြိမ်သွားသည်။ ဗိုလ်ကြီးစောဦးသည် ဒီဇင်ဘာလ ၉ ရက် နံနက် ဆည်းဆာကိုမြင်တွေ့ မသွားခဲ့ရတော့ပါ။

၁၉၅၆ ခု။ ဒီဇင်ဘာလ ၉ ရက်။

လက်ကျန် သောက်ရေဘူး အခြေအနေမှာ မကောင်းတော့ပြီ ဖြစ်ခြင်းကြောင့် ရေပေးဝေချိန်ကို တနေ့ နှစ်ကြိမ် ပြောင်းလဲ သတ်မှတ်ကာ သောက်တဘူးကို လူ ၁၇ ယောက် ဝေငှမျှသောက်ရသည်။ သောက်ရသည့် ရေမှာ လူ တယောက်အတွက် အလွန်နည်းပါးသည်။ ပက်ခြင် တဝက်မျှပင် မရှိတတ်။ ကြွေပန်းကန်ချို့ ဇွန်းကြီး တဇွန်းလောက်သာ ရှိမည်။ သို့သော် မတတ်နိုင်ပြီ။. အာဆွတ်ရုံမျှသာ သောက်လျက် မျှော်လင့်ချက် နှစ်ခုကို စောင့်ကြရမည်။ မျှော်လင့်ချက် (တစ်) မှာ ကယ်တင်သူ တွေ့မည့်ရက် နှင့် မျှော်လင့်ချက် (နှစ်) မှာ မိမိ သေဆုံးမည့် ရက်ပင် ဖြစ်၏။

နံနက် ၈ နာရီခန့်တွင် တပ်သားကျော်ကျော် သေဆုံးသည်။ ကျော်ကျော်ကို ကျွန်တော်က မရတော့ပြီဟု သိပြီးသား။ သူ့ အပြင် ကျွန်တော် လုံးဝ မထင်သူ တယောက်ပါ ထိုနေ့က ထပ်ဆုံးသေး၏။ ဖြစ်ပုံမှာ ထူးဆန်းလှသည်။ ကြေကွဲဝမ်းနည်းဖွယ် ကောင်းလှသည်။

နေ့လယ် ၁၁ နာရီလောက်တွင် အနောက်ဘက် မိုးကုပ်စက်ဝိုင်းခွင်၌ ရောမ ပင်လယ်ကူး သင်္ဘောကြီး တစင်းကို မမျှော်လင့်ဘဲ ဝမ်းပန်းတသာ တွေ့မြင်ကြရ၏။ သင်္ဘောကြီးမှာ တောင်ဘက်ဆီသို့ ဦးတည်ခုတ်မောင်းနေသည်။ သင်္ဘောကြီး၏ ကိုယ်ထည် ဝမ်းပြင် တခုလုံးမှာ မိုးကုပ်စက်ဝိုင်း မျဉ်း၏ အောက်ဘက် (Hull Down On The Horizon) တွင် ရှိနေခြင်းကြောင့် အထက်ဘက်ရှိ ရွက်တိုင် နှစ်တိုင်နှင့် ခေါင်းတိုင်ကို ကောင်းစွာ မြင်နေရသည်။ သင်္ဘောဝမ်းပြင်ကို မမြင်သာသော အကွာအဝေး၌ ဖြစ်၏။

"သင်္ဘောကြီး၊ သင်္ဘောကြီး၊ ဟာ နီးနီးလေး မဝေးလှဘူး စီအို'

ထနိုင်စွမ်းရှိသူ ဟူသမျှ ထကြည့်ကြသည်။

"ဗိုလ်သန်းလွင် လေထီး မီးကျည် ပေး ဗျို့၊ မြန်မြန်ပေး၊ မြန်မြန်ပေး

ကျွန်တော်က အလောတကြီး အော်ကာ ပြောသည်။ ကျွန်တော့်တွင် လေထီး မီးကျည် တခုနှင့် မီးနီမီးကျည် တချို့သာ ကျန်ရှိနေသည်ကို ဤနေရာတွင် အသုံးချရပေမည်။

ဖောက် .... ဖုံး' အသံ နှစ်ခုသည်ရှေ့နောက် စက္ကန့် အနည်းငယ်ခြားကာ ပေါ်လာပြီး လေထီး မီးကျည်သည် ထိန်ညီးစွာတောက်လောင်ကာ အနောက်ဘက် ကောင်းကင်ယံမှ ဆင်းကျလာနေသည်။ မိနစ် အနည်းငယ်ကြာသော် ငြိမ်းသေသွားတော့၏။

"ဟာ ... မီးကျည် အဖြူကြီး မြင်ရမှာ မဟုတ်ဘူး၊ မီးကျည် အနီ ဖောက်ပါ စီအို၊ ဖောက်ပါ စီအို'

နှစ်ဆင့်ပေါက်မီးကျည်အနီ နှစ်လုံးသည် ဆင့်ကဲ မြည်ကွဲသွားကာ အထက်ဘက်သို့ တက်သွားသည်။ နောက်တလုံး ဆက် ဖောက်ပြသည်။ နောက်တလုံး .... နောက်တလုံး၊ နောက်တလုံး။

ကျွန်တော့်တွင်လက်ကျန် မီးကျည် တလုံးမျှ မရှိတော့သည့်တိုင် တလုံး မမြင်သော် နောက်တလုံးမြင်နိုးဖြင့် ရှိသမျှ မီးကျည် ခြောက်လုံးကို ဆက်တိုက် ပစ်လွှတ် ဖောက်ပြသည်။မီးကျည်လည်း လုံးဝ ကုန်သွားသည်တွင် သင်္ဘောကြီးလည်း မြင်ကွင်းမှ လုံးဝကွယ်ပျောက် သွားတော့သည်။

ဤအချိန်သည်စိတ်ဓာတ် အကျဆုံး အချိန် ဖြစ်တော့၏။ ဤအချိန်သည် ကျွန်တော်တို့အားလုံးအတွက် ကမ္ဘာပျက်သုဉ်းသည့် အချိန်ပင် မည်တော့သည်။ ဤအချိန်မှစ၍ နောက်ပိုင်းအချိန်ကာလ ဟူသမျှတွင် ကျွန်တော်ကိုယ်တိုင်ပင် မူလ စိတ်ဓာတ် ဒူးခေါင်းမှခြေမျက်စိထိ ကျသွားသည်ဖြစ်ရာ ကျွန်တော့် ရဲဘော်များမှာအသို့ရှိအံ့မည်ကို ကျွန်တော် ခန့်မှန်းမိသည်။ ကျွန်တော်သည် မည်သူ့ကိုမျှအားပေးစကား မဆိုထား၊ ဘာစကားမျှ မပြောလိုတော့။ မည်သူကမျှလည်း မည်သူ့အားမျှစကား မပြောလိုတော့။ စိတ်ဓာတ်ကျခြင်းသည် ဤအချိန်ခါ သမယတွင် ဆုံးခန်းတိုင်ရောက်သတည်း။

ကျွန်တော်တို့ကိုအခြား သင်္ဘောများက မြင်နိုင်မှသာ ဆယ်ယူခံရမည်။ ကျွန်တော်တို့ကိုမြင်တွေ့နိုင်စေရန် အတွက် တခုတည်းသော အားထားရာမှာမီးကျည်များသာလျှင် ဖြစ်သည်။ မည်သူ့ကိုမျှ ကျွန်တော် ဖွင့်မပြောခဲ့သော်လည်းကယ်တင်မည့် သင်္ဘော တစင်းတလေနှင့် ကျွန်တော် တွေ့ဆုံလိုသည့်အချိန်မှာ ညနေနေဝင်ချိန်မှ နံနက် မိုးလင်းချိန် နေဝင်ချိန်မှ နံနက် မိုးလင်းချိန် မတိုင်မီ အတွင်း အမှောင်ကြီးစိုးစဉ် ကာလတွင်သာ အတွေ့ချင်ဆုံးဖြစ်သည်။ ညီပိုင်းတွင် တွေ့ဆုံရန်သာ ကျွန်တော်ကျိတ် ဆုတောင်းခဲ့၏။ သို့မှသာ မီးကျည် ပစ်ဖောက်ရခြင်း ထိရောက်မည်ဖြစ်သည်။ ညတွင် မီးကျည်ကို အဝေးအရပ်မှ မြင်နိုင်သည်။ နေ့ခင်းထက်မြင်နိုင်စွမ်း ကောင်းသည်။ ယခု သင်္ဘောကြီး တစင်း ဖြ မိုင်သောအကွာအဝေးတွင် ဖြတ်သန်း သွားလာခဲ့ပါလျက် နေ့ခင်းချိန်ခါ နှင့် လာ၍ကြုံကြိုက်နေရသည်။ နေ့ခင်းတွင် မီးကျည်သည် ထိရောက်သင့်သလောက် မထိရောက်။ ထို့ကြောင့် ကျွန်တော့် ဆန္ဒ မပြည့်ခဲ့။

တဖန်ယခု လက်ရှိ အခြေအနေ၊ မီးကျည် တလုံးမျှ မရှိတော့သည့် အခြေအနေတွင် ကယ်တင်ရှင်သင်္ဘောကို ညအခါတွင် လုံးဝ သစ်သားမီးခြစ်ဆံမျှ မရှိခြင်းကြောင့်

သင်္ဘောကြီးကအသက်ကယ်ဖောင်ကို မတွေ့လိုတော့ပါ ။ သင်္ဘောကြီးကို မီးပြရန်အတွက်ကျွန်တော့်တွင် သစ်သားမီး ။ တည့်တည့် မတ်မတ်ကြီး ဝင်ဝင်တိုးစေကာမူ သင်္ဘောပေါ်မှ လူများသိကြမည် မဟုတ်ပါ။ နေ့ခင်းတွင် တွေ့မြင်မှသာ အသက်ရှင်ခွင့် နည်းလမ်းရှိတော့မည်။ အနီးကပ် ဖြတ်သွားမှသာလျှင် မြင်နိုင်ကြမည် ဖြစ်၏။

လူအားလုံးသည် စိတ် ညှိုးငယ်စွာနှင့်ဖောင်ပေါ်တွင် ခွေသူ ခွေ၊ ရေတွင်စိမ်သူ စိမ်း အသက်ကယ်ဖော ပေါ်တွင်နားခိုသူက ခိုနှင့် ငြိမ်၍ နေကြသည်။ ဗိုလ်ကြီးစောဦးနှင့်အလွန်ရင်းနှီးသည့် တပ်ကြပ်မောင်အေးသည် ဗိုလ်ကြီးစောဦးသေဆုံးသွားကတည်းက အလွန် စိတ်ထိခိုက်သွားပုံ ရသည်။ မည်သူ့ကိုမျှ စကားမပြောတော့။ တွေ၍ ခွေ၍သာ နေ၏။ သင်္ဘောကြီး ပျောက်ကွယ်သွားပြီးသည့်နောက်တွင်သူသည် ဖောင်ထက်မှ ဆင်းကာ အသက်ကယ်ဖော တခုတွင် တဦးတည်း သွားတွယ်မှီနေသည်။သူ တွယ်မှီရာ အသက်ကယ်ဖောမှာ ဖောင်နှင့် အဝေးဆုံးတွင် ချည်နှောင်ထားသည့် ဖောတွင် ဖြစ်၏။ ဖောမှာ ဖောင်နှင့် ပေ ၅၀ မျှ ကွာဝေးသည်။ မောင်အေးသည် အသက်ကယ် ဖောပေါ်တွင်တက်ထိုက်ကာ ဖောင်ရှိရာဘက်သို့ လှည့်ပြီး 'Good-bye Captain' up အော်နေသည်။ သူ အော်နေသည်မှာ အင်္ဂလိပ် ကဗျာတပုဒ်မှ အစပိုဒ် ဖြစ်သည်ကို ကျွန်တော်သိသည်။

သူ့ကိုကျွန်တော် ကြည့်နေရာမှ သူနှင့် ကျွန်တော်တို့ ဖောင်၏ အကွာအဝေးသည်ချည်ထားသည့် ကြိုး၏ အရှည်ထက် ပိုမို ကွာဝေးလာသည်ကို ကျွန်တော် သတိပြုမိသည်။

'ဟေ့ ... မောင်အေး၊ ဒါ ဘာလုပ်တာလဲ'

Good-bye Captain 'သူကလက်ဝှေ့ယမ်းပြကာ ကဗျာ တပိုင်းတစကိုပင် ဆက်ဆို နေသည်။ ကျွန်တော်တို့ဖောင်ပေါ်ရှိ လူများက ဖောများ တွဲချည်ထားသည့် ကြိုး၏ တဖက်စကို ဆွဲယူရာအခြားနှစ်ခု ပါလာသော်လည်း သူ တက်ထိုင်နေသည့် ဖောမှာ ပါမလာတော့။ သူသည်ကြိုးစကို တဖက်မှဖြုတ်ကာ ဖောကို ယူ၍ ထွက်သွားလေပြီ ဖြစ်သည်။

'ဟေ့ ... မောင်အေး၊ ပြန်လာခဲ့၊ ဒီကို ပြန်ကူးလာခဲ”

ဖောင်ပေါ်ရှိလူများက ဝိုင်းအော် ခေါ်ကြသည်။ သူကမူ ဂွဒ်ဘိုင် ကက်ပတိန်၊ မိုင် ကပ်ပတိန်ဟုသာ အတွင် အော်ကာ လက်ကို ဝှေ့ယမ်းနှုတ်ဆက်ပြီး တစထက်တစ ဝေးသွားကာ မကြာမီမြင်ကွင်းမှ ပျောက်ကွယ် သွားတော့သည်။

ကျွန်တော်တို့အားလုံးသည်သူ့နောက်သို့ ရေကူးလိုက်ကာ သူ့ကို ခေါ်ရန်

မကြိုးစားခဲ့ကြ။ ကျွန်တော်တို့တွင် ဤမျှ ခွန်အား မရှိကြတော့။ သူက အသာတကြည်လိုက်ပါ လာခဲ့လျှင်တော်ပေသေးသည်။ သို့မဟုတ်ဘဲ အကျောက်အကန် သတ်ပုတ်ခုခံပါကကျွန်တော်တို့ကိုယ်စီတွင် သူ့ကို ဖမ်းဆီးချုပ်နှောင်ရန် အင်အာမရှိကြ။ လိုက်ဆယ်သူ သေမည်သာ မုချဖြစ်၏။ အမှန်အားဖြင့် မောင်အေးသည်ဗိုလ်ကြီးစောဦး သေဆုံးကတည်းက စိတ်အလွန် ထိခိုက်ကာ စိတ်နောက် သွားခဲ့ပြီဖြစ်သည်။ သူသည် ဗိုလ်ကြီးစောဦးနောက်သို့ နည်းသူ့ဟန်နှင့် လိုက်သွားခြင်းသာ ဖြစ်၏။ ကျွန်တော်တို့ကို ဆက်လက်ဒုက္ခမပေးဘဲ လိုက်သွားခြင်းပင် သူ့ကို ကျေးဇူးတင်ရဦးမည် သူ့နည်းသူ့ဟန် ဖြစ်တော့၏။

ထိုညတွင် တပ်ကြပ် အောင်မြင့် သေဆုံးသွားသည်။ အောင်မြင့်မှာ မေးရိုးများ စေ့သည့်တိုင် အဖျားတက်ကာ ငြိမ်ငြိမ်သက်သက် ဆုံးသွား၏။

တပ်ကြပ်အောင်မြင့်မှာမုံရွာတွင် စစ်ရေယာဉ် 'ဟသ်ာ' ၌ ကျွန်တော်နှင့် အတူ အမှုထမ်းခဲ့ကြသည့်ရဲဘော်ရင်း တဦးဖြစ်ခြင်းကြောင့် သူ့အတွက် များစွာ စိတ်မကောင်းဖြစ်ရသည်။

တပ်ကြပ်အောင်မြင့် သေဆုံးသွားသည်နှင့် မတူဘဲ ငန်းဖမ်းကာ ကယောင်ချောက်ချားဖြင့် သေဆုံးသွားသူမှာ တပ်သား မောင်မြင့် ဖြစ်သည်။ တပ်သား မောင်မြင့်မှာ အင်အားကောင်းလှသည့် အတွက် သူ့ကို ထိန်းရ ချုပ်ရသည်မှာ မလွယ်။ ကျွန်တော်တို့တွင်လည်း သူ့ကို နိုင်ရန် ခွန်အားက မရှိတော့ပြီ။ မောင်မြင့်သည် သူ့ကိုယ်သူ သိသည်။ သူသည် ဤတောင်ကို မကျော်နိုင်တော့ပြီဖြစ်ကြောင်း သူ့ကိုယ်သူ ရိပ်မိသိရှိသည်။

သူသွားတော့မည်။ သို့သော် သူ တယောက်တည်း မသွားလို။ ကျွန်တော်တို့ အားလုံးသူနှင့် အတူ လိုက်ပါစေလိုသည်။ သူသည် မဟုတ်သည့် နေရာတွင်ရဲဘော်စိတ် အပြည့်ရှိသူ ဖြစ်၏။ သူနှင့် အတူ ကျွန်တော်တို့ အားလုံးလိုက်ပါစေချင်သည်။

ညတွင်လက်တခုသည် ကျွန်တော်တို့ ထိုင်နေသည့် အောက်တွင် လှုပ်စိလှုပ်စိ ဖြစ်နေသည်။ ကျွန်တော့်အောက်တွင် လက်ကျန် ရေဘူးများ ရှိသည်။ သောက်ရေဘူးကိုတစုံတယောက်က ခိုးယူရန် ကြံခြင်းလောဟု ထ ထင်မိသည်။ မဟုတ်။ စမ်းနေသည့်လက်သည် သောက်ရေဘူးများကို မစမ်းဘဲ ဖောင်အောက် ကြမ်းပြင်ရှိ လေထုတ်သည့်ဘားကို စမ်း၍ လှည့်ဖွင့်ရန် ကြိုးစားနေကြောင်း အထိတ်တလန့်သိရသည်တွင်...

"ဟေ့ ... ဘာလုပ်တာလဲ၊ ဒါ ဘယ်သူလဲ"ဟု ဆိုကာ လက်ကို ဖမ်းဆွဲလိုက်၏။

လက်ကို မဖမ်းဆွဲမိသော်လည်း ဆတ်ခနဲ လက်ရုပ်လိုက်သူမှာ ကျွန်တော့်

ဝဲဘက်တွင် လဲနေသည့် လူမမာ တပ်သား မောင်မြင့် ဖြစ်နေသည်ကို သိရသည်။

“ဟေ့ ... မောင်မြင့်၊ ဒါ ဘာလုပ်တာလဲ အားလုံး သေကုန်ကြလိမ့်မယ်”

ကျွန်တော်ကပြောသော်လည်း သူက ဘာမျှ မပြော စူးစူးဝါးဝါးသာ ကယောင်ကတမ်း အော်နေသည်။သူသည် သူ့စိတ်နှင့် သူကိုယ် မဟုတ်တော့ပြီ။ သူ ဘာလုပ်သည်ကို သိချင်မှသိမည်။ သူသိသည်မှာ သူ မနေရတော့ပြီ။ သူ့ ဝေဒနာကို ပြင်းပြစွာ ဆက်၍မခံလိုတော့။ ထိုနည်းတူ သူ့အရာရှိနှင့် ရဲဘော်များကိုလည်း မခံစားစေချင်သည့် စေတနာ ဖြစ်သည်။ သို့သော် လောကတွင် များစွာသောအမှားတို့ကို အကောင်းဆုံးသော စေတနာဖြင့်လည်း ကျူးလွန်တတ်ကြသေးကို သူမသိ။အမြန်ဆုံးသော ထွက်လမ်း ဖြတ်လမ်းကို သူရှာခြင်း ဖြစ်၏။ သူသည် တနာရီသာသာခန့် ငြိမ်သက်သွား၏။ ထို့နောက် ဆက်ကြိုးစား ပြန်သေး၏။ သည်တချီ လက်နှိပ်ဓာတ်မီးမှာ မီးအဖြစ် အသုံးမဝင်လှသော်လည်း…အသင့်ပြင်ထားသော ကျွန်တော်က သူ့ လက်ကို လက်နှိပ်ဓာတ်မီးဖြင့် တအားရိုက်ချပစ် လိုက်သည်။

'မင်း နောက်တခါ ထပ်လုပ်ရင် ရေထဲ ကန်ချမယ်”

ကျွန်တော်ကသတိပေး ခြိမ်းခြောက်သော်လည်း သူမကြားပြီ။ သူ ဘာမျှ မသိပြီသာ ဖြစ်တော့၏။ထိုနေ့ညနှင့် နောက်တနေ့အကူး နံနက် သုံးနာရီခန့်တွင် သူ ဆုံးသွားသည်။သူ့ အလောင်းကို ရေမှာ ချစေ၏။ နောက် တနေ့ မိုးလင်းသည်တွင် ညကအဖြစ်အပျက်သည် အိပ်မက်ဆိုးကြီး တခုပမာ လူတိုင်း၏ စိတ်တွင် အနှောင့်အယှက် ဖြစ်နေကြသည်။

၁၉၅၆ ခု၊ ဒီဇင်ဘာလ ၁၀ ရက်။

ညက သင်္ဘောတစင်း၏ နောက်ပိုင်းမီးကို မြောက်ဘက်ဆီ၌ ဝေးကွာလှသေ အရပ်တွင် မြင်ရသေးသည်။ လက်နှိပ်ဓာတ်မီးနှင့် အက်စ်အိုအက်စ် ပြရန် ကြိုးစားသေးသော်လည်း လက်နှိပ်ဓာတ်မီးမှာ မပွင့်တချက် ပွင့်တချက်နှင့် ပွင့်ပြန်လျှင်လည်း ပိုးစုန်းကြူး မီးမျှပင် မလင်းသည့် နီကြင့်ကြင့် အရောင်သာ ဖျော့ယိယိ မြင်ရသည်မို့ အကြောင်း မထူးပါ။ ဤသို့ မမီ တမီ မည်သို့မျှ မဆက်သွယ်နိုင်သော အခြေတွင် သင်္ဘောမီး တစုံတရာ မြင်ရခြင်းမှာ စိတ်တက်ကြွစေသည် မဟုတ်။ စိတ်ဓာတ်ကို ပိုကျေစေရန် နင်းခြေသည်နှင့် တူလှတော့သည်။

လူတဦး တယောက် သေဆုံးသည့်အခါ တိုင်း ကျွန်တော်တို့တွင် ဒွိဟ စိတ်များ ဖြစ်ကြရသည်။ တခုသော စိတ်မှာ သေဆုံးသူ အတွက် ဝမ်းနည်းကြေကွဲ စိတ်နှင့် နောက် စိတ်တခုမှာ လူသေ၏ ရေချလိုက်လျှင် ဖောင်ပေါ်တွင် နေရာကျယ်ဝန်းလာသည် ဖြစ်ခြင်းကြောင့် လူတနေရာအတွက် ဝမ်းသာစိတ်တို့ အတူ ယှဉ်တွဲလျက် ဖြစ်သည်။ လူမဆန်သည်ဟု ဆိုချင် ဆိုစေတော့။ ကျွန်တော်တို့ ကိုယ်စီတွင် ကမ္ဘာမီးလောင် သားကောင် ချနင်းသည့် ဗီဇစိတ် ကိုယ်မချိသော် အမိသော်လည်း သားတော်ခဲ ဟူသည့် အရိုင်းစိတ်များ ဝင်လာကြပြီ ဖြစ်သည်။

ပင်လယ်တွင်း ကိုးရက် ကျော်လွန်လာသည့် နောက်ပိုင်းတွင် ကျွန်တော်တို့၏စိတ်များသည် မည်သူမျှ မှုမမှန်ကြတော့ပါ။ ကိုယ့်ကိုယ်ကိုယ် တာဝန်ခံရန်ပင် ခက်နေပြီ ဖြစ်သည်။ ကျွန်တော်တွက်ကြည့်မိသည်။ ဖောင်ပေါ်တွင် ကျန်ရှိနေကြသေးသည့် ရဲဘော်တစုတွင် ဗိုလ်သန်းလွင်မှ လွဲလျှင် ကျွန်တော့်ကျန်းမာရေးမှာ အကောင်းဆုံးအခြေအနေတွင် ရှိသေးသည်၊ ကျွန်တော်သည် ဤအခြေအနေအတိုင်း ဆိုသော် နောက်ထပ် လေးငါးရက် ခံနိုင်သည်။ မလှုပ်နိုင်သော်လည်း မသေနိုင်သေး။

ပင်လယ်ပြင်တွင် ၁၅ ရက်တာမျှ ကာလ အထိတော့ ကျွန်တော် အသက်မသေ ရှိနေဦးမည် ဖြစ်သည်။ ၁၅ ရက်က ကျော်လျှင်မူ ကျွန်တော့်အတွက် မျှော်လင့်ချက် မရှိတော့။ ကျွန်တော် ရေနစ် သေရမည်ကို အလွန် ကြောက်သည်။ ထို့ကြောင့် မည်သူ့ အားမျှ မပြောဘဲ ကြိုးတချောင်းကို ကျွန်တော် ထိုင်နေရာ အောက်တွင် အသင့်ထားသည်။ မရတော့ဘူး ဟု ကိုယ့်ကိုယ်ကိုယ်ထင်လျှင် ညအမှောင်တွင် ဤကြိုးဖြင့် ကိုယ့်လည်မျို ကိုယ်ညှစ်သတ်ရန် ဖြစ်သည်။ မည်သူ့အားမျှ အနှောင့်အယှက် မပေးဘဲ ကိုယ့်ဟာကိုယ် သိမ်းသွားခြင်းသာ အကောင်းဆုံး ဖြစ်သည်။

အကောင်းဆုံးသေသွားသူမှာ တပ်ကြပ် စံခို ပင် ဖြစ်၏။ စံခိုသည် လဲနေသည်မှာ အတန်ကြာပြီဖြစ်သော်လည်း တစကက်မျှ မညည်း၊ တချက်မျှ အနှောင့်အယှက် မပေးဘဲ ရဲဝံ့စွာပင်သေသွားသည်။ သူ သေသွားသည်မှာ ကျွန်တော်တို့အားလုံးကို နှုတ်ဆက်ပြီးနောက်ရေတွင် ဆင်းသွားခြင်းပင် ဖြစ်သည်။

သူ့အားမည်သူမျှ မတားဆီးနိုင်မီ ဖောင်ပေါ်မှ လိမ့်ဆင်းကာ ရေတွင် ကျသွားသည်။ သူသည် ဖောင်နှင့် ဝေးရာဆီသို့ နောက်ဆုံး ကျန်ရှိသမျှအားဖြင့်တချက်နှစ်ချက် ကူးသွားပြီးမှ လက်နှစ်ဖက်ကို ဦးခေါင်းပေါ်
တင်မြှောက်ကာစုပ်စုပ်မြုပ်သွားတော့၏။

လက်ကျန်ရေဘူးမှာ ခြောက်ဘူးမျှသာ ရှိတော့သည်။ ထိုနေ့တွင် တင်ပါဆုံ၌ အသားနီလန်ကာ အနာကြီး ပေါက်နေသည့် တပ်ကြပ်/စက် ကျော်ညွန့်မှာလည်း တတ်နိုင်လျှင်ရေပြင်သို့ ဆင်းသူ မဟုတ်။ အချိန်ရှိသမျှ ဖောင်ပေါ်တွင်သာ နေ၏။ ဖောင်၏ကြွက်ပေါင် (ရော်ဘာ) ကို ပိုမို ခိုင်မြဲစေရန် နိုင်လွန်ဖြင့်ရောစပ် လုပ်ထားသည်ကြောင့် အပူရှိန်မှာ ပြင်းလှသည်။ ၎င်းအပေါ်တွင်ဆားငန်ရေပါ ထပ်ဆင့်လိုက်သောအခါ ဖောင်ပေါ်တွင် အတန်ကြာ စွဲစွဲမြဲမြဲထိုက်ကာမျှနှင့် တင်ပါးတွင် အပူဖုများ ပေါက်လာသည်။ ထိုမှ တဆင့် အရေပြားကွာ၍ အနာကြီးများ ပေါက်လာသည်။ တတ်နိုင်သမျှ ရေစိမ်နေကြသူများမှာ အနာသိပ်မပေါက်ကြ။

လူနည်းသွားပြီ ဖြစ်ခြင်းကြောင့် သောက်ရေဝေသည့် အစီအစဉ်ကိုတမျိုးလုပ်ရသည်။ တနေ့နှစ်ကြိမ် ရေဝေလျက်၊ တကြိမ် ရေဝေလျှင်ရေ တဘူးသာ ဖောက်၍ လောက်ငအောင် ဝေရသည်။ လူသေလျှင် ရေပိုမိုသောက်ကြရသည်။ ဖောင်ပေါ်ရောက်၍ လေးငါးရက် မြောက်ကတည်းကရေငတ်သည့် ဒဏ်က ပြင်းထန်လှသည်နှင့်အမျှ မိမိ၏ကျင်ငယ်ရေကိုသောက်ကြည့်လိုသူများက မေးစမ်းကြသည်။ ကျွန်တော်က ကျင်ငယ်ရေသည် သောက်၍ရကောင်းရမည် ဖြစ်သော်လည်း ရေငတ်မပြေင် ရောဂါပင်ရနိုင်မည် ဖြစ်ကြောင်း ပြောကာ မသောက်ကြရန် တားမြစ်ထားခဲ့ရသည်။ သို့သော် ဤပြဿနာမှာ ပြေလည် မသွားပါ။ သောက်စမ်းကြည့်လိုသူက များပြားလာသည်။

"သောက်မရပါ ဘူးလို့ ငါ ပြောပြီးသားပဲကွာ"

"မဟုတ်ပါဘူး စီအို၊ များများ သောက်မကြည့်တောင် နည်းနည်းလေး သောက်ကြည့်ရင် ရမယ်ထင်တယ် စမ်းကြည့်တာ မမှားပါဘူး'

သူတို့ အားလုံး သေးပေါက်၍ သောက်ချင်ကြသူများ ဖြစ်သည်။

'ကဲရှုပ်မနေနဲ့ပကွာ၊ ရေပက်ထုတ်တဲ့ ပလတ်စတစ်ခွက် ပေးစမ်း၊

ငါ့ဘာသာသေးပေါက်ပြီး ငါသောက်ပြမယ်၊ ငါသောက်လို့ဖြစ်ရင် မင်းတို့လဲ သောက်ကြ”

ပြော၍မယုံကြ၊ လက်တွေ့ သောက်ပြမှသာ ယုံကြတော့မည်။ သူတို့သည် သူတို့ခေါင်းဆောင်၏စကားကို နာခံကြသည်။ ခေါင်းဆောင်လုပ်သူက သူကိုယ်တိုင်လုပ်ပြနိုင်ခဲ့လျှင် ပိုမို ယုံကြည်စွာ လက်ခံကြမည်သူများ ဖြစ်ကြ၏။

ပလတ်စတစ်ခွက်သည်ရေပက်ထုတ်ရာ ညတိုင်း ဆီးသွားရာတွင် အသုံးကျလှ၏။ ကျွန်တော်ကပလတ်စတစ်ခွက်တွင်းသို့ အတင်းညှစ် ဆီးသွားရသည်။ ဆီးမှာ တော်ါတော်နှင့်မထွက်။ ထွက်လာပြန်တော့လည်း နီကြင့်ကြင့် အရောင် ပေါက်နေသည်။ ပလတ်စတစ်ခွက်တွင်း၌ တဝက်နီးပါး ရှိ၏။

“ပော့ကောင်တွေ ပူတယ်ကွ'

ပလတ်စတစ်ခွက် ကိုင်းထားသည့် ကျွန်တော့် လက်တွင်ဆီး အပူရှိန်က သိသာလှသည်။ သူတို့လည်း ဝိုင်းကိုင်ကြပြီး..........

“ဟုတ်တယ် ပူတယ်၊ ပင်လယ်ရေမှာ နည်းနည်း စိမ်ထားလိုက်ရင် “အေးသွားမှာပါ ၊ အေးတော့ သောက်ကြည့်တာပေါ့ စီအို'

သူတို့သည်ကျွန်တော့်ဆီးခွက်ကိုယူကာ တဝက်မြုပ်ခန့် ပင်လယ်ရေတွင်စိမ်ကိုင်ပေးထားကြသည်။ ငါးမိနစ်ကြာသောအခါ ဆီးမှာ အတန် အေးသွားပြီ ဖြစ်၏။

'ကဲ သောက်မယ်ဆို သောက်လို့ရပြီ ထင်တယ်'

ကျွန်တော်ကဆီးခွက်ကို လှမ်းယူလိုက်သည်။ သူတို့၏ မျက်စိအစုံသည် ကျွန်တော့် လက်တွင်းရှိသေးခွက်နှင့် ကျွန်တော့်မျက်နှာကိုသာ စိတ်ဝင်စားစွာ ကြည့်နေကြသည်။ကျွန်တော်က သေးခွက်ကို နှုတ်ခမ်းတွင် တေ့ကာ တငုံစာမျှ ပါးစပ်တွင်သွင်းလိုက်သည်။ သေး တငုံစာမျှသည် ခံတွင်းဝတွင် ဝင်သွားသည်။ လည်ချောင်းတွင်းသို့မူ မဝင်သေး၊ မထွေးနိုင် မအန်နိုင်သော အခြေအနေတွင် မိမိကျင်ငယ်ရေ၏ အရသာသည် လျှာ တခုလုံး၌ စိမ့်ဝင်သွားသည်။

စာရှုသူများသည်ဆိုဒါ အခါးရည်ကို သောက်ဖူးကြမည် ဖြစ်သည်။ ရေချိုးသည့်အခါတွင်တခါတရံ ဆပ်ပြာမြုပ်များ ပါးစပ်တွင်း ဝင်ကောင်း ဝင်ဖူးမည် ဖြစ်သည်။ ဤနှစ်မျိုးလုံးကို တပြိုင်နက်တည်း ပြုခဲ ခံစားဖူးမည်တော့ မဟုတ်ပါ။ ဤမျှသာအနီးစပ်ဆုံး ဥပမာ ပေးနိုင်ပါသည်။ ကိုယ့်ကျင်ငယ်ရည် ကိုယ်သောက်ရသည်ဟူခြင်းမှာ အနံ့အသက်ဆိုးသည့် အဝတ်လျှော်ဆပ်ပြာကို ဆိုဒါ ခါးခါးနှင့် ဖျော်သောက်သည့် အနံ့အရသာမျိုး ရှိသည်ဟု ကျွန်တော် ထင်ပါ၏။

သေးတင်ုံစာသည်လည်ချောင်းတွင် မရောက်မီမှာပင် ကျွန်တော့်ပါးစပ်တွင် တစ်ဆို့သည်းနင်ကာ မွန်သွားသည်ကြောင့် နှာခေါင်းတွင်းမှ ပြန်ထွက်လာပါ တော့၏။

“ခွပ် ခွပ် ခွပ် ဗွီး ဦး ငါ့လခွီး သောက်လို့ မရပါဘူးလို့ ငါ ပြောသားပဲ ထွီ'

ကျွန်တော်သည်ခွက်တွင် လက်ကျန် သေးရည်များကို ပင်လယ်တွင်း သွန်ပစ်လိုက်ပြီး၊ပါးစပ်ကိုလည်း ဆားငန်ရည်နှင့် ပလုတ် ကျင်းလိုက်ရတော့သည်။ သူတို့ယုံပါပြီ။ နောက်တွင် သူတို့သည် သေး သောက်ကြည့်ချင်ကြောင်း စကားမစကြတော့ချေ။

လူမမာရဲဘော်များ တယောက်ပြီး တယောက် သေဆုံးပုံ အမျိုးမျိုးနှင့်သေဆုံးသွားသည်ကို ဒုက္ခခံ၍ မမှတ်တော့ပါ။ သူသွားပြီးလျှင် ကိုယ့်အလှည့်သာဖြစ်ခြင်းကြောင့် မိမိ အလှည့်ကိုသာ မထုံထက်သေးနှင့် စောင့်နေကြသည်။အရေးကြီးသည်မှာ သောက်ရေ၊ လက်ကျန်နှင့် လက်ကျန်လူကို ရက်ရှည်ရှည် ရသမျှ ဆွဲထားရန်သာ တတ်နိုင်တော့သည်။

ထိုညနေသောက်ရေ ဝေစဉ် တယောက်လျှင် ခွက်ခြင်နှင့် တိုင်းကာ တယောက်တလက် ကမ်းပေးစေလျက် ဝေမြဲဖြစ်သည်။ အစီအစဉ်အရ ကျွန်တော်က နောက်ဆုံးဖြစ်သည်။ နောက်ဆုံး ကျွန်တော့် အလှည့်၊ ကျွန်တော့် အလှည့်တွင် ရေလုံးဝ မရှိတော့။ ခါတိုင်းကဲ့သို့ပင်တိတိကျကျ ခြင်တွယ်ပါလျက် တခွက် ပျောက်သွားသည်။ တစုံတဦးသည် လက်ဆင့်ကမ်းမဝေဘဲ နှစ်ခွက် သောက်ခဲ့ပြီ ဖြစ်သည်။

“ပေ့ ဘယ်သူ နှစ်ခွက် ဆင့်သောက်လိုက်သလဲကွ”

မည်သူမျှမသောက်ကြပါ။ ကိုယ့်ရှယ်ယာသာလျှင် ကိုယ်သောက်ကြရပါသည်ဟု အခိုင်အမာဆိုကြသည်။ ကျွန်တော် အဝေမှား၍ လည်းကောင်း ဖြစ်မည်။ သို့သော် ကျွန်တော်ထိုညနေက ရေ မသောက်ရတော့။ ကျွန်တော် သောက်ရန်အတွက် နောက်တဘူးကိုထပ်ဖောက်မည်ဆိုလျှင် ရပါသည်။ မည်သူကမျှ ကန့်ကွက်ကြလိမ့်မည် မဟုတ်ပါ။သို့သော် တဘူး အလဟဿ ဖြစ်သွားမည်။ တဘူး အသက်သည် အားလုံးအတွက် တနံနက် ပိုကာခံနိုင်စွမ်း ရှိမည် ဖြစ်၏။ တညနေ ရေမသောက်ရသည်နှင့် ကျွန်တော်မသေနိုင်သေးသည်ကို သိခြင်းကြောင့် အောင့်အည်းကာပင် နေလိုက်ရတော့သည်။

၁၉၅၆ ခု။ ဒီဇင်ဘာလ ၁၁ ရက်။

သောက်ရေ လက်ကျန် လေးဘူး သာရှိတော့သည်။ လေးဘူးသည် နှစ်ရက်စာ။

ထိုနေ့ နံနက်က ဖောင်ပေါ်မှ မဆင်းနိုင်သော လူများမှအပ အားလုံး အောက်သို့ဆင်းစေကာ ဖောင်သန့်ရှင်းရေး၊ စစ်ဆေးရေး ပြုရသည်။ ဆေးပေါ့လိပ် အစီခံများ၊ ဆေးရိုးများ၊ သနပ်ဖက်များသည် ဟိုချောင် သည်ချောင်မှ ထွက်လာဆဲပင် ဖြစ်သည်။ ဖောင်ပေါ်တွင် အတန်များများ ပစ္စည်းများကို ကျွန်တော် ကြည့်မရသည်မှာ ကြာပြီ။ စစ်သုံးမှန်ဘီလူးကြီးများလည်း ရေဝင်နေပြီ ဖြစ်သောကြောင့် လုံးဝ သုံးမရတော့သည့် အတွက် ကျွန်တော်က ကောက်ယူ လွှင့်ပစ်လိုက်သည်။ ချောင် တချောင်တွင် မျက်နှာသုတ်ပဝါ တထည်ဖြင့် ထုပ်ထားသော အရာတခုကို တွေ့သည်နှင့် ဖြေကြည့်ရာ ကင်မရာ တလုံး ဖြစ်နေသည်ကို တွေ့ရ၏။ ကင်မရာမှာ Mamia အမျိုးအစား ဂျပန်ကင်မရာ ဖြစ်သည်။ ကျွန်တော်က ကင်မရာကိုလည်း ကောက်ယူလွှင့်ပစ်လိုက်ရာ ကင်မရာပိုင်ရှင် ဖြစ်သူ တပ်သား/စက်လှဖေမှာ ငိုမဲ့မဲ့ ဖြစ်နေသည်။ သို့သော် သူလည်း တခွန်းမျှ မဟ။ သူ့ ကင်မရာပင်လယ်တွင်း ကျသွားသည်ကို နှမြော ဝမ်းနည်းစွာဖြင့်သာ ကြည့်နေ၏။

ဗိုလ်ကြီးစောဦး သေဆုံးစဉ်က သူ့ ကိုယ်မှ ကုတ်အင်္ကျီတထည်ကို ချွတ်ယူထားခဲ့သည်။ ယခု ထိုကုတ်အင်္ကျီကိုလည်း ကျွန်တော် ကြည့်မရတော့ပြီ ဖြစ်သည့်အတွက် ပင်လယ်ပြင်သို့ ပစ်ချလိုက်တော့သည်။ ကုတ်အင်္ကျီမှာ တော်တော်နှင့် ရေတွင် နစ်ဝင်မသွား။ သူလည်း ရေပြင် ပေါ်တွင် အသက်ကယ်ဖောင်နှင့် မလှမ်းမကမ်းတွင် အတူ ယှဉ်ကာမျောပါနေသည်။ အတန်ကြာတွင် အစုံတဦးက ထအော်သည်။

"ဟာ…ဝက်ကြီး … ဝက်ကြီး၊ ဟိုမှာ ဝက်ကြီးတကောင်"

တပ်သား/စက် လှမြင့် ဆိုသူက လှဲနေရာမှ အလန့်တကြား ထအော်ခြင်း ဖြစ်သည်။

'ဘယ်မှာလဲကွ …၊ ဘယ်မှာလဲ'

'ဟိုမှာ … ဟိုမှာ … မမြင်ကြဘူးလား"

သူက ပင်လယ်ပြင် တနေသို့ လက်ညှိုး ထိုးပြသည်။ ကျွန်တော်က ဘာမျှ မစဉ်းစားတော့ဘဲ သူ လက်ညှိုးညွှန်ရာ ပင်လယ်ဘက်သို့ မျက်နှာမူကာ ဒိုင်ဗင် ထိုးလိုက်တော့၏။ ထို့နောက် သူက ဝက်ကြီးဟု ပြောသည့်အရာကို သေချာစွာ ကြည့်သည်တွင် စောစောက ကျွန်တော် လွှင့်ပစ်ချခဲ့သည့် ဗိုလ်စောဦး၏ ကုတ်အင်္ကျီ

ဖြစ်နေသည်ကို တွေ့ရ၏။

ကျွန်တော် အလွန် စိတ်ပျက်သွားကာဖောင်ဆီသို့ ပြန်ကူးလာခဲ့သည်။ ဖောင်ပေါ်သို့ ရဲဘော်များ ဆွဲတင်ယူကြရသည်။ ကျော်မြင့် တယောက်ကမူ…

'ဟီး… ဟီး စီအိုက ဝက်ကြီး တွေ့လျက်သားနဲ့ ဖမ်းလဲ မဖမ်းခဲ့ဘူး”ဟု ဆိုကာကြုံကြုံပါ အောင် ငိုနေတော့သည်။ ကျော်မြင့် စိတ်ဖောက်သွားလေပြီ။ ကျော်မြင့်သာလျှင် မဟုတ်သေးပါ။ ကျွန်တော်လည်း ခေတ္တမျှ စိတ်ဖောက်သွားခဲ့ခြင်းဖြစ်၏။ ကြည့်ပါ။

ကမ်းမမြင်ရသည့် ပင်လယ်ပြင်တွင် လူတယောက်က ဝက်ကြီးတကောင်ကို တွေ့မြင်ရသည်ဟု ပြောခြင်းကို ကျွန်တော် ယုံခဲ့သည်။

ယုံသာလျှင် မဟုတ်သေး။ ခုန်ချ၍ပင် ဖမ်းဆီးရန် ကျွန်တော်က ကြိုးပမ်းသမှု ပြုခဲ့သေး၏။ကျွန်တော်သည် ပြုခဲ့သေး၏။ကျွန်တော်သည် ဝက်သား စားသူ တဦးလည်း မဟုတ်။ ဤအချက်ကိုလည်း မေ့လျော့ကာ သူကဝက်ကြီးတကောင်ဟု ပြောခဲ့သည်ကို ယုံကြည်ခဲ့သူ တဦးမှ စိတ်မနှံ့သူတဦးသာလျှင် ဖြစ်ပေတော့မည်။

နေဝင်တော့မည်။နေသည် အနောက်ဘက် မိုးကောင်းကင်တွင် ပင်လယ်ရေပြင်အထက် ဟီးလေးခိုနေဆဲရှိ၏။ ဖောင်ပေါ်တွင် စည်းစနစ်လည်း မရှိတော့။ လဲသူက လဲ၊ သတိ မေ့လျော့သူကမေ့လျော့ နေကြပြီ။ ထူထူ ထောင်ထောင်နေနိုင်သူ တချို့သာ ထိုင်လျက် ရှိနေကြ၏။ကျွန်တော်၊ ဗိုလ်သန်းလွင်၊ တပ်ကြပ်မောင်အေး၊ တပ်ကြပ်ကြီး စက်/အောင်မြင့်၊တပ်သား စက်/လှဖေ နှင့် တပ်သား စက်/ဂွမ်ရှိန် တို့သာလျှင် လူထူထထနေနိုင်ကြသည်။ တပ်ကြပ်ကြီး ခင်မောင်ဝင်းမှာ တနေရာတည်းတွင်ပင်ရက်ပေါင်းများစွာ ထိုင်နေကာ ယင်း အနေအထားတွင်ပင် မေ့မြော နေ၏။တပ်ကြပ်ကြီး ကိုကိုကြီး မှာလည်း လှုပ်နိုင်သည် လှုပ်နိုင်သည် ဆိုရုံမျှသာ လှုပ်နိုင်တော့၏။သူ့မျက်လုံးများမှာ အရောင်ကင်းမဲ့ကာ တနေရာတွင်သာ ငေးစိုက်ကြည့်နေ၏။ သူသည်လည်း သတိ မရတချက် ရတချက်သာ ရှိတော့လျက်စိတ်ကယောက်ချောက်ချား ဖြစ်နေပေပြီ။ သူ့ နှုတ်ခမ်းများမှာ ကွဲအက်နေ၏။တပ်သား/စက် ကျော်မြင့် တပ်သား စက်/လှမြင့် နှင့် တပ်သား/စားခန်းခင်မောင်တို့မှာ သတိလုံးဝမရကြတော့ဘဲ ဖောင်ထက် ကြမ်းပြင်တွင် ပင်လက် လဲကျမေ့မြောနေကြပြီ ဖြစ်သည်။

နေရောင်သည်ဆလိုက် မီးမောင်းခြင့် ထိုးထားသည့်သဖွယ် ပင်လယ်ရေပြာတွင် ပေါလောမျောနေသည့် လိမ္မော်ရင့်ရောင် အသက်ကယ် ဖောင်ကလေးကို ထိုးထားသည်။မကြာမီ နေဝင်သည်နှင့် မိုးစုပ်စုပ် ချုပ်တော့မည် ဖြစ်သည်။

“ဟာ ဟိုမှာ သင်္ဘောကြီး တစင်းဟေ့'

'ဟာ ဟုတ်တယ်ဟေ့၊ ဒီတခါ အနီးလေးပဲကွ"

မည်သူကစတင်မြင်သည်မသိ၊ ပင်လယ်ကူး သင်္ဘောကြီး တစင်းသည် ကျွန်တော်တို့၏ အနောက်ဘက်သုံး လေးမိုင် အကွာ၌ တောင်ဘက်သို့ ဦးတည် ခုတ်မောင်းနေသည်ကို တွေ့ကြရ၏။

"ဟေ့ ... လက်ပြကြပါဟေ့ ... လက်ပြကြပါ"

ကျွန်တော်တို့တွင်မည်သည့် အချက်ပြ ကိရိယာ မီးကျည်မျှ မရှိကြတော့သည့်အတွက် လက်ကိုမြှောက်ကာ ဝှေ့ယမ်းပြခြင်းသာ ပြုနိုင်တော့၏။ နောက်မှ ကျွန်တော်က သတိရကာသင်္ဘောပေါ်မှ မဆင်းမီတွင် ကျွန်တော် ယူလာခဲ့သော ပြည်ထောင်စု မြန်မာနိုင်ငံ၏ရေ တပ်မတော်သုံး အလံကို ဝှေ့ယမ်းကာ ပြရသည်။ ဖောင်ပေါ်တွင်မတ်တတ်ရပ်ရသည်မှာ မလွယ်။ ပျော့အိအိ လေသွင်းသော ဖောင်ပေါ်တွင် တက်၍မတ်တတ် ရပ်ရသည်မှာ လှုပ်လှဲ့ လှုပ်လီသာ ရပ်၍ ရသည်။ တယောက်လက်ညောင်းသော် တယောက်က ဝှေ့ယမ်းသည်။ ဘုရား၊ ဘုရား မြင်ပါစေဗျာ။တို့ကို မြင်ပါစေ။ ဒီတခါတွင် မမြင်လျှင်တော့ မျှော်လင့်ချက် ကင်းပြီမှာ သေချာလှသည်။

သင်္ဘောကြီးသည် တောင်ဘက်ဆီသို့ ဦးတည်မောင်းနေခြင်းကြောင့် သင်္ဘောကြီး၏ ကိုယ်ထည်ကို ဘေးတိုက် အလျားလိုက်မြင်နေသည့် အနေအထားမှ တစတစ အနေအထား ပြောင်းသွားသည်။ ဦးပွဲ့မမြင်ရတော့။ ဦးပွဲ့တွင် တတိုင်စီရှိသော ရွက်တိုင် နှစ်တိုင်ကိုမြင်နေရာမှ ရွက်တိုင် တတိုင်တည်းသာ မြင်ရတော့သည်။

"ဟာ...သွားပြီဟေ့၊ ချိုးသွားပြီ၊ လှည့်ထွက်သွားပြီ'

သင်္ဘောလှည့်ထွက်သွား၍သင်္ဘော အနေအထား ပြောင်းသွားခြင်း ဖြစ်သည်။ သူ့နောက်သို့ပင် လက်ပစ်ကူး၍လိုက်ချက်သည့် စိတ်များ မနည်း ချုပ်တည်းထားကြရသည်။ ဝမ်းနည်းပက်လက်လည်း ဖြစ်ကြရသည်။ ဝှေ့ယမ်းပြနေသော လက်များလည်း လက်ပန်းကျသွားကာ မလှုပ်မယှက်ဖြစ်ရတော့သည်။

ရွက်တိုင်ကိုကြည့်ရင်း ကြည့်ရင်းနှင့်ပင် ရွက်တိုင်သည် ပိုမိုထင်ရှားပြတ်သားလာကာ ရွက်တိုင်သာမက ရွက်တိုင်၏ ဘေး ဆိုင်းထားသည့်ဆိုင်းကြိုးများကိုပင် ပြတ်သားစွာ မြင်ရလာတော့၏။ ကျွန်တော်သည်သင်္ဘောအောက်ခြေဆီသို့ ကြည့်လိုက်သည်တွင် သင်္ဘောဦးသည် ရေကိုခွဲလိုက်သည်နှင့် တဖွားဖွား ထနေသော ယက်ပန်းများကို ထင်ရှားစွာတွေ့ရတော့၏။

'ဟေး.... ဒီကိုလာနေတာကွ၊ ဒီကိုလာနေတာ တို့ကို မြင်သွားပြီ၊ တို့

မသေတော့ဘူးကွ”ကျွန်တော်၏ ဝမ်းသာအားရခြင်းကား 'ဟေး.... တို့မသေတော့ဘူးကွ' မြင်သမျှ ရဲဘော်တို့က ဝမ်းသာအားရအော်ကြသည်။ သူတို့ပျော်သလို လဲကျမေ့မြော နေသူများပါ ပျော်စေရန်အတွက်တွဲထူမကာ သင်္ဘောကြီးလာနေသည်ကို မြင်စေလိုသော ဆန္ဒနှင့် ထူပြကြသည်။

သင်္ဘောကြီးလာနေပြီကို သေချာသည်နှင့် တပြိုင်နက် ကျွန်တော်၏ ပထမဆုံးသော လုပ်ရပ်မှာလက်ကျန်ရေဘူးသုံးဘူးကို အားလုံးကုန်အောင် တပြိုင်တည်း ဖောက်ကာမကျန်းမာသူများအား ဦးစွာတိုက်ပြီး ဝေတူ မျှတူ သောက်လိုက်ကြခြင်းပင် ဖြစ်၏။အရသာ ရှိလှသည့် တကျိုက်ပါပေ။ တကျိုက် နှစ်ကျိုက် နှစ်နှစ်ခြိုက်ခြိုက်သောက်လိုက်ရသည့် ရေသည် စိုးရိမ်စိတ် ကြီးမားစွာနှင့်သောက်ရသည့် အသက်ဆက်ရေနှင့် ကွာခြားလှပါ ဘိသည်။

သင်္ဘောမှာ ဂျပန် ကုန်သင်္ဘောကြီး ဖြစ်၏။ ဦးပိုင်းတွင် ရေးသားထားသည့် (Esan Maru) အီစန်မာရူး ဟူသော အမည်ကိုပင် ထင်ရှားစွာ တွေ့မြင်နိုင်ပေပြီ။ ဂျပန် သင်္ဘောသားအားလုံးနီးပါးလိုပင် ဦးထိပ်ပိုင်း လက်ရန်းတိုင်များကို မှီကာကျွန်တော်တို့အား တအံ့အသြ ကြည့်နေကြသည်။ သင်္ဘောသည် ကျွန်တော်တို့အား သူ၏ဝဲဘက် ဦးတွင် ထားကာ ချိန်ဆ ချဉ်းကပ် လာသည်။ သင်္ဘောပေါ်မှ (Heaving Line) ခေါ်ကြိုးတချောင်း ပစ်ပေးရာ ကျွန်တော်တို့ ဖောင်ပေါ် တည့်တည့်ကျသည်။ဖောင်ပေါ်ရှိ ဗိုလ်သန်းလွန်နှင့် ရဲဘော်များက ဆွဲယူကာ မြဲစွာဆုပ်ကိုင်ထားကြ၏။ သင်္ဘောဟူသည်မှာ စက်အရှိန်က သတ်သော်လည်းမူလအရှိန်တော်ရုံနှင့် မသေ။ သင်္ဘောဟူသည်မှာ ဘရိတ်လည်း ပါသည်မဟုတ်။ဂျပန် သင်္ဘောကြီးပေါ်မှ ပစ်ပေးသည့် ကြိုးကို ကျွန်တော်တို့ လူစုက အမိအရဆုပ်ကိုင် မိအရဆုပ်ကိုင်ထားကြသည်။

ကျွန်တော်တို့ဖောင်သည် သင်္ဘောကြီး၏ ဝမ်းပြင်နှင့် နီးသည်ထက် နီးလာနေပြီ။ ထိုစဉ်သင်္ဘောကြီးပေါ်ရှိ ဂျပန်သင်္ဘောသားများသည် ဆူညံစွာ အော်ဟစ်ကာ ပဲ့ပိုင်းဆီသို့ပြေးလာနေကြသည်။ သူတို့ မျက်နှာတွင်လည်း ထိတ်လန့်သော အမူအရာများ ပေါ်နေ၏။

ကျွန်တော်က လူမမာများကိုပြုစုနေရာမှ မော့ကြည့်လိုက်သည်တွင် ဂျပန်များ ထိတ်လန့်တကြား အော်ဟစ်နေကြခြင်း၏ အကြောင်းရင်းကို ချက်ချင်းပင် တွေ့မြင်လိုက်ရသည်။ပစ်ပေးသည့် ကြိုးသည် တဖက်တွင် လျှော့ပေးရန် မရှိတော့။ ကျွန်တော်တို့ဖောင်ပေါ်မှ ရဲဘော်များကလည်း အသေဆုပ်ကိုင် ထားကြသည်။ ဤကြိုးသည် သူတို့၏အသက်၊ သူတို့၏ နောက်ဆုံး မျှော်လင့်ချက်ကြိုး။ ဤကြိုးကို လွတ်၍ မဖြစ်။ကြိုးသည် တင်းလာသည် နှင့် အမျှ ဖောင်သည် သင်္ဘောနှင့် နီးကပ်လာသည်မှန်သော်ငြားလည်း ကြိုးတဖက်ဖျားတွင် ရှိသော ဖောင်မှာ သင်္ဘောပဲ့ပိုင်းဆီသို့ ဦးတည် ချဉ်းကပ်နေ၏။ သင်္ဘောကလည်း အရှိန်သတ်၍

မရသေး။ကျွန်တော် ကြည့်လိုက်ရာ သင်္ဘော ပဲ့ပိုင်းရှိရေယက်ပန်ကာကြီးများဆီသို့ ဖောင်က ဦးတည် ဝင်နေသည်ကို မြင်ရတော့၏။

"ဟေ့… ကြိုးစကို လွှတ်လိုက် … လွှတ်လိုက်" ဟု ကျွန်တော်က အလန့်တကြားအော်ဟစ်လိုက်၏။ သို့သော် မည်သူကမျှ မလွှတ်ကြ မလွှတ်ချင်ကြ။ သင်္ဘောကြီးသည်သူတို့အား ပစ်၍ ထွက်သွားမည်ကို စိုးရိမ်နေကြသည်။

ဟေ့ … မြန်မြန် လွှတ်လိုက်ကြစမ်း၊ သေကုန်တော့မယ်'

ကျွန်တော်ကထပ်မံ အော်ဟစ်တော့မှ ဗိုလ်သန်းလွင်လည်း အန္တရာယ်ကို မြင်ကာ ကြိုးစကိုကပျာကယာ လွှတ်လိုက်သည်။ သူ့နောက် မောင်အေးက လွှတ်လိုက် တပ်ကြပ်/စက်အောင်မြင့် ကမူ ကြိုးစကို မသက်သာ၊ စွာ ဆုပ်ကိုင်ထားခဲ့သည်။ မရတော့။ အောင်မြင့်သည်နာကျင်စွာဖြင့် 'အား' ဟု အော်ကာ ကြိုးစကို ယောင်ယမ်း၍ လွှတ်လိုက်တော့၏။အသက်ကယ် ဖောင်သည် ထိုအခါ ကျမှပင် သင်္ဘောကြီး၏ ယက်မ ပန်ကာများမှ ဝေးရာဆီသို့ ထွက်သွားတော့သည်။

'သေကြတော့မလို့ နည်းနည်းပဲ လိုတော့တယ်' ဟု ကျွန်တော် ပြောလိုက်၏။"

အောင်မြင့်လက်မှာချက်ချင်း ဖူးရောင်ထလာသည်။ သူသည် ရှုံ့မဲ့ ရှုံ့မဲ့ ဖြစ်နေသည်။ သင်္ဘောကြီးသည် ကျွန်တော်တို့ကို လွန်၍ အတန်ဝေးစွာ ထွက်သွားသည်။

"သင်္ဘောကြီးကတွေ့ပြီးမှတော့ တို့ကို ပစ်ပြီး ထွက်မသွားပါဘူးကွ၊ သူ့ အရှိန်ကိုတော်တော်နဲ့ သတ်လို့ရတာမှ မဟုတ်တာ၊ ခု ပြန်ကွေ့လာလိမ့်မယ်၊ ကြည့်နေ…

ကျွန်တော်ပြောသလိုပင် သင်္ဘောသည် အတန်ဝေးသော နေရာ၌ ပြန်လှည့်ရန်ကြိုးစားနေသည်ကို မြင်ရမှ သူတို့အားလုံး ပြုံးနိုင်ရယ်နိုင်ဖြစ်လာကြသည်။

"ဒီမှာအားလုံး နားထောင်၊ သင်္ဘောပေါ်မှာ အစာရေစာ အားလုံးရှိတယ်၊ ဝဝလင်လင်စားရတော့မယ် တို့ မသေတော့ဘူးဆိုတာ စိတ်သာချကြတော့၊ သင်္ဘောကို ငါအလျင်ဆုံး တက်သွားမယ်၊ လူမမာတွေကို ထမ်းစင်နဲ့ တင်ဖို့ ငါစီစဉ်မယ်၊မင်းတို့က လူမမာတွေကို တယောက်ပြီး တယောက် တင်ပေး၊ အားလုံး ကုန်စင်တင်ပြီးတဲ့အထိ ဗိုလ်သန်းလွင်က ကြီးကြပ် တာဝန်ယူ၊ ဟုတ်လား"

"ဟုတ်ကဲ့ … စီအို"

ဤတွင် သင်္ဘောပေါ် တက်ရေးမှာ ပြဿနာတရပ်ဖြစ်လာသည်။ သင်္ဘောနှစ်စဉ်က အသက်ကယ် ဖောင်ပေါ်သို့ ကျွန်တော်သည်တာဝန်ကျချိန်က ဝတ်ဆင် ထားသည့်

ရွှေဘားတပ် ဂျာကင် အင်္ကျီအနက်ကို ဝတ်ကာအောက်ပိုင်းတွင် ဘောင်းဘီတို အဖြူတထည်ကို ဝတ်ဆင် ထားသည့်အတိုင်းဆင်းလာခဲ့သည်။ အပေါ်အင်္ကျီတွင် ရာထူးအဆင့် ရွှေဘားနှင့် အခွေသည် အထင်းသားတပ်ဆင်ထားလျက် ရှိသေး၏။ ဘောင်းဘီမှာမူ ဖောင်ပေါ်တွင်နေစဉ်ခေါင်းနေပူသည်ကြောင့် ခါးမှချွတ်ကာ ရေဆွတ်လျက် ခေါင်းပေါ် တင်ထားခဲ့သည်။တနေ့လုံး ခေါင်းဆောင်းအဖြစ် သုံးခဲ့၏။ တညတွင် ဘယ်အချိန် ရေတွင်ကျသွားသည် မသိ။ ရေတွင် ကျကာ ပျောက်ဆုံးသွားခဲ့သည်။ ငါးရက်မြောက်ညတွင်လား ခြောက်ရက်မြောက် ညတွင်လား မမှတ်မိတော့။ ယခု သင်္ဘောပေါ်တက်ရမည်ဆိုသောအခါ ကျွန်တော့်မှာ ပခုံးပေါ်တွင် ရွှေဘားတပ် ဂျာကင် အင်္ကျီမှတပါး ကိုယ်အောက်ပိုင်းတွင် (ကန်တော့ပါရဲ့) ရွှေပန်းနှင့် ပေါက်သည့် နဖူးကတော့ မထူးတော့ပြီ။ အီစန်မာရူး သင်္ဘောကြီးက တပတ်ကွေ့၍ ဖြည်းဖြည်းကလေး ဝင်လာနေပြီ ဖြစ်သည်။သူသည် ဝဲဘက် ဦး အသာ ပေး၍ ဝင်လာနေခြင်းအကြောင်းရင်းကို ကျွန်တော် တွေ့လိုက်ရသည်။ ဝဲဘက်ဘေးတွင် သင်္ဘောတက်လှေကားကြီး ချထားခြင်းကြောင့် ဖြစ်၏။ သာမန်အားဖြင့် ဤလှေကားကြီးသည် ပင်လယ်ခရီးတွင် သင်္ဘောပေါ်တင်ထားသည်။ ဂျပန် သင်္ဘောသားများမှာလည်း သင်္ဘောတစင်းလုံး ပျားပန်းခပ်မျှ အလုပ် ရှုပ်ကြတော့၏။ ကျွန်တော်က ရဲဘော်များအား နောက်ဆုံး အမိန့် အနေဖြင့်…

'ကဲ… အခု ငါ သင်္ဘောပေါ် စတက်မယ်၊ သင်္ဘောပေါ်ရောက်ရင် ရေ ရမယ်၊ အစားအသောက်ရမယ်၊ လောဘ တကြီး အငန်းမရနဲ့ န္တားငတ်ရေကျရေမသောက်ကြနဲ့၊ ဂျပန်တွေ အထင် သေးသွားမယ် ဘာမှ မဖြစ်သလို ပစ်ကနစ်ပျော်ပွဲစား ထွက်လာခဲ့သလို အေးအေးဆေးဆေး ရေသောက်ကြ၊ ဣန္ဒြေမပျက်စေနဲ့ဟုတ်လား"

ဂျပန်သင်္ဘောမှဒုတိယအချီ ပစ်ပေးသော ကြိုးနှင့် ဆွဲယူသည်တွင် ကျွန်တော်တို့ ဖောင်သည်လှေကားဆီသို့ တဖြည်းဖြည်း တပ်ဝင်လာ၏။ ဂျပန် သင်္ဘောကုန်းပတ် ထက်မှကင်မရာများနှင့် ဓာတ်ပုံ ရိုက်ယူနေသည်ကို တွေ့ရ၏။ သင်္ဘောလှေကားရင်းသို့ ဖောင်ကပ်ဝင်မိသည်တွင် ဂျပန်သင်္ဘောသားနှစ်ဦးသည်လှေကားထိပ်မှ လှေကား ခြေရင်းသို့ ပြေးဆင်းလာကြသည်။ ပြေးဆင်း လာကြပြီးနောက် ကျွန်တော့်ကို ဦးစွာ တွဲယူတင်ရန် လက်ကို လှမ်းပေးကြသည်။

သူတို့ဆွဲတင်ရသည်ဆိုလျှင် ရာဇဝင် ရိုင်းတော့မည်။ ရွှေဘိုသား၊အလောင်းဘုရား ဦးအောင်ဇေယျ၏ သွေးက ရာဇဝင်ရိုင်းတော့ မခံနိုင်။ကျွန်တော်က လက်ကာပြ၍ အမူအရာနှင့် နောက်သို့ ဆုတ်ခိုင်းလိုက်ရာသူတို့ ကြောင်အမ်းအမ်း ဖြစ်ကာ တုံ့ဆိုင်းလျက် ရပ်နေကြ၏။ကျွန်တော်ကခပ်တည်တည်ပင် အောက်ပိုင်း

ဗလာကျင်းသော ကိုယ်ခန္ဓာဖြင့် သင်္ဘော လှေကားထက်လှမ်းတက်လိုက်သည်။ ညာခြေနှင့် လှမ်း၍ ဘယ်ခြေကို ဖောင်ပေါ်မှရုတ်လိုက်သည်တွင် ကျွန်တော်သည် အရုပ်ကြိုးပြတ် ဖြစ်ကာ ခွေခနဲ သင်္ဘောလှေကားထစ်များပေါ်တွင် ပုံလျက် ကျသွားသည်။ လက်ရန်းကြိုးများကို ကိုင်၍ ထပ်မံမတ်တပ်ရပ်ရန် ကြိုးစားသည်တွင် ကျွန်တော့်တွင် ခြေထောက်နှစ်ချောင်းစလုံး မရှိတော့ပြီဟု ခံစားသိရသည်။ ကျွန်တော့်ခြေထောက်များကို ကျွန်တော် ကောင်းစွာ မြင်နေရ၏။ သို့သော် ခံစားမှုကားလုံးဝမရှိပြီ။ ခြေဖဝါးမှအစ တလျှောက်လုံး ထုံ၍ သေနေတော့သည်။

ကျွန်တော့်အဖြစ်ကိုဂျပန် သင်္ဘောသားများ မြင်ရသည်နှင့် ဘာမျှ ဆက်မပြောတော့ဘဲ နှစ်ယောက်သား ကျွန်တော်ကို တဖက်တချက်စီ ချိုင်းမှ တွဲကာ တံကောက်ကွေးမှ မယူပြီး သင်္ဘောပေါ်တင်သွားတော့သည်။ သူရဲကောင်းကြီး ဟန် မလုပ်နိုင်တော့ပြီ။သင်္ဘောကုန်းပတ်ပေါ် စိတ်ချရသော နေရာ ရောက်မှ ကျွန်တော့်ကို ချကြ၏။

ကျွန်တော်သည်သင်္ဘော နံရံဘောင်ကို လက်နှင့် ဖေးထားပြီး မတ်တပ်ရပ်လိုက်သည်။ကျွန်တော့် ခြေဖဝါးများသည် သင်္ဘော ကုန်းပတ်တွင် နင်းထားသည်ကိုမြင်နေရသော်လည်း မည်သို့မျှ မခံစားရ။ အတန်ကြာမှ ပူခနဲ ကျဉ်ခနဲဖြစ်သွားကာ သွေးလျှောက်လာသည်ကို ခံစားရ၏။ ခြေဖဝါးနှင့် သင်္ဘောကုန်းပတ် ခိုင်မြဲစွာ ထိနေသည်ကို သိရတော့၏။

ကုန်းပတ် လှေကားထက်တွင်မျက်မှန်နှင့် အဘိုးအိုတဦး ရပ်နေသည်။ သူ့ ဘေးပတ်ဝန်းကျင်တွင် သင်္ဘောအရာရှိနှင့် တူသူများ ဝိုင်းကာ ကျွန်တော့်ကို ဆီးကြိုနေကြသည်။အီစန်မာရူး သင်္ဘော၏ မာလိန်မှူး ကပ္ပိတန် (K-yosida) ကေ-ယိုရှီဒါး ဖြစ်ကြောင်း နောက်တွင် သိရ၏။ ကျွန်တော်က...

Thanksyou very much for saving our lives Captain. I've some sick-men on theraft. Please send down some stretchers to carry them.'

“ကျွန်တော်တို့အသက်ကို ကယ်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ် ကပ္ပိတန်၊ ကျွန်တော့်ဖောင်ပေါ်မှာ လူမမာတွေ ရှိနေပါတယ်၊ သူတို့ကို ကယ်တင်ဖို့ လူနာတင်ထမ်းစင်တွေချသယ်ပေးပါ” ဟု ပြောလိုက်၏။ ကပ္ပိတန် ယိုရှိဒါးသည် အရာရှိ ခပ်ဝဝ တယောက်တယောက်၏မျက်နှာကို လှမ်းကြည့်လိုက်သည်။ ခပ်ဝဝ အရာရှိမှာ သူ၏ လက်ထောက်ပထမ အရာရှိ ဖြစ်သည်။ ကပ္ပိတန် ယိုရှိဒါးက အင်္ဂလိပ်စကား ကောင်းစွာမပြောတတ်။ ပထမ အရာရှိက အတန်အသင့် ပြောတတ်ခြင်းကြောင့် သူက တဆင့် ဘာသာပြန်ပြောရသည်။ သူတို့က သူတို့တွင် လူနာတင် ထမ်းစင်မရှိခြင်းကြောင့် ကျွန်တော့်ကို ကယ်တင်သကဲ့သို့

လူနှင့်ပင်သယ်တင်မည်ဖြစ်ကြောင်း ပြောပြ၏။ ကျွန်တော်တို့ စကားပြောနေကြစဉ်ပင် ကျွန်တော်၏ရဲဘော်များကို တဦးပြီး တဦး သယ်ယူတင်နေသည်ကို တွေ့ရ၏။သင်္ဘောကုန်းပတ်ရှိ ပွဲပိုင်းကုန်လှောင်ခန်း သစ်သားအဖုံးများပေါ်တွင်လှဲချထားသည်။ ကျွန်တော်က သင်္ဘော လက်ရန်းကို မှီကာ အောက်ဘက်ဖောင်ဆီသို့ငုံ့ကြည့်ပြီး ကျွန်တော့်လူ စေ့မစေ့ ရေတွက်ကြည့်နေသည်။ဗိုလ်လေးသန်းလွင် နောက်ဆုံးမှ တက်လာသည်။ လူအားလုံး သင်္ဘောပေါ်ရောက်ပြီးနေပြီ ဖြစ်သည်။ ကျွန်တော်ပါ ၁၁ ယောက်။

ကျွန်တော့်နောက်ကျောဘက်ဆီမှ ရုတ်ရုတ်သဲသဲ ကြားရသည်။ လှည့်ကြည့်လိုက်သည်တွင်ဂျပန် သင်္ဘောသား တဦးသည် သစ်သားစည်ပြတ် တခုကို ကိုင်ကာ ကျွန်တော့်ရဲဘော်များအား လှည့်ပတ်ပြေးနေခြင်းကို တွေ့ရ၏။ သူ့အားလည်း အခြားသင်္ဘောသားများက ဂျပန်လို လှမ်းအော်ပြောကြသည်။ သူသည် ခပ်လှမ်းလှမ်းမှ နေကာသစ်သား ရေမှုတ်တလက်ဖြင့် ကျွန်တော့် ရဲဘော်များကို လှမ်းပေးနေ၏။ဖြစ်ရပ်မှာ ကျွန်တော့် ရဲဘော်များသည် အငမ်းမရရေစည်ပိုင်းပြတ်ကို တိုးဝှေ့သောက်နေခြင်းကြောင့် သူ လန့်၍ဝိုင်းကြီးပတ်ပတ်လည်ကာ ကာ ပြေးနေခြင်း ဖြစ်သည်။

“ဟော့ကောင်တွေငါ ပြောထားသားပဲ၊ မင်းတို့ မသေပါဘူးဆိုမှ ဖြည်းဖြည်းသောက်ကြပါ ဟို ဂျပန်လန့်ပြီး လှည့်ပတ်ပြေးနေတာကွ မင်းတို့ကို မတိုက်ချင်လို့ မဟုတ်ဘူး'

ကျွန်တော်က ဒေါသဖြင့် အော်လိုက်သည်တွင်မှ အားလုံး ငြိမ်သွားကြသည်။ ပထမ အရာရှိက ဘာဖြစ်သည်ကို သိချင်၍ ကျွန်တော့်အား 'what happen, What happen' ဟု ကျွန်တော့်ကို မေးနေသည်။ ကျွန်တော်က ပထမ အရာရှိအား အင်္ဂလိပ်ဘာသာဖြင့်...

“ကျွန်တော့်ကို ရေတခွက်လောက် ကျေးဇူးပြုပါဦး” ဟု တောင်းရသည်။ အရာရှိလည်း သတိရကာ Yes, Yes, Yes ဟုဆိုပြီးသင်္ဘောသားများဆီသို့ လှမ်းအော်လိုက်ရာ ဖန်ခွက်တခုနှင့် အပြည့်သောက်ရေ ယူလာပေးသည်။ ကျွန်တော်က သောက်ရေကို အတန်ကြာ အချိန်ယူ၍သောက်လိုက်သည်တွင်မှ လူမှာ လန်းဆန်း အားပြည့်လာသည်။

ရေတခွက်၏ တန်ခိုး သတ္တိသည် ကြီးလှပါပေ၏။ ပြီးမှ ကပ္ပိတန် ကေယိုရှိဒါး ဘက်သို့ လှည့်ကာ အလေးပြုလိုက်ပြီး...

'ကျွန်တော်တို့ရေတပ်သင်္ဘောတစင်းက အရာရှိနဲ့ ရဲဘော်တွေပါ၊ ကျွန်တော်တို့သင်္ဘောဟာ မုန်တိုင်းမိပြီး နိုဝင်ဘာလ ၂၉ ရက်နေ့က ပျက်ဆီးနစ်မြုပ်သွားခဲ့ပါတယ် ဒီအနားတဝိုက်မှာ အခြား ဖောင် တစင်းနဲ့

ကျွန်တော့်လူကိုးယောက် ရှိနိုင်ပါသေးတယ် အဲဒါကို ကူညီ ရှာပေးစေလိုပါတယ်” ဟုသတင်းပို့လိုက်သည်။ ပထမ အရာရှိက ဘာသာပြန်ပြော၏။

ကပ္ပိတန်ကေယိုရိုဒါးက သူ့တွင် ဆလိုက်မီးများ မပါရှိပါ။ ယခုလည်း အချိန်အတန်လင့်ပြီဖြစ်ခြင်းကြောင့် ရှာဖွေ ဆယ်ယူရန် အချိန် မရတော့ပါ။ ကျွန်တော်တို့ဖောင်ကို ဆယ်ယူရရှိသည့် နေရာ၏ လက်တီကျုနှင့် လောင်ဂျီကျူ ကိုသတင်းပို့ပေးမည်။ ရန်ကုန်သို့ အကြောင်းကြား ပေးမည်ဟု ဆိုသည်။ထို့နောက် သူက ကျွန်တော်တို့၏ ဖောင်ကို သင်္ဘောပေါ်တွင် တင်ဆောင်ယူလာလိုပါသေးသလား ဟု မေးမြန်းရာ ကျွန်တော်က ယူလိုကြောင်း ပြောသည်နှင့်ဝန်ချီစက်များဖြင့် တင်ယူစေခဲ့သည်။ ကျွန်တော့်ဖောင် သင်္ဘောပေါ်ရောက်သည် တွင် နေရောင်သည် လုံးဝပျောက်ကွယ်ကာ အမှောင်ထုသည်ပင်လယ်ပြင်တွင် သက်ဆင်းကျရောက်လာပြီ ဖြစ်တော့သတည်း။

www.mmcybermedia.com



တိုက်ရေယာဉ် ၁၀၃ ၏ စစ်ရေယာဉ်မှူးဖြစ်သူ ဗိုလ်ကြီးဘသော်
(စာရေးဆရာ မောင်သော်က) ထိုစဉ်အရွယ်က……

www.mmcybermedia.com



အလျား၊ ၈၃ ပေရှိ တိုက်ရေယာဉ် ၁၀၃ ရန်ကုန်မြစ်အတွင်း၊ တွေ့မြင်ရပုံ။



၁၉၅၆ ခု ဒီဇင်ဘာလ
၁၁ ရက်နေ့ ၅ နာရီခန့်
အချိန်တွင် သင်္ဘောပျက်
ပုကွ သည့် တစ် ခု အား၊
ရေဒါ အသက်ကယ်
ဖောင်ပေါ်တွင် ဂျပန်
သင်္ဘော အီစန်မာရူး
ပေါ်မှ တွေ့ရှိကယ်တင်
စဉ်(ဂျပန်သင်္ဘောပေါ်
မှ သင်္ဘောသား တစ်ဦး
ရိုက်ယူထားသည်။)

www.mmcybermedia.com

www.mmcybermedia.com

နာလံထစ ဗုကွသည်များကို သင်္ဘောအရာရှိအချို့နှင့်အတူ တွေ့မြင်ရမည် [illegible] လ်ကြီး၊ ဘဇေသော်၏ယာဘက် ကပ်လျက်ရှိ ခေ်ဝဝပုဂ္ဂိုလ်မှာ
မောင်ကို ပထမဆုံး တွေ့မြင်ရသူ သင်္ဘောမှ ပထမအရာရှိဖြစ်သည် [illegible] ၏ယာဘက်မှ မျက်မှန်နှင့်သူမှာ သင်္ဘောဆရာဝန်ဖြစ်သည်။



ကယ်တင်သည့်သင်္ဘောပေါ်ရောက်ပြီးမှ သေဆုံးသွားသူ တပ်ကြပ်ကြီး[illegible]င်မောင်ဝင်း၏ရုပ်ကလာပ်ကို ၁၂-၁၂-၅၆ ခု နံနက်တွင်
ပင်လယ်ထုံးတမ်းစဉ်လာ[illegible]ရေမျှောသဂြိုဟ်သည့်အခမ်းအနား။

www.mmcybermedia.com

အီစန်မာရူးသင်္ဘောထက်တွင် နာလံထစသူများ၊ (ရှေ့တန်း၊ ယာဘက်အစွန်လူမှာ ယခု ကွယ်လွန်သွားပြီဖြစ်သည့် တင်သာ၊/စက်ဥ၊င်ရှိန် ဖြစ်သည်။ ကျန်လူအား...၊ ယခုထိ ရှိနေကြသေးသည်။)

www.mmcybermedia.com



၁၃ ရက်တိုင် စီးနင်းခဲ့ရသည့် အသက် ... ပ်ဖောင်နှင့်ရပ်နေသူ စစ်ရေယာဉ်မှူး
(ဒူးနှင့်ခြေသလုံးတို့တွင် ... ရသထား၊ရသည့် ဒဏ်ရာများ)

www.mmcybermedia.com

တိုက်ရေယာဉ် ၁၀၃ မှ
သစ္စာပြန်ရဲဘော်တစ်
စုကို စင်ကာပူလေဆိပ်
တွင် တွေ့မြင်ရစဉ်(ဝဲမှ
ယာ ဗိုလ်လေးသန်း၊လွှင်
တင်ကြင်ကြီး၊ ကိုကိုကြီး၊
တင်ကြင် မောင်အေး၊
တင်ကြင်/စက် အောင်
မြင့်၊တင်သာ၊/စက်ဝွမ်
ရှိန်၊ ဗိုလ်ကြီး ဘဆော်၊
တင်သာ၊ / စက်လှမေ၊
တင်သာ၊ / စက်လှမြင့်၊
တင်သာ၊ / စက်ကျော်
မြင့်၊ တင် သာ၊ /
စာ၊ ခန်း၊ ခင်မောင်)

www.mmcybermedia.com

www.mmcybermedia.com

Exclusive—A grim castaway epic

TOLD BY THE MAN WHO SURVIVED A HORROR JOURNEY OF 12 DAYS AND SAW 8 COMRADES DIE

DEATH WAS MY MATE

THEY were 18. The oldest was 29. Most of them were lads. Their ship had foundered. They had put off in an inflated rubber life-craft six feet by six. It carried the bare necessities—boiled sweets and water—to keep 10 men alive for three days.

Two small fish and a seagull caught later, their raw flesh and blood, were the only extra rations. Yet, miraculously, 10 of the 18 survived a horror journey of 12 days [illegible] during which not a drop of rain fell.

The eight who died did [illegible] and in pain. All except one [illegible]. All died gallantly.

This is the exclusive, personal story of the commander of the lost ship and the liferaft, English-educated Lieutenant Ba Thaw, Burmese Navy. It is the [illegible] story of one of the grimmest castaway epics in the annals of shipwrecks.

CRUEL SEA SAGA

By LIEUTENANT BA THAW

AS TOLD TO LLOYD MORGAN

THERE were 27 of us on board when we left Rangoon on patrol. Nine of the men were passengers — they had to pick up another boat and take it to Rangoon.

Next morning, November 28, the sea boiled suddenly rough. The wooden ship began to "work" [illegible]

LIEUTENANT THAW

Strike — but 11 flights will carry on today

EUROPEANS TAKE OVER AS MALAYAN AIRWAYS LOCAL STAFF DOWN TOOLS

EUROPEAN staff of Malayan Airways handled four incoming planes at the Singapore Airport on their own yesterday after 600 local employees of the company went on strike at 5 p.m.

They will continue to do the work of the strikers, a spokesman of the company said.

FLIGHT SCHEDULES

STOP PRESS

စင်ကာပူဆေးရုံပေါ်မှ နာလံထစ လူမမာ ဗိုလ်ကြီးဘသော် (စင်ကာပူ စထရိတ်တိုင်းသတင်းစာ မျက်နှာဖုံးဓာတ်ပုံ)

သေရွာပြန် ခက်ချက်များ၊ ခံစားထားရမြင်းကို မြင်သာသေးသည်။

၇။ အီစန်မာရှူး။

(ရန်ကုန်-စင်ကာပူ ခရီးစဉ်)

အီစန်မာရှူး သင်္ဘောသည် အရှေ့ဖျား ခရီးစဉ်တွင် ကာလကတ္တားမှ ရန်ကုန်သို့အလာ၌ လမ်းခရီးတွင် ကြေးနန်း သတင်း တခု ဖမ်းမိ ရရှိသည်။ ၎င်းမှာ တပ်မတော်ရေတပ်မှ ကင်းလှည့် ရေယာဉ်တစင်း မြန်မာ့ပင်လယ်ပြင်တွင် ပျောက်ဆုံးနေသည့်အတွက် ယင်းပင်လယ်ပြင် တဝိုက်တွင် သွားလာနေကြသည့် ကုန် သင်္ဘောများက သတိပြု ရှာဖွေပေးရန် ဖြစ်သည်။

ထိုသတင်းကို ရသည်တွင် သူတို့သည် မြန်မာ့ ရေပြင်ပိုင်နက် ဝင်သည်နှင့် သတိပြု ကြည့်ရှုခဲ့သည်။ ရန်ကုန်ရောက်သည်အထိ ဘာမျှ မတွေ့။ ရန်ကုန် ဆိပ်ကမ်းဝင်ပြီး ဆန်တင်ကြသည်။

ဆန်တင်ပြီးနောက် ရန်ကုန်မှ စင်ကာပူသို့ ခရီးဆက်ခဲ့ကြ၏။ အီစန်မာရှူး သင်္ဘောကြီးမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက တည်ဆောက်ခဲ့ကြသည့် သင်္ဘောအိုကြီးသာ ဖြစ်သည်။ ရေမိုင်နှုန်း ၆ မိုင်သာလျှင် ရရှိသည်။ ရန်ကုန် စင်ကာပူခရီးတွင် ပျောက်ဆုံးနေသည့် တိုက်ရေယာဉ် အကြောင်းကို လုံးဝ သတိ မရတော့။ မေ့လျော့ နေကြပြီ ဖြစ်သည်။ စင်ကာပူသို့သာ တအိအိ ခုတ်မောင်းနေသည်။

ညနေ လေးနာရီမှ ရှစ်နာရီတိုင်ထိ အချိန်သည် ပင်လယ်ပြင်သွား သင်္ဘောများတွင် (Chief Officer) ပထမ အရာရှိ၏ တာဝန်ချိန် ဖြစ်သည်။ သူ့ တာဝန်ကို ထမ်းဆောင်ရန် ပွဲစင်ထက် တက်လာခဲ့သည်။ ပင်လယ်ရေပြင် တခုလုံးမှာ လှိုင်းလေငြိမ်သက်နေလျက် ရာသီဥတုမှာ သာယာ ကြည်လင်လှသည်။ သူသည် ဆေးလိပ်ကိုသာ တလိပ်ပြီး တလိပ် ဖွာရင်း သူ့အတွက် မထူးခြားလှသည့် တာဝန်ကို ထမ်းဆောင်ရင်း ဟိုဟိုသည်သည် မှန်ပြောင်းဖြင့် လှမ်းမျှော်ကြည့်ကာ နေမိ၏။ နေလုံးကြီးသည် အနောက်ဘက် ကောင်းကင်ပြင်တွင် မြင်သာသော မိုးကုန်စက်ဝိုင်းအထက် ၁၅ ဒီဂရီ အမြင့်လောက်၌ ရှိနေသည်။ အနောက်ဘက် နေစောင်းသည်ကြောင့် အရှေ့ဘက် မိုးကုပ် စက်ဝိုင်းကို မီးမောင်း ထိုးပြသကဲ့သို့ ရှိသည်။

သူသည် အရှေ့ဘက်ဆီသို့ ကြည့်ရင်း မိုးကုပ် စက်ဝိုင်း တနေရာ ပင်လယ်ပြာထက်တွင် နီကြန့်ကြန့် အစက်အပြောက်တခုကို တွေ့လိုက်ရသည်။ သူ့ လည်တွင် ဆွဲထားသည့် ၈ × ၅၁ ပါဝါ ရှိ မှန်ဘီလူးနှင့် ကြည့်လိုက်ရာ

ရွက်လှေတစင်းလိုလို အနီရောင် တစုံတရာလိုလို မသဲမကွဲ အရာဝတ္ထု တခုကို တွေ့ရ၏။ သင်္ဘော ဝဲဘက်ဦးဆီ ဒီဂရီ လေးဆယ်လောက်တွင် ဖြစ်သည်။ သူသည် မကျေနပ်ခြင်းကြောင့် သင်္ဘော ပဲ့စင်ထက်ရှိ သုံးချောင်းထောက်စင်ဖြင့် တင်ကာထားသည့် မှန်ဘီလူးကြီးဆီသို့ လျှောက်သွားကာ သေချာစွာ ကြည့်လိုက်သည်။ သူ၏ အားကောင်းလှသည့် မှန်ဘီလူးကြီး၏ မြင်ကွင်းတွင် ပေါ်လာသည်မှာ လိမ္မော်ရင့်ရောင် အသက်ကယ် ဖောင်ကလေး တခုနှင့် ဖောင်အထက်မှ အလံ တစကို ဝှေ့ယမ်း ပြနေကြသူ တစုကို မမျှော်လင့်ဘဲ တွေ့ရတော့သည်။ သူသည် ကပ္ပိတန် ထံ ချက်ချင်း သတင်းပို့လိုက်သည်။ ကပ္ပိတန် ယိုရိုဒါးမှာ အသက် ၇၀ မျှ ရှိပေပြီ။ အသက် ကြီးလှပြီ ဖြစ်သော်လည်း တသက်ပတ်လုံး လိုလို ပင်လယ်ပြင်သာ အနေများခဲ့သည်ကြောင့် ကျန်းမာ သန်စွမ်းလှသည်။ ကပ္ပိတန် ယိုရိုဒါး သည် မှန်ပြောင်းဖြင့် စောင့်ကြည့်ပြီးနောက် မူလဦးတည်လမ်းကြောင်းမှ ပြောင်းကာ သင်္ဘောတက်မကို ဝဲဘက်သို့ လှည့်စေပြီး အသက်ကယ် ဖောင်ဆီသို့ ဦးတည် ခုတ်မောင်းလာတော့သည်။ အချိန်မှာ ညနေ ၅ နာရီ ၄၀ မိနစ်ခန့်တွင် ဖြစ်၏။ ဤတွင်မှ သူတို့ အားလုံးသည် ပျောက်ဆုံးနေသော မြန်မာ့ ရေတပ်မှ တိုက်ရေယာဉ်၏ သတင်းကို သတိရကြတော့သည်။

ကျွန်တော့်အားထမင်းစားခန်းတွင်း ခေါ်သွားကြပြီးနောက် ပထမ အရာရှိသည် သတင်းပို့ချက်ရေးသားရန် စာရွက်များ ယူလာကာ ကျွန်တော်နှင့် အသက်ရှင်နေကြသည့်လူဦးရေနှင့် အမည် စာရင်းတို့ကို ရေးစေသည်။ ကျွန်တော့်လက်မှာဖောင်တိုင်ကို ကြိုးစား ကိုင်ဆုပ်ထားရသည်။ လက်ချောင်းများမှာထုံကျဉ်နေသည်။

ကျွန်တော်ကသတင်း ရေးပေးသည်။ သူတို့ကလည်း ရန်ကုန်ဆိပ်ကမ်း အရာရှိရုံးသို့သတင်းရေးပို့လျှက် ကျွန်တော်ကလည်း ရေတပ် ဦးစီးချုပ်ဌာနသို့အစီရင်ခံ ကြေးနန်း တစောင်ကို ရေးသားကာ အီစန်မာရူးသင်္ဘောမှ တဆင့်ပေးပို့ကာ ပျောက်ဆုံးနေဆဲ ရှိသေးသည့် ဖောင်တခုအကြောင်းကို အစီရင်ခံလိုက်သည်။ သတင်းပို့ချက်ကို ထိုနေ့ည ဒီဇင်ဘာလ ၁၁ ရက်နေ့ ည ၇ နာရီခွဲခန့်တွင် ရေတပ်ဦးစီးချုပ်ဌာနမှ ရရှိခဲ့သည်တွင်တိုက်ရေယာဉ် ၁၀၃ ၏ ကံကြမ္မာကို သိရှိသွားကြတော့သည်။

'မင်းသိပ်ကံကောင်းတယ် ကပ္ပိတန်၊ နောက်ထပ် နာရီဝက်လောက် နောက်ကျသွားရင်မင်းဖောင်ကို တို့ မြင်တော့မှာ မဟုတ်ဘူး”ဟု ပထမ အရာရှိက ပြောသည်။

'ဟုတ်ပါတယ်၊ခင်ဗျားလဲ ပင်လယ်သွား အရာရှိကောင်း တယောက်ပါ၊ ခင်ဗျား တာဝန်သာတိတိကျကျ မထမ်းဆောင်ရင် ကျွန်တော်တို့ကို တွေ့မြင်မှာ မဟုတ်ပါဘူး' ဟုကျွန်တော်က ပြန်ပြောလိုက်သည်။ သင်္ဘော ထမင်းစားခန်းတွင်းသို့

မဝင်မီတွင်တစုံတဦးက ဘောင်းဘီတို တထည်ပေးသည်ကြောင့် ကျွန်တော့်မှာ အရှက် လုံနေပါပြီ။ယူလာသော ဘောင်းဘီမှာ သိမ်လှီ ကျဆင်းသွားသည့် ကျွန်တော်၏ ခါးနှင့် အတန်ကြီးနေသည် ကြောင့် ခါးတွင်ကြိုးတချောင်းဖြင့် ပတ်ကာ ဝတ်ဆင်ထားရသ ဒို့သော် ကိစ္စ မရှိပါ။ မမြင်အပ်သည့် အရာကို မမြင်သင့်သည့်အချိန်တွင်မမြင်ဝံ့သူများ မမြင်ကြခြင်းကိုပင် ကျွန်တော် စိတ်သက်သာရာ ရပါပေပြီ။

ခေတ္တမျှကြာသောအခါ မျက်မှန်နှင့် လူငယ်တယောက် ရောက်လာ၏။ သင်္ဘောမှဂျပန်ဆရာဝန် ဖြစ်သည်။ ဆရာဝန်သည် ကျွန်တော်နှင့် ဗိုလ်သန်းလွင်ကိုကြည့်ရှု စစ်ဆေးသည်။ ဗိုလ်သန်းလွင်မှာ ကျန်းမာရေး ကောင်းလှသည်။ကျွန်တော့်တွင်မူ ပင်လယ်တွင်း ၈ ရက် ၉ ရက်မြောက် ကတည်းက ဒူးဆစ်တွင်အလိုလို ရောင်လာခြင်းမှအပ အခြား ကျန်းမာရေး ကောင်းပါသည်။ ပင်လယ်တွင်းတွင် ရက်သတ္တပတ်ထက် ကျော်လွန်ခဲ့သည်တွင် အများအပြားမှာဒူးခေါင်း တံတောင်ဆစ်များ ရောင်လာသည်။ တပ်ကြပ်ကြီး ကိုကိုကြီးမှာအဆိုးဆုံး ရောင်ရမ်းနေသည်။ ဆရာဝန်က ဒူးဆစ်ရောင်ခြင်းကိုကြည့်ရှုစစ်ဆေးပြီး ...

အာဟာရချို့တဲ့လို့ ဖြစ်တာပါ၊ အစားအသောက် ပြန်စားသောက်လိုက်ရင်ကောင်းသွားမှာပါ” ဟု ပြောသည်။ ထို့နောက် ကျွန်တော်တို့အား နွားနို့ ပူပူကိုတိုက်ကျွေးသည်။ ကျွန်တော့် ရဲဘော်များ အားလုံး ကုန်းပတ်နောက်ပိုင်းတွင် ယာယီအမိုးအကာ တခုပြုကာ နေရာပေးသည်။ ကျွန်တော်နှင့် ဗိုလ်သန်းလွင်ကိုမူ အရာရှိ အခန်းတခု အတွင်း၌ အိပ်စင် တခုစီဖြင့် အိပ်စေသည်။ ည ၉နာရီလောက်တွင် ကပ္ပိတန် ယိုရိုဒါး ကျွန်တော်တို့အား လာကြည့်ကာဆရာဝန်ညွှန်ကြားချက်အရ ဆန်ပြုတ် ကျဲကျဲ တခွက်စီ ပေးသည်။ ကျွန်တော့်လူများမှာ အစား စားသောက်ရန် အခြေအနေတွင် မရှိသေးခြင်းကြောင့် နွားနို့ ပူပူကိုပင် တိုက်ထားရသည်။ အထူးသဖြင့် တယောက်သာ လူနာမှာ လုံးဝသတိပြန်လည် မလာသေးကြောင်း ဆို၏။ တပ်ကြပ်ကြီး ခင်မောင်ဝင်းပင် ဖြစ်မည်ဟုကျွန်တော် တွက်မိသည်။

ခင်မောင်ဝင်းကို သင်္ဘောပေါ်ပွေ့ခေါ်လာစဉ်က သူ့ ကျောပြင် တင်ပါး နှင့် ပေါင်တို့မှာ အသားနီလန်ကာ အရေပြားများ ကွာနေသည်မှာ မြင်ဝံ့စရာ မရှိ။ သူ့ကို သယ်ယူသည့်ဂျပန်များမှာ စုတ်တသပ်သပ် ဖြစ်နေသည်။

ထို့နောက်ကျွန်တော်နှင့် ဗိုလ်သန်းလွင်တို့အား အိပ်ရေးဝအောင် အိပ်ကြရန်ပြောပြီး ပြန်ထွက်သွားသည်။ သူက အိပ်ရေးဝအောင် အိပ်ကြရန်ပြောသော်လည်း ကျွန်တော်တို့မှာ အိပ်၍ အလျင်း မပျော်ကြ။ ကျွန်တော်သည်ပင်လယ်တွင်း ရှိစဉ်ကာလ ရက်များတွင် တညမျှ နှစ်ခြိုက်စွာ အိပ်ရေးဝအောင် မအိပ်ခဲ့ရ။

တခဏမျှ မှိန်းနေသလို ရှိသော်လည်း အိပ်မပျော်ခဲ့။ ၁၃ရက် ၁၃ ညတိုင် အိပ်ခြင်း မပြုခဲ့သည် ကျွန်တော့် မျက်လုံးများသည် အိပ်သည်ဆိုသည့် အကျင့်ကို မေနေပေပြီ။ အိပ်လို့ မရ။ မျက်လုံး ကြောင်နေ၏။ ဗိုလ်သန်းလွင်သည်လည်း ထိုနည်း အတူပင် ရှိ၏။ ၁၃ ရက် ၁၃ ည လုံးလုံးမအိပ်ရုံမျှသာ မဟုတ်သေး။ ကျွန်တော်သည် ဝမ်း လုံးဝ မသွားခဲ့ပါ။ ဆီးသာလျှင်အနည်း အကျဉ်း သွားခဲ့သည်။ ဝမ်းသွားစရာ အစာကလည်း မရှိ။ နိုဝင်ဘာလ ၂၈ရက်နေ့ညက တိုက်ရေယာဉ် ၁၀၃ ပေါ်တွင် စားခဲ့သည့် ညစာသည် နောက်ဆုံးသောညစာတနပ် ဖြစ်သည်။

ည ၁၁ နာရီခန့်တွင် ဂျပန် ဆရာဝန်သည် ကျွန်တော်တို့ အခန်းတွင်းသို့ ဝင်လာကာ "ကပ္ပိတန်၊ခင်ဗျား လူတယောက် အခြေအနေ သိပ်ဆိုးနေလို့ လာကြည့်စေချင်တယ် ကျွန်တော်တို့အစွမ်းကုန် ကြိုးစားတာပဲ၊ ဒါပေမယ့် သူ့ အခြေအနေ အတော်လွန်နေပြီ" ဟုပြောသည်။

ကျွန်တော်ပဲ့ပိုင်းဘက်ဆီသို့ လိုက်ခဲ့သည်။ ယခု တကိုယ်လုံး၏ အလေးချိန်သည်ဒူးဆစ်ပေါ်တွင် ကျတော့မှ ကျွန်တော့်ဒူးခေါင်းမှာ ကျွန်တော်ထင်သည်ထက် ပို၍နာကျင်သည်ကို ခံစားရသည်။ ကျွန်တော်က ထော့နဲ့ ထော့နဲ့ဖြင့်ဂျပန်ဆရာဝန်နောက်မှ လိုက်ပါသွားသည်။

ပဲ့ပိုင်းကုန်းပတ် (Poop Deck) အောက်နားဆီတွင်ရဲဘော်များ လဲလျောင်းနေကြသည်။ သူတို့ ကိုယ်ပေါ်တွင် စောင်များခြုံထားကြ၏။ တပ်ကြပ်ကြီး ခင်မောင်ဝင်းမှာ နံရံအနီးတွင် ရှိနေကာကျွန်တော် ရောက်ခိုက်မှာပင် ဝူးဝူးဝါးဝါး အော်နေသည်။ ဂျပန် တဦးက သူ့နှုတ်ခမ်းတွင် တေ့ပေးလျက် နွားနို့တိုက်ရန် ကြိုးစားနေသည်ကို သူကအတင်းရုန်းနေ၏။ ကယောင်ကတမ်း ငန်းဖမ်းသူ တဦး၏ နောက်ဆုံးအင်အားသည် မည်မျှကြီးသည်ကို တွေ့ရသည်။ သူက ဖန်ခွက်ကို ဖမ်း၍ ဆုပ်မိဆုပ်ရာ တအားဆုပ်ညှစ်လိုက်ရာ ဖန်ခွက်မှာ သူ့ လက်တွင်းပင် ကွဲသွားကာဖန်ခွက်ကွဲစများနှင့် နွားနို့ပူများသည် သူ့ ရင်ဘတ်ပေါ် ကျသွားသည်။သူ၏လက်တွင် သွေးစများ စွန်းသွား၏။ သူကတော့ အနာကိုသော်လည်းကောင်း အပူကိုသော်လည်းကောင်း မပူတော့ပြီ။ ဝေဒနာ၏ လမ်းဆုံးသို့ ရောက်ခဲ့ပြီဖြစ်သည်။

ဂျပန်ဆရာဝန်ကနောက်ဆုံးအနေနှင့် သူ လုပ်ရန် ရှိသမျှ လုပ်ပါရစေ၊ မရလျှင်တော့မတတ်နိုင်ပါဟု ခွင့်တောင်းသည်။ ကျွန်တော်က လုပ်ရန် ရှိသမျှကိုသာအစွမ်းကုန်လုပ်ပါဟု ပြော၏။ ဤတွင် သူသည် ဆေးထိုးအပ်တချောင်းဖြင့် လူနာ၏နှလုံးနေရာဆီသို့ စိုက်ကာ ဆေးထိုးသည်။ ဆေးထိုးပြီး အတန်ကြာတွင် လူနာငြိမ်သွားသည်။ ဆရာဝန်က နားကြပ်ဖြင့် နားထောင်သည်။ အတန်ကြာမှ သူသည်ကျွန်တော့်ကလို လက်ဆွဲကာ ရဲဘော်များနှင့် ဝေးရာဆီသို့ ခေါ်သွားပြီး...

“ကပ္ပိတန်၊ ခင်ဗျား လူ ဆုံးသွားပြီ”ဟု ပြောပါသည်။

ပင်လယ်ပြင်တွင်၁၃ ရက်မျှသော ကာလအတွင်း ကိုးရက်မြောက်တွင် ဗိုလ်ကြီးစောဦးသေဆုံးသည်ကို ကျွန်တော် အလွန် စိတ်ထိခိုက်ခဲ့သည်။ ထို့နောက် တယောက်ပြီးတယောက် သေဆုံးကြရာတတွင် စိတ်ထိခိုက် နာကြဥ်းမှုမှာ ထုံသွားခဲ့ပြီဟုထင်ရ၏။

ယခု ဂျပန် သင်္ဘောပေါ်ရောက်ကာကယ်သူ တွေ့ပါမှ ရေတိမ်တွင် နစ်ခဲ့ရသော ခင်မောင်ဝင်း အလှည့်တွင်ကျွန်တော့်မှာ မျက်ရည်များပင် ကျခဲ့ရသည်။

'ဖြစ်ရလေခင်မောင်ဝင်းရယ် မင်းကို ငါ ရေ ထဲဆင်းနေပါလို့ တဖွဖွပြောရဲ့သားနဲ့” ဟု စိတ်တွင်းမှ ရေရွတ်မိသည်။ သေရွာပြန်လာပြီးမှလူ့ဘောင်လောက၏ တံခါးဝတွင် ကျဆုံးခဲ့ရသူ ဖြစ်တော့သည်။

ဘယ်အချိန်က ရောက်လာသည် မသိ။ ကပ္ပိတန် ယိုရှိဒါး ကျွန်တော့် အနီးသို့ ရောက်လာပြီး ပခုံးပုတ် နှိမ့်သိမ့်စေကာ…

“ငါ စိတ်မကောင်းပါဘူး ကပ္ပိတန် (Very Sorry) 'ဟု ပြောသည်။ ထို့နောက် ပထမ အရာရှိမှတဆင့် ဘာသာပြန်စေလျက် သူတို့တွင်အလောင်း သယ်ယူရန်ရန်လည်း မဖြစ်နိုင်သည့်အပြင် စင်ကာပူမှာလည်း ခရီးဝေးသေးခြင်းကြောင့် အလောင်းကို နက်ဖြန်ခါ နံနက်တွင်ရေချသင်္ဂြိုလ်လိုကြောင်း ခွင့်တောင်းသည်။ ကျွန်တော်ကလည်း ကပ္ပိတန်သဘောကျသာ စီစဉ်ပါဟု ခွင့်ပြုလိုက်ရ၏။ ကွယ်လွန်သူ၏ ဘာသာရေးကိုမေးရာ ဗုဒ္ဓဘာသာပင် ဖြစ်မည်ထင်ကြောင်း ပြောသည်တွင် သူတို့က ဂျပန်ဗုဒ္ဓဘာသာ ထုံးစံနှင့် ပင်လယ်ပြင်ထုံးနည်း စဉ်လာအရ သင်္ဂြိုလ်မည်ဖြစ်ကြောင်း ပြော၏။ ကျွန်တော် အိပ်ခန်းသို့ ပြန်လာခဲ့သည်။

အိပ်ခန်းတွင်ကျွန်တော်ရော ဗိုလ်သန်းလွင်ပါ အိပ်မပျော်ကြ။ ခင်မောင်ဝင်းအတွက်ရင်နာ မိကြသည်။ ထိုမှအစ သေဆုံးခဲ့ကြရသည့် ရဲဘော်အားလုံးကိုသတိရအောက်မေ့ကာ ကာ ကာ စကားတပြောပြောနှင့် မိုးစင်စင် လင်းကြသည်။ မိုးစင်စင် လင်းကြသည်။ နံနက်လင်းမှခေတ္တ အိပ်ပျော်သွားရာ ၈နာရီခန့်တွင် စားပွဲထိုး သင်္ဘောသားတဦးမှ လာ၍ အစားအသောက် ပို့တော့မှအိပ်ရာမှ နိုးကြသည်။ အစားအသောက်မှာ ဆန်ပြုတ်နှင့် ကော်ဖီသာ ဖြစ်၏။ဆန်ပြုတ်မှာ ယမန်နေ့ညကထက် အတော်အတန် ပျစ်လာသည်ကြောင့် စားကောင်းကောင်းနှင့် စားလိုက်ရာ တခဏချင်းပင် ပြောင်သွားသည်။

“မဝသေးဘူး စီအို” ဟု ဗိုလ်သန်းလွင်က ပြောသည်။

'ဟုတ်တယ် ကိုယ်လဲ မဝသေးဘူး”

“ဒီတခါ ဒီကောင် ပန်းကန်တွေ သိမ်းဖို့ ပြန်လာရင် ထပ်တောင်းကြရအောင်”

'ကောင်းတာပေါ့၊ သူတို့က ကိုယ်တို့ကို ဝအောင် ကျွေးမှာပါပဲ”

ခဏကြာသော်ဂျပန် စားပွဲထိုး ဝင်လာသည်။ ကျွန်တော်က လက်ဟန်ခြေဟနဖြင့် ဗိုက်ကိုပွတ်သပ်ပြ၊ ပန်းကန်ကို လက်ညှိုး ထိုးပြနှင့် မမေ့သေးသည့် ဂျပန်စကားအကြွင်းအကျန်ဖြင့်…

'More, More ကူဒါ ဆိုက် ' (ထပ်ပေးပါ ဦး) ပြောရာ ဂျပန်စားပွဲထိုးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး 'ဟိုက်ဟိုက်'ဟု ဆိုကာ ပန်းကန်များ သိမ်းပြီး ထွက်သွားသည်။ ကျွန်တော်နှင့်ဗိုလ်သန်းလွင်သည် လည်တဆန့်ဆန့်ဖြင့် သူ့ကို မျှော်ကြသော်လည်း သူပြန်ပေါ်မလာတော့ပါ ။

နံနက်၉ နာရီခန့်တွင် ကပ္ပိတန် ယိုရှိဒါး ရောက်လာပြီး ကျွန်တော်လမ်းလျှောက်နိုင်လျှင် ကျွန်တော်နှင့် ဗိုလ်သန်းလွင်တို့ တပ်ကြပ်ကြီးခင်မောင်ဝင်း ၏ အလောင်း ရေချ သင်္ဂြိုလ်သည့် အခမ်းအနားသို့ တက်စေလိုကြောင်း ပြောသည်။ ပြောသည်။ ကျွန်တော်နှင့် ဗိုလ်သန်းလွင်တို့ပွဲပိုင်းဘက်ဆီသို့ လိုက်ပါလျှောက်သွားကြ၏။ လိုက်ပါ ဗိုလ်သန်းလွင်က ကျွန်တော့်ကိုတွဲသည်။ ပွဲပိုင်း ကုန်းပတ်တွင် ဂျပန်သင်္ဘောသားတစုသည် ဦးထုပ်ကိုယ်စီချွတ်ကာ ဝိုင်းရပ်နေကြ၏။ သင်္ဘောသားများ ဝိုင်းရပ်နေကြရာအလယ်တွင် တပ်ကြပ်ကြီး ခင်မောင်ဝင်း၏ အလောင်းကို ပတ္တူအိတ်ဖြင့်ချုပ်ထားပြီး အလောင်းတင်စင်ကို သင်္ဘော လက်ရန်းရင်တားနှင့်တပြေးတည်း အညီမျှသော အမြင့်၌ တင်ထားသည်။ သင်္ဘော ဝဲဘက်ပွဲပိုင်းနားတွင်ဖြစ်သည်။

ကျွန်တော်တို့ ရဲဘော်များအနက်မှ မတ်တပ်ရပ်နိုင်ကြသူများလည်း ဂျပန် သင်္ဘောသားများနှင့်အတူ ဝိုင်းရပ်နေကြသည်။ တပ်ကြပ်ကြီး ခင်မောင်ဝင်း၏ ရုပ်ကလာပ်ခေါင်းရင်း၌ ပန်းကန်လုံးနှင့် ထည့်ထားသည့် ထမင်းပန်ကန်လုံး တခုတွင် အမွေးတိုင်များ ထွန်းညှိထားသည်။

ကပ္ပိတန် ယိုရှိဒါးက သူ့ ဦးထုပ်ကို ချွတ်ကာ စာအုပ်တအုပ်ကို ဖွင့်လျက် ဂျပန်ဘာသာဖြင့် တစုံတရာကို ဖတ်ရွတ်သည်။ ဂျပန်သင်္ဘောသားများက ငြိမ်သက်စွာ ခြေစုံရပ်လျက် ခေါင်းငုံ့နေကြ၏။

ထို့နောက် ကျွန်တော်တက်သို့ သူက လှည့်ကြည့်လိုက်သည်တွင် ကျွန်တော်က မြန်မာဘာသာဖြင့်…

တပ်ကြပ်ကြီး ခင်မောင်ဝင်း ကိုယ်ပိုင်အမှတ် ၁၁၁၁။ သင်သည် တပ်မတော် (ရေတပ်) တိုက်ရေယာဉ် ၁၀၃ တွင် တိုင်းပြည်တာဝန်များကို ထမ်းဆောင်ရန်အတွက် ပင်လယ်ပြင်သို့ ထွက်ခဲ့ရာမှ ၁၉၅၆ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ညတွင် ကွယ်လွန်ခဲ့ပြီ ဖြစ်သည့်အတွက် သင့်အား တာဝန်ထမ်းဆောင်ခြင်းမှ ပြီးဆုံးခြင်းသို့ ရောက်သည်။ ထို့ကြောင့် သင် သွားလိုရာ သွားနိုင်ကြောင်း ခွင့်ပြုလိုက်သည်။

ပုံ (ဘသော်)

ဦးစီးမှူး၊ တိုက်ရေယာဉ် ၁၀၃။

တပ်မတော် (ရေတပ်)။

ဟု ပါးစပ်မှ အလွတ်ရွတ် အမိန့်ပြန်တမ်း ထုတ်လိုက်သည်။ ကပ္ပိတန် ယိုရှိဒါးက ကျွန်တော့်ဘက်သို့ လှမ်းကြည့်လိုက်သည်တွင် ကျွန်တော်က ခေါင်းညိတ်ပြလိုက်ရာ အသင့် စောင့်နေကြသည့် ဂျပန် သင်္ဘောသား နှစ်ဦးက ထမ်းစင်ပေါ်ရှိ အလောင်းကို ခေါင်းရင်းဘက်မှ ဒီဂရီ ၃၀ မျှ မတင်လိုက်သည်နှင့် တပြိုင်နက် ခြေရင်းဘက်တွင် အလေးဆွဲထားသည့် ရုပ်အလောင်းသည် ပင်လယ်ပြင်တွင်းသို့ လျှောကျသွားတော့သည်။ ကပ္ပိတန် ယိုရှိဒါး အပါအဝင် ကျွန်တော်တို့ ရဲဘော်များပါ နောက်ဆုံး အလေးပြုခြင်းဖြင့် အလေးပြု ကျန်ရစ်ခဲ့ကြ၏။ ပင်လယ်ရေတွင် ဆင်းလျက် စိမ်နေရန် မလိုလားသည့် တပ်ကြပ်ကြီး ခင်မောင်ဝင်းသည် ပင်လယ်ပြာ အောက်တွင် ထာဝရ လဲလျောင်း စိမ်နေရန် ဆင်းသွားခဲ့ပြီ ဖြစ်တော့၏။

၈။ စင်ကာပူသို့။

အီစန်မာရှူး သင်္ဘောကြီးသည် တရွေ့ရွေ့ တအိအိဖြင့်သာ ရေမိုင် ခြောက်မိုင်နှုန်းဖြင့် စင်ကာပူသို့ ဦးတည် ခုတ်မောင်းနေသည်။ မြန်မာရေပြင် ပိုင်နက်ကို ကျော်ထွက်လာသည်နှင့် ဝဲဘက်ဆီတွင် မာလာယု ကျွန်းဆွယ်မှ တောင်တန်းများကို အစဉ် မြင်နေရသည်။ နံနက် ၁၁ နာရီခန့်တွင် နေ့လည်စာ ညနေ လေးနာရီခန့်တွင် ညစာဟူ၍ နံနက်စာ ကော်ဖီအပြင် တနေ့ နှစ်နပ် မှန်မှန်ကျွေးသည်။ ပထမသော် ပေးထားသော ဆန်ပြုတ်သည် ကျဲနေရာမှ ပျစ်လာ၏။ ထို့နောက်တွင်မူ အသားကလေးများ ပါလာသည်။ ဂျပန်သင်္ဘောပေါ်တွင် လေးရက်နာလန်ထနေသည်နှင့် နောက်ဆုံး နှစ်ရက်ကျမှသာ ထမင်းနှင့် ဟင်း ဆိုသည်ကို စားရတော့သည်။ ကျွန်တော်တို့၏ အစာအိမ်သည် မာသော အစာကို ရုတ်တရက် ခြေနိုင်ဦးမည် မဟုတ်သည်ကြောင့် စနစ်တကျ ကုသ ပေးခြင်းပင် ဖြစ်သည်။ ဂျပန်ဆရာဝန်က နေ့စဉ် လာကြည့်သည်။ ကပ္ပိတန်နှင့် အခြား အရာရှိများက တလှည့်စီ အားလပ်သည့်အခါ များတွင် လာရောက် ကြည့်ရှုကြသည်။

အစားအသောက် ဆန်ပြုတ်ပျစ်ပျစ် နှစ်ရက်မျှ ဝင်ပြီးနောက် တနေ့တွင် ကျွန်တော် ဝမ်းသွားချင်သလို ခံစားရသည်။ ထို့ကြောင့် အိပ်ခန်းနှင့် ကပ်လျက် ရှိနေသော အိမ်သာတွင်ပင် ဝမ်းသွားရန် ဝင်ခဲ့သည်။ ဗိုလ်သန်းလွင်က ကျွန်တော် အိမ်သာ ဝင်သွားသည်ကို ကြည့်နေ၏။ အိမ်သာမှာ အနောက်တိုင်း အိမ်သာပုံစံ ဖင်ထိုင်လျက် သွားရသော အိမ်သာဖြစ်၏။

ဝမ်းသွားရန် ကြိုးစားသည်။ ကြိုးစားသည်။ ကြိုးစားသည်။ သို့သော် မရ။ ဝမ်းဗိုက်တွင် အစာဟောင်း အိမ်အတွင်းမှ အစာဟောင်းကို စွန့်ထုတ်ပစ်ရန် သဘာဝတရားက တောင်းဆိုသည်။ သို့သော် ကျွန်တော်၏ အစာဟောင်းစွန့်လမ်းကြောင်းက အလုပ် မလုပ်တတ်တော့။ ညှစ်အားများ မရှိ။ ညှစ်ရန် ကြိုးစားလိုက် အားကုန်လိုက်၊ အနားယူလိုက်၊ ပြန်ညှစ်လိုက်နှင့် ကျွန်တော့် စအိုဝနှင့် ကျွန်တော် တိုက်ပွဲ ဝင်နေရသည်။ ကျွန်တော့် အစာအိမ်ဟောင်း လမ်းကြောင်းရှိ အာရုံကြောများသည် ညှစ်ထုတ်ရန် မေ့လျော့နေပြီ ဖြစ်ဟန်တူ၏။ အလုပ် မလုပ်တတ်ကြတော့။ချွေးစီးများ ပြန်ကာ ချွေးသီးကြီးများ ဆီးကင်းလောက် နဖူးတွင် စို့လာသည်။ ချွေးတဒီးဒီး ကျကာ မိမိကိုယ်ခန္ဓာနှင့် မိမိနပန်းလုံးကြရသည်။ မိန်းမသားများ မီးဖွားရာတွင် မည်မျှလောက် ညှစ်အား စိုက်ရမည်ကို ကိုယ်ချင်းစာမိပါသည်။

နာရီဝက် သာသာခန့် ကြိုးစားမှ အလွန် မာကျောလျက် လောက်စာလုံး

ဂေါ်လီလုံးသာသာမျှ ရှိသော စမြင်းတုံးသည် "ဒေါက်" ခနဲ မြည်ကာ တလုံးတည်း ထွက်ကျလာပါသည်။ နောက်ထပ်လည်း ဘာမျှ ထွက်မလာတော့ပါ၊ စမြင်းတုံး ထွက်သွားသည်နှင့် တပြိုင်နက် ကျွန်တော် အားပြတ်ကာ အိမ်သာ ထိုင်ခုံပေါ်မှ ရှေ့သို့ စိုက်လျက် အိမ်သာ ကြမ်းပြင်ထက်တွင် ဝပ်စင်း လဲကျသွားတော့၏။ သန့်ရှင်းရေးလည်း မလုပ်နိုင်၊ မိမိဘာသာ ပြန်၍လည်း မထနိုင်၊ အော်လည်း မအော်နိုင်နှင့် အိမ်သာတံခါးကိုသာ လက်နှင့် ထု၍ အချက်ပေးရသည်။ အိမ်သာ ဝင်စဉ်က အိမ်သာ တံခါးကို အတွင်းမှ ကန့်လန့်ထိုးမထားခဲ့သည်မှာ တော်ပါသေး၏။

အိမ်သာ ဝင်သွားသည်လည်း ကြာပြီ။ ဝမ်းသွားသံလည်း မကြားရ လူသံလည်း မကြားရ၊ တံခါး ထုနေသံလိုလိုသာ ကြားရသည့် ဗိုလ်သန်းလွင်သည် အိမ်သာ တံခါးကို ဖွင့်ကြည့်သည်တွင် အိမ်သာတွင်း ကြမ်းပြင်ပေါ်၌ လဲကျနေသော ကျွန်တော့်အား မမျှော်လင့်ဘဲ တွေ့ရတော့၏။ သူသည် ကျွန်တော့်ကို တွဲထူ ထစေကာ အိပ်ရာဆီသို့ ပြန်လည် တွဲယူလာသည်။ အိပ်ရာပေါ်တွင် နာရီဝက်ခန့် မိန်းမောနေပြီးမှ စကားပြောနိုင်တော့သည်။

'အမယ်လေးဗျ၊ မောလိုက်တဲ့ အီးအီးတတုံး၊ လူကို သေပါရောလား အောက်မေ့ရတယ်'

ထို နောက်ရက်များတွင် စားကောင်း သောက်ကောင်း ယိုကောင်း ပါကောင်းနှင့် ပုံမှန် ပြန်ဖြစ်လာပါသည်။ ဂျပန် စားပွဲထိုးကမူ အစာထပ်တောင်းလျှင် ပုတ်သင်ညိုလို တဆတ်ဆတ် ခေါင်းညိတ်ကာ "ဟိုက် ... ဟိုက်" နှင့် တဟိုက်တည်း ဟိုက်ရုံမှ တပါး တပန်းကန် တလေမျှ အပို မပေးပါ။ ကျွန်တော်တို့က လာဘ်ထိုးရန် ကြိုးစားကြည့်သေးသည်။ လာဘ်တံစိုးကိုသာ လက်ဆောင်အဖြစ် လက်ခံသည်။ ထမင်းကိုတော့ တပန်းကန်မျှ အပိုဆောင်းကာ ယူမလာခဲ့။

နောက်မှ ကျွန်တော်သိရသည်မှာ သူတို့ ဂျပန် သဘော်သား အားလုံး အရာရှိပါမကျန် အတိုင်းအခြင်နှင့် စားကြသည်။ စားမကောင်းလည်း တပန်းကန်သာ ဖြစ်၏။ ဟင်းမှာ ကြက်ဥပြုတ်၊ ငါးဟင်း၊ ငါးသေတ္တာ တလှည့် စီနှင့် ဟင်းချိုအဖြစ် ပဲပင်ပေါက်ဟင်းချို ခရမ်းသီးခြောက်ဟင်းချို တို့သာ တလှည့်စီ ကျွေးသည်။ တတိယနေ့တွင် သူတို့၏ အရာရှိ ရိပ်သာတွင် ဂျပန် အရာရှိများနှင့် အတူ စားကြည့်သည်တွင်မှ သူတို့၏ စားသောက်ရေး စနစ်ကို သိရတော့သည်။ အဲ .. ရေနွေးကြမ်းကိုမူ သောက်ချင်သလောက် သောက်နိုင်ပါသည်။ 'အိုကြာ ဒိုးဇိုးဒိုးဇိုး' နှင့် ရေနွေးကြမ်း စေတနာ ကောင်းလှသည်။ ကျွန်တော် ထင်ပါသည်။ ကမ္ဘာပေါ်ရှိ လူမျိုးများတွင် အစားအသောက်ကို စားကောင်းသည်နှင့်အမျှ အတိုင်းအဆမရှိ အဝအပြဲ ဗိုက်ကားအောင် စားသည့်၊ ကျွေးသည့် လူမျိုးမှာ ကျွန်တော်တို့ မြန်မာလူမျိုးသာ ရှိပေလိမ့်မည်။

ဒီဇင်ဘာ ၁၆ ရက်နေ့ နေ့လယ်တွင် စင်ကာပူ ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ ထိုနေ့သည် ကျွန်တော် ရေ တပ်မတော်သို့ ဝင်၍ လုပ်သက် ကိုးနှစ်မြောက်သည့်နေ့ပင် ဖြစ်၏။ ခွဲခွါခါနီးတွင် ဂျပန်သင်္ဘော ကပ္ပိတန် အဘိုးအိုက ဤသို့နှုတ်ဆက်စကားဆိုသည်။

'ပထမ ကမ္ဘာစစ်အတွင်းက ငါက သင်္ဘောတစင်းမှာ အရာရှိငယ် တယောက်ကွ၊ အဲဒါ ငါ သင်္ဘော နစ်ပြီး မင်းလိုပဲ သင်္ဘောပျက်ခဲ့ဖူးတယ်၊ မင်းလောက်တော့ မကြာဘူးကွ၊ ငါ့ကို နိုင်ငံခြား သင်္ဘော တစင်းက ဆယ်ယူလို့ အသက်ရှင်ခဲ့တယ်၊ ငါတော့ မင်းကို ဆယ်ရတာ အဲဒီ အကြွေးကျေသွားပြီ အောက်မေ့ရတယ်၊ မင်းလဲ နောက်များ ပင်လယ်ထွက်ခဲ့ရင် Look-Out Duty (ကြည့်ကင်းတာဝန်) ကိုတော့ ကောင်းကောင်း လုပ်ကွာ'

စင်ကာပူတွင် လွန်းတင် ပြင်ဆင်နေသည့် စစ်ရေယာဉ် မေယု ရှိနေသည်။ စစ်ရေယာဉ် မေယု မှ အရာရှိနှင့် ရဲဘော်များသည် စင်ကာပူရှိမြန်မာနိုင်ငံ ကောင်စစ်ဝန် ဦးကျော်နှင့်အတူ ကျွန်တော်တို့အား ဆိပ်ခံ ဖေါတံတား ပေါ်မှ စောင့်ကြိုလင့်ကြ၏။ သင်္ဘောပေါ်တွင် ရှိစဉ်က ထော့နဲ့ ထော့နဲ့လျှောက်နေသော ဒူးဆစ်မှာ ပိုမို ရောင်ရမ်း၍ ပြည်ပုပ်တည်လာခြင်းကြောင့် ဂျပန်ဆရာဝန်က ထုံဆေးဖြင့် ခွဲကာ ကုသရသည်။

ရုပ်ပျက်ချင်တော့ စင်ကာပူ ဆင်းမည့်နေ့တွင် အနာရှိန်ကြောင့် ကျွန်တော် အိပ်ရာမှ လုံးဝ မထနိုင်တော့သည့်အတွက် ထမ်းစင်ဖြင့် ထမ်းချ ယူကြရတော့သည်။

၉။ စင်ကာပူမှ ပြည်တော်ပြန်။

စင်ကာပူတွင် ဗြိတိသျှရေတပ် စစ်ဆေးရုံ၌ ကျွန်တော်တို့ တက်ရောက်ကုသခွင့်ရရှိကြသည်။ ရောဂါ မှာ (Exposure and Malnutrition) ဟု ဆေးမှတ်တမ်း ရေးသွင်းသည်။ နေလောင်ခြင်းနှင့် အာဟာရ ချို့တဲ့ခြင်းသာ ဖြစ်၏။ ကျွန်တော်၏ ဒူးခေါင်းနှင့် တပ်ကြပ်ကြီး ကိုကိုကြီး၏ ဒူးဆစ် တံတောင်ဆစ်များမှာ ရောင်ကိုင်းနေသည်။ တပ်ကြပ်ကြီး အောင်မြင့်၏ လက်မှာ ကျွန်တော် ရိုက်ခဲ့သည့် ဒဏ်ရာကြောင့် ရောင်ကိုင်းနေကာ စလွယ်သိုင်းထားရသည်။ မောင်အေး ဂွမ်ရိုန်၊ အောင်မြင့်တို့မှာ ထူထူထောင်ထောင်ပင် ရှိကြသည်။ ကျုန် ရဲဘော်များမှာ ဂျပန် သင်္ဘောတွင် သတိပြန်လည်လာကြပြီ ဖြစ်သော်လည်း နှစ်ဦး သုံးဦးမှ သည်းခြေပျက်၍ စိတ်ချောက်ချား နေကြဆဲ ဖြစ်၏။ ဗိုလ်သန်းလွင်မှာ အခြေအနေ အကောင်းဆုံး ဖြစ်သည်။

ကျွန်တော်တို့တွင် ဘာပစ္စည်းမျှ မပါကြ။ အဝတ်တထည် ကိုယ်တခုစီသာ။ ကျွန်တော့်တွင် ဂျပန်သင်္ဘောမှ ဝတ်ဆင် ပေးလိုက်သည့် ဘောင်းဘီတိုကြောင့်သာ အောက်ပိုင်း အရှက်လုံရသည်။ ကျွန်တော်တို့ လိုသည်မှာ အစား အသောက်အချို့နှင့် အဝတ်အထည် ဝယ်ယူရန် ငွေကြေး။ စင်ကာပူကောင်စစ်ဝန် ဦးကျော်က သူ့ ကောင်စစ်ဝန်ရုံးတွင် သင်္ဘောပျက် တံငါသည်များ အတွက်ဟု သတ်မှတ်ထားသည့် ဆောင်ငွေ အနည်းငယ် ရှိသည်ဟု ဆိုသည်။ စစ်ရေယာဉ် မေယုမှ ဦးစီးမှူးဒုဗိုလ်မှူးကြီး ဘရိုနီ (Comdr P.W.Baroni) က ရေတပ် ဦးစီးချုပ်ဌာနသို့ ကျွန်တော်တို့အား လခ တလခ စာစီ စင်ကာပူ ဒေါ်လာဖြင့် ထုတ်ပေးနိုင်စေရန် က/ န ပို့ကာ အခွင့် တောင်းခံထားဆဲဖြစ်သည်။

ရှောင်မရသည်မှာ စင်ကာပူ သတင်းစာ အသီးသီးတို့မှ သတင်းထောက်များပင် ဖြစ်သည်။ သူတို့သည် သင်္ဘောဆိပ်မှ ဆေးရုံပေါ်ထိလိုက်ပါလာကြကာ ဓာတ်ပုံရိုက်ခြင်း ကျွန်တော်နှင့် ကျွန်တော့် ရဲဘော်များကိုပါ တွေ့ဆုံ မေးမြန်းခြင်း ပြုကြသည်။ နောက်တနေ့ သတင်းစာ အသီးသီးတွင် ကျွန်တော်တို့၏ ဓာတ်ပုံများနှင့် သတင်း ပါရှိလာသည်။ ကမ္ဘာ့အရှေ့ပိုင်းနိုင်ငံ အတော်များများထံမှ ကျွန်တော့်အား ချီးကျူး ဂုဏ်ပြုကြသည်။ ကြေးနန်းနှင့် ပေးပို့ကာ ပန်းစည်းများကို လူနာတင်လှည်းနှင့်ပင် တင်ယူပို့လာကြရသည်။

ထိုနေ့ နေ့လယ်တွင် ကျွန်တော်သည် အနားယူရင်း စိတ်ပျက်လက်ပျက်နှင့် အိပ်နေသည်။ နေ့လယ်စောင်းတွင် ကောင်စစ်ဝန် ဦးကျော် ရောက်ရှိလာပြီး စင်ကာပူ ဒေါ်လာငွေ ၂,၇၀၀ ကို လာပေးသည်။ ယမန်နေ့က ကောင်စစ်ဝန်ရုံးတွင်

ဆောင်ငွေ အပို မရှိသေးခြင်းကြောင့် စီစဉ်ရပါဦးမည် ဆိုပါလျက်နှင့် ယခု လာပြီး ပေးခြင်းကို ကျွန်တော် အံ့ဩနေမိသည်။ သူက သံရုံးမှ ဆောင်ငွေ မဟုတ်ပါ။ မြန်မာပြည်ရှိပုဂ္ဂိုလ်ကြီး တဦးထံမှ သီးသန့် ဘဏ် ငွေလွှဲချက် လက်မှတ်ဖြင့် ပေးပို့ခြင်း ဖြစ်ကြောင်း ပြောသည်။ ပေးပို့လိုက်သည့် ကျေးဇူးရှင် ပုဂ္ဂိုလ်ကြီးမှာ ထိုစဉ်က တပ်မတော်၏ ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်နေသော ဗိုလ်ချုပ်ကြီး နေဝင်း ပင်ဖြစ်တော့သည်။ ဗိုလ်ချုပ်ကြီး၏ အိတ်တွင်းမှ ကိုယ်ပိုင်ငွေဖြင့် ပေးပို့ခြင်း ဖြစ်သည်။ ကျွန်တော်သည် ဗိုလ်သန်းလွင်နှင့် တကွ ရဲဘော်များအား ခွဲဝေ ပေးခဲ့၏။ ကျွန်တော်နှင့် တကွ ရဲဘော်အားလုံးသည် ယခုထက်တိုင် ကျေးဇူးရှင် ပုဂ္ဂိုလ်ကြီးအား ကျေးဇူးတင်ရှိနေဆဲပင် ဖြစ်ကြပါသည်။ နောက်တွင် ရေတပ်မှ လခ တလစာ ကြိုတင်ထုတ်ပေးသည်ကို ရရှိခဲ့၏။

ဆေးရုံတွင် ရှိစဉ် စင်ကာပူ Strait Times မှ ဆောင်းပါးရှင် ဖြစ်သူ Lloyd Morgan ၊ ကျွန်တော်စီးသည့် ဖောင် လုပ်ကိုင်ရောင်းချသည့် R.F.D ကုမ္ပဏီမှ ကိုယ်စားလှယ် Royal Clinic မှဆရာဝန်တဦးတို့ လာရောက် တွေ့ဆုံကြလျက် အသက်ရှင်နေထိုင်ခဲ့ပုံနှင့် ဖောင်၏ ကောင်းချက်၊ ချွတ်ယွင်းချက်များကို မှတ်တမ်းတင် မေးမြန်းကြသည်။ သမားတော်ကြီးက ဤရာသီဥတုတွင် ဤဖောင်ဖြင့် ၁၃ ရက်နေထိုင်နိုင်ခဲ့ခြင်းမှာ အလွန် အံ့ဩချီးကျူးဖွယ် ကောင်းကြောင်း၊ သူတို့လူဖြူများသာဆိုလျှင် နေလောင်၍ တပတ်ခန့်အတွင်း သေဆုံးဖွယ် ရှိကြောင်းပြောကြားသည်။ ၂၃ ၁၂ ၅၆ နေ့ထုတ် စင်ကာပူ စထရိတ်တိုင်း (တနင်္ဂနွေနေ့ထုတ်အထူး) တွင် လွိုက်မော်ဂင်က ကျွန်တော်၏ ပြောပြချက်ဟု ဖော်ပြကာ Death wa my mate ခေါင်းစဉ်ဖြင့်ရေကြောင်း စွန့်စားခန်း တပုဒ်ကို အကျယ်တဝင့် ခမ်းခမ်း နားနား ရေးသာဖော်ပြခဲ့၏။ ဆေးရုံပေါ်ရှိ နာလန်ထစ လူမမာများကို တွေ့ဆုံ မေးမြန်းခြင်းမပြုရန် မည်သူကမျှ တားဆီးခြင်း မပြုခဲ့ကြပေ။ သတင်း သမားများသည်ကြောက်မက်ဖွယ် ကောင်းလှ၏။ သတင်းကောင်း သတင်းမှန် ရရှိဖော်ပြရေးဆိုလျှင် လက်မနှေးကြ။

ဆေးရုံတွင်တပတ်မျှ အတွင်း ကျွန်တော် ကောင်းစွာ နာလန်ထပေပြီ။ ထိုအတွင်းဩစတြေးလျနိုင်ငံမှ ကွန်ဖရင့်တခုတက်၍ ပြန်လာသည့် ထိုစဉ်က ဝန်ကြီးဦးရာရှစ်သည်လည်း ကျွန်တော့်အား ဆေးရုံပေါ် လာရောက်တွေ့ဆုံကာအားပေးစကား ပြောကြားခဲ့၏။ ရဲဘော်နှစ်ဦး သုံးဦးသာလျှင် ကောင်းစွာ မကျန်းမာသေး။ ကျွန်တော်တို့သည် သူတို့ အတန်ကျန်းမာသည်အထိ စောင့်နေကြပြီးမှထို ရဲဘော်များကို မြန်မာပြည်တွင် ဆက်လက်ကုသနိုင်ကြောင်းဖြင့်ဆေးရုံဆင်းခွင့် ပြုလိုက်သည်။

၁၉၅၇ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ကျွန်တော်နှင့်အတူ တိုက်ရေယာဉ်၁၀၃ မှ မသေကျန်ရစ်သည့် သေရွာပြန် ရဲဘော်များ (စုစုပေါင်း ၁၀)ယောက်သည်

စင်ကာပူမှ လေယာဉ်ပျံဖြင့် ရန်ကုန် မင်္ဂလာဒုံ လေဆိပ်သို့ပြန်လည် ဆိုက်ရောက်ခဲ့ကြတော့သည်။

ပင်လယ်ပြင်သည်၁၃ ရက် ကာလအတွင်း ကျွန်တော့်ဖောင်ပေါ်မှ အရာရှိနှင့် ရဲဘော်ရှစ်ဦးကို သေမင်းက သေရွာသို့ ခေါ်သွားနိုင်ခဲ့သည်။ ရဲဘော်ကိုးယောက်ပါသော ဖောင်တစင်းမှာလည်း သင်္ဘောနစ်သည့် နံနက်ခင်းမှ စကာမတွေ့ရတော့ဘဲ ပျောက်ဆုံး သွားသည်ကြောင့် ထိုရဲဘော်များသည်လည်း တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ပင်လယ်ပြင်တွင် ကျဆုံးခဲ့သည်ဟုသာမှတ်တမ်းတင် ရပါတော့သည်။

ပင်လယ်ပြင်တွင်ကျွန်တော်တို့ သင်္ဘော နစ်မြုပ်ခဲ့ရခြင်း၌ ကျွန်တော့်တွင် လုံးဝတာဝန်ရှိပါသည်။ သင်္ဘောပျက်စီးနစ်မြုပ်ပြီးသည့် နောက်ပိုင်းတွင်ပင်လယ်ပြင်နှင့် ဖက်ပြိုင်အန်တုရ၍ အသက်လုကာ ထွက်လာနိုင်ခြင်း ဟူသည်မှာကျွန်တော့် ရဲဘော်များ၏ ဝိုင်းဝန်းကူညီ ကြိုးပမ်းမှုကြောင့်သာလျှင်ဖြစ်ပါ၏။ အပြစ်ရှိခဲ့လျှင် အပြစ်ဖို့ခံသင့်သည်မှာ ကျွန်တော် တဦးတည်းသာဖြစ်လျက် ချီးကျူးဂုဏ်ပြုထိုက်သည်မှာ တိုက်ရေယာဉ် ၁၀၃ မှ သေရွာပြန်ကျွန်တော့် ရဲဘော် တစု သာလျှင် ဖြစ်ပါတော့သည်။

တိုက်ရေယာဉ်၁၀၃ မှ သေရွာပြန်များတွင် တပ်သား/စက် ဂွမ်ရှိန် တဦးသာ ယခုအခါ ဇွဖပါးသောရောဂါ ဝေဒနာနှင့် ကွယ်လွန်ခဲ့လျက် ကျန်လူများမှာ ယခုစာရေးချိန်ထိ ရှိနေပါသေးသည်။ မည်သို့ဆိုစေ ကျွန်တော်တို့သည် လောကတွင်တရက် နေခွင့်ရလျှင် တရက် အမြတ် ထွက်သည် ဆိုရပါမည်။လွန်ခဲ့သော နှစ် ၃၀ ကျော်က သေမင်း၏ ခံတွင်းဝမှ ပြန်ထွက်လာခဲ့ကြသူများ၊သေမင်းကို အန်တု အန်တုခဲ့ကြသူများ မဟုတ်တုံလော။

မောင်သော်က။

မြန်မာလူငယ်များ ပင်လယ်ပြင်ကို လွှမ်းမိုးနိုင်စေရမည်။

နောက်ဆက်တွဲ အမှာစကား။

တိုက်ရေယာဉ် ၁၀၃ ၏ တကယ့်အဖြစ်အပျက် ပင်လယ်ပြင် ဇာတ်လမ်းကို ပေဖူးလွှာ မဂ္ဂဇင်းတွင် ၁၉၈၇ ခုနှစ် မတ်လထုတ်မှ စ၍ ဇူလိုင်လထုတ်တိုင် ၅ လမျှ အခန်းဆက် တင်ပြခဲ့ပါသည်။ ကျွန်တော်၏ မူလ ရည်ရွယ်ရင်းမှာ အနည်းဆုံး ၆ လ ၇ လမျှတိုင် ဆက်တိုက် ရေးသွားရန် ဖြစ်ပါ သည်။

ကျွန်တော် ဆက်လက် ရေးသားရန် ရည်ရွယ်ရင်း ရှိသည့်အပိုင်းမှာ ကျွန်တော်တို့ သေရွာပြန်များ အသက် မသေဘဲ ရန်ကုန် ပြန်ရောက်ပြီးသည့်နောက်တွင် တိုက်ရေယာဉ် ၁၀၃ နစ်မြုပ်ခြင်းနှင့်ပတ်သက်သော စုံစမ်းစစ်ဆေးရေး အဖွဲ့တဖွဲ့ဖြင့် ကျွန်တော်တို့အား စစ်ဆေးကြပုံ၊ ၎င်းအဖွဲ့၏ ထောက်ခံချက်အားဖြင့် စစ်ရေယာဉ်မှူးဖြစ်သူ ကျွန်တော့်အား စစ်တရားခုံရုံးတွင် စွဲချက် လေးရပ် တပ်ကာ စစ်ဆေးကြပုံ စသည် စသည်များနှင့် တိုက်ရေယာဉ် ၁၀၃ ပျောက်ဆုံးနေလျက် သတင်းမကြားရစဉ် ကာလ အတွင်း တိုက်ရေယာဉ် ၁၀၃ ကို ရှာပုံတော် ဖွင့်ကြပုံ၊ ထိုခေတ်က ထုတ်ဝေသည့် မြန်မာ သတင်းစာ လောကမှ သတင်းရေးသားပုံ၊ နိုင်ငံခြားထုတ် သတင်းစာများက ကျွန်တော်တို့အကြောင်းကို ရေးသားပုံ စသည့် အချက်အလက်များ ဖြစ်ပါသည်။

သို့သော် သက်ဆိုင်ရာ ပုဂ္ဂိုလ်များက ဤသည်တို့မှာ တပ်မတော်နှင့်သာလျှင် သက်ဆိုင်သော ကိစ္စများ၊ သတင်းစာလောက၏ ထင်ဟပ်ချက်များသာလျှင် ဖြစ်ခြင်းကြောင့် ဖြုတ်ပယ်ထားသော် ကောင်းအံ့ဟု အကြံပြုသည့် အတွက် ယင်းပုဂ္ဂိုလ်တို့က စေတနာနှင့်ပေးသော အကြံအရ ဖြုတ်ပယ်ချထားခဲ့ရခြင်း ဖြစ်ပါသည်။ ဤတွင် စာအုပ်သည်လည်း ပိုမို သေသပ်ကာ ပိုမို လှသွားပါသည်။ ထင်မြင်ချက် ဟူ၍ တစုံတရာ မစွက်သည့် အချက်အလက်တို့ဖြင့်သာ အတိပြီးသည့် သဘော်ပျက် ဒုက္ခသည် တစု၏ ဇာတ်လမ်းတရပ် ဖြစ်လာပါသည်။

ကျွန်တော်၏ ကျန်းမာရေးသည် ထိုစဉ်မှစကာ ထိခိုက်ချွတ်ယွင်းခဲ့ရပါသည်။ စစ်ဖက် အမှုထမ်း သက်တမ်းတွင်လည်း စန်းလင်ဇာတာ မှိန်ခဲ့ရပါသည်။ နောက်ဆုံးတွင် ကျွန်တော်သည် မကျန်းမာမှု ပင်စင် လစာဖြင့်ပင် ဗိုလ်မှူးရာထူးအဆင့်၊ အသက် (၄၁) နှစ် အရွယ်တွင် တပ်မှ အနားယူခွင့် ရခဲ့ပါသည်။ ယခု စာရေးသည့်အချိန် အသက် (၆၁) ထိ မသေသေးသည်မှာ အလွန် ကံကောင်းသည်ဟု ဆိုရပါမည်။ ကျွန်တော် ကျေနပ်ပါသည်။ နေပျော် သေပျော်ရှိပါသည်။ ကျွန်တော် အထူးသဖြင့် ကျေနပ်သည်မှာ တိုက်ရေယာဉ် ၁၀၃ မှ သေရွာပြန် ရဲဘော်များက "သဘော်နစ်မြုပ်ပြီးသည့်နောက် ၁၃ ရက်တာ ကာလအတွင်း ဖောင်ပေါ်တွင်

ကျွန်တော့် ဦးဆောင်မှုသာ မရခဲ့လျှင် သူတို့တတွေ အသက်ရှင်ခွင့် ရချင်မှ ရနိုင်လိမ့် ဖြစ်ကြောင်း' ကို ယနေ့ထိ ယုံကြည်နေကြခြင်းပင် ဖြစ်ပါသည်။

ဤစာအုပ် ထုတ်ဝေနိုင်ရေးအတွက် ခွင့်ပြုချက် ပေးသည့် ပုဂ္ဂိုလ်များ၊ ထုတ်ဝေသူ၊ ပုံနှိပ်သူနှင့် အခြား သက်ဆိုင်သူအားလုံးကို အထူး ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

မောင်သော်က (စာရေးဆရာ)။

ဘသော်- ဗိုလ်မှူး (ရေ) အငြိမ်းစား။

၁၉၈၇ ခု၊ စက်တင်ဘာလ (၂၅) ရက်။

ရန်ကုန်မြို့။

Whisper Of Words

https://t.me/TheBookR

www.mm-lib.com